www.burmeseclassic.com

ရွှေပဒေသာစာပေ

# မယ်ခိုင်

# လောင်းရိပ်မိနေသော နေလောင်ပန်းများ



BURMESE CLASSIC .com

အချစ်
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

* စိတ်ထူးထဲက ရည်းစားက
ဝန်းရှိဆရာ
ငါ့အလှတို့ မွမ်းမံလို့ ....
* အတွေးထဲက ချစ်သူက
သီချင်းရေးဆရာ
ငါ့အလှတို့ ဖွဲ့ညွှန်းလို့ ....
* အိပ်မက်ထဲက ခင်းထားတာ
ဆရာဝန်တဲ့လေ
ငါ့ဘဝတို့ ဖြစ်နာလို့ပေါ့ ....
* တကယ်တော့
လယ်တွဲဖော်က
လူသတ်သမားဖြစ်နေခဲ့တယ်
ရူးရှူးတဲ့ချက်လုံးတွေနဲ့
'ချစ်တယ်' လို့ လူပြောတယ်.....။

BURMESE CLASSIC .com

## အခန်း (၁)

ဒေါ်သိန်းတင် ရင်တွေပူထူလောင်မြိုက်နေသည်။ မနက် မိုးလင်းက မိုးချုပ်ထိ ကုမ္ပဏီ၌ အလုပ်များနေသော ခင်ပွန်းသည် ဦးလှမိုးအတွက် ရတက်မအေးရဖြစ်နေသည်။ ရီမုခ်တစ်လုံးကို ကိုင်ပြီး ဖွင့်ရမလိုပိတ်ရမလို တီဗွီရှေ့၌ ရောက်တတ်ရာရာဖြစ် နေသည်။

"တူ! . . . တူ! . . ."

အရေးထဲ ဖုန်းသံက ဆူညံစွာပေါ်ထွက်လာပြန်သဖြင့် ယောက်ယက်ခတ်နေသောဟန်ကို ပြင်လိုက်သည်။

"ဟဲလို"

"အတင်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . အနှင်း"

"အတင် သတင်းကြည့်ပြီးပြီလား"

"အခုကြည့်နေတယ်"

"အိမ်ကလူကြီးကို သတိထားဦးနော်၊ ခုတလော အဲဒီ သတင်းတွေက ဟစ်ဖြစ်နေတယ်"

"ဟုတ်ပ့ါ၊ တစ်ရက်မှ ရတက်အေးရတယ်လို့မရှိဘူး"

"မျက်စိဒေါက်ထောက် ကြည့်နိုင်မှ တော်ကာကျတာ။ ဒါတောင် အငွေရဲ့ယောကျ်ား မနေ့က ပြန်မလာဘူးတဲ့"

"ဟယ်! ဟုတ်လား"

"ဟုတ်လားမလုပ်နဲ့၊ ကိုယ့်အိမ်ကလူကြီးကိုလည်း သတိထားဦး။ တို့တွေက တိုက်အိုတိုက်ပျက်တွေလေ။ ဟိုတယ်မှာ ဇိမ်ခံချင်ကြတာနေမှာပေ့ါ။ အငွေ မနေ့ကလိုက်လိုက်တာ၊(. . . . . .)ဟိုတယ်မှာ ပက်ပင်းမိဆိုပဲ။ လင်မယားတွေ ကွဲမယ်ကွာ မယ်ဖြစ်နေကြပြီလေ"

"ဟုတ်လား"

"ကဲ! ဒါပဲနော်၊ သတိလစ်နေမှာစိုးလို့ လှမ်းသတိပေး တာ"

ဖုန်းက တူတူနှင့်လိုင်းပြတ်သွားသည်အထိ ကြက်သေ





သေကာ ဖုန်းကိုကိုင်ထားမိဆဲ။

ဘုရား. . . ဘုရား. . . အငွေရဲ့လူကြီး ဘယ်လောက် ထိ ရိုးသလဲ အေးသလဲဆိုတာ သူမအသိပါ။ လောကကြီးက ဘာများဖြစ်ကုန်ပြီလဲ။ အငွေ့လူလို လူအေးတစ်ယောက်တောင် ဆန်းပြားကုန်ပြီဆိုတော့ စက္ကူထရီမလေးများနှင့် မကြာခဏခြေ ရှုပ်တတ်သော သူမယောကျ်ား ကိုလှမိုးကြီးတော့။

ဘုရား. . . ဘုရား. . . မဖြစ်ပါစေနဲ့။ ဘုရားကိုသာ ရော်ရမ်းပြီး တမ်းတလိုက်ရပေမယ့် သူမစိတ်ထဲလည်း မဝံ့မရဲ ဖြစ်ရသည်။ အဖြေမှန်ကို ရင်ထဲအံလိုလိုသိပြီးနေသူပမာ ခြောက် ခြားတုန်လှုပ်နေရသည်။

'လမ်းပေါ်၌ ယနေ့မနက် နှစ်နာရီဆယ့်ငါးမိနစ်အချိန် တွင် နိုပ်စက်ညှင်းပမ်းမှုတစ်ခုဖြစ်ပွားခဲ့သည်။ နိုပ်စက်ညှင်းပမ်း ခံရသူမှာ ညပျော်ငှက်ကလေးတစ်ယောက်ဖြစ်ပြီး လူသုံးဦးက သူမအားရိုက်နှက်ကာ သူမ၏လက်ကိုင်အိတ်ကို လုပြေးသွားခဲ့ ကြောင်း သတင်းရရှိသည်။'

တီဗွီထဲမှ သတင်းကြေငြာသူသည် သတင်းများ ဆက် ဖတ်မည်ကြံနေသော်လည်း ဒေါ်သိန်းတင်သည် ရီမုခ်ကိုကိုင်ကာ လိုင်းပြောင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်ကိုပိတ်ပေးပါ၊ ဒီဆိုင်ကိုပိတ်. . . ပိတ်"

တီဗွီထဲ၌ ဆန္ဒပြနေသူအများစုကို တွေ့မြင်ရသည်။ ဒေါ်သိန်းတင် စိတ်ဝင်စားသွားသည်။

"ယခုမြင်နေရတဲ့မြင်ကွင်းကတော့ (. . .)လမ်းပေါ်မှ (. . .)ဆိုင်ပါပဲ။ ဒီဆိုင်၌ အွန်လိုင်းပေါ်မှ ညပျော်ငှက်များ စုဝေးရာလို့ ဆန္ဒပြသူတစ်ဦးက ဆိုပါတယ်။ ဆက်လက်ရှုစားကြည့်ပါ"

ဒေါ်သိန်းတင်က ဘေးတွင်ချထားသော မျက်မှန်ကိုကောက်တပ်ပြီး တီဗွီကိုပြူးပြဲကြည့်လိုက်သည်။ ဆန္ဒပြနေသောလူတွေရှေ့တွင် အသက်လေးဆယ်ခန့်အမျိုးသမီးတစ်ဦးက သတ္တိရှိရှိထွက်ရပ်ပြီး. . .

"အောက်တန်းကျတဲ့လုပ်ရပ်တွေလုပ်တဲ့ ဒီဆိုင်ကို ပိတ်ပေးပါ"

ထိုအမျိုးသမီးနှင့် မျက်နှာချင်းဆိုင်အရပ်တွင် အသက်ငါးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦး ပေါ်လာသည်။

"ဆက်လက်ရှုစားပါရှင်၊ တစ်ဖက်နဲ့တစ်ဖက် အပြိုင်အဆိုင်ဖြစ်ကြတော့မယ့်ပုံပါပဲ"

သတင်းထောက်၏မျက်နှာလှလှလေးက လှစ်ခနဲပေါ်လာပြီး ရုတ်တရက်ပျောက်သွားပြန်သည်။





"ဘာကိစ္စပိတ်ရမှာလဲ၊ ဘာကြောင့်ပိတ်ရမှာလဲ။ ဒါကတရားဝင်ခွင့်ပြုချက်ရပြီး တရားဝင်ဖွင့်ထားတာ။ အားလုံး ထောင်ထဲရောက်ချင်နေပြီလား"

"အယုတ်တမာမ. . . ဆိုင်ကိုချက်ချင်းပိတ်"

"အားလုံးကို တရားစွဲပစ်မယ်၊ ဘာမှတ်နေသလဲ။ ငါတို့က လိုင်စင်ရှိပြီးသား။ ပိုင်နက်ကျူးလွန်မှုတွေရော ခြိမ်းခြောက်မှုတွေရော အသရေဖျက်မှုတွေရော အမှုပေါင်းသောင်းခြောက်ထောင်နဲ့ ထောင်ထဲ ဖျာခင်းအိပ်ချင်နေကြပြီထင်တယ်။ ငါတို့စီးပွားရေး ငါတို့လုပ်တာ"

"ကောင်မ. . . နင့်စီးပွားရေးနင်လုပ်တာက ငါတို့အိမ်ရဲ့စီးပွားရေးကိုထိခိုက်တယ်ဆိုတာ နားမလည်ဘူးလား"

"ကြွက်မနိုင် ကျီမီးလာမရှို့နဲ့၊ ကိုယ့်ပစ္စည်းကိုယ် နိုင်အောင်ထိန်းကြပါလား။ အားလုံး ထောင်ကျသွားအောင်လုပ်ပစ်မယ်"

အပြန်အလှန်ဆဲရေးတိုင်းထွာနေကြခြင်းကို မကြည့်နိုင်တော့၍ ဒေါ်သိန်းတင်က ရီမုခ်ကိုကိုင်ကာ ဂျလောက်ခနဲပိတ်ချလိုက်၏။

ဒေါ်သိန်းတင် နဖူးတွေ ကိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ တလှပ်လှပ်နှင့် တုန်ရင်နေသည်။

ထို့ကြောင့်ပင် မျက်စိကိုမှိတ်ကာ စိတ်ကို တစ်ထစ်ချင်း လျှော့ချနေရသည်။

အိမ်ထဲမှာနေသော ဒေါ်သိန်းတင်က ရှိမှန်ဖြင့် ထိုရုပ်သံလိုင်းအား ဟန့်တားနိုင်သော်လည်း ပြင်ပလောကမှာတော့ ဗလောင်ဆူအောင် အုံကြွ သောင်းကျန်းနေကြသည်။ ရဲများ၊ သတင်းထောက်များ၊ ဆန္ဒပြသူများသည် ညပျော်ငှက်သိုက်၌ ခြေချင်းလိမ်အောင် ရှုပ်ထွေးနေကြတော့၏။

◙◙◙



အခန်း (၂)

မြန်မာပြည်နှင့်ဝေးနေသည်မှာ ဆယ်စုနှစ်တစ်ခု ကြာခဲ့ပြီဖြစ်သော မင်းနိုင်ငံသည် ကိုယ်ပိုင်လေယာဉ်ပေါ်မှ တင့်တယ်စွာ ဆင်းလာခဲ့သည်။ လေယာဉ်ပန်ကာသည် မရပ်နိုင်သေး၍ ရိုက်ခတ်နေဆဲဖြစ်သည်။ ဝတ်စုံပြည့်နှင့် မင်းနိုင်ငံ၏ကုတ်အင်္ကျီမှာ လေအလာတွင် လူးလွန့်ချင်နေသည်။

ပြောင်သိမ်းထားသောဆံပင်မှာ လေကြမ်းက ကျီစယ်သော်လည်း ပုံမပျက်ပင် စတိုင်ကျ တင့်တယ်နေ၏။

"နေကောင်းတယ်နော် ဘော့စ်"

အသင့်စောင့်ကြိုနေသူတစ်ဦးက နှုတ်ဆက်လိုက်ရာ လက်ထဲမှကုတ်အင်္ကျီကို ထိုလူ့ထံပေးလိုက်၏။ ထိုလူက အလိုက်



www.burmeseclassic.com

www.burmeseclassic.com



သင့် လှမ်းယူပြီး သူ့နောက်၌ ကပ်ပါလာသည်။

သူ့အနောက်တွင် လူသုံးဦး ကပ်ပါလာ၏။ သူ၏လက်ဝဲလက်ယာတွင် ဗလတောင့်တောင့်နှင့် သူသွားလေရာတွင် ပါလေ့ရှိသော မိုက်ကယ်နှင့် ဒေးဗစ်ဖြစ်သည်။ ထိုနှစ်ယောက်၏နောက်၌ ကုတ်အင်္ကျီပွေ့ပြီး ဖိုင်တွဲကို ဟန်ပါပါကိုင်လိုက်လာသူက နောက်တိုးဖြစ်၏။ နောက်တိုးသည် သူ၏ငယ်သူငယ်ချင်းဖြစ်သလို လူယုံလည်းဖြစ်၏။ မြန်မာပြည်၌ သူပိုင်သော ကျောက်မျက်ရတနာပြခန်းအားလုံးကို နောက်တိုးက စီမံကွပ်ကဲနေခြင်းဖြစ်သည်။

"ဟလို"

"ဟလို. . . မစ္စကင်"

အသက်သုံးဆယ်အရွယ် အမျိုးသမီးတစ်ဦးကို သူပွေ့ဖက်နှုတ်ဆက်လိုက်သည်။ ပြီးနောက် လေးဆယ်အရွယ် အမျိုးသား၊ နောက် ငါးဆယ်အရွယ်။ ပြီးနောက် သုံးဆယ့်ငါးနှစ်အရွယ်။ ထိုလူများကို ရင်းနှီးစွာပွေ့ဖက်နှုတ်ဆက်ပြီး ကျွမ်းကျင်လှသောအင်္ဂလိပ်ဘာသာစကားနှင့် ပြောဆိုနေပြန်သည်။ သာကြောင်းမာကြောင်းစိုးစဉ်းမျှမပါသည့် စီးပွားရေးဆက်နွယ်မှုသက်သက်သာဖြစ်သည်။





သူဦးဆောင်သော ထိုအဖွဲ့သည် လေဆိပ်အဆောက်အဦးကိုဖြတ်ပြီး တံခါးခြောက်ပေါက်ကားရှည်ကြီးထံ ဦးတည်ခဲ့ပြန်သည်။

သူက ထိုကားရှေ့မရပ်ရသေးခင်မှာပင် ကားတံခါးကဖွင့်ပြီးသားဖြစ်နေ၍ အလိုက်သင့်တက်လိုက်လာသည်။ သူ့နောက်တွင် နောက်တိုးနှင့်ဒေးဗစ်က ကပ်ပါလာ၏။ မိုက်ကယ်ကတော့ ရှေ့ခန်း၌သာ နေရာယူသည်။

"ဒီဖိုင်ထဲမှာတော့ ဘော့စ်အတွက် လိုအပ်မယ်ထင်တာတွေ အကုန်ထည့်ထားပါတယ်"

နောက်တိုးလှမ်းပေးသော အနက်ရောင်ဖိုင်ကို သူက ဆွဲယူကာ လှန်ကြည့်လိုက်သည်။ စနစ်ကျသော နောက်တိုးက စာရင်းအင်းကို သေသေသပ်သပ်ပြုစုထားသဖြင့် ဆယ့်ငါးမိနစ်ကြည့်ရုံမျှဖြင့် သူ့အတွက် လုံလောက်သွားသည်။

"အခု ဧည့်သည်တွေနဲ့ နေ့လယ်စာအတူစားရပါ့မယ်။ ခန့်မှန်းကြာချိန်က မိနစ်လေးဆယ်ပါ။ ပြီးရင်တော့ ကုန်တိုက်မှာ ဒါရိုက်တာတွေနဲ့ တွေ့ဆုံဖို့ရှိပါတယ်။ ပြီးရင်တော့ အနားယူချိန်ဖြစ်ပါတယ်"

သူက ခေါင်းမညိတ်ခေါင်းမခါပင် စာရင်းများကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း စာရင်းစာအုပ်ကိုပိတ်လိုက်သည်။

ပြီးနောက် လန်းဆန်း လတ်ဆတ်သော သဘာဝမြင်ကွင်းများအား ငေးနေသည်။ စိမ်းလန်းသောသစ်ပင်များကိုကျော်ပြီးချိန်မှာတော့ မတွေ့ရတာကြာပြီဖြစ်တဲ့ အင်းလျားမြင်ကွင်းကို အသွင်သစ်တစ်မျိုးနှင့် တွေ့လိုက်ရသည်။

ဒီနေရာတွေက တစ်ချိန်က သူကျင်လည်ကျက်စားခဲ့တဲ့ နေရာတွေပေါ့။ အဲဒီအချိန်တုန်းက သူ့ပခုံးပေါ် သူ့ချစ်သူ ကြင်နာသက်က ခေါင်းလေးမှီနွဲ့ပြီး သူ့အား ချစ်စကားဆိုခဲ့ဖူးပါသည်။

"မောင့်ကို သက်တော့ အရမ်းချစ်တာပဲ။ သက်တို့ဘယ်တော့မှမခွဲကြကြေးနော်"

"မောင်လည်း သက်ကိုအရမ်းချစ်ပါတယ်။ မောင်တော့ သက်ကိုမခွဲနိုင်ပါဘူး၊ သက်ကသာ မောင့်ကိုခွဲသွားဦးမှာမဟုတ်လား"

"ခဏပါ မောင်ရယ်၊ မြစ်ကြီးနားနဲ့ရန်ကုန်ဆိုတာ ဘယ်လောက်ဝေးတာမှတ်လို့။ အမေနေကောင်းသွားရင် သက် ချက်ချင်းပြန်လာမှာပါ"

ထိုစဉ်က သက်စကားတစ်ခွန်းကိုသာ သူယုံကြည်ခဲ့ပါသည်။ သက်အပြုံးသာ သူ့ကမ္ဘာ၊ သက်စကားသာ သူ့ဘဝဖြစ်





နေခဲ့ရသည်။

သူ့နှလုံးသားတွေ နာကျင်လာသည်။ သွေးစိမ်းရှင်ရှင်ကျခဲ့ရသော သူ့နှလုံးသွေးများသည် ယခုထိ နာကျင်နေရဆဲဖြစ်သည်။

"ဘော့စ်. . . နေလို့ကောင်းရဲ့လား"

နှလုံးသားမှဒဏ်ရာဟောင်းက မျက်နှာပေါ်ထင်ဟပ်လာသည်ထင်ပါရဲ့၊ သူ့မျက်နှာကို ကြေးမုံတစ်ချပ်လို ဖတ်နေခဲ့သော နောက်တိုးက မေးခွန်းထုတ်လာသည်။

"ကောင်းပါတယ်၊ ပြဿနာမရှိပါဘူး"

ကားကငြိမ်သက်နေ၍ သူက ဘေးဘီဝဲယာကိုကြည့်လိုက်ပြန်သည်။

"ဘာရပ်လုပ်နေတာလဲ၊ အချိန်တွေ ပေါနေလို့လား"

"သည်းခံပါခင်ဗျာ၊ ကားလမ်းတွေ အရမ်းကြပ်လို့ပါ"

"ဒီလမ်းက ကြပ်ရင် တခြားလမ်းက သွားလေ"

"မရဘူးဆရာ၊ အားလုံးအတူတူပဲ၊ ဒီလမ်းက အချောင်ဆုံးပဲ"

သူစိတ်ပျက်သွားသည်။ အချောင်ဆုံးလမ်းတောင် ဒီလောက်ထိ မလွယ်ပေါက်လို တိုးနေရမှတော့။



www.burmeseclassic.com

www.burmeseclassic.com



"ချိန်းထားတာ နောက်ကျတော့မယ်၊ ငါ့ရာဇဝင်မှာ ဒါမျိုးမရှိဘူးနော်"

"မရှိစေရပါဘူး ဘော့စ်၊ ကားလမ်းကြပ်မယ့်အချိန်ရှောင်ပါ ကြိုထွက်ပြီး မတင်းမလျော့စီစဉ်ခိုင်းထားတာပါ"

သူ သက်ပြင်းရှည်ကြီး မှုတ်ပစ်လိုက်သည်။ နောက်တိုးရဲ့စနစ်ကျမှုကို သူက မေ့လျော့နေခဲ့ပြီလေ။ သူက အမှတ်တမဲ့နှင့် သတိမမူမိတာလေးများကို နောက်တိုးက စနစ်တကျစီစဉ်ဆောင်ရွက်တတ်သည်မှာ ငယ်ငယ်ကတည်းကဖြစ်သည်။

နောက်တိုး ခုနစ်တန်းအရွယ်တွင် နောက်တိုး၏မိဘနှစ်ပါးလုံးမှာ အက်ဆီးဒင့်ကြောင့် ဆုံးသွားသောကြောင့် ထိုအချိန်မှစပြီး နောက်တိုးအား သူ့မိဘများက ခေါ်ယူမွေးစားခဲ့ခြင်းဖြစ်သည်။ နောက်တိုးအဖေက သူ့ဖေဖေရဲ့လူယုံတော်ဖြစ်သည်။ အလုပ်ကိစ္စတစ်ခုနှင့် ခရီးထွက်ရင်းက မမျှော်လင့်ဘဲ ဆုံးသွားကြခြင်းဖြစ်သည်။

နောက်တိုးက သူတို့မိသားစုရဲ့ အမွေစားအမွေခံ သားတစ်ယောက်မဟုတ်သော်လည်း သားတစ်ယောက်ရဲ့ပါဝါမျိုး ဖေဖေက အပြည့်ပေးထားခဲ့သည်။ သို့သော် အရိပ်သုံးပါးနားလည်ပြီး ပါးရည်နပ်ရည်ရှိသောနောက်တိုးက သူ့မိဘများအား ကျေးဇူးရှင်လို ဆက်ဆံပြီး၊ သူ့အားလည်း ဒူးနေရာဒူး တော်နေရာတော် ဆက်ဆံတတ်သူဖြစ်သည်။ ခုနစ်တန်းနှစ်ကတည်းက တစ်အိမ်တည်းအတူနေ၊ တစ်ကျောင်းတည်းအတူတက်ခဲ့သောနောက်တိုးက သူ့အတွက် ညီအစ်ကိုရင်းနှင့်မခြား ရင်းနှီးကျွမ်းဝင်လှပါသော်လည်း နောက်တိုးက အခွင့်အရေးမယူခဲ့ပါ။ ကျောင်း၌ သူငယ်ချင်းလိုဆက်ဆံ၊ အိမ်၌ ညီအစ်ကိုလိုဆက်ဆံ၊ အခုလိုလုပ်ငန်းခွင်၌ အလုပ်ရှင်နှင့်အလုပ်သမားလို အရိုအသေပေးတတ်ပြန်ပါသည်။





ဒါက နောက်တိုး၏ပါးနပ်မှုဟုပဲ ဆိုရလေမလား။ သူကပဲ နောက်တိုး၏ပါးနပ်မှုကို အသိအမှတ်ပြုလေရော့သလားမသိအောင် နောက်တိုးနှင့်သူ၏ဆက်ဆံရေးသည် အနှစ်နှစ်ဆယ်လုံး အပေးအယူမျှမျှနှင့် အဆင်ပြေလာကြသည်မှာ ယခုအချိန်ထိဖြစ်သည်။

နောက်တိုးက သူ့ဘဝအတွက် အယုံကြည်ရဆုံးလူဖြစ်သလို အရင်းနှီးဆုံးလူလည်းဖြစ်သည်။ အမှန်ကိုပြောရလျှင် မိဘနှစ်ပါးထက် နောက်တိုးကို ပို၍သံယောဇဉ်ရှိသည်။ ချစ်သည်။ နောက်တိုးကလည်း သူ့အား အရာအားလုံးထက်ပိုပြီးလေးနက်သည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး ရှစ်တန်းတုန်းက အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အပျက်လေးတစ်ခုကို သတိရမိသည်။ မိုးလေကင်းလွတ်သည့် သီတင်းကျွတ်လဖြစ်သည်။ နောက်တိုးနှင့်သူက သန်းခေါင်ယံ၌ ဝရံတာရှေ့ထွက်ကာ ဖြောက်အိုးခွဲခဲ့ကြသည်။ မီးရှူးမီးပန်းတွေ လွှတ်ခဲ့ကြသည်။ ထိုအချိန်တွေက သူ့ဘဝရဲ့အပျော်ရွှင်ရဆုံးသော အချိန်တွေများ ဖြစ်နေလေသလား။

''ဟာ! ငမင်း၊ ကောင်းကင်မှာ ကြယ်တွေလည်း မရှိပါလား''

''ဟုတ်သားပဲ၊ လပြည့်ညလေ. . . ကြယ်တွေရှိရမယ်။ ဘယ်ပျောက်ကုန်ပြီလဲ''

''မနက်ဖြန် မိုးရွာမယ်နဲ့တူတယ်''

''အရူးပဲကွာ၊ မိုးတွင်းကုန်ပြီလေ''

''မိုးတွင်းမဟုတ်လည်း မိုးရွာတတ်တာပဲ။ ဒီမှာမတွေ့ဘူးလား၊ ပုရွက်ဆိတ်တွေ ထွက်လာတာ။ သဘာဝပတ်ဝန်းကျင် အကြောင်း တိရစ္ဆာန်တွေက လူတွေထက် ပိုသိတယ်တဲ့။ မနက်ဖြန်တော့ ကျောင်းကို ထီးယူမှဖြစ်မယ်''

တန်းစီပြီးသွားနေသော ပုရွက်ဆိတ်လမ်းကြောင်းကို နောက်တိုးက ကြည့်ရင်းပြောသည်။

ထိုသို့ နောက်တိုးပြောစဉ်က နောက်တိုးကို အရူးပဲ၊





အတွေးခေါင်လိုက်တာဟု သူလှောင်ပြောင်ခဲ့ဖူးသည်။ သို့သော် ထူးဆန်းစွာပင် နောက်ရက်နေ့လယ်၌ မိုးက မထင်မှတ်ပါဘဲ အုံ့ဆိုင်းခဲ့လာပြီး သဲသဲမဲမဲရွာချပါတော့သည်။

မိုးမိလျှင် ဖျားတတ်သည့်သူ့အကျင့်ကြောင့် သူစိတ်ပူသွားသည်။ သို့သော် အင်မတန်စနစ်ကျသောနောက်တိုးက သူ့အတွက်ပါ ထီးတစ်လက် အပိုဆောင်လာသဖြင့် ထိုနေ့က သူ မိုးရေမစိုဘဲ လုံခြုံစွာ အိမ်ပြန်လာခဲ့ရသည်။

ထိုနေ့မှစ၍ နောက်တိုး၏စနစ်ကျမှုကို သူလေးစားသွားခဲ့သည်။ နောက်တိုး၏အကွက်ကျမှုကို သူယုံကြည်ခဲ့သည်မှာ ယနေ့ မြန်မာပြည်၏တော့ပ်လုပ်ငန်းရှင်ကြီးဖြစ်လာတဲ့အထိပင်။

သူ ယနေ့ ဒီနေရာတွင် ခုလို ခန့်ခန့်ထည်ထည်ရှိနေတာက နောက်တိုးရဲ့သစ္စာရှိမှုကြောင့်ဟုပြောလျှင် ငြင်းနိုင်စရာတစ်ကွက်မှမရှိပါချေ။ ဆယ်နှစ်လုံးလုံး နိုင်ငံခြားမှာနေလာခဲ့သည့်သူက ဖုန်းနှင့်ညွှန်ကြား၊ အီးမေးလ်နှင့်ဆက်သွယ်ပြီး ကွက်ကဲခဲ့သည်။ နောက်တိုး သစ္စာမရှိလျှင် သူမွဲလို့မွဲနေမှန်းမသိအောင် နလပိန်းတုံးမွဲ မွဲသွားနိုင်သည်။ သို့သော် ယခုတော့ နောက်တိုးကြောင့် သူ ထိပ်တန်းသူဌေးကြီးတစ်ဦးဖြစ်လာပြီး မနက်ဖြန်ညကိုးနာရီဆိုလျှင်ပဲ သမ္မတအိမ်တော်တွင် ပါတီတစ်ခုတက်ပြီး သူ



www.burmeseclassic.com

www.burmeseclassic.com



သမ္မတနှင့်အတူ တစ်ဝိုင်းတည်း စားရဦးမည်ဖြစ်သည်။

"ရောက်ပါပြီ ဘော့စ်"

နောက်တိုး၏အသံကြားတော့မှ လွင့်ပျံ့နေသည့်အတွေးစများကိုစုစည်းကာ အင်္ကျီကိုဆွဲဆန့်လိုက်ပြီး ဒေးဗစ်ဖွင့်ပေးသော တံခါးအတိုင်း ကားပေါ်မှဆင်းလိုက်သည်။

မြေပြင်ပေါ်ခြေချမိသည်နှင့်တစ်ပြိုင်နက် မျက်စိကျိန်းလောက်အောင် 'ဖျတ်ဖျတ်လူးနေတဲ့' ကင်မရာမီးရောင်များနှင့် ပက်ပင်းတိုးပါတော့၏။

"ဟာ! ငယ်ငယ်လေး ရှိသေးတာပဲ"

"အရမ်းချောတာပဲ"

"ဦးမင်းနိုင်ငံ. . . မြန်မာပြည်ကိုပြန်လာတဲ့အကြောင်းရင်းလေး ပြောပြပေးပါရှင်"

သူ့မျက်နှာနားသို့ မိုက်များ အုံခဲလာခဲ့သည်။ ဒေးဗစ်နှင့်မိုက်ကယ်က ဝိုင်းအုံလာသူများကိုကာပြီး သွားရာလမ်းကိုရှင်းပေးနေ၏။

"ဦးမင်းနိုင်ငံက အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားတယ်ဆိုတာ အမှန်ပဲလား"

"ဦးမင်းနိုင်ငံ မြန်မာပြည်မှာနေထိုင်ဖို့ ဆုံးဖြတ်ပြီပြီလား"





"မြန်မာပြည်ရဲ့ တော့ပ်တင်းသူဌေးကြီးတစ်ယောက်က အလုပ်သမားလူတန်းစားတွေအတွက် အားပေးစကားပြောသွားပါဦး"

ဘယ်သူတွေက ဘာမေးမေး၊ မပြောတော့ဘူးဆိုပြီး မိုက်ကယ်နှင့်ဒေးဗစ်တို့ခေါ်ဆောင်ရာနောက် အလိုက်သင့်လိုက်ပါနေရာမှ သူ့ခြေလှမ်းများကို တုန့်ခနဲရပ်လိုက်သည်။ သတင်းစကားများကို ခွန်းတုံ့မပြန်တတ်သောသူ့အကျင့်ကို သိနှင့်ပြီးတဲ့ မိုက်ကယ်နှင့်ဒေးဗစ်က သူ့အား အဓိပ္ပာယ်ရှိစွာ ကြည့်လာသည်။ ထိုမျက်လုံးတွေကို သူသိတာပေါ့။ ကောင်းကောင်းသိနေတာပေါ့။ 'ဘာလို့ရပ်လိုက်တာလဲ၊ သူတို့တွေကတော့ ဘော့စ်ကို မေးခွန်းတွေနဲ့ စိတ်ရှုပ်အောင်ထိုးနှက်တော့မှာလေ' ဆိုသည့် စိုးရိမ်ပူပန်နေသည့် ထိုမျက်လုံးများကို သူက ကြင်နာလေးနက်စွာ တစ်ချက်ကြည့်ပြီး စုခဲအုံကျလာသော မိုက်များနှင့် မျက်နှာချင်းဆိုင် ရပ်လိုက်သည်။

ထိုသို့မျက်နှာချင်းဆိုင်ရပ်လိုက်တော့မှ သတင်းမှုခိုးများကို သဲသဲကွဲကွဲမြင်လိုက်ရတော့သည်။ ခန့်မှန်းခြေ ကင်မရာဆယ်လုံးမျှရှိပြီး သတင်းသမား ဆယ့်ငါးဦးမျှရှိမည်။ သူ့ကို စုစုပေါင်းလူအယောက် နှစ်ဆယ်ကျော် ဝိုင်းအုံထားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အံ့ထားပုံမျိုးနဲ့ဆိုလျှင် ဂျာနယ်၊ သတင်းစာပေါင်း နှစ်ဆယ်နီးနီးတွင် သူ့နှုတ်ထွက်စကားများ ပါတော့မည်။ ထို သတင်းစာနှင့်ဂျာနယ်တွေထဲ ပါသွားပါက လူခြောက်သန်းဆိုတာ အနည်းဆုံးပင် သူ့ကိုသိကုန်တော့မည်။

"ကျွန်တော် မြန်မာပြည်သားပါ၊ မြန်မာလူမျိုးစစ်စစ် ဖြစ်ပါတယ်။ မြန်မာပြည်ကိုချစ်တယ်၊ မြန်မာလူမျိုးဖြစ်ရတာကို လည်း ဂုဏ်ယူတယ်။ မြန်မာလူမျိုးတွေကိုလည်း ချစ်တယ်။ ဒါ ကြောင့် မြန်မာပြည်ကို ကျွန်တော်ဘယ်တော့မှသစ္စာဖောက်မှာ မဟုတ်ဘူး။ ကြိုးစားမှုနဲ့ ဝီရိယသာရှိရင် အခွင့်အရေးဆိုတာ သေချာပေါက် ရလာမှာပါ"

နူးညံ့သောအပြုံးများနှင့် ရုတ်တရက်ဆိုတော့ အားလုံး မှာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့ကြသည်။ လူထုကြီး တိတ်ဆိတ်သွားချိန်၌ သူက မှန်အပြည့်ကာရံထားသော အဆောက် အဦးကြီးထဲ ရောက်နှင့်နေပါပြီ။

ထိုသတင်းမှုဆိုးများက သူ့ကျောပြင်ကိုကြည့်ပြီး မှင် တက်စွာ ကျန်ရစ်ခဲ့ကြသည်။ ဒါ မင်းနိုင်ငံ၏ညို့အားလား၊ ဆွဲ ဆောင်မှုလား။

◙◙◙



## အခန်း (၃)

"ဘော့စ်. . . မစ္စတာဝမ်ကို ထရိတ်ဒါးမှာ ထားလို့ရ ပလား"

'မစ္စတာဝမ်' ဆိုသူမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျောက်မျက်ရတနာပြခန်းပိုင်ရှင်ဖြစ်၏။ တရုတ်နိုင်ငံတွင် နာမည် ကြီးသူ သူဌေးတွေထဲမှ တစ်ယောက်အပါအဝင်ဖြစ်သည်။

မစ္စတာဝမ်သည် သူ၏ဖိတ်ကြားမှုကြောင့် မြန်မာနိုင်ငံ သို့ ရောက်ရှိလာခြင်းဖြစ်သည်။

"လေယာဉ် ဘယ်အချိန်ဆိုက်မလဲ"

"ညနေငါးနာရီပါ၊ လေယာဉ်ကွင်းကနေကြိုပြီး ထရိတ် ဒါးမှာပဲ ဘော့စ်နဲ့အတူ ညစာစားဖို့ပြင်ဆင်ထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းသလိုစီစဉ်ပါ၊ အခန်းတွေ အဆင်မပြေရင် အပန်းဖြေအိမ်မှာ စီစဉ်လိုက်ပေါ့။ ဟိုတယ်ဆိုရင် အကောင်းဆုံးနဲ့ အသန့်ဆုံးဖြစ်ပါစေ"

"ဘော့စ်"

"ပြောလေ"

သူက လှမ်းထောက်လိုက်သော်လည်း နောက်တိုးပုံက မဝံ့မရဲဖြစ်နေသည်။ နောက်တိုးက သူ့ထံတင်ပြစရာ ကျန်သေးသည့်ပုံမျိုးဖြစ်သည်။ ပြီးတော့ ထိုကျန်သေးသောစကားစုကို အပြောရခက်ပုံမျိုးနှင့် သူ့ထံကြည့်လာသည်။ သူစိတ်ဝင်စားသွားသည်။ ဘာလဲ. . . ရှေ့ဆက်ပြောလာမယ့်စကားက ဘာလဲ။ သူကလည်း ထိုစကားစုကိုစိတ်ဝင်စားနေသလို နောက်တိုးကိုယ်၌ကလည်း လည်ချောင်းဝ၌ တစ်လစ်ကြီးဖြစ်နေရ၏။

"ပြောပါ နောက်တိုး။ ဘာအခက်အခဲရှိလို့လဲ"

"မစ္စတာဝမ်က ဟိုဒင်းကြိုက်ပါတယ်။ သူ့ရဲ့စက္ကူထရီက ထိပ်တန်းနှစ်ယောက်လောက် ရှာခိုင်းထားတယ်။ အပန်းဖြေဖို့တဲ့"

ခဲရာခဲဆစ်ထွက်လာသော နောက်တိုး၏စကားလုံးအဆုံးတွင် သူ့နဖူးသွေးကြောများ ထောင်တက်လာရသည်။





ထိုစကားကိုကြားရတိုင်း ဒဏ်ရာဟောင်းကို လာဆွသူပမာ နှလုံးသားတစ်ခြမ်းမှာ တဆစ်ဆစ်နာကျင်လာရသည်။

သူ မျက်ဝန်းအစုံကိုမှိတ်ချပစ်မိသည်။ သွေးအိုင်ထဲ လဲနေသော မိန်းကလေးတစ်ယောက်ကို မြင်နေရသည်။ ထိုမိန်းကလေးက သူ့အား တောင်းပန်ရိုကျိုးစွာ စိုက်ကြည့်နေသည်။

သူ၏လက်ဖျားလေးများသည် တဆတ်ဆတ်တုန်ယင်နေသည်။ အေးစိမ့်နေသော အဲယားကွန်းခန်းထဲ၌ ချွေးစေးတို့ပြန်လာသည်။

"ဘော့စ်"

နောက်တိုးက သူ့အား စိုးရိမ်ပူပန်စွာ ကြည့်လာသည်။ ပြန့်ကျဲနေသောစိတ်တို့ကို စုစည်းပြီး လွင့်ပျံနေသောစိတ်တို့အား ပစ္စုပ္ပန်သို့ ဆွဲခေါ်လာသည်။

"လုပ်လိုက်ပါ၊ မင်းကိုယ်တိုင် စီမံခန့်ခွဲလိုက်ပါ။ မစ္စတာဝမ် ကျေနပ်မှုရှိပါစေ။ ဒါပေမဲ့. . ."

သူ့စကား တစ်ဝက်တစ်ပျက်ရပ်တန့်သွားသည်။ တဒိတ်ဒိတ်တုန်ခါနေသောနှလုံးခုန်သံများကို အတတ်နိုင်ဆုံး ထိန်းချုပ်နေသည်။

"ဒါပေမဲ့ ကာယကံရှင် မကြည်ဖြူဘဲနဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ နားလည်ပါတယ် ဘော့စ်"

"နားလည်ရင် ဆက်လုပ်ကွာ"

"ဘော့စ် နေမကောင်းရင် ပြန်နားလိုက်ပါလား။ ကျန်တာအားလုံး"

"ရတယ်. . . ကိစ္စမရှိဘူး"

သူက ထိုသို့ဆိုတော့ သူ့အား ဆွေးမြေ့ရီဝေစွာ စိုက်ကြည့်နေသော နောက်တိုး၏မျက်လုံးများက ကြင်နာခြင်းမှ သနားခြင်းသို့ ကူးပြောင်းလာရသည်။

"တာဝန်တွေ ခဏဖယ်ထားရအောင် မင်းနိုင်ငံ"

လေပြည်အေးနှင့်ဆိုလာသော နောက်တိုးကို သူမော့ကြည့်လိုက်သည်။

"မဖယ်ချင်ဘူး နောက်တိုး။ ငါ့နှလုံးသားထဲမှာ အဲဒီဆူးတွေက ခုထိ အစိမ်းလိုက်စူးဝင်နေတုန်းပဲ။ အဲဒါတွေကိုမေ့ဖို့အတွက်ဆိုရင် ငါအချိန်ပြည့်အလုပ်လုပ်မှဖြစ်မယ်"

"မဟုတ်သေးဘူး မင်းနိုင်ငံ၊ မင်းက လူလေ၊ စက်မှမဟုတ်တာ။ ဆယ်နှစ်ကျော်ပေးဆပ်ခဲ့ပြီးပြီပဲ။ တော်လောက်ပြီကွာ. . . နော်. . . သူငယ်ချင်း။ မေ့လိုက်ပါတော့"

"ငါလည်း မင်းပြောသလို မေ့ပစ်ချင်ပါတယ်။ ဒါပေမဲ့





မေ့ပစ်လို့မှမရတာ"

"မေ့ဖို့ကြိုးစားပါကွာ၊ ဖြစ်နိုင်ရင် ငါက ကိုယ်စားဝင်ပြီး မေ့ပစ်ပေးချင်ပါတယ်။ ခက်တာက မဖြစ်နိုင်ဘူးလေ။ မင်းရဲ့ဝေဒနာကို မင်းကိုယ်တိုင်ကမှဖြစ်မယ် မင်းနိုင်ငံ။ ငါ မင်းကို လူပီသစေချင်တယ်"

ပြောဆိုရင်း နောက်တိုးက ဆွေးမြေ့စွာ စိုက်ကြည့်နေပြန်သည်။ ပြီးနောက် ကျောပေးကာ အခြားတစ်ဖက်သို့လှည့်သွားသော မင်းနိုင်ငံ၏ကျောပြင်ကို တစ်ချက်ကြည့်ပြီး လှည့်ထွက်လာခဲ့သည်။

မှန်အပြည့်ကာထားသောအခန်းငယ်ထဲမှထွက်ပြီး တံခါးချပ်ကို ညင်သာစွာပိတ်လိုက်သည်။ တံခါးဝ၌ ကြာရှည်စွာ ရပ်နေမိသည်။ နောက်တိုးက ဘယ်လောက်ကြာကြာရပ်နေမိသည်မသိ။ မင်းနိုင်ငံ၏အတွင်းရေးမှူးမလေး ဇေဇေကပင်. . .

"မန်နေဂျင်း. . , မန်နေဂျင်း"

ထိုသို့သတိပေးသံကြားမှ လှည့်ကြည့်ဖြစ်၏။

"နေမကောင်းဘူးလား"

"အဲ. . . ကောင်း. . . ကောင်းပါတယ်"

ပြန့်ကျဲနေသောစိတ်တို့ကို စုစည်းပြီး ကိုင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



ဖိုင်အပြာကိုဆုပ်ကိုင်ကာ ထွက်လာခဲ့သည်။

ကျယ်ဝန်းသောအဆောက်အဦးကြီးထဲတွင် ဥက္ကဋ္ဌရုံးခန်းနှင့် မန်နေဂျင်းဖြစ်သည့်နောက်တိုး၏ရုံးခန်းမှာ နှစ်မိနစ်ခန့် လျှောက်ရသေးသည်။

"အပြင်သွားမယ်၊ ကားအဆင်သင့်ပြင်ထားပါ"

ဟု သူ၏အတွင်းရေးမှူးမလေး နှင်းအိမ်ကို အမိန့်ပေးလိုက်သည်။ ထိုသို့အမိန့်ပေးပြီးမှ အခန်းငယ်ထဲ တံခါးဖွင့်ကာ ဝင်မည်အပြုတွင် တစ်ခုခုကိုသတိရသွားပြီး လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။ နှစ်နာရီဆယ့်ငါးမိနစ်တိတိဖြစ်၏။

"လေးနာရီထိုးရင် ရုံးဆင်းပါ"

"ရှင်!"

သူဘာမှဆက်မပြောတော့ဘဲ တံခါးဖွင့်ပြီး အခန်းထဲ ဝင်လာခဲ့သည်။

သူ့စကားကို နှင်းအိမ်က ရုတ်တရက်ကြောင်နသွားသည် ထင်ပါရဲ့။ သူသွားလေရာနောက်တွင် နောက်ပါး၌ အမြဲလိုက်ပါရသောနှင်းအိမ်ကို ဒီတစ်ခါတော့ အလုပ်ကိစ္စဖြစ်သော်ငြား ခေါ်သွား၍ မတင့်တယ်ပါချေ။

ဆောက်လုပ်ရေးရုံးသို့သွားရာတွင် သူ့အနောက်၌ နှင်း





အိမ် ပါသည်။ သူ့ကို ထီးမိုးပေး၊ သူပြောသမျှကို လိုက်မှတ်၊ အထည်ချုပ်စက်ရုံသို့သွားလျှင်လည်း ပါသည်။

သူတို့ကုမ္ပဏီပိုင် ဂေါက်ကွင်းသွားလျှင်လည်း ပါသည်။ သူသောက်လေ့ရှိသော ကော်ဖီအမျိုးအစားကို နှင်းအိမ်မှသိသည်လေ။ ကျောက်မျက်ရတနာပြခန်းသို့ သွားရောက်စစ်ဆေးလျှင်လည်း နှင်းအိမ်က ပါတာပါပဲ။

သူ့အလိုက်ကိုသိနေသောနှင်းအိမ်နှင့် သွားလာရသည်မှာ အဆင်ပြေသည်။ အသက်နှစ်ဆယ့်ရှစ်နှစ်ရှိပြီး စနစ်ကျပြီး တိကျသေချာသောနှင်းအိမ်ကို သူက ဘောက်ဆူးအမြဲပေးလေ့ရှိသည်။ ဒီလိုစက္ကူထရီကောင်းရှိနေ၍ သူ့အလုပ်တွေက ပိုပြီး ခရီးတွင်နေတာမဟုတ်ပါလား။

"ဒေါက်! ဒေါက်!"

"ဝင်လာပါ"

သူက ထိုသို့အသံပြုလိုက်သည်နှင့်တစ်ပြိုင်နက် နှင်းအိမ်၏မျက်နှာဖွေးဖွေးက သူ့မျက်စိရှေ့တွင် ရှိရိုကျိုးကျိုးပေါ်လာပြန်သည်။

"ကားအဆင်သင့်ဖြစ်ပါပြီ ဆရာ"

သူက ခေါင်းတစ်ချက်ညိတ်လိုက်သည်ဆိုလျှင်ပဲ နှင်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်က ထွက်သွားပြန်သည်။ သူက အပေါ်ဝတ်ကုတ်အင်္ကျီကို ဆွဲဝတ်ပြီး ထွက်လာခဲ့သည်။ သူထွက်လာတာမြင်သည်နှင့် တစ်ပြိုင်နက် နှင်းအိမ်က သူ့လက်ထဲမှအိတ်ကို ဆွဲရန်ပြင်သည်။

"ရပါတယ်၊ လိုက်မပို့နဲ့တော့"

ဟုသာဆိုပြီး ဘေးဘီဝဲယာကိုမကြည့်တော့ပါဘဲ ထွက်လာခဲ့သည်။ ဓာတ်လှေကားမှတစ်ဆင့် အောက်ထပ်သို့ဆင်းလာခဲ့ပြီးမှ ဆင်ဝင်အောက်တွင် အသင့်ဖွင့်ထားသောကားထဲ ဝင်ထိုင်လိုက်သည်။

"ဘယ်မောင်းရမလဲ ဆရာ"

"(. . .)လမ်း၊ အိမ်အမှတ် (. . .) "

သူထိုသို့ပြောပြီးသည်နှင့်တစ်ပြိုင်နက် ကားလေးသည် နေရာမှ လျှောခနဲထွက်သွားသည်။ သိပ်ကြာကြာမမောင်းလိုက်ရပါဘဲ ခန့်ထည်သောအစိမ်းရောင်သုံးထပ်တိုက်ရှေ့သို့ ရောက်သွားသည်။

သူ၏ကားက ခြံရှေ့ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ရိုမှုပ်နှင့်ထိန်းချုပ်သည့်စနစ်ဖြစ်သည့်ခြံတံခါးမှာ အော်တိုပွင့်သွားသည်။ သူ၏ကားလေးသည် ခြံထဲသို့မောင်းဝင်လာပြီး ဆင်ဝင်အောက်တွင်ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ကားတံခါးပွင့်သွားသည်။





"မင်္ဂလာပါ မစ္စတာနောက်တိုး"

အင်မတန်ကျော့ရှင်းလှပသည့် အသက်သုံးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦးက သူ့ကိုအဆင်သင့်ထွက်ကြိုနေသည်။

"အိမ်ထဲကြွပါရှင်"

ယဉ်ကျေးပျူငှာစွာ ကြိုဆိုသဖြင့် သူက အိမ်ထဲသို့ တစ်လှမ်းချင်းဝင်လာသည်။ သူ၏အပါးတော်မြဲဖြစ်သည့် ဒရိုင်ဘာဝင်းနိုင်သည်လည်း သူ့နောက်ပါး၌ ကပ်ပါလာခဲ့သည်။

အိမ်ထဲဝင်ဝင်ချင်း သူရှူရှိုက်လိုက်ရသော ရနံ့တစ်ခုက မွှေးလွန်း၍ အီလည်လည်ဖြစ်နေသော နှင်းဆီရနံ့ဖြစ်သည်။

"ထိုင်ပါရှင်"

ထိုသို့ဆိုပြန်တော့ အစိမ်းရောင်ကော်ဇောပေါ်၌ အနီရောင်တောက်နေသည့် ကတ္တီပါဆိုဖာဆက်တီထူ အိအိကြီးပေါ် သူထိုင်ချလိုက်သည်။ သူ၏မျက်နှာချင်းဆိုင်နံရံ၌ အင်မတန်ညို့အားပြင်းသည့်အမျိုးသမီးတစ်ယောက်၏ပန်းချီကားက သူ့အား ဖမ်းစားနေသည်။

"ဖုန်းနဲ့ပြောလို့လည်း ရသားပဲရှင်၊ လာတွေ့ပါဆိုလည်း ကိုယ်တိုင်လာတွေ့မှာပေါ့။ ခုတော့ သစ်ခက်စိမ်းကုမ္ပဏီကြီးရဲ့ မန်နေဂျင်းဒါရိုက်တာကိုယ်တိုင် ရောက်လာခဲ့တယ်ဆိုတော့ အား



www.burmeseclassic.com

www.burmeseclassic.com



နာစရာဖြစ်ကုန်ပြီ"

"ကျွန်တော်ကိုယ်တိုင် လာရောက်ခြင်းက အရေးထား ရမယ့်ကိစ္စတစ်ခုလို့ ပြောစရာမလိုဘဲ ပေါ်လွင်သွားမလားလို့ပါ"

သူက ထိုသို့ လိုရင်းကိုခပ်ပြတ်ပြတ် ပြောချလိုက်တော့ ထိုအမျိုးသမီးမျက်နှာတွင် ရုံမှက်ရိပ်တို့ လွှမ်းသွားသည်။

"ဧည့်သည်တွေအတွက် ကော်ဖီချပေ့"

"မလုပ်ပါနဲ့ အစ်မ၊ ဆရာက အပြင်ကော်ဖီမျိုး သောက်လေ့မရှိလို့ပါ"

ဟု ဝင်းနိုင်က ဝင်ထောက်တော့ သူ့အတွက် လေကုန် သက်သာသွားသည်။

"မစ္စတာနောက်တိုးအတွက်တော့ အချိန်က ရွှေပဲဆို တော့ လိုရင်းပဲ တိုတိုတုတ်တုတ်ပြောပါ့မယ်။ ဘယ်လောက်ဖြုန်း ဖို့ ရည်ရွယ်ထားသလဲ"

"ကျွန်တော့်ကို ရှင်းပြပေးနိုင်မလား"

"နာမည်ကြီးထဲကလား၊ မော်ဒယ်လ်ထဲကလား။ အဲဒါ တွေမကြိုက်လည်း အွန်လိုင်းပေါ်မှာရှိတယ်"

"အွန်လိုင်းပေါ်ကတွေ မသုံးချင်ဘူး"

"ဩော်. . . သိပြီ နိုင်ငံခြားဧည့်သည်တွေအတွက် ထင်





တယ်။ အိုကေလေ၊ ဒါတွေနားလည်ပါတယ်။ ရှေ့လက ကျောက် မျက်ရတနာပြပွဲမှာ အစိမ်းရင့်ရင့်ဝတ်သွားတဲ့တစ်ယောက်လေ။ သူဆို သန့်တယ်၊ အသစ်လေးပဲ။ ကြိုက်လား"

"ကျွန်တော်ကြိုက်မကြိုက်ထက် မစ္စတာဝမ် ကြိုက်သွား ဖို့ပဲ အရေးကြီးတယ်"

"ကြိုက်သွားစေရမယ်လို့ အာမခံတယ်"

"ကြိုက်သွားရင်တော့ ကြိုက်ဈေးရမှာပေါ့"

"သိန်းငါးရာ"

တစ်ဖက်က ဈေးအော်လာသဖြင့် သူက ဘာမှပြန်မပြော ဘဲ ထရပ်လိုက်သည်။ သူ့အပြုအမူကို အမျိုးသမီးက ကောင်း ကောင်းသဘောပေါက်ပေလိမ့်မည်။ ထောင်မြင်လို့ ရာစွန့်ရတာ သူတို့အတွက် အဆန်းမှမဟုတ်တာ။

သူထွက်လာခဲ့သည်။ ရင်ထဲ ရှုပ်ထွေးနောက်ကျိနေ၏။ ဤစီးပွားရေးလောကကိုလည်း စိတ်ကုန်နေမိသည်။

သူက အပူတို့နှင့်ကင်းဝေးရာတွင် အေးအေးချမ်းချမ်း နေချင်သူလေ။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဟော့! ကောင်မတွေ"

"ရှင်. . . မာမီလေး၊ လာပြီ"

အစိမ်းရောင်အိမ်ကြီးထဲတွင် လှပသောအမျိုးသမီးကြီးက ဦးဆောင်ပြီး လှပနုနယ်သောမိန်းမပျိုလေးများက ကြိုးစိုမင်းမူနေသည်။

"ဒီနေ့ တေးလက်ဘ ဘယ်မှာရှိသလဲ"

အသံဝါကြီးနှင့် အမိန့်ဆန်ဆန်ပြောလျှင် တန်းစီပြီး ရပ်နေကြသော ရောင်စုံမိန်းကလေးသုံးယောက်က တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြသည်။ ထိုအကြည့်များသည် သူငယ်နှပ်စားပုံနှင့် သိပ်ကိုရိုးစင်းနေလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါမသိဘူး၊ ငါလည်းမသိဘူးဆိုပြီး မသိခြင်းများစွာတို့ ပျော်ဝင်နေသော ထိုအကြည့်များကို စိမ်းမမ လုံးဝမနှစ်သက်ပါချေ။ ဘာပဲမေးလိုက်မေးလိုက် 'ဟုတ်ကဲ့၊ ဘယ်မှာပါ။ ဘာလုပ်နေပါတယ်၊ ဘယ်အချိန်အားပါမယ်၊ ဘယ်သူနဲ့အတူ ရှိနေပါတယ်ကအစ တိတိကျကျ ပါးပါးနပ်နပ်နှင့် သွက်လက်သူမျိုးကိုမှ သဘောကျသည်။ ထိုလူမျိုးကိုပဲ အလိုရှိသည်။

ခုတော့ စိမ်းမမထံရောက်လာကြသူများမှာ ကြက်ကြီးလည်လိမ်ထားသလို မေးခွန်းတစ်ခုမေးလိုက်တိုင်း ဆန့်ငင်ဆန့်ငင်နှင့်။ ခွေးအကြီး လှည်းကြိတ်တာကမှ အီးအဲအီးအဲမြည်ပါဦးမယ်။ အခုကော့ ပါးစပ်တွေက အီးငုံထားကြသည့်အတိုင်း ဟကိုဟမလာကြတော့ပေ။

"မင်းတို့ကို ငါ လစာဘယ်လောက်ပေးသလဲ"

"စရိတ်ငြိမ်း သုံးသိန်းပါ"

"မင်းတို့ သုံးသိန်းနဲ့တန်အောင် အလုပ်လုပ်ကြရဲ့လား။ အဲဒီသုံးသိန်းကို မင်းတို့မရချင်တော့ဘူးထင်တယ်"

စိမ်းမမက ထိုသို့ခပ်တည်တည်ပြောတော့ ရပ်နေသော ရောင်စုံမမသုံးယောက်ခမျာ မျက်လုံးလေး ကလည်ကလည်နှင့် ရှူးချင်ယောင်ဆောင်နေကြသေးသည်။





"မင်းတို့ရုပ် မင်းတို့ရည်နဲ့ မင်းတို့အဆင့်ကို ညကြေးနှစ်သောင်းဆိုရင်တောင် ကာစတန်မာက ဈေးဆစ်ဦးမှာ။ အဲဒီထဲမှာ စားစရိတ်နေစရိတ် နှုတ်ဦး။ တစ်ညကို နှစ်သောင်း၊ ဆယ်ညကို နှစ်သိန်း၊ တစ်လကို ခြောက်သိန်း။ ဒါတောင် အရှာအဖွေကောင်းဦးမှ။ ဈေးဦးမပေါက်တဲ့နေ့ဆို ရေသောက်သေရုံပေါ့။ ကဲ! ရွေး၊ ဘယ်အရာကိုရွေးချယ်မလဲ။ ဒီအလုပ်အပြင် အခြားလုပ်တတ်တာရှိသေးရင် ဒီအိမ်က အချိန်မရွေးထွက်သွားလို့ ရတယ်"

စိမ်းမမ ထိုသို့ခပ်ပြတ်ပြတ်ပြောတော့ ရပ်နေသော ထိုသုံးယောက်မှာ ချက်ချင်းဆိုသလို ဒူးထောက်ထိုင်ချလိုက်ပါတော့သည်။

"မလုပ်ပါနဲ့ မာမီလေးရယ်၊ ဒီတစ်ကြိမ်လေး ခွင့်လွှတ်ပေးပါ။ တေးလက်ာက အသစ်ဆိုတော့ သတိမထားမိလိုက်တာပါ။ ခွင့်လွှတ်ပေးပါ၊ ဒီအမှားတွေကို ပြင်ဆင်ပါ့မယ်"

"တစ်လသုံးသိန်းက ငါက မင်းတို့ကို အလှူပေးနေတာမဟုတ်ဘူး။ သုံးသိန်းနဲ့တန်အောင်တော့ အလုပ်လုပ်ပေးရမှာပေါ့။ မင်းတို့ကို ငါက ထမင်းချက်၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးတွေ ခိုင်းလို့လား"

www.burmeseclassic.com



"မနိုင်းပါဘူး"

"မင်းတို့အလုပ်က ဘာလဲ"

"မော်ဒယ်လ်တွေနဲ့ မင်းသမီးတွေ ဘာလုပ်နေကြတယ်၊ ကောင်ချောလေးတွေ ဘယ်နှယောက်ပေါ်လာပြန်ပြီ။ ဒါတွေပါ"

"အခု မင်းတို့ဘာလုပ်နေကြသလဲ"

ထိုသို့မေးခွန်းများ တရစပ်ပစ်သွင်းလိုက်သည်တွင် သုံးယောက်မှာ ကြမ်းပြင်တွင် ရွှေပျောက်ရှာနေသူပမာ အလုအယက် ခေါင်းငုံ့သွားကြပြန်သည်။

စိမ်းမမ ဒေါသထွက်လာပါပြီ။ ထို့ကြောင့်ပင် ဆံပင်တိုတိုနှင့်ကေသီကိုကြည့်ကာ. . .

"ဟို အခြောက်မ ကေသီ၊ ခုချက်ချင်းသွားပါ။ တေးလက်ာကို သိန်းနှစ်ရာနဲ့ ကားတစ်စီးလို့ ဈေးသွားခေါ်။ တေးလက်ာပါမလာခဲ့ရင် မင်းပါ မပြန်ခဲ့နဲ့"

"ဟုတ်"

ဟုတ်တစ်လုံးဆောင်ပြီး ကေသီမှာ လွတ်ရာကျွတ်ရာသို့ ပြေးထွက်လာခဲ့သည်။

တန်းစီပြီးရပ်ထားသော ကားကောင်းကားသန့်များထဲမှ ဘီအမ်ဒဗလျူအနက်ရောင်ကိုရွေးချယ်ပြီး ကားတံခါးကို ဖွင့်





ဝင်လိုက်သည်။ ကားစက်ကိုနှိုးပြီး မှန်ချကာ အဲကွန်းဖွင့်သည်။ လေပူတွေထွက်သွားပြီဆိုမှ မှန်ချပ်များကို ပြန်ပိတ်ကာ မောင်းထွက်လိုက်သည်။

ဖုန်းကိုခွက်ထဲထည့်ပြီး ဘလူးတုသ်ဖွင့်ကာ နံပါတ်များကိုနှိပ်သည်။

"ဟဲလို"

"ဟဲ့! အစစ်မ၊ ညည်းဆီမှာ တေးလက်ာရဲ့ဖုန်းနံပါတ်ရှိလား"

"ဘာလုပ်ဖို့လဲ ကေသီရယ်"

"မရှည်စမ်းပါနဲ့အေ"

"တေးလက်ာ သွားမလုပ်နဲ့နော်၊ သူ့ပစ္စည်းကို သိပ်နမြောတာ ဆတ်ဆတ်ထိမခံဟဲ့"

"အမယ်လေး. . . လေးနော်၊ မော်ဒယ်လ်လုပ်ပြီဆိုရင် အဆောင်အယောင်တွေနဲ့ ငွေလိုတယ်ဟဲ့။ နာမည်ကြီးချင်ရင် ငွေလမ်းခင်းရတယ်။ ငွေဆိုတာ သည်းခြေကြိုက်ပါအေ။ သရုပ်ပြထက် ရှေ့ဆက်တိုးဦးမယ်ဆိုရင် ကျိန်းသေပေါက် ဘဝတော့ပျက်မှာပဲ။ ပျက်မှာအတူတူ ငွေသိမ်းပြီး အပျက်ခံလိုက်တာက ပြုံးပြုံးမျက်မျက်ရှိသေး။ ကျုပ်တို့က တေးလက်ာရဲ့ဘိုင်အိုဂရပ်ဖီ



www.burmeseclassic.com

www.burmeseclassic.com



ရပြီးသွားပါနော်။ နယ်က လာတာ၊ အမေက ပန်းနာရင်ကျပ် ရောဂါသည်။ ဝါသနာပါလွန်းလို့ ရောက်လာတာ။ လောလော ဆယ် သူငယ်ချင်းတွေနဲ့စုပြီး တိုက်ခန်းငှားနေတယ်ကအစ၊ ဗီဒီယို ကားတွေထဲ အရံသရုပ်ဆောင်ပါခွင့်ရဖို့နေရာတောင် သဲကြီးမဲကြီး လိုက်နေတယ်က အဆုံး၊ အမယ်လေး! သူလိုက်နေတဲ့ ထုတ်လုပ် ရေးတောင် ကျူပ်ရွှတ်ပြရဦးမလား''

''ရပါတယ် ကေသီရယ်၊ ယုံပါပြီ''

''ကဲ! ဒါဆိုပြော၊ တေးလင်္ကာ ခုဘယ်မှာရှိသလဲ''

''(. . .)မှာ၊ ဖုန်းနံပါတ်တော့ မက်ဆေ့ချ် ပို့ပေးမယ်။ ဩော်. . . ဒါနဲ့ စိမ်းမမရဲ့ခွင်လား''

''ခွင်ကြီး တော်ရေ့၊ မာမီလေးက တေးလင်္ကာကို မျက် စိကျနေတာ ကြာပြီ''

''ဟုတ်ပဲ့၊ ယဉ်ယဉ်လေးနဲ့ မျက်နှာက ချွဲဖြစ်တယ်''

''ကဲကဲ. . . ဒါပဲ၊ ကျူပ်အလုပ်လုပ်ရဦးမယ်။ ညည်းနဲ့ အာလူးမပေးနိုင်ဘူး''

စကားကိုတုံးတိဖြတ်ကာ ဖုန်းကိုပိတ်လိုက်၏။ အရေး ထဲ မီးပွိုင့်ကလည်း စိမ်းကိုမစိမ်းနိုင်ပါ။ ဒီမီးပွိုင့်မှာ သုံးကြိမ်ဆက် တိုက် ပွိုင့်မိနေပါသော်လည်း ဒီပွိုင့်မှကားလေးက မလွတ်မြောက်





နိုင်သေးချေ။

''ဟွန်း! ကားလမ်းကလည်း၊ ဒီအထဲမှာသာ အရေးပေါ် လူနာပါနေရင်တော့ လူနာက ကားထဲတင်ပဲ သေနေလောက် ပြီ''

စိတ်မရှည်နိုင်စွာ ဗျစ်တောက်ဗျစ်တောက် လုပ်မိပြန် သည်။ ကေသီ့ကားထဲ အဲကွန်းလွှတ်ထား၍ တော်သေးသည်။ ရာသီဥတုက ပူ၊ လူတွေက ကျပ်ညပ်နေမည့်လိုင်းကားပေါ်မှ သက်ရှိလူသားများအတွက်တော့ ဒီပွိုင့်ကြောင့် တွေးပင်မတွေး ရဲပါချေ။ အတွေးနဲ့တင် ပူလောင်လွန်းနေ၏။

''ကလောင်. . . ကလောင်''

မစိမ်းနိုင်သည့်မီးပွိုင့်ကိုကြည့်နေရင်းမှာပင် မက်ဆေ့ချ် က ဝင်လာ၍ ဖွင့်ကြည့်လိုက်သည်။ တေးလင်္ကာ၏ဖုန်းနံပါတ် ဖြစ်ပုံရသည်။ ထို့ကြောင့်ပင် ခလုတ်စိမ်းကိုနှိပ်လိုက်၏။ တူဆို သော အသံရှည်ကြီးနှင့်အတူ တစ်ဖက်သို့ ဖုန်းဝင်သွားသည်။

''ဟဲလို''

ကြည်လင်ချိုမြသောအသံတစ်ခုက ဆွဲဆောင်မှုရှိရှိ ပေါ် ထွက်လာသည်။

''တေးလင်္ကာလားနော်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"တို့လေ. . . ကေသီပါ"

တေးလက်ာက ဖုန်းကိုကိုင်ရင်း စဉ်းစားနေမိသည်။ အတွေးထဲ၌ ကျောက်မျက်ရတနာပြပွဲတစ်ခုက လှစ်ခနဲဝင်ရောက်လာသည်။ ပြီးနောက် ဖက်ရှင်လောက၌ အင်မတန်သတင်းကြီးသော စိမ်းမမ၏မျက်နှာလှလှတစ်ခု။ ပြီးနောက် စိမ်းမမ၏နောက်ကွယ်မှ သူမကိုပြုံးစိစိကြည့်ခဲ့ဖူးသော ကေသီဆိုသည့်အခြောက်မ။

"ဩော်. . . အင်း၊ မာမီကေသီ ပြောလေ"

"အခု ညည်းလေး ဘယ်မှာရှိနေသလဲ၊ ကျုပ် ညည်းလေးနဲ့တွေ့ချင်လို့"

ဘာကိစ္စလဲ၊ ဘာလဲဟု ဦးနှောက်နှင့်နှလုံးသားကို အချက်ပေးမိသည်။ သို့သော် စိမ်းမမလိုနာမည်ကြီးပုဂ္ဂိုလ်ထံမှ တမန်တော်မို့ သူမအတွက် အကျိုးမယုတ်နိုင်မှန်း ကြိုသိနေသည်။

". . . . . . စတူဒီယိုမှာပါ၊ ကြော်ငြာအတွက် ဝေါ်ရှိုလ်ရိုက်နေတယ်"

"အိုကေလေ၊ ဆယ့်ငါးမိနစ်အတွင်း တို့ ရောက်လာမယ်"





ဖုန်းလိုင်းက တတူတူပြတ်တောက်သွားသည်။

"ဘယ်သူလဲ လက်ာ"

သူငယ်ချင်းဆိုလည်း မမှား၊ စီနီယာဆိုလည်း မှန်နေပြန်သည့် ယမုံက မေးလာသည်။

"ကေသီတဲ့၊ စိမ်းမမရဲ့လူပါ"

"စိမ်းမမနဲ့နင်က ဘယ်အချိန်က သိကြတာလဲ"

"မကြာသေးပါဘူး၊ လွန်ခဲ့တဲ့နှစ်လက ကျောက်မျက်ရတနာပြပွဲတစ်ခုမှာပါ။ အဲဒီတုန်းက ဝတ်စုံတွေ စပွန်ဆာပေးသွားတာလေ။ စိမ်းမမရဲ့ဝတ်စုံတွေက ဈေးကြီးလွန်းလို့ စပွန်ဆာပေးတဲ့အချိန်ပဲ ကိုယ်မှာ ကပ်နိုင်တယ်"

"စိမ်းမမက အလိုင်းကြီးနော်၊ ရှင်တော့ ပွတာပဲ။ သူ ပျက်စီကျသွားတဲ့မော်ဒယ်လ်တော့ ထောတော့တာပဲ"

တေးလက်ာ နားမလည်ပါ။ ယမုံဘာတွေပြောနေမှန်း မသိပါ။

"ဟော့! ဘာလို့ ယမုံကို ကြောင်ကြည့်နေရတာလဲ"

"ယမုံပြောတာကို နားမလည်လို့ပါ"

"စိမ်းမမက ရှင့်ဆီ သူ့လူလွှတ်တာ အကြောင်းတစ်ခု ခုရှိရမယ်။ စိမ်းမမလိုမိန်းမမျိုးက အချိန်ကို အပိုအကုန်မခံဘူး။



www.burmeseclassic.com

www.burmeseclassic.com



စကားကို အကျိုးမရှိဘဲမပြောဘူး''

''ဘာကိစ္စဖြစ်နိုင်သလဲ၊ သူ့ဝတ်စုံတွေအတွက် မော်ဒယ် ငှားဖို့များလား''

''အဲဒီလောက် ရိုးရှင်းတဲ့ကိစ္စဆို သူ့ရဲ့လက်စွဲတော်ကြီး ကေသီ့ကို ကိုယ်တိုင်မလွှတ်ဘူး။ နာမည်ကြီးမော်ဒယ်လ်တွေနဲ့ မင်းသမီးကြီးတွေ သူ့နားမှာပိုင်းလို့ ဖုန်းနဲ့တစ်ချက်လှမ်းတောက် ရုံပဲ''

''ဒါဆို ဘာကိစ္စလဲ''

''ယမ့်အထင် မမှားဘူးဆိုရင်တော့ အရောင်းအဝယ် ကိစ္စထင်တာပဲ''

''အရောင်းအဝယ်. . . ဟုတ်လား''

''စိမ်းမမက မြန်မာပြည်ရဲ့တော့ပ်တင်းတွေသာမကဘူး၊ နိုင်ငံခြားဈေးကွက်ကိုပါ ကိုင်ထားတာ။ အဲဒါက သူ့ရဲ့အဓိက လုပ်ငန်းပဲလေ။ ဖက်ရှင်ပြခန်းဆိုတာက အပြသက်သက်ပဲ။ ဈေး ဆိုတာမျိုးက ဂုဏ်အရည်အချင်းနဲ့ အများကြီးဆိုင်တယ်။ ရှင်က ခုတလော ဒီလောကထဲမှာ နာမည်ရှိလာတဲ့သူဆိုတော့ ရှင် ဈေး ရလိမ့်မယ်။ ကဲ. . . ဒီလောက်ပြောရင်တော့ ရှင် သဘောပေါက် လောက်ပါပြီ''





''လက်ာ လက်ခံဖြစ်မှာမဟုတ်ဘူး''

''ဘုရားရေ! ဒါက ရတောင့်ရခဲနော်''

''ဟင့်အင်း! ဂုဏ်သိက္ခာကို ဘယ်တော့မှ အလဲအထပ် မလုပ်ဘူး''

''ဝင်လာတဲ့လူမှန်သမျှ အစောပိုင်းတော့ ဒီလိုပြောကြ တာချည်းပါပဲ။ နောက်တော့လည်း ငွေရေးကြေးရေး အောင်မြင် မှုတွေကြားထဲ သိက္ခာဆိုတာ ရေစုန်မျောရတော့တာပဲ''

''ရေစုန်မမျောဘဲ သန့်သန့်ရှင်းရှင်း အောင်မြင်နေတဲ့ လူတွေ အများကြီးပါ ယမ့်ရယ်''

''ဒါက သူတို့တွေရဲ့ ဘက်ကရောင်းရှိသေးတယ်။ ကဲ! ပြော၊ ရှင်တို့ယမ့်တို့မှာ ဘာဘက်ကရောင်းရှိသလဲ။ ကုတ်ကပ် တက်ဖို့ဆိုမလွဲမသွေ စပွန်ဆာရှာရတော့တာပဲမဟုတ်လား။ မမိုက် ချင်စမ်းပါနဲ့ လက်ာရယ်။ စပွန်ဆာဆိုတဲ့ တံဆိပ်ကြီးနဲ့ မလှူးသာ မလွန့်သာ ရုန်းကန်နေရမှာထက်စ ရင် တစ်ပွဲတစ်လမ်း ကျိတ် ပုန်းခုတ်လိုက်တာကမှ လူမသိသူမသိ မျိုးမျိုးမျက်မျက် ရပါဦး မယ်။ ပြီးတော့ ရှင်က အသစ်ပဲ၊ ကြိုက်ဈေးတောင်းလို့ရတယ်။ စိမ်းမလိုလူမျိုးက ရှင့်ကိုလိုက်လျောမှာပါ။ ပြီးတော့ ကံကောင်း ရင် ရှင် ခွင်ကောင်းကောင်းတွေ့နိုင်တယ်။ ရှင့်အမေရော ရှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝရော ချက်ချင်း နတ်ရေကန်ထဲပစ်ချလိုက်သလို ပြောင်းသွားနိုင်တယ်။ ကဲ. . . ရှင်စဉ်းစား၊ ယမုံက ယမုံ့လို နောင်တရမှာစိုးလို့ပြောနေတာ။ ယမုံ့တုန်းကလည်း အဲဒီလိုပဲ ဈေးဦးပေါက်ကောင်းကောင်းကို နှစ်ပဲခြောက်ပြားတန်သိက္ခာလေးနဲ့ ငြင်းလွှတ်တော့ မြေပါလည်းဆုံး သားလည်းဆုံး ဖြစ်ခဲ့ရတာ။ ဟိုးမှာ ယမုံ့ကိုခေါ်နေပြီ။ သွားမယ်နော်"

ယမုံက ပေါ့ပေါ့ပါးပါး သွက်လက်စွာဆိုပြီး ထွက်သွားကာ ဓာတ်ပုံအရိုက်ခံသွားနေသော်လည်း စားလက်ာမှာ လေးတွဲ့ထိုင်းမှိုင်းစွာ ကျန်ရစ်ခဲ့သည်။ ဘဝကြီးကို ဝမ်းနည်းတာလည်း ပါသည်။ ဘဝကိုစိန်ခေါ်လာတဲ့ အဲဒီ့စမ်းသပ်မှုကြီးအပေါ် ဒေါသဖြစ်မိတာလည်းပါသည်။

သူမက ဘဝကို ရိုးရိုးသားသားနေချင်သူလေ။ သန့်သန့်စင်စင်ပဲ နေချင်ခဲ့သူပါ။ ဒီအလုပ်ကို ဝါသနာပါလွန်းလို့သာ ရွေးချယ်ခဲ့ပေမယ့် အဲဒီလောက်ထိ ဘဝကိုထိုးကျွေးပြီး မမိုက်ချင်ပါ။ သူမလည်း လူထဲကလူပဲမို့ အောင်မြင်မှုကိုတော့ ခုံမင်သည်။ ငွေကိုလည်း နှစ်သက်သည်။ သို့သော် ဘဝကိုတော့ တန်ဖိုးထားသည်။ မိမိဘဝကိုမိမိတောင် တန်ဖိုးမထားရင် ဘယ်သူက တန်ဖိုးထားလာတော့မလဲဆိုတဲ့ ခံယူချက်မျိုး သူမထံတွင် တင်းပြည့်





ကျပ်ပြည့်ရှိနေသည်။ ထိုသို့ယုံကြည်မှုမျိုးရှိနေသည့်သူမက စော်ကားရက်လေခြင်းဆိုသည့် ယူကြုံးမရဖြစ်မှုကိုလည်း ဝမ်းနည်းပက်လက်ခံစားနေရသည်။

"ဟိတ်!"

ခေါ်သံကြောင့် သူမလှည့်ကြည့်သည်။ ဆံပင်နီကြောင်ကြားနှင့် နှုတ်ခမ်းကို အဖြူရောင်ဆိုးထားသော ခပ်ပိန်ပိန်မိန်းမအပြင်အဆင်နှင့် ယောကျ်ားတစ်ယောက်။

"တို့ မကြာပါဘူးနော်"

ပြောပြောဆိုဆိုနှင့်ပင် သူမရှေ့ရှိခုံပေါ်တွင် ဝင်ထိုင်သည်။ စားလက်ာရင်ထဲက တလှပ်လှပ်တုန်ယင်နေသည်။ လူမှုဝန်းကျင်သာ ရှိမနေဘူးဆိုလျှင် ဆံပင်ကို အုံလုံးကျွတ်သွားသည်အထိ ဆောင့်ဆွဲပစ်ချင်နေသည်။

"ငွေတွေအပုံလိုက်ရတဲ့အခွင့်အရေးမျိုး ပေးမလို့ရောက်လာတာ"

ဒေါသတို့ကို ကျိတ်မှိတ်မြိုသိပ်လိုက်ရသည်။ တစ်ဖက်က ဘာကိစ္စပြောမှာလဲဆိုတာ မသိသေးပါဘဲ ကိုယ့်ရဲ့တစ်ဖက်သတ်ထင်မြင်ယူဆချက်နဲ့ ထင်တိုင်းကျဲပစ်လို့မှမရတာ။ အဲဒီလိုထင်ရာစွတ်ရန်တွေ့လိုက်လို့လည်း မဖြစ်နိုင်ပါ။ သူမလုပ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်က ကိုယ်ဟန်ပြမော်ဒယ်လ်လေ။ ဒီလိုကိစ္စတွေကို ကျော်ဖြတ်နိုင်ရမှာပေါ့။

ပြီးတော့ ကေသီလာခြင်းက ရိုးရိုးသားသားလည်းဖြစ်နိုင်ပါသည်။ ယမုံရဲ့ဖြတ်သန်းမှုနဲ့ တေးလက်ာရဲ့ဖြတ်သန်းမှုက ဘယ်လိုလုပ် တစ်ထပ်တည်းကျနိုင်မှာလဲ။

"ဘာအခွင့်အရေးမျိုးလဲ ကေသီရယ်"

သရုပ်ဆောင်လုပ်မယ့်လူမို့ ဒီလိုဟန်လုပ်ပြီးက သူမအတွက် မခဲယဉ်းပါချေ။ ဒီလောကထဲ ဝင်ရောက်လာစဉ်က လက်ဦးဆရာတစ်ယောက်ဖြစ်သည့်ဦးကြာလူး၏ဩဝါဒကို ကြားယောင်မိသည်။

"အနုပညာသမားဆိုတာ ဆန္ဒကိုထိန်းချုပ်တတ်ရမယ်။ အပြင်မှာ ဘာကိစ္စပဲဖြစ်လာဖြစ်လာ၊ ကင်မရာရှေ့ရောက်ပြီး၊ ဒါရိုက်တာက အက်ရှင်ဆိုပြီး လှမ်းအော်လိုက်တာနဲ့တစ်ပြိုင်နက် ကိုယ်က ကိုယ်မဟုတ်ရတော့ဘူး သမီးတေးလက်ာ။ သမီးက တေးလက်ာမဟုတ်တော့ဘူး။ အက်တာဖြစ်သွားပြီ။ ဇာတ်ကောင်ရဲ့ကာရိုက်တာအတိုင်း ပြုမူကျင့်ကြံရတော့မယ်။ အဲဒီအတွက် အဲဒီလိုကျင့်ကြံနိုင်အောင် ဆရာတို့က သမီးတို့ကို အခုလိုသင်တန်းပေးနေရတာပါ။ ကဲ! ပြော၊ သမီးက မင်းသမီးဖြစ်ချင်တာ





လား၊ သရုပ်ဆောင်ဖြစ်ချင်တာလား"

ထိုစဉ်က ထိုမေးခွန်းကို သူမ ဒပ်ခနဲမဖြေနိုင်ခဲ့ပါချေ။ ဘာလို့လဲဆိုတော့ ထိုအဖြေကို သူမကိုယ်၌က မသိခဲ့လို့ပါ။ ထိုမေးခွန်းမျိုးကိုလည်း မိမိကိုယ်မိမိ ဘယ်သောအခါမှ မေးမကြည့်ဖူးခဲ့ပါ။ သူမထံ စိတ်တစ်ခုတည်းရှိပါ၏။ သူမက သက်မွန်မြင့်တို့လိုအောင်မြင်ချင်သည်။ ကင်မရာရှေ့မှာ ပြေးလွှားသရုပ်ဆောင်ချင်သည်။ အကောင်းဆုံးအိုက်တင်တွေနဲ့ ပရိသတ်တွေကို ငိုအောင်လုပ်ချင်သည်။ ရယ်အောင်လည်း လုပ်ချင်သည်။ ငယ်စဉ်ကတည်းက အချစ်မခံခဲ့ရသည့်သူမက များပြားလှစွာသော လူထုပရိသတ်ကြီး၏အချစ်ကို ခံယူချင်သည်။

"ညည်း အခု ဘယ်မှာနေသလဲ"

"မြေနီကုန်းမှာပါ၊ သူငယ်ချင်းတွေနဲ့စုပြီးနေတယ်"

"သူငယ်ချင်းတွေက ဘယ်သူတွေလဲ"

ဒီအခြောက်မ စပ်စုလိုက်တာဟု ရင်ထဲအချဉ်ပေါက်မိသော်လည်း အပြုံးမပျက်ပင်။

"ကေသီ သိမှာမဟုတ်ဘူး။ သူတို့တွေက ဝန်ထမ်းတွေလေ"

"အဆင်ပြေရဲ့လား၊ လူများရင် ခြေရာရှုပ်တယ်။ တို့



www.burmeseclassic.com

www.burmeseclassic.com



အနုပညာအလုပ်ဆိုတာ အနေသန့်မှုဖြစ်တာ။ သရုပ်ဆောင်က ပိုတောင်ဆိုးသေးတယ်။ အချိန်ပြည့်အိုက်တင်ကျင့်နေရတာ။ ခွေတွေကြည့်နေရတာ။ ညည်းဝင်ငွေနဲ့အေ. . . အခန်းကျဉ်းလေး ငှားနေပါလား"

"ကေသီရယ်၊ ပြောတတ်လိုက်တာ။ အခန်းကျဉ်းငှားနေဖို့က ပါးစပ်နဲ့ပဲ ငှားလို့မရဘူးလေ"

"အငှားတွေ မပြောစမ်းပါနဲ့အေ၊ အပိုင်မယူချင်ဘူးလား"

ရုတ်တရက်ဆိုတော့ လိုချင်စိတ်ဖြစ်လာသည်။ ဟုတ်မဟုတ်ဆိုတာ မသေချာသော်လည်း သူမကြားဖူးတာတော့ ပင်တိုင်မော်ဒယ်လ်ဖြစ်ရင် ကုမ္ပဏီက အရာအားလုံးကို စပွန်ဆာပေးသည်ဆိုပဲ။ သူမဝမ်းသာသွားသည်။ စိမ်းမမ၏ပင်တိုင်မော်ဒယ်လ်ဖြစ်တော့မယ်။ တိုက်ခန်းနှင့်ကား ပေးတော့မှာလား။

ကိုယ်ပိုင်ကားမဆိုထားနှင့်၊ တက္ကစီစီးဖို့ပင် ချင့်ချိန်နေရသောသူမက ဘာပဲဖြစ်ဖြစ် အဲဒီလိုကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ကားနှင့် အထက်တန်းကျကျနေချင်လှသည်။ အိပ်ရာထဲသာ တချောင်ချောင်လှဲနေရသောအမေ့ကိုလည်း လေကောင်းလေသန့် ရှူစေပြီး ဈေးကြီးသည့်စားသောက်ဆိုင်တွင် အထက်တန်းကျကျ စားသောက်စေချင်သည်။





"ကားတစ်စီးနဲ့ ငွေသိန်းနှစ်ရာကျော်ပိုင်မယ့် အခွင့်အရေးပေးဖို့လာတာ"

ဘုရား. . . ဘုရား. . . တကယ်ကြီးပါပဲလား။ သူတို့က ဒီလောက်ကြီးပေးရင် ငါက သူတို့ကိုဘာတွေလုပ်ပေးရမှာလဲ။ အချိန်ဘယ်လောက်ကြာကြာလုပ်ပေးရမလဲ။ စာချုပ်နဲ့များ သူမရဲ့တစ်ဘဝလုံးကို ချုပ်ကိုင်ထားတော့မှာလား။

"အံ့သြသွားသလား၊ မအံ့သြပါနဲ့၊ ဒါက ပါးပါးလေးပါ"

"လက်ာက ဘာလုပ်ပေးရမှာလဲ၊ အချိန်ဘယ်လောက်ကြာတဲ့အထိလဲ"

"ခဏပဲ၊ ဆယ်နာရီတောင် လုပ်မပေးရဘူး"

"ရှင်!"

သူမနား သူမ မယုံနိုင်ပါ။ ထိုသို့မယုံနိုင်ခြင်းနှင့်အတူ သံသယတွေက ဆင့်ပွားမြင့်မားလာသည်။

"ငါးနာရီလောက်ပေါ့"

စကားလုံးများက တဖြည်းဖြည်းရုပ်လုံးကြွ ပေါ်လွင်လာသည်။ ဒီလောက် ငွေတွေအောတိုက်အောင် ပုံပေးထားပြီးမှ ။လုပ်ချိန်က ငါးနာရီဆိုကတည်းက သူမတွေးကြည့်လို့ရနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"လက်ာ. . . လက်မခံနိုင်ဘူး ကေသီ"

"သေချာစဉ်းစားနော်၊ ဒါက အခန့်မသင့်ရင် စပွန်ဆာကောင်းတောင် ဖြစ်နိုင်သေးတာ။ ညည်းတို့လို ဘက်ဂရောင်းမရှိဘဲ ဖြစ်မြောက်ဖို့ဆိုတာ စပွန်ဆာကောင်းမှ။ ဘာဖြစ်လဲအေ၊ အသားပဲ့ပါသွားတာမှမဟုတ်တာ။ ကေသီတို့က ငွေပုံပေါ်သာ ထိုင်ရမယ်ဆို ဘာမဆိုလုပ်တယ်"

ထိုစကားလုံးများကို ကေသီက ခပ်ပေါ့ပေါ့လေး သုံးနှုန်းလိုက်သည်ဆိုသော်လည်း သူမနှလုံးသားထဲ အပ်ဖျားနဲ့ခပ်ဆတ်ဆတ်ထိုးသလို နာကျင်သွားသည်။ ငါ့ကို ဒီအစားထဲသွင်းရက်လေခြင်းဆိုပြီး ရင်ထုမနာဖြစ်ရ၏။ မျက်စိရှေ့မှ ထိုအခြောက်မကို နှစ်ပြားမတန်အောင် ပြောပစ်ချင်လှသည်။ နှုတ်ခမ်းတစ်လွှာမှာလည်း တဆတ်ဆတ်တုန်ယင်နေသည်။ နင့်အစ်မ နင့်ညီမတွေကိုဆို နင်ဒီလိုလုပ်ခိုင်းရက်သလားဟု ပြောပစ်ချင်သော်လည်း ထိုသို့ပြောရန်မသင့်မှန်း သိနေသည်။

ထိုသို့သိနေသည့်အသိစိတ်ကိုလည်း မုန်းမိသည်။ ရင်ထဲက တနုံ့နုံ့နှင့် အခံရခက်လှသော်လည်း ဘဝခရီးလမ်းကို ခုမှစတင်လျှောက်လှမ်းတဲ့သူမက ထိုအခြောက်မနဲ့ ဖက်ပြိုင်၍ မဖြစ်နိုင်ပါ။ တစ်ခုခုကို ပျစ်ပျစ်နှစ်နှစ်ပြောပစ်ချင်၍ စကားလုံးတစ်ခု





ကို ပြေးပြေးလွှားလွှားရှာဖွေနေမိပါသော်လည်း မျှားပြားကြွယ်ဝလှတဲ့မြန်မာစကားလုံးများက နှုတ်ခမ်းဖျားတင် ပျောက်ကွယ်နေသည်။

"စဉ်းစားနော်၊ စိတ်ကူးမလွဲနဲ့။ ဘဝတွေ ဂုဏ်သိက္ခာတွေကိုသာ ဖက်တွယ်ထားမယ်ဆိုရင် နင် ဒီလမ်းကိုမလျှောက်ပဲသင့်ဘူး။ နင်က အသစ်မို့ ဒီဈေးနဲ့ရတာနော်။ လေးငါးဆယ်လောက်နဲ့ နာမည်ကြီးတွေထဲက အချိန်မရွေးခေါ်လို့ရတယ်"

"ဒါဆို သူတို့တွေကိုသာ သွားခေါ်လိုက်ပါ ကေသီ။ လက်ာတော့ စိတ်မဝင်စားဘူး။ ချက်ချင်းနာမည်ကြီးပြီး အချိန်တိုတို သူဌေးဖြစ်မယ့်လမ်းနဲ့ ကြိုးစားရုန်းကန်ပြီးမှ ခက်ခက်ခဲခဲအောင်မြင်ရမယ့်လမ်းဆို၊ ဒုတိယလမ်းကိုပဲ လက်ာရွေးမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဓာတ်ဆီမီးလို ဝုန်းခနဲမတောက်လောင်ချင်ဘူး။ ဖွဲမီးလိုတငွေ့ငွေ့နဲ့ အားကောင်းကောင်း လောင်မြိုက်ချင်တယ်"

"အမယ်လေး. . . ရိုးနေပါပြီ၊ အစကတော့ ဒီလိုပဲ လေလုံးထွားကြတာပဲ။ နောက်တော့လည်း သူများဝတ်သလို မဝတ်ရင် သူများသွားသလို မသွားနိုင်တော့ တဖြည်းဖြည်းနဲ့ ဘေးရောက်၊ သိမ်ငယ်သွား။ အဲဒီအချိန်ကျမှ ရတဲ့ဈေးနဲ့တဲ့။ မရတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟော့! အရှိန်တန့်သွားပြီ။ သေးကနေပြီး အလယ်ကိုပြန် မရောက်နိုင်တော့ဘူး။ တို့ပြောတာမယုံရင် မင်းစောင့်ကြည့်လိုက်။ ကဲ! တို့သွားမယ်။ မင်းအတွက် သုံးနာရီစဉ်းစားချိန်ရမယ်။ ဒါပဲ''

အထက်စီးနင်းလေသံနှင့်ပြောဆိုကာ ထထွက်သွားသော ကေသီ၏တင်လုံးလုံးမို့မို့ကို အနောက်မှ အားဖြင့်လွှဲကန်ပစ်ချင် စိတ်ကို ထိန်းထားရသည်။

''နင် ငြင်းလိုက်တာလား လက်ာ''

သူမတို့အား တရိပ်တစောင်း အကဲခတ်နေပုံရသော ယမုံက ချက်ချင်းဆိုသလို သူမနား ရောက်လာသည်။

''နှာသီးတွေ နီနေတာပဲ၊ တော်တော်ဒေါသဖြစ်နေပုံ ရတယ်''

''မဖြစ်ရှိမလားဟဲ့၊ အခြောက်မက ရာရာစစ ငါ့ကိုများ ငေါ့ပြောသွားသေးတယ်။ ပြောစရာလား၊ ငါလည်း Miss သုံးဆု ပိုင်ရှင်ပါ''

''မန္တလေးအမြောက်ကြီးပါဟယ်၊ အသံသာရှိပြီး အဆံ မရှိပါဘူး။ ဒီလိုပါပဲဟာ၊ အစကတော့ ဒီလိုပဲ၊ နောက်တော့လည်း ရိုးသွားမှာပါ။ ပွင့်ပွင့်လင်းလင်းဝေဖန်ရရင် နင်မှားတယ် လက်ာ''

''ဘယ်လို''





ကေသီက စိမ်းမမရဲ့လူမို့ အောင့်အီးသည်းခံလိုက်ရပါ သော်လည်း လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ယမုံကိုတော့ သည်းခံစရာ ဘာအကြောင်းမှမရှိပါချေ။

''ငါ့ကိုယ်ကို ငါပိုင်တယ်၊ ငါ့ဘဝနဲ့ငါ့စိတ်ကို ငါ့စိတ် ကြိုက် သတ်မှတ်ပိုင်ခွင့်ရှိတယ်။ နင်ဝေဖန်ရင်ဖြစ်စေ ချီးကျူးရင် ဖြစ်စေ ငါစိတ်မဝင်စားဘူး''

''ငါက စေတနာနဲ့ပြောတာ၊ ငါ့စေတနာကို မစော်ကား နဲ့။ နင့်ကိုရှင်းရှင်းပဲပြောမယ်၊ နင်အောင်မြင်ချင်တယ်မဟုတ်လား။ ကျော်ကြားချင်တယ်မဟုတ်လား။ ဘယ်မှာလဲ ဘက်ဂရောင်း၊ ရုပ်လှတာလေးတစ်ခုကလွဲရင် ဘာမှမရှိတဲ့ငါတို့လိုလူတွေက ဘဝ တော့ ပေးရမှာပဲ။ ဒါကိုမှ နှမြောတယ်ဆို အစောကတည်းက ဒီအလုပ်ကို မရွေးခဲ့သင့်ဘူး။ ကဲ! နင့်ဘာသာနင်ဆုံးဖြတ်၊ အခွင့် အရေးဆိုတာ နှစ်ခါမရဘူး။ ရွှေကိုငြင်းရင် ကံမလွဲ ကြေး ရမှာပဲ။ ကြေးကိုသာငြင်းရင် လက်ဗလာနဲ့ ခေါင်းငိုက်ပြီး အထုပ် ပိုက်ပြန်ရုံအပြင်မရှိဘူး။ ကံကောင်းတယ်ဆိုတာ တစ်ထောင်မှာ မှ တစ်ယောက်ပါ။ အဲဒီတစ်ယောက်ကရော နင်ဖြစ်လိမ့်မယ်လို့ ထင်နေသလား''

ပြောပြောဆိုဆိုပင် အဝတ်အိတ်ကိုဆွဲကာ ခပ်ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ထွက်သွားသော ယမုံ့ကျောပြင်ကို သူမ အမိပ္ပာယ်မဲ့စွာ စိုက်ကြည့်နေဖြစ်သည်။

တကယ်တော့ ယမုံ့ကို သူမခင်ပါသည်။ ယမုံက အင်မတန်သဘောထားပြည့်ဝပြီး ကူညီတတ်သူဖြစ်သည်။ ဟဲ့! ဟိုကိုသွား၊ ဟိုကိုမသွားနဲ့၊ အဲဒီဖေ့ဂျင်စီက အဆက်အသွယ်ကောင်းတယ်။ တင်ပေးနိုင်တယ်၊ ဟိုလူ့ကိုကပ်ပါလား၊ သူက စိတ်ရင်းမှန်တယ်၊ ဒီလူ့ကိုတော့ မပေါင်းနဲ့၊ ကွက်ကျော်ရိုက်တယ်။ အစရှိသဖြင့် အနုပညာနယ်ပယ်အကြောင်း မသိသေးတဲ့သူမအား လမ်းညွှန်ပြသပေးခဲ့သူမှာ ယမုံပါ။

ဂျာနယ်မှသတင်းထောက်အချို့နှင့် မိတ်ဆက်ပေးပြီး ဂျာနယ်မျက်နှာဖုံးတွင် သူမပုံလေးများ ပါအောင်ကူညီခဲ့သူမှာ ယမုံပါ။ သူမမှားသွားပြီလား။ ကေသီ့ကိုဖြစ်တဲ့ဒေါသကို ယမုံ့အပေါ် ဖြည့်ချလိုက်သည်မှာ မှားများသွားပြီလား။ ယမုံ့စကားများသာ စေတနာအမှန်သာဆိုလျှင် သူမမှားသွားပြီနှင့်တူပါရဲ့။ ယမုံ့စကားတွေက စေတနာအမှန်တွေပါဟု သူမရင်ထဲ လက်ခံလိုက်ပြီလား။ သူမဘာဖြစ်နေတာလဲ။ ဘာကြောင့်တွေဝေနေတာလဲ။

သူမလက်ဖျားလေးများ ထုံကျင်အေးစက်လာသည်။ ရင်ထဲ၌လည်း တလှပ်လှပ်နှင့် ဝမ်းနည်းအားငယ်လာသည်။

▣▣▣



## အခန်း (၅)

သုံးနာရီလောက် စောင့်ကြည့်ပေးပါဟု ကေသီက ဆိုထားသဖြင့် စိမ်းမမှာ ဆိုဖာဆက်တီပေါ်၌ ငြိမ်သက်စွာ မလှုပ်မယှက်ထိုင်နေသည်။

ဖောင်းကားသွယ်လျနေသော လက်ချောင်းလှလှလေးများက လက်တန်းကို စီးချက်ညီညီခေါက်နေသည်။ မလှမ်းမကမ်းမှ ဂရင်းဖားသားနာရီကြီးကိုလည်း မမှိတ်မသုန်စိုက်ကြည့်နေသည်။ တချပ်ချပ်သွားနေသော နာရီစည်းချက်နှင့်အညီ ရင်ခုန်နှုန်းမှာလည်း တဒိတ်ဒိတ်။ အကယ်၍ ဒီအတွင်း တေးလက်ာသာ ရောက်မလာခဲ့ရင် ဘာလုပ်ရမလဲဆိုတာမျိုးကို ဦးနှောက်ကား အချက်ပေးနေမိသည်။ သိသမျှ မျက်မှန်းတန်းမိသမျှ မော်



www.burmeseclassic.com

www.burmeseclassic.com



ဒယ်လီမျှားကိုလည်း ဦးနှောက်စာမျက်နှာ၌ တစ်ယောက်ချင်း လှန်လှောရှာဖွေနေမိသည်။

ဒီနိုင်ငံခြားသားနှင့် လိုက်ဖက်တင့်တော်သူမျိုးကို မတွေ့ပါချေ။ သင့်တော်သူမျိုးတွေ့သော်လည်း ထိုပစ္စည်းက အဟောင်းဆိုင်မှပြန်ထွက်ပစ္စည်းတွေ။ ပွဲဦးလှန်လိုက်ရင် နောင်ရှေ့ဆက်လှုပ်ရှားဖို့က အခက်ခဲဆုံးအခြေအနေဖြစ်သွားပါပြီ။ ထို့ကြောင့် သစ်ခက်စိမ်းနဲ့ အလုပ်တွေရှေ့ဆက်လုပ်ဖို့ ပွဲဦးထွက် အဆင်ပြေဖို့လိုသည်။ ခုလိုပွင့်လင်းမြင်သာတဲ့ခေတ်ကြီးထဲတွင် သစ်ခက်စိမ်းအင်ပါယာကြီးက နိုင်ငံခြားသား၊ သူဌေးသားဧည့်သည်တွေဝင်ရောက်မှုအများဆုံးဖြစ်လာမည်ကို စိမ်းမမက ထက်မြက်သူပီပီ ကြိုမြင်နေပါသည်။ ဂွင်(ခွင်)ကောင်းကိုလက်မလွှတ်ဘဲ မိမိရရဆုပ်ကိုင်နိုင်ဖို့ ဦးနှောက်ကို တဒက်ဒက်အဆက်မပြတ် တီးခတ်နေသည်။

တေးလက်ာကိုမရရင် ဘယ်သူ့ကိုခေါ်မလဲဆိုပြီး အကြိမ်ကြိမ်ပင် ယုံကြည်ချက်ကို သံသယဝင်နေမိသည်။

သုံးနာရီပြည့်ဖို့ မိနစ်နှစ်ဆယ်သာ လိုပါတော့သည်။ ရင်ထဲ၌လည်း တဒိန်းဒိန်းလှုပ်ရှားနေပါပြီ။

ခပ်လှမ်းလှမ်းမှ ကေသီတို့အုပ်စုမှာလည်း နေမထိထိုင်





မသာပင် ခြေမကိုင်မိလက်မကိုင်မိဖြစ်နေသည်။

ကေသီမှာ အဲကွန်းခန်းထဲ၌ နဖူးမှချွေးစေးများပင် စီးကျနေသည်။ တေးလက်ာ လက်ခံ၏မခံ၏အရေးက ကေသီ၏ဘဝအတွက် အဆုံးအဖြတ်ဖြစ်သည်။ စိမ်းမမအတွက် စီးပွားဖက်မိတ်သာ ပျက်သွားလို့ကတော့ ကေသီ့ဘဝကလည်း အေးချမ်းတော့မည်မဟုတ်ပါ။ ဒါလေးတောင် မလုပ်နိုင်ဘူးလားဆိုပြီး တေးလက်ာအပေါ်ထွက်သည့်ဒေါသကို ကေသီ့ထံ ပြုကျလာနိုင်သည်။

စက္ကန့်ပိုင်းတောင် ကျော်မသွားရပါဘဲ ကေသီ၏အထုပ်အပိုးများ လမ်းမပေါ်၌ မွစာကျဲသွားမည်ကို ကြိုတွေးမိသည်။ ထို့ကြောင့်ပင် ကြောက်ဒူးတုန်နေရာမှ ရှူးရှူးပင်ထွက်ကျချင်လာသည်။

လူဆယ်ယောက်ကျော်နေသော အိမ်ကြီးမှာ အတွေးကိုယ်စီနှင့် တိတ်ဆိတ်နေကြသည်။ စိမ်းမမက အခုလိုတည်ငြိမ်စွာငြိမ်သက်ပြီး ထိုင်နေလျှင် မကြာခင်၌ ငိုပွဲမဟုတ်လျှင် ရယ်ပွဲဖြစ်လာနိုင်ဖွယ်ရှိသည်ကို အိမ်ရှိလူများအားလုံး သိပြီးသားပါ။ ထို့ကြောင့် အခြေအနေကို ရင်တထိတ်ထိတ်စောင့်စားနေကြခြင်းဖြစ်သည်။

သုံးနာရီထိုးဖို့ ဆယ်မိနစ်သာ လိုပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ်းမမ၏မျက်လုံးများသည် တဖြည်းဖြည်းနီကျင်လာသည်။

"တီ! တီ! . . ."

တီတ်ဆီတ်ခြောက်ကပ်ခြင်းကို ဘဲလ်မြည်သံတစ်ခုက ဖြိုဖျက်လိုက်ပါသည်။

အရေးထဲ ဘယ်သူလာတာလဲ။ မျှော်နေတာက ဖုန်းသံ။ မြည်လာတာက လူခေါ်ဘဲလ်။

"တစ်ယောက် သွားဖွင့်လိုက်ပါ"

စိမ်းမမ၏အမိန့်ဆန်ဆန် အသံခပ်ပြတ်ပြတ်၏နောက်တွင် ကေသီက ထိတ်ထိတ်လန့်လန့်နှင့် တံခါးပေါက်နားရပ်ကာ မော်နီတာကို ကြည့်လိုက်သည်။

"ဟယ်! "

ကေသီမှာ ထခုန်မတတ် ပျော်ရွှင်သွားသည်။

"ဘယ်သူလဲ"

"တေး. . . တေး. . . လက်ာ"

ကျောပေးထားသော စိမ်းမမ၏မျက်နှာသည် ချာခနဲ လှည့်လာခဲ့သည်။ စိမ်းမမလည်း ရင်ထဲကအပူလုံးကြီး ပြိုကျသွားပေလိမ့်မည်။





အလုပ်ကိုစဉ်းစားချင့်ချိန်၍ ခပ်အေးအေးလုပ်လေ့ရှိသော စိမ်းမမက ချက်ချင်းပင် ရီမုခ်ကိုလှမ်းကိုင်ပြီး နံပါတ်အချို့ကိုနှိပ်လိုက်သည်တွင် အစိမ်းရောင်ဝင်းတံခါးချပ်မှာ လျောခနဲပွင့်သွားသည်။

"ညည်းတို့တွေ အဲဒီမှာ မတ်တပ်ကြီး သေကုန်ကြပြီလား"

စိမ်းမမ ထိုသို့မာန်မဲတော့မှ မိုးတိုးမတ်တပ် ရပ်နေကြသော ကျောက်ဆစ်ရုပ်လေးများမှာ သက်ဝင်လှုပ်ရှားလာတော့သည်။

စိမ်းမမက ထိုင်နေရာမှ ထရပ်သည်။ ပြီးနောက် ကေသီ၏ဦးဆောင်မှုနှင့် ဝင်လာသောတေးလင်္ကာကို ကြိုလိုက်သည်။ စိမ်းမမ၏အပြုံးက သကာရည်သုပ်ထားသည့်အလား နှစ်လိုစွာ ချိုမြနေ၏။ ထိုမျက်နှာက လွန်ခဲ့သောဆယ်မိနစ်ခန့်ကနှင့် လားလားမျှမသက်ဆိုင်တော့ပါ။

"ရောက်လာပြီလား၊ လာပါ. . . ထိုင်"

စိမ်းမမက ဧည့်ဝတ်ပြုခဲ့သည်။ စိမ်းမမက မိမိကိုယ်ကျိုးမရှိလျှင် လေတောင်မရှူချင်သည့်မိန်းမမျိုးပါ။ စိမ်းမမက ဧည့်ဝတ်ပြုကြိုဆိုသည်ဆိုသောဧည့်သည်က VIP ဖြစ်နေပါသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှိလူများအားလုံးက အလိုလိုသိနှင့်ပြီးနေသည်။

ထို့ကြောင့်ပင် တေးလက်ာ ထိုင်လိုက်သည်နှင့်တစ်ပြိုင်နက် စားပွဲရှေ့သို့ အပူအအေးနှစ်မျိုးစလုံးက ရောက်ရှိပြီးဖြစ်သည်။ အဓိပ္ပာယ်က ရွေးချယ်သုံးဆောင်ခွင့်ရှိသည်ပေါ့။

တေးလက်ာက သံပရာရည်ကိုသာရွေးချယ်ပြီး တစ်ငုံမျှ နှုတ်ခမ်းဖြင့်တေ့ရုံသောက်သည်။

"ညီမလေး လာတာကောင်းပါတယ်၊ ကောင်းသောလာခြင်းမျိုးပါ"

"အလုပ်အကြောင်းပြောရအောင်"

ဖက်ရှင်လောက၌ တော့်စာရင်းဝင် စိမ်းမမအပေါ် မော်ဒယ်လ်ပေါက်စဖြစ်တဲ့ တေးလက်ာ၏ဆက်ဆံရေးက အထက်စီးဆန်နေသည်။ သို့သော် စိမ်းမမက ဝါရင့်ပီပီ ထိုအထာတွေကိုလည်း နားလည်နေ၏။ လှပသောပန်းတစ်ပွင့်က ပွင့်ဖတ်အပေါ် ပိုးကျမည့်အရေး ဘယ်ပန်းပွင့်က လိုလိုလားလားပြုံးရွှင်နိုင်ပါ့မလဲ။

"ကောင်းပြီလေ၊ ဒီလိုအချိန်တွေမှာ အပိုတွေမပြောတာ အကောင်းဆုံးပါ"

"သုံးရာနဲ့ကားတစ်စီး လိုချင်တယ်"





ရဲတင်းသည့်တောင်းဆိုမှုကို စိမ်းမမ လက်ဖျားခါသွားသည်။

"ကောင်းပြီလေ၊ ဒါပေမဲ့ စပ်စုချင်တယ်။ ငါက ငြင်းလိုက်ရင်ရော"

"ပြန်ရုံပေါ့၊ မပြတ်မသားဆုံးဖြတ်ပြီး လာခဲ့တာပဲ"

"ဘာလို့ အဲဒီလိုခပ်ရဲရဲတောင်းဆိုရတာလဲ"

"လက်ာ့ဘဝကို လက်ာတန်ဖိုးထားတယ်။ ကိုယ်တန်ဖိုးထားတဲ့အရာကို ပေးဆပ်ရမှတော့ ထိုက်တန်မှုရယူချင်တာပေါ့။ တိုက်ခန်းကျဉ်းဆို တစ်ရာ့ငါးဆယ်အထက်မှာရှိတယ်။ ပိုတဲ့ငွေက လက်ကျန်အသုံးစရိတ်ဖြစ်ဦးမှပေါ့"

"ကောင်းပြီ၊ အဲဒီလိုပွင့်လင်းမှုမျိုး တို့လည်းကြိုက်တယ်။ ပင်းတောင်းတဲ့ဈေးပေးမယ်။ တို့ရဲ့လုပ်ငန်းတစ်လျှောက်လုံးမှာ အသစ်တွေကိုပေးတဲ့ဈေး မင်းအများဆုံးပဲ။ အဲဒါကြောင့် သုံးရာနဲ့ကားတစ်စီးတန်တဲ့လုပ်ဆောင်ချက်မျိုး လိုချင်တယ်။ ကဲ! ကေသီ သူ့ကို ရှိုင်းပေးလိုက်ပါ။ စီစဉ်ထားတဲ့အတိုင်းပဲနော်"

တေးလက်ာရင်ထဲ နင့်အောင်နာသွားသည်။ စီစဉ်ထားတဲ့အတိုင်းပဲနော်ဆိုသည့်စကားက သူမလာမယ်ဆိုတာ ကျိန်းသေပေါက် တွက်ဆပြီးသားပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အသည်းနှလုံး နူးညံ့သော တေးလင်္ကာ၏မျက်ခမ်းစပ်တွင် အရည်ကြည်တို့ ဖွဲ့သီလာသည်။ စိမ်းမမကတော့ ရွှေဝါရောင်စီးကရက်ကို လက်ကြားထဲညှပ်ပြီး ကြေးနီရောင်မီးခြစ်လေးနှင့်တို့ညှိကာ အေးစက်စွာ ဖွာရှိုက်နေသည်။

“ကဲ. . . မဖုရား အချိန်မရှိတော့ဘူး”

ကေသီက သက်တောင့်သက်သာဖြစ်နေပုံနှင့် မဲ့ရွဲ့ပြောလျှင် သူမက ဆတ်ခနဲထရပ်ပြီး ကေသီဦးဆောင်ရာအခန်းထဲသို့ဝင်လာသည်။ အဖြူရောင်ပိုးသားဂါဝန်မျိုးစုံကို ဆိုက်စုံ ဒီဇိုင်းဆုံ တွေ့ရသည်။

“ဒီမှာထိုင်”

ဟုဆိုသဖြင့် ကျွန်းကနုတ်ခုံပေါ် ထိုင်လိုက်ရသော်လည်း အသက်မဲ့လှသည်။ ကြီးမားကျယ်ပြန့်သော ရုပ်လုံးကြွကြေးမုံပေါ်တွင် မိမိကိုယ်မိမိ မြင်နေရသည်။

အလှပြင်ခန်းတစ်ခန်းသည်ပင်လျှင် မိမိယခုနေထိုင်သည့် လူဆယ်ယောက်ဆန့်စာ တိုက်ခန်းကျဉ်းလေးထက် ပိုကျယ်နေသည်။ အလှပြင်ခုံကြီးပင်လျှင် ရင်ခုန်ချင်စရာကောင်းလောက်အောင် ခမ်းနားနေသည်။ အလှပြင်ခုံပေါ်မှ ဈေးအကောင်းဆုံး ရေမွှေးများနှင့် အလှပြင်ပစ္စည်းများမှာလည်း လိုချင်စရာအတိ





ဖွဲ့ဆောင်နေသော်လည်း သူမရင်ထဲ တပ်မက်မှုမျိုးမဖြစ်မိပါ။ ပေးဆပ်ရတော့မည့်မိမိဘဝကိုသာတွေးရင်း ဝမ်းနည်းနေသည်။

ကေသီဦးဆောင်သော လူသုံးယောက်က သူမ၏ဆံပင်နှင့်မျက်နှာအား ပြင်ဆင်မွမ်းမံနေသော်လည်း သူမလှ၏မလှ၏ကို သူမကိုယ်၌က စိတ်မဝင်စားချေ။ မျက်ခမ်းစပ်၌ ကျလုလုမျက်ရည်များကိုသာ ထိန်းသိမ်းအားယူနေရသည်။ ရင်ထဲ၌ ဟာဟာတာနှင့် ကူကယ်ရာမဲ့သူလို ခံစားနေရသည်။

‘နင့်အမေက အဆုတ်ကင်ဆာဖြစ်နေပြီ၊ သေမကြောနေပကြာ။ အရင်ကတည်းက ရင်ကျပ်နေတာဆိုတော့။ ပြီးတော့ လေးဖက်နာကလည်း. . .’ဆိုသည့်အသံကိုသာ အထပ်ထပ်ကြားယောင်နေသည်။

သူမငယ်စဉ်ကအကြောင်းကို ပြန်၍သတိရနေမိသည်။ သူမ ဆယ်နှစ်အရွယ်ကဖြစ်သည်။ လှချင်လွန်းသည့်သူမအတွက် အဖေက ပန်းကုံးလေးများ လုပ်ပေးခဲ့ဖူးသည်။ စံပယ်ပန်းကုံးလေးများ နဖူးစပ်၌ အကွင်းလိုက်စွပ်ရသည်ကို နှစ်သက်သော သူမအတွက် အဖေက မနက်တိုင်း မပြင်စမ်းတဝါး ပန်းရုံ၌ ပန်းခူးပေးလေ့ရှိသည်။ သို့သော် အကြောင်းမလှ၍ တစ်နေ့၌ ပိုးထိသည်။ မနက်မိုးလင်းတော့ ပန်းရုံဘေး၌ ညိုမည်းပြီး လဲနေသော



www.burmeseclassic.com

www.burmeseclassic.com



အဖေ့အလောင်းကို တွေ့ခဲ့ရသည်။

အဖေသေရတာ သူမကြောင်းဆိုပြီး အမေက မကြ ခဏာရိုးစွပ်ခဲ့ဖူးသည်။ သူမ ဝမ်းနည်းခဲ့ရသည်။ အဖေ့လုပ်စာကို သာ မှီခိုခဲ့၍၊ အဖေမရှိသောအခါ အမေ့မှာ ပင်ပန်းဆင်းရဲမှုမျ စွာ ကြုံတွေ့ခဲ့ရ၏။ သို့သော် သူမအား ကျောင်းပြီးအောင်တေ ထားပေးနိုင်ခဲ့သည်။ ယခုတော့ အမေက တရှောင်ရှောင်နှ အိပ်ရာထဲ လဲနေခဲ့သည်မှာ ခြောက်လကျော်သွားပါပြီ။ နေ့လယ် က ရွာမှဖုန်းဝင်လာတော့ အမေ့မှာ အဆုပ်ကင်ဆာဖြစ်နေပြီတဲ့ သေမကြာနေမကြာတဲ့။ သူမ ပူလောင်စွာ ခံစားရသည်။ ရွာငယ် လေး၌နေပြီး မန္တလေးမြို့ပေါ်၌ ဆေးလာလာကုရသောအမေ့ ကို မြင်ယောင်မိပြီး ရင်ထဲငိုကြွေးခဲ့ရသည်။

အဖေဆုံးပြီးကတည်းက သူမအပေါ် အဖေလိုတစ်မျိ အမေလိုတစ်ဖုံ ရှာဖွေကျွေးမွေးခဲ့သောအမေက နောက်ဆုံးအချိ ရောက်နေခြင်းအပေါ် မခံစားနိုင်ပါ။ အမေ့ကို လူတန်းစေ့ ချ ချမ်းသာသာနေစေချင်သေးသည်။ သူများအမေတွေလို ဝမ်းဆက နှင့် လက်ကိုင်အိတ်ထဲ ငွေအပြည့်ထည့်ပေးပြီး ရင်ညွန့်လော ရှိသည့် စိန်ဆွဲကြိုးကိုဆွဲပြီး တင့်တင့်တယ်တယ် နေဖူးစေချ သည်။ သူမမောင်းသောကားပေါ်တွင် အမေ့ကို အခန့်သားတ





ကာ ကောင်းမေ့ဆိုသော စားသောက်ဆိုင်များတွင် ဆန်းပြားသော စားသောက်ဖွယ်ရာများကို ကျွေးမွေးချင်သည်။

ထိုသို့အမေ့အပေါ် ကျေးဇူးဆပ်ချင်လွန်း၍ အလုပ်ကို ကြိုးရိုးသားသားကြိုးစားခဲ့သည်။ ရုပ်ရည်လေး လှရုံအပြင် ဘာကို မှ မည်မည်ရရမလုပ်တတ်တဲ့သူမက ဝါသနာအရ ထိုအလုပ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပြီးတော့ အောင်မြင်ပြီး ချမ်းသာချင် တာလည်းပါသည်။ သို့သော် ဘယ်လောက်ပဲအောင်မြင်ပြီး ချမ်း သာချင်ဦးတော့၊ ဘဝကိုတော့ မလောင်းထပ်ပစ်ရက်ပါ။ သူမဟာ ရိုးသားတဲ့အဖေနှင့်အမေတို့က မွေးဖွားလာတဲ့ မိကောင်းဖခင် မြန်မာမိန်းကလေးဖြစ်သည်။ ထို့ကြောင့် ဘဝကို အသက်ထက် တန်ဖိုးထားခဲ့သည်။ မိမိဘဝကိုမိမိ စောင့်ရှောက်ခဲ့သည်။

သို့သော် မိမိဘဝထက် အမေ့ဘဝက သိပ်ကိုအချိန်နည်း နေခဲ့ပြီလေ။ ရိုးသားစွာကြိုးစားလျှင် နောက်ငါးနှစ်လောက် မနား မနေကြိုးစားရဦးမည်။ အဲဒီငါးနှစ်ဆိုရင်တောင် အဲဒီအချိန်၌ ကား ရဖို့မဆိုထားနဲ့၊ တိုက်ခန်းကျဉ်းလေးရဖို့ပင် မသေချာလှပါ။ အဲဒီ အချိန်ထိ အမေက စောင့်နိုင်မလား။

အမေ စောင့်နိုင်မှာပါဟု ယုံကြည်လိုက်ချင်သော်လည်း ဖြစ်နိုင်မှန်း အလိုလိုသိနေသည်။ နှားထင်လေးများပိန်ပြီး ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုးလွန်း၍ မျက်ခွံများ မို့အစ်နေသောအမေ့ပုံကို မြင်ယောင်နေမိသည်။ ရင်ကျပ်၍ စကားပင် အားပါးတရမပြောနိုင်သောအမေ့ရဲ့အသက်ရှူသံကို ကြားနေရသည်။ အမေ့ကို သူမအနား ခေါ်ထားပြီး အနီးကပ်ပြုစုချင်သည်။ ဆေးကုပေးချင်သည်။

ထို့ကြောင့် သူမသည် ထိုနည်းအပြင် သူမထံ အခြားရွေးချယ်စရာမရှိတော့ချေ။

နှလုံးသားထဲ၌ သွေးစီးကြောင်းများ ထင်ရှားလာသည်။ သို့သော် မျက်ရည်တို့ကို ပုတ်ခတ်ဖယ်ရှားနေသည်။ တုန်နေသောလက်များကို ဖိထားသည်။ ကြောက်နေသောစိတ်တို့ကို အားပေးနေသည်။

ကြေးမုံပြင်၌ အဖြူရောင်ကြွနေသောမိန်းမလှလေးသည် ကိုယ်မဟုတ်တော့သလို ခံစားနေရသည်။

◘◘◘



## အခန်း (၆)

မနက်လေးနာရီဖြစ်သည်။ မင်းနိုင်ငံသည် နောက်တိုးနှင့်အတူ ဟိုတယ်ထဲမှထွက်လာခဲ့သည်။ ဒရိုင်ဘာမပါ၍ ကားကိုနောက်တိုးက မောင်းသောကြောင့် မင်းနိုင်ငံက နောက်ခန်းထဲမထိုင်ဘဲ နောက်တိုး၏ဘေးတွင် ထိုင်ဖြစ်၏။

ညက မစ္စတာဝမ်နှင့်စားသောက်ရင်း ပြောဆိုကြသည်ကွင် များသွား၍ နောက်တိုးရောသူပါ ဟိုတယ်မှာပင် အခန်းတစ်ခန်းယူ၍ အိပ်ဖြစ်ကြသည်။ သာမန်အားဖြင့် နာမည်ကြီးဟိုတယ်ဟိုတာမျိုးက ကြိုတင်ဘွတ်ကင်မရှိရင် အခန်းချက်ချင်းမရနိုင်သော်လည်း သစ်ခက်စိမ်းအတွက်တော့ ခြွင်းချက်ဖြစ်သည်။

"ငါတို့ ခုလိုမနေရတာ ဘယ်လောက်ကြာသွားပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင်ငံက စတင်၍ပြောသဖြင့် နောက်တိုးက ပြုံးစိစိ ဖြစ်လာသည်။

"ငါတို့ ဆယ်တန်းအောင်တုန်းကအကြောင်းကို သတိ မရဘူးလား"

မင်းနိုင်ငံ အတိတ်ဆိုတာမျိုးကို တမ်းတတတ်သူမဟုတ် ပါ။ သို့သော် ဘယ်တုန်းကမှမပြောဖူးတဲ့အတိတ်ကို ခေါင်းစဖော် လာပြီဆိုတော့ သူ့ရင်ထဲမှာ တစ်ခုခုကိုခံစားနေရပြီဖြစ်ကြောင်း နောက်တိုး သဘောပေါက်မိသည်။ အလုပ်နဲ့ပတ်သက်လို့တော့ အရာရာအောင်မြင်နေတဲ့မင်းနိုင်ငံက ခံစားရပြီဆိုတာ မဖြစ်နိုင် ပါ။ ဒါဆို လူမှုရေးလား၊ ဒါဆိုရင်တော့ ပိုပြီးမဖြစ်နိုင်ပါ။ သူ့လို ငယ်ပေါင်းကြီးဖော်ကိုတောင် အလုပ်ထဲ၌ အလုပ်သဘောမျှသာ ဆက်ဆံသူဖြစ်၏။ ထို့ကြောင့် လူမှုရေးအရှုပ်အရှင်းဆိုတာမျိုး မင်းနိုင်ငံမှာ လုံးဝမရှိနိုင်ပါ။ ဒါဆိုဘာလဲ၊ ကေန္တ ပျော်တော်ဆက် မိန်းကလေးကို ထိုးကျွေးရတာကြောင့်လား။ နောက်တိုး သက် ပြင်းချမိသည်။

"အင်း. . . အဲဒီတုန်းက မင်းနဲ့ငါ ကျောင်းပြေးပြီး ရုပ် ရှင်ခိုးကြည့်ကြတယ်။ တကယ့်ကို ပျော်စရာကောင်းတယ်"

"ကျန်သေးတယ်. . . စာမေးပွဲပြီးတဲ့နေ့မှာ အရက်





သောက်ကြတယ်လေ။ အူရိုင်းဆိုတော့ နှစ်ခွက်နဲ့မူးသွားလို့ အိမ် ပြန်ရဲတော့ဘဲ လမ်းဘေးမှာ အိပ်ပျော်နေကြတာလေ။ ဒီလို ချိန်မှနိုးလာပြီး အမူးပြေတယ်"

"အဲဒီတုန်းက နိုင်ငံ့ရေးရှုပ်နေတယ်နော်၊ ကံကောင်း လို့ အချုပ်ထဲမရောက်တယ်"

ပြောရင်းဆိုရင်း နောက်တိုးက ကားကိုရပ်လိုက်သည်။ ကြောင်းမှာ သူတို့ကားသွားရာလမ်းကြောင်းတွင် ကားတစ်စီး ပိတ်ရပ်ထား၍ဖြစ်သည်။

"ဟိုကားက ဘာလုပ်နေတာလဲ၊ ထွက်ပေါက်ဝင်ပေါက် ကြီးမှာ ကန့်လန့်ကြီး"

မင်းနိုင်ငံက ထိုသို့ဆိုလျှင် နောက်တိုးက. . .

"ခေတ္တခဏမို့ နေမှာပေါ့"

သွားလမ်းပိတ်နေသောကြောင့် သူတို့ကားလေးသည် လည်း အလိုက်သင့်ရပ်နေမိစဉ် ဟိုတယ်၏ခပ်မှိန်မှိန်မီးရောင် အောက်တွင် လှုပ်လီလှုပ်လဲ့နှင့်ထွက်လာသော သဏ္ဌာန်နှစ်ခုကို တွေ့လိုက်ရသည်။

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်။

စိတ်ဝင်စားခြင်းမဟုတ်သော်လည်း မိုးမလင်းခင် ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသောသူများမို့ အမှတ်တမဲ့ကြည့်နေဖြစ်သည်။ ထိုအရိပ်နှစ်ခုက သူတို့နှင့်နီးကပ်လာခဲ့သည်။ ယောက်ျားရဲ့ပုံက ခပ်နွမ်းနွမ်းနှင့် ရှက်ကြမ်းရေကျိုဆိုသော်လည်း မိန်းကလေးကတော့ မှုန်နေအောင် လှသည်။ သို့သော် ထိုမိန်းကလေးက ဝေဒနာကို အလူးအလဲခံစားနေရပုံမျိုး မျက်နှာကိုရှုံ့မဲ့ထားသည်။ လမ်းလျှောက်နေခြင်းမှာလည်း အားမပါဘဲ သာမန်ထက် နှေးကွေးနေသည်။

ထိုယောက်ျားက လှပသော ထိုမိန်းကလေးကိုတွဲပြီး လျှောက်လာသည်။ ပြီးနောက် သူတို့ကားကို ပိတ်ရပ်ထားသော ကားထဲ ဝင်သွားကြသည်။

မိန်းကလေးက ကားနောက်ခန်းထဲထိုင်ပြီး ယောက်ျားကတော့ မောင်းသူနေရာ ဝင်ထိုင်နေသည်ကိုတွေ့ရသည်။ သူ့ရင်ထဲ ခန့်မှန်းမိလိုက်သည်။ ထိုယောက်ျားက ဒရိုင်ဘာဖြစ်လိမ့်မည်ဆိုတာကိုပေါ့။

ထိုကားလေးမှာ မောင်းထွက်သွားသည်။ နောက်တိုး မောင်းသောကားလေးသည်လည်း ထိုကားနောက်မှ လိုက်ပါလာသည်။

ဝမ်းဝေးလမ်းမ ရောက်တော့ မီးပွိုင့်မိနေသည့် ထိုကားနားသို့ သူတို့ကားလေး ပြန်မိလာသည်။ စပ်စုခြင်းမဟုတ်သော်





လည်း ထိုကားထဲ ကြည့်မိသွားသည်။

ထိုအဖြူရောင်မိန်းကလေးသည် ကားနောက်ခန်းထဲ၌ လှဲအိပ်နေပြီး တသိမ့်သိမ့်ရှိုက်ငိုနေသည်။

သူ့ရင်ထဲ နာကျင်လာသည်။ ပေါက်ကွဲချင်လာသည်။ အနည်ထိုင်နေသော ရင်တွင်းခံစားချက်တို့က ရုန်းကြွလာသည်။

"အနေအထားချင်းတူပေမယ့် လူချင်းကွဲနေတယ်လေ၊ ပစ္စုပ္ပန်က အတိတ်နဲ့ ဘယ်လိုမှတစ်ထပ်တည်းမကျနိုင်ဘူး။ ထားလိုက်ပါ မင်းနိုင်ငံရယ်။ မေ့လိုက်ပါ"

နောက်တိုး ရိပ်မိလောက်အောင် သူ့ဟန်ပန်က ပျက်ယွင်းနေသည်ထင်ပါရဲ့။

သူ့နှလုံးသားတွေ နာကျင်နေသည်။ သူ့စိတ်တွေက ပြန့်ကျဲနေသည်။ သူ့အာရုံထဲ၌ မျက်နှာလှလှလေးတစ်ခုက လွှမ်းပိုးသွားသည်။ ထိုမျက်နှာလှလှလေးက ကြင်နာသက်ဆိုသူလေးဖြစ်၏။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

# အခကြွေပန်း

## အခန်း (၇)

လေယာဉ်ခရီးဖြင့်လာခဲ့သောခါ နာရီပိုင်းမျှသာ ကြာသည်။ မြစ်ကြီးနားနှင့်ရန်ကုန်က ခရီးမည်မျှဝေးသနည်း။ တောင်ကန်းတွေ မည်မျှခြားပါစေ၊ မြစ်ချောင်းနယ်နိမိတ်တွေ မည်မျှကာပါစေ၊ သဘာဝတရားကြီးက လူ၏စွမ်းအင်ကိုတော့ မတားဆီးနိုင်ပေ။ လူကြံရင် ဘာမဆိုဖြစ်တယ်ဆိုတဲ့စကားအတိုင်း ရှေးကရက်ပေါင်းများစွာ လချီပြီးသွားခဲ့ရသော ထိုခရီးသည် နာရီပိုင်းမျှသွားတယ်ဆိုရုံဖြင့် အချိန်ချုံ့နိုင်သွားသည်။ ငွေသုံးနိုင်လျှင်ကမ္ဘာကိုတောင် ရက်ပိုင်းလောက်နဲ့ နှံ့အောင်ပတ်နိုင်သောခေတ်ကြီးဖြစ်သည်။

အထက်တန်းလွှာမှလူများက ငွေကိုရေလိုသုံးနိုင်၍ နာရီ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်းမျှ အချိန်ကုန်တယ်ဆိုလျှင်ပဲ ခရီးရောက်နေပြီဖြစ်သော်လည်း လူတန်းစားအများစုမှာ ယခုချိန်ထိ ညှောင့်ခလုတ်များသော မြေပဲယိုကားလမ်းကို ပြုတိုး၍ ဖြတ်နေရတုန်း။ ပျက်ပျက်ပြင်ပြင် ဘယ်အချိန်ရောက်မှန်း မမှန်းဆနိုင်တဲ့ဖားတစ်ကောင်အလား မီးရထားကို တိုးဝှေ့စီးနေရတုန်းဖြစ်သည်။

ရန်ကုန်မှ မန္တလေးသို့။ မန္တလေးမှတစ်ဆင့် မြစ်ကြီးနားသို့ခရီးက အခြေခံလူတန်းစားတွေအတွက် နည်းလှတဲ့ကုန်ကျစရိတ်မဟုတ်။ ဘူတာရောက်ခဲ့အောင်သွားရတဲ့ ကားခ၊ ခရီးတစ်ထောက် မုန့်ပဲသွားရည်စာဖိုး၊ ပစ္စည်းလေးနည်းနည်းရောင်းစရာချစရာ လမ်းစရိတ်ဖာမိရုံတင်တယ်ဆိုရင်ပဲ ဒဏ်ရိုက်ခံရမှာစိုး၍ တိုးတိုးတိတ်တိတ် ပေးကမ်းရသေးသည်။ ဒီကြားထဲ လက်မှတ်မရလျှင် မှောင်ခိုဆိုတာမျိုးက ငါးပါးသီလအကျိုးခံ၍ လုပ်ရသေးသည်။

လုပ်ရပေမပေါ့။ တစ်မြို့တစ်ရွာမှာ တစ်ညအိပ်စရိတ်က နည်းတာမှမဟုတ်တာ။ တည်းခိုခန်းခ မတတ်နိုင်၍ ဘူတာ၌ ဖျာခင်းအိပ်လျှင် ကိုက်လိုက်တဲ့ခြင်၊ ခြင်ကိုက်လို့ ခြင်ထောင်ထောင်မယ်ကြံတာနှင့် ရိုက်ပြန်မည့်ဒဏ်ကြေး။ ဒီကြားထဲ ခွေးမောင်းဝက်မောင်းက အမောင်းခံရသေးနှင့်။ အနိမ့်ခံ အခြေခံ





လူတန်းစားများကို စာနာမိပါ၏။

ကြင်နာသက်ကတော့ အပျိုလေးတစ်ယောက်မို့ ငိုက်ရမှာလည်း ရှက်၊ လှဲရမှာလည်းရှက်နှင့် တန်းစီအိပ်နေကြသော ဘူတာတန်းလျားရှည်တွင် ငုတ်တုပ်ထိုင်နေမိသည်။ တည်းခိုခန်းသွားတည်းရမှာလည်း မိန်းကလေးတစ်ယောက်တည်းမို့ မလုံခြုံပါ။ ဘယ်လုံခြုံပါ့မလဲ၊ အပေါ်စားတည်းခိုခန်းမို့ မိမိပစ္စည်း မိမိတာဝန်ယူပါတဲ့၊ စာတန်းကြီးကတော့ ကောင်တာ၌ ဟီးနေအောင်ချိတ်ထားသည်။ ပစ္စည်းကိုတောင် လုံခြုံမှုမပေးနိုင်မှတော့ လူကိုဆို ဝေလာဝေးပေါ့။ ထို့ကြောင့် မထူးပါဘူးဆိုပြီး အများနည်းတူ ဖျာခင်းကာ တစ်ညလုံးကုန်ဆုံးဖို့ အကြောင်းဖန်လာတော့၏။

ရန်ကုန်၌ရှိသော အဘိုးအဘွားတို့နေအိမ်မှ အလည်ပြန်လာခြင်းဖြစ်သည်။ အသက်ဆယ့်ကိုးနှစ်ဆိုသည်က ငယ်လွန်းလှသည်တော့မဟုတ်။ ကချင်ပြည်နယ်သူတစ်ယောက်မို့ သတ္တိကတော့ ပြောင်လှပေသည်။ သူမ အသက်ဆယ့်ရှစ်နှစ်မပြည့်ခင်ကတည်းက ဒီလမ်းကြောတွေကို တစ်ယောက်တည်း သွားရဲနေပါပြီ။ ပါးစပ်ပါ ရွာရောက်နှင့် ခရီးသွားတာ ကိုယ်တစ်ယောက်တည်းမှမဟုတ်တာ။ ရထားဆိုလည်း လူတွေမှ ပြည့်ကြပ်လို့၊ ကားဆိုလည်း ကြပ်ညပ်လို့၊ ကြောက်စရာအကြောင်း တစ်ရွေး



www.burmeseclassic.com

www.burmeseclassic.com



သားမှမရှိဟု ခံယူထားသူ တောင်ပေါ်သူလေးဖြစ်၏။

ရန်ကုန်မှ မန္တလေးသို့ ရထားပေါ်၌ တစ်ညနေခဲ့ရပြီးပြီမို့ မိုန်းတစ်ဝက် နိုးတစ်ဝက်နှင့် ငိုက်မြည်းစပြုလာပါသည်။ သို့သော် မရှိမဲ့ရှိမဲ့အဝတ်ထုပ်လေး အလစ်သုတ်ခံရမှာစိုး၍ မငိုက်မြည်းနိုင်ပါ။

ဘယ်အချိန် တွဲထိုးလာမှန်းမသိတဲ့ အထူးအမြန်ရထားကိုသာ စောင့်မျှော်နေရသည်။ မနက်လေးနာရီ ဒေါင်ခနဲထိုးတော့ ရထားက တွဲထိုးလာသည်။ အိပ်ပျော်နေသောခရီးသည်များက ပစ္စည်းများကို ကပျာကသီကောက်သိမ်း၍ ရထားပေါ်တက်ကြသည်။ ထိုခဏအတွင်း၌ ဘူတာသည် ရှုပ်ယှက်ခတ် ဆူပူသွားသည်။ ပစ္စည်းတင်သူများ၊ ခရီးသည်များ၊ ရဲများ၊ တွဲစောင့်များနှင့် ဆူညံ ပွက်လောရိုက်နေသည်။

ထိုအထဲတွင် ကြင်နာသက်သည်လည်း တစ်ဦး အပါအဝင်ဖြစ်သည်။ မိမိ၏လက်မှတ်က အများသူငါလို ရိုးရိုးတန်းမဟုတ်၍ ရထားပေါ်အလုအယက်တက်ရန်မလိုပေ။ အိတ်ကိုသာ ဟန်ပါပါဆွဲပြီး အထက်တန်းတွဲကိုရှာကာ တက်လာ၏။ အထက်တန်းတွဲဆိုသည့်အတိုင်း လူကရှင်းနေပြီး ပစ္စည်းများက ကျိုးတို့ကျဲတဲ။





ဟော! တွေ့ပါပြီ။ သူမရဲ့ခုံနံပါတ် စီသရီး။

အမိုးတန်းပေါ် အထုပ်ကိုတင်ပြီး နေရာ၌ ကျကျနနထိုင်ကာ လူအများကိုငေးမောနေ၏။

ရထားထွက်ရန် ဆယ်မိနစ်သာလိုတော့သည်။ သို့သော် သူမ၏မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ခရီးသည်က မရှိသေးပါ။ မလာဘူးလား၊ လမ်းဘူတာမှာမှ လိုက်မှာလား။ ဒါမှမဟုတ် မလိုက်ဖြစ်တာလား။ ရှာရှာကြံကြံမမြင်ရသေးသော ခရီးသည်အား စိတ်ပူနေမိသေးသည်။

ရထားထွက်ရန် ခုနစ်မိနစ်အလိုတွင် သူမမြင်ကွင်းထဲ လူတစ်စုကိုတွေ့လိုက်ရ၏။ ထိုလူတစ်စုသည် လူအများကြားထဲ ထင်းခနဲ ထင်သာမြင်သာဖြစ်နေသည်။ သူမနှင့်မတိမ်းမယိမ်း အရွယ်ကောင်ချောလေး နှစ်ယောက်၊ ပြီးတော့ ယောကျ်ားကြီး သုံးယောက်။ ခြေလှမ်းကြဲကြီးများနှင့် လာနေသည်။

ထိုကောင်လေးနှစ်ယောက်ထဲတွင် အဖြူရောင်ကုတ်နှင့် ဆံပင်ရှည်ရှည်ကောင်လေးကို သူမ အထူးသတိပြုမိနေ၏။ ပုံစံက သန့်ပြီး စွဲဆောင်မှုရှိနေသည်။ ကြည့်လိုက်တာနှင့် အထက်တန်းလွှာက ငွေရှိ ဓနရှိ ဂုဏ်ရှိလေးမှန်း သိသာနေ၏။

သူမကြည့်နေစဉ်မှာပင် ထိုကောင်လေးနှစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားကြီးတစ်ယောက်မှာ သူမရှိသောတွဲပေါ်သို့ တွက်တက်လာသည်။ သူမ ရင်ခုန်သွားသည်။

ဘုရား. . . ဘုရား! ဒါဇာတ်လမ်းလား။ ဒီရွှေ့ကလွတ်နေတဲ့ခုံက သူတို့ဟာလား။ ဟုတ်ပါ့မလား။ ဒါက ငါဖြစ်ချင်နေတာများလား။

သူမအတွေးတွေက ဟိုရောက်ဒီရောက်ဖြစ်နေစဉ်တွင် ထိုသုံးယောက်က သူမနားသို့ရောက်လာပြီး ထိုကောင်ချောလေးက သူမနှင့်မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်သည်။ သူမရင်ထဲ ဒိတ်ခနဲဖြစ်သွားသည်။ ထိုကောင်ချောလေးကိုလည်း မရဲတရဲကြည့်လိုက်သည်။ ထိုအချိန်တွင် ထိုကောင်ချောလေး၏အမှတ်တမဲ့ကြည့်နှင့် ဆုံသွားသည်။ သူမရှက်လိုက်တာ အရမ်းပါပဲ။

"ကဲ! အစ်ကိုလေး၊ စိတ်ချမယ်နော်"

"ဗျာ! စိတ်ချစမ်းပါ၊ ကျွန်တော်တစ်ယောက်လုံး ပါပါတယ်"

"ဒါက အုံးအိပ်ဖို့ပါ၊ အစ်ကိုလေး ဇက်နာနေမှာစိုးလို့"

ဟုဆိုပြီး အောက်မှလူနှစ်ယောက်က ဂငယ်ခေါင်းအုံးလေးကိုပေးလျှင် သူမရင်ထဲ သူ့အပေါ်အားကျစိတ်ဖြစ်သွားသည်။

"ကျွန်တော့်ကို ဒီလောက်ထိလုပ်မပေးနဲ့၊ ကျွန်တော်





ကလေးမဟုတ်ဘူး"

ဂျစ်ကန်ကန်ပင် ထိုကောင်ချောလေးက ပြောသဖြင့် သူမမှာ ပါးချိုင့်လေးပေါ်အောင် လှစ်ခနဲပြုံးမိသွား၏။ ထိုအပြုံးကို ကောင်ချောလေးက မြင်လိုက်ပုံနှင့် သူမအား မကြည်သလိုကြည့်လာ၍ သူမက မသိချင်ယောင်ဆောင်ပြီး နေလိုက်ရပြန်သည်။

"ပူး. . . ပေါ်. . ."

ရထားဥဩရှည်ကြီးဆွဲပြီး ရထားနောက်တွဲမှ အလံစိမ်းပြသည်နှင့်တစ်ပြိုင်နက် ရထားဘီးက လိမ့်စပြုနေပါပြီ။

"အစ်ကိုလေး ပြန်လာရင်တော့ လေယာဉ်နဲ့ပြန်ပါဗျာ၊ ပင်ပန်းပါတယ်"

"ခင်ဗျားတို့ မိကျောင်းနဲ့အမျိုးစပ်ထားတာလား။ တော်တော်ရှည်တာပဲ"

သူက ထိုသို့တစ်ခွန်းမခံ ခပ်ဆတ်ဆတ်ပြောတော့ သူမမှာ အူတက်အောင် ရယ်ချင်သွားသည်။ လူပုံကိုကြည့်တော့ တည်ဟည်တုံ့တုံ့နှင့် တကယ့်ကလေးဆိုးကြီးပါပဲလား။

'မင်းက ဘာရယ်တာလဲ"

သူမ ကြောင်နသွားသည်။ ရထားက ထွက်ခွာနေပြီမို့



www.burmeseclassic.com

www.burmeseclassic.com



လေက ပြတင်းပေါက်မှတစ်ဆင့် တိုးဝင်စပြုနေပါပြီ။

"ဟာ! ဟော့ကောင်၊ မင်းကလည်း"

"ဟုတ်သားပဲ၊ အစ်ကိုလေးကလည်း"

သူမဘေးတွင် ထိုင်နေသူပါ ဝင်ဟန့်၍ ထိုကောင်ချော လေးက သူမအပေါ် ပို၍မကြည်မလင်ဖြစ်လာပုံရသည်။ နဖူး ကြောလေးများ လိမ်တွန့်ပြီး မျက်မှောင်ကြီးကြုတ်သွားသည်။

"ဆောရီးနော်၊ သူက နည်းနည်းမကြည်မလင်ဖြစ်လာ လို့ပါ"

ကောင်ချောလေးဘေးမှ အသားညိုညိုနှင့် လူပုံသန့်က ဆိုလျှင် သူမမှာ ရန်ပဲကောက်တွေ့ရမလို၊ ရပါတယ်ဆိုပြီး အပြုံ လေးပဲ ကုပ်နေရတော့မလိုဖြစ်သွားသည်။

"ကလေးမက တစ်ယောက်တည်းလား"

သူမဘေး၌ ထိုင်နေသောပုဂ္ဂိုလ်၏အမေးစကားဖြစ်၏။ ဖော်ရွေမှုကိုတော့ အသိအမှတ်ပြုချင်ပေမယ့် ကလေးမဆိုသော အသုံးအနှုန်းကိုတော့ မနှစ်သက်ပါချေ။ သူမအသက် ဆယ့်ကိုး နှစ်ရှိပါပြီ။ မိမိကိုယ်ကို အရွယ်ရောက်ပြီလို့ခံယူနေပြီမို့ ကလေး တို့၊ ကောင်မလေးတို့ဆိုသည့်အသုံးအနှုန်းမျိုး အသုံးခံလိုက်ရ လျှင် ခါးသက်အောင်မုန်းပါ၏။ သူ့လူကိုကျတော့ အစ်ကိုလေ၊





ကဲ့။ ငါ့ကိုတော့ ကလေးမတဲ့။ မိုင်းနာကျလူကြီး။

"ဟုတ်တယ်၊ တစ်ယောက်တည်း"

သူမအသံက ခပ်ပြတ်ပြတ်ဖြစ်သည်။

"တယ်လည်းသတ္တိကောင်းတာကိုး"

ချီးကျူးစကားမည်၍ ကျေနပ်သွားသည်။ သူမက ကျေ နပ်သွားသော်လည်း ငြိမ်သက်နေသောကိုလူချောက ခေါင်းမတ် လာသည်။

"ဒီလမ်းနဲ့ဒီခရီး ဘာမှမသွားတတ်စရာအကြောင်းမရှိ ဘူး"

ကလေးဆိုးကြီးတစ်ယောက်လို တစ်ရေးနိုးထ ဟောင် လာသည့် ထိုခွေးပေါက်ဖြူလေးကြောင့် သူမရင်ထဲက ကလိကလိ ဖြစ်လာသည်။ မုန်းစရာကောင်းသော်လည်း ချစ်စရာလေးဖြစ်နေ ပြန်၍ သူ့နားရွက်ဖျားလေးများကို လိမ်ဆွဲချင်နေမိသည်။

"ဘယ်သွားမှာလဲ"

"မြစ်ကြီးနားပါ"

"ဟာ! ဦးတို့လည်း မြစ်ကြီးနားပဲ။ ဟွန်း. . . ခရီးသွား ဖော်ရတာပေါ့။ လိုအပ်တာရှိရင်ပြောနော်၊ အချင်းချင်း ရိုင်းပင်း ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

"ဒါနဲ့ မြစ်ကြီးနားဇာတိလား"

"ဟုတ်ပါတယ်"

"ဒါကြောင့် အသံဝဲတာကိုး၊ ကချင်လူမျိုးလား"

"မဟုတ်ပါဘူး၊ အမေက ရန်ကုန်သူပါ။ အဖေကတော့ ရှမ်းစပ်တယ်ထင်တယ်"

"ထင်တယ်ဆိုတော့"

"အဖေက မရှိတော့ပါဘူး၊ လွန်ခဲ့တဲ့သုံးနှစ်လောက်က ပဲ ဆုံးသွားပါပြီ"

"သြော်. . . စိတ်မကောင်းစရာပဲ၊ အခုက အမေနဲ့နှ ယောက်တည်းနေတာပေါ့"

"မဟုတ်ပါဘူး၊ အစ်မရှိပါတယ်"

"သြော်. . . သြော်"

ဒီလူကြီးကလည်း ဘယ့်နှယ်လဲ။ စပ်စုလှချည်လားပ စိတ်ထဲအချဉ်ပေါက်မိပါသော်လည်း အသက်အရွယ်တူကော လေးနှစ်ယောက်ရှေ့မှာမို့ ပုပ်သိုးချင်လာသောစိတ်ကို အနိုင်နှ ဖုံးဖိထားရသည်။ ထိုလူကြီးက ဗမာဖြစ်တိုက်ပုံအင်္ကျီကိုဝတ်ထ ပြီး ကွက်ကျဲပုဆိုးကိုဝတ်ထားသည်။ သားရေဖိနပ်အနက်ရေ





ကိုစီးထားပြီး ခေါင်းကို ဆီရွှဲနေအောင်လိမ်းထားသည်။

ကြည့်လိုက်တာနဲ့ ရိုးသားပြီး နုံအ,မည်မှန်းသိသာသည်၊ အသက်သုံးဆယ်ကျော်မျှဟုထင်ရပါသော်လည်း မျက်လုံးတွေက ကြည်ငြိမ်ရင့်ကျက်မှုအလျဉ်းမရှိပါချေ။ သို့သော် ကိုလူချော၏ မျက်လုံးများကတော့ အေးစက်တည်ငြိမ်နေသည်။ ထိုမျက်လုံး တွေကပဲ ကိုလူချော၏ပါဝါကို ထင်ဟပ်ပြသနေသယောင်ရှိ၏။

"ဦးရွှေလူ၊ ဆေးလိပ်မသောက်နဲ့။ လူအများစီးတဲ့ယာဉ် မှာ ကိုယ့်ကြောင့် သူများအနှောင့်အယှက်ဖြစ်တယ်"

"သြော်. . . အင်းအင်း"

ဖက်ကြမ်းဆေးပေါ့လိပ်သောက်ရန် ဆေးလိပ်ဖင်ကို ပါး ပ်ဖြင့်ကိုက်နေသော ဦးရွှေလူဆိုသူမှာ ထိုဆေးလိပ်ကို အသာ ယာပင် အိတ်ကပ်ထဲပြန်ထည့်လိုက်သည်။

ဒီတစ်ကြိမ်မှာတော့ သူမက ကိုလူချောကို ကျေးဇူးတင် သွားသည်။ ကိုလူချောကျေးဇူးကြောင့် ဆေးလိပ်နံ့ရှူရသက်သာ တော့မည်မဟုတ်လား။ ပြီးတော့ ကိုရွှေချောကို စိတ်ဝင်စားသွား သည်။ ထိုအသက်သုံးဆယ်ကျော်ယောကျာ်းကြီးကို ဆယ်ကျော် က်အရွယ်ကောင်လေးတစ်ယောက်က အမိန့်ပေးနိုင်တယ်ဆို တော့ ထိုကောင်လေး၏အရှိန်အဝါကို စိတ်မဝင်စားဘူးဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ဒါက ကော် လိမ်ညာနေတာပဲပေါ့။

သူက ဘယ်သူလဲ။ ဘာကြောင့် လူတွေကို ထင်သလို ပြောနိုင်ရတာလဲ။ ပြီးတော့ သူ့ကိုလာပို့သူ ခပ်သန့်သန့်လူနှစ်ယောက်အပေါ် ဘာကြောင့် ထီမထင်ဆက်ဆံရတာလဲ။ ထိုကောင်လေးကို မခို့တယို့ကြည့်မိပြန်၏။ ထိုကောင်လေးက ဂငယ်ပုံခေါင်းအုံးကို ကုတ်နဲ့စွပ်ပြီး မှိုအိပ်နေသည်။ သို့သော် အိပ်ပျော်နေပုံတော့ မပေါ်ပါ။ မျက်ခွံများ လှုပ်စိစိနှင့် စို့ရွဲနီရဲသောနှုတ်ခမ်းလေး ဟဟလေး ပွင့်နေသည်။

"အိပ်လို့ရရဲ့လား"

"အေးဆေးနေစမ်းပါ နောက်တိုးရာ၊ ငါ့ကို ကလေးများ မှတ်နေသလား"

"စေတနာနဲ့ပြောတာ၊ မင်းက ဒီလိုဟာမျိုး စီးဖူးတာ မဟုတ်လို့။ စေတနာကိုမစော်ကားနဲ့"

"မင်းတို့တောင် နေနိုင်မှတော့ ငါက ဘာလို့မနေနိုင်ရမှာလဲ။ လူချင်းအတူတူပဲ၊ ငါ့ကို ဆရာလာမလုပ်ချင်နဲ့၊ မင်းနဲ့ တပည့်လည်း မတော်ချင်ဘူး"

"ပြီးတာပဲကွာ"

အသားညိုညိုနှင့်လူက တစ်ဖက်သို့လှည့်သွားသည်။





သူမခန့်မှန်းနေမိသည်။ ထိုလူနဲ့တော့ သူငယ်ချင်းဖြစ်ရမယ်၊ ကိုရွှေချောက ချမ်းသာတဲ့လူတစ်ယောက်ဖြစ်ရမယ်ဆိုတာကိုပေါ့။ မျက်စိမှိတ်ကာ မှိန်းနေသောကိုရွှေချောကို ခိုးခိုးကြည့်ရင်းပင် မအိပ်ရတာကြာပြီဖြစ်သောမျက်စိက ကျိန်းစပ်လာ၍ မှိန်းခနဲအိပ်ပျော်သွားမိသည်။

လူသံတွေ ကြွက်စီကြွက်စီကြားတော့မှ သူမနိုးလာခဲ့ရာ ဘူတာတစ်ခုတွင် ရပ်နေပြီဖြစ်ကြောင်းသိရသည်။ မျက်လုံးဖွင့်ပြီး မျက်နှာချင်းဆိုင်ကိုကြည့်တော့ ကိုရွှေချောနှင့်အကြည့်ချင်းဆုံသွားသည်။ သူမရင်ခုန်လာသည်။ ဗလောင်ဆူနေသောရင်အစုံက ပျို့ရွယ်သူမို့ ရမ်းချင်တိုင်းရမ်းချင်လာသည်။

ထိုကိုလူချောက သူမကိုသေသေချာချာကြည့်ပြီး မျက်လုံးနှင့်ပါးစပ်ကို လက်ညှိုးထိုးပြနေသည်။ သူမ ကြောင်နနေရသည်။ သူဘာပြောနေတာလဲ။ ဘာဖြစ်နေတာလဲပေါ့။ သို့သော် ယောင်နနနှင့် မျက်လုံးကိုစမ်းလိုက်ရာ အပုံလိုက်ဖြစ်နေသော မျက်ချေးများကိုစမ်းမိသွားသည်။ အကျႌစနှင့် ကပျာကသီသုတ်လိုက်သည်။ ပြီးနောက် အကြောင်းလိုက်စီးကျနေသော အာပုပ်ရည်များ။ သူမရှက်လိုက်တာ။ ဒီမျက်နှာကြီး ဘယ်နားသွားထားလို့ထားရမှန်းမသိတော့။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရလေ။ ထိုကောင်ချောလေးရှေ့မှာမှ ဒီလိုရုပ်ပျက်ဆင်းပျက်ဖြစ်ရတယ်လို့။ ငါ့နှယ်. . . သေသာသေလိုက်ချင်တော့တယ်။

ရထားထွက်သည်နှင့်တစ်ပြိုင်နက် နေရာမှထကာ အိမ်သာထဲသို့ ပြေးဝင်မိသည်။ အိမ်သာနံ့က နံဟောင်နေသော်လည်း အသက်ရှူချောင်ပါသည်။ ထိုကောင်ချောလေးကို မျက်နှာချင်းမဆိုင်ရဲတော့သည်မှာအမှန်ပါ။ သို့သော် ဒီအိမ်သာထဲမှာ အချိန်ပြည့်ထိုင်နေလို့လည်း မဖြစ်ပြန်။ ဒီခရီးက သူမအတွက်တော့ တကယ့်အမှတ်တရပါပဲ။

ကိစ္စဝိစ္စပြီးတော့ အိမ်သာထဲမှ ရှက်ရှက်နှင့်ထွက်လာရပြန်သည်။ မတတ်နိုင်ပါ။ ရှေ့မျက်နှာနောက်ထားပြီး ထိုင်ရတော့မှာပဲ။ သို့သော် ကံကောင်းချင်တော့ ထိုကောင်လေးက မျက်စိမှိတ်ထားပြန်သည်။

"တူမက ရန်ကုန်က ပြန်လာတာလား"

"ဟုတ်ပါတယ်၊ တစ်နေ့ညက ထွက်လာခဲ့တာပါ"

"သြော်. . . ခရီးဆက်ပဲ၊ ဒါကြောင့် စိတ်ချလက်ချ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတာကိုး"

ဘုရား! ဘုရား! နှစ်နှစ်ခြိုက်ခြိုက်ဆိုပါလား။





ဟောက်သံများ ပါသွားပြီလား။ သူမ ရှက်လိုက်တာ။ ပြစ်ကြီးနားသာ မြန်မြန်ရောက်ချင်စမ်းပါဘိ။

"အစ်ကိုလေး ဗိုက်မဆာဘူးလား"

"ဆာတယ်"

ကိုလူချောက မျက်စိဖွင့်ပြီး ထလာသည်တွင် သူမက မျက်စိကိုချက်ချင်းဆိုသလို မှိတ်ပစ်လိုက်ပြန်သည်။ သို့သော် အာ ပုံကိုတော့ ပိုးတဝါးဖွင့်နေ၏။

ဆာတယ်ဆိုပြီး အထူးငြိမ်သက်နေ၍ သူမက မျက်စိကိုပိုးတဝါးဖွင့်လိုက်ရာ ပလပ်စတစ်အိတ်စွပ်နေသောသူ့ကို တွေ့ရပြန်သည်။ လက်အိတ်ကြီးနှင့် ဘာလုပ်မလို့လဲဟု စိတ်ဝင်စားပြီး ထက်၍ခိုးကြည့်မိပြန်သည်။ ကိုရွှေလူဆိုသူက ကတ်ထူဘူးကြီးထဲမှစားစရာကို လှမ်းပေးနေသည်။ ပြီးနောက် နောက်တိုးဆိုသူကိုပါ လှမ်းပေးသည်။ သူမသေချာကြည့်လိုက်သည်။ ဗီဒီယိုထဲမှာတွေ့သာ မြင်ဖူးပြီး မစားဖူးခဲ့သောဟမ်ဘာဂါဆိုသည့်အစားအစာဖြစ်သည်။

သူမ သွားရည်ယိုသွားသည်။ အသားတစ်ထပ်၊ ပေါင်မုန့်တစ်ထပ်၊ အသီးအရွက်တစ်ထပ်နှင့် ထိုအနောက်တိုင်းအစာဟမ်ဘာဂါကို သူမလည်း စားဖူးချင်ပါသည်။ ကြည့်ပါဦး၊ စားနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ။ စမတ်ကျပြီး သန့်ရှင်းနေသည်။ ပြီးတော့ အားပါး တရလည်းရှိလှသည်။

မိန်းမတွေ ခရီးထွက်ခြင်းထက် ပြည့်စုံသော သူ၏ခရီး ထွက်ခြင်းက ကော်ဖီဓာတ်ဘူးအသေးစားကိုပါ မြင်ရပြီး ပလပ် စတစ်ပိုက်ပါကော်ဖီခွက်များနှင့်ပါ ကော်ဖီကိုသောက်နေသေး၏။ သင်းထုံနေသောကော်ဖီနံ့ကြောင့် ဒီကော်ဖီသည် အကောင်းစား ပဲဖြစ်မှာပဲဟု တွေးနေမိခိုက်တွင်. . .

"တူမ စားပါလား"

အမှန်က သူမအိပ်ချင်ယောင်ဆောင်နေခြင်းဖြစ်သည်။ သို့သော် ထိုအသံကြားသည်နှင့်တစ်ပြိုင်နက် ချက်ချင်းမျက်လုံး ပွင့်လာသည်။

"ရပါတယ်၊ မစားတော့ပါဘူး"

"စားပါ၊ အများကြီးပိုသေးတယ်"

စိတ်ရင်းကောင်းပုံရသော ထိုလူကဆက်ပြောလျှင် ယိုင် နဲ့ချင်လာသောသူမ၏စိတ်ကို ထိန်းချုပ်လိုက်သည်။

"မဆာလို့ပါ"

ဂလူဂလူမြည်နေသော ဗိုက်သားကိုထိန်းရင်း ပြောလိုက် ခြင်းဖြစ်သည်။





"ဒီလောက်ခရီးဝေးတာကို မဆာဘူး။ ဟွန်း. . . ခက် ပါရဲ့၊ မိန်းကလေးတွေများ ဝိတ်ထိန်းချင်တာနဲ့ပဲ ရောဂါရမယ်"

ထိုလူက ပြောပြောဆိုဆို ဟမ်ဘာဂါကိုစားနေသဖြင့် သူမပါးစပ်ထဲ သွားရည်တွေ ပြည့်အိုင်လာသည်။ သူမဗိုက်ထဲမှ ဂလူဂလူမြည်သံကို ထိုကောင်လေးနှစ်ယောက် ကြားများသွား လေရော့သလားမသိ။ ပြုံးစိစိလုပ်နေသည်။

ယခုခရီးသွားနေသည်မှာ ခါတိုင်းနှင့်မတူအောင် ထူးခြား လှသည်။ ထိုကောင်ချောလေးများနှင့်အတူ ရှိနေချင်သော်လည်း မြစ်ကြီးနားမြန်မြန်ရောက်ချင်နေသည်။ နောက်တစ်ကြိမ် မငိုက် ပြည်းမိခင်၊ ရုပ်ပျက်ဆင်းပျက်အိပ်မပျော်မိခင်၊ သူမဗိုက်ထဲမှ ပိုး ကောင်များ၏အော်သံကို ထိုကောင်လေးမကြားမိခင် မြစ်ကြီးနာ ရောက်မှဖြစ်လိမ့်မည်။ ခရီးဆိုသည်ကလည်း အမြန်လို အနှေး ဖြစ်ဆိုသည့်အတိုင်း မြစ်ကြီးနားရောက်ခါနီး ဆဲယ်မိုင်မျှအလို တွင် ရထားတွဲချော်ထားသည်။

တပေါ်ပေါ်အော်နေသောရထားသံက တိတ်သွားသည် နှင့်တစ်ပြိုင်နက် ရထားပေါ်မှခရီးသည်အပေါင်းက ညည်းတွား သံ ထွက်လာပြန်သည်။

သူကတော့ ခါးကြားမှဖုန်းကိုထုတ်ကာ ဆက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းတစ်လုံးကို ဆယ့်ငါးသိန်း။ ဘုရား. . . ဘုရား၊ ဒီကောင်တော် တော်ချမ်းသာမှာပဲ။ ဒီအရွယ်လေးနဲ့ ဖုန်းကိုင်နေပြီ။

"ကဲ! ဦးရွှေလူရေ အထုပ်တွေကိုချပါ။ မြင်းနဲ့တူတဲ့ ဒီရထားကိုမစီးနိုင်တော့ဘူး။ ရထားပိုးထက်ဆိုးတယ်။ တွေ့တဲ့ နေရာမှာ ခွေအိပ်နေတဲ့ဒီရထားအစစ်ကို မကြိုက်တော့ဘူး။ လာ၊ ဆင်းမယ်"

"ဆယ်မိုင်လောက် လိုသေးတယ် အစ်ကိုလေးရဲ့"

"မရှည်ပါနဲ့၊ ဟိုမှာ ကားကြိုလွှတ်လိုက်ပြီ။ နာရီဝက် နေရင် ရောက်လာလိမ့်မယ်။ အညောင်းအညာပြေ ဆင်းလျှောက် တာပေါ့"

ကိုရွှေချောက ထိုမျှသာပြောပြီး ဂငယ်ခေါင်းအုံးကို ထား ပစ်ခဲ့ကာ ဆင်းသွားသည်။ သူမကိုတစ်ချက်မျှပြုံးပြနှုတ်ဆက်ရန် ဝိုးတဝါးမျှော်လင့်မိပါသော်လည်း ပြုံးပြဖို့မပြောနဲ့ လှည့်ပင်ကြည့် မသွားချေ။

"ကဲ! တူမ၊ ဦးလေးတို့တော့ သွားပြီ။ တူမပါ လိုက် ခဲ့မလား။ နီးပြီပဲဥစ္စာ"

"ရပါတယ်၊ သက် ရထားနဲ့ပဲသွားတော့မယ်"

"အေးကွယ်. . . အေး"





ထိုလူကြီးပြောသလိုသာ ကိုရွှေချောပြောသွားရင် ဘယ် လောက်များ ကောင်းလိုက်မလဲဟု ကြံဖန်စိတ်ကူးယဉ်မိသေး သည်။

ကိုရွှေချောက နှုတ်ဆက်မသွားသော်လည်း နောက်တိုး ဆိုသူကတော့ သူမကိုပြုံးပြသွားသေး၍ စိတ်သက်သာရာရသွား သည်။

သူပြောသည့်အတိုင်း နာရီဝက်မျှအကြာတွင် PRADO ခဲပုပ်ရောင်တစ်စီး ရောက်လာသည်။ ထိုကားထဲ ပစ္စည်းများတင် ပြီး ကားပေါ်တက်လိုက်ကြသည်။

သူမရင်ထဲ ဝမ်းနည်းသလိုခံစားရသည်။

ထိုကားလေး မောင်းထွက်သွားသည်။ မောင်းထွက်သွား သောကားလေးကိုကြည့်ရင်း ရင်ထဲမှတစ်ခုခုနှုတ်ယူသလို ခံစား လိုက်ရ၍ မျက်ရည်တစ်ပေါက်ကျမိလိုက်လေသည်။

သူမ ဘာကိုခံစားနေရတာလဲ. . .

ကွာဟလွန်းတဲ့ ဘဝအခြေအနေကို ဝမ်းနည်းနေတာ လား. . .

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ပြည့်ဝန်းရေ. . . ပြည့်ဝန်း"

အဆောင်ရှေ့၌ ဆိုင်ကယ်အနီရောင်လေးကို ဘုန်းခန့် ထိုးရပ်ပြီး တကြော်ကြော်အော်ဟစ်လိုက်သည်။

"ဩော်. . . ကြင်နာသက်ပါလား"

အဆောင်ပိုင်ရှင် ဒေါ်ဂျာတောင်က ထွက်လာသည်။

"ပြည့်ဝန်းရှိတယ်ဆို"

"ရှိပါ့ ရှိပါ့၊ ကျောင်းပိတ်တာတောင် ရွာကိုမပြန်နိုင်ဘဲ အင်္ဂလိပ်စပီကင် တက်နေတယ်လေ။ ပြည့်ဝန်းတို့ ကြိုးစားလိုက်ပုံများတော့"

"အခု ပြည့်ဝန်းရှိလား အန်တီ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါ့၊ နေမကောင်းဘူးဆိုပြီး အခန်းထဲမှာအိပ်နေတယ်။ မိုးမိတယ်ထင်ပါရဲ့၊ မနေ့က မိုးရွာလို့ဆိုပြီး အောင်နန်းက သူ့အဒေါ်အိမ်မှာ အိပ်တယ်ဆိုပါတယ်"

"အဒေါ်"

သူမအံ့သြသွားသည်။ သူမသိသလောက်တော့ ဒီမြို့ထဲမှာ ပြည့်ဝန်းရဲ့ဆွေမျိုးက မရှိချေ။

"သက်. . . ပြည့်ဝန်းနဲ့တွေ့လိုက်ဦးမယ်နော်"

"အေးအေး. . . ဝင်သွား။ ကျောင်းပိတ်တာနဲ့ အဆောင်မှာ လူမရှိတော့လို့ အန်တီလည်း ပျင်းနေတာ။ သက်ရယ်၊ မကြာမကြာလာလည်ပါ"

"စိတ်ချ၊ ပြည့်ဝန်းရှိလို့ကတော့ သက် ခဏခဏလာမှာ"

ပြောပြောဆိုဆိုပင် အိမ်ထဲသို့ဝင်လာခဲ့သည်။

"ဒေါက်! ဒေါက်! "

"ဘယ်သူလဲ"

"ငါပါဟ"

"အေး. . . ဝင်ခဲ့"

ပြည့်ဝန်းငယ်၏အသံက ခပ်အက်အက်ဖြစ်သည်။

ရွှေပဒေသာစာပေ



သူမက အသာဟထားသောတံခါးကို အသာအယာတွန်းဖယ်လိုက်သည်တွင် စောင်ပုံကြားတွင် ခွေအိပ်နေသော ပြည့်ဝန်းကို ဖျော့တော့စွာ တွေ့ရသည်။

"ဘယ်လိုဖြစ်တာလဲ၊ နေမကောင်းဘူးလား"

"ကောင်းပါတယ်"

"နင့်အသံကလည်း ကောင်းပုံမရပါဘူး။ လာ. . . ထ၊ ဆေးခန်းသွားမယ်။ ငါပို့ပေးမယ်"

"ရပါတယ်၊ မလိုတော့ပါဘူး"

"ပိုက်ဆံမရှိလို့လား၊ ကြည့်စမ်းပါဦး၊ ငိုထားလိုက်တာ မျက်လုံးတွေကို မို့အစ်နေတာပဲ။ လာ. . . ထ၊ ဘာမှအားမငယ်နဲ့။ ငါရှိတယ်"

သူမ ထိုသို့ပြောလိုက်ကာမှ ပြည့်ဝန်းက ရှိုက်ငိုကြွေးလာသည်။

"ဘာဖြစ်လို့လဲ ပြည့်ဝန်း"

သူမမေးသော်လည်း မဖြေဘဲ သူမကိုသာ ပွေ့ဖက်ပြီး အားပါးတရငိုကြွေးနေသည်။

"ဘာဖြစ်လို့လဲဟင်၊ ပြောပါ ပြည့်ဝန်းရယ်"

ပြည့်ဝန်းက ပြန်မဖြေဘဲ တသိမ့်သိမ့်ငိုရှိုက်နေခဲ့သည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပြည့်ဝန်းငယ်က ခံစားလွယ်သူတစ်ယောက်မဟုတ်မှန်း သူမသိသည်။ ပထမနှစ်ကတည်းကတွဲလာတာ ယခုဆို ပြည့်ဝန်းငယ်နှင့်သိသည်မှာ နှစ်နှစ်ရှိသွားပါပြီ။ ထိုနှစ်နှစ်တာကာလအတွင်း ပြည့်ဝန်းငယ်က ယခုလိုဝမ်းပန်းတနည်းငိုကြွေးနေပုံမျိုး တစ်ကြိမ်တစ်ခါမှမတွေ့ခဲ့ဖူးပါချေ။

တော်ရုံတန်ရုံခံစားနေရတာမျိုးမဟုတ်မှန်းသိ၍ ပိုပြီး ရင်ထိတ်လာသည်။ ဘာကြောင့်လဲ၊ နယ်မှာကျန်ခဲ့တဲ့မိဘတွေ နေမကောင်းဖြစ်လို့လား။ ဒါလည်းမဖြစ်နိုင်ပါ။ ပြည့်ဝန်းငယ်၏ရွာနှင့် သူမတို့မြစ်ကြီးနားမှာ နှစ်နာရီကျော်မျှ ရထားစီးသွားရုံဖြင့် ရောက်နေပါပြီ။ အိမ်ကမိသားစု အသည်းအသန်ဖြစ်နေတယ်ဆိုလျှင်လည်း ပြည့်ဝန်းငယ်လိုစိတ်မျိုးနှင့် ယခုလို အချိန်ဖြုန်းနေမည့်သူမျိုးမဟုတ်ပါချေ။

ပြည့်ဝန်းငယ်၏အဖေက အလတ်စားတောင်သူတစ်ဦးဖြစ်ပြီး အမေကတော့ ခြံထွက်သီးနှံများကို ဈေးတွင်ရောင်းချသည့် အလုပ်လုပ်သည်။ ထိုဝင်ငွေများနှင့် ပြည့်ဝန်းငယ်ကို ကျောင်းထားသည်။ ပိုပိုလျှံလျှံမရှိသော်လည်း သင့်တင့်အောင်တော့ နေထိုင်နိုင်သည့် ပြည့်ဝန်းငယ်၏အခြေအနေကိုသိသည်။ ပြည့်ဝန်းငယ်က အမြဲပြောလေ့ပြောထရှိသည့်စကားတစ်ခွန်းကို သူမကြား





ယောင်နေမိသည်။

"ငါ့မိဘတွေက ပညာမတတ်လို့ တောင်သူလုပ်တာ။ ငါတို့က ပညာတတ်လည်း မြို့ပေါ်မှာ ကြွကြွရွရွနေပြီး ဘောပင်တစ်ချောင်းနဲ့ ရုံးတက်ရုံးဆင်း ပေါ့ပေါ့ပါးပါးနေမယ်။ ဖင်ထဲ ရွံ့တစ်တောင်လောက်ဝင်မှ ထမင်းစားရတဲ့အလုပ်မျိုးမလုပ်ဘူး"

ပြည့်ဝန်းငယ်က တောင်သူသားသမီးပါဟု ဘုရားစူးကျိန်ပြောရလောက်အောင်ပင် အသားအရေမှာ ကြည်စင်ဝင်းမွတ်နေသည်။ ခါးတွင်ဝဲနေသော ဆံနွယ်ရှည်လေးများက သဘာဝအတိုင်း အိရွဲတုန်ခါနေသည်။ ဒီလိုမှုန်နေအောင်လှသော ပြည့်ဝန်းငယ်ကို သူမက ပကာသနမဲ့ ခင်မင်မိသည်။

"ပြည့်ဝန်းရယ်. . . ပြောပါ။ ငါရင်ထဲထိတ်လိုက်တာ။ ပြော"

"ဟင့်အင်း"

"ငါ့ကိုမခင်ဘူးလား။ နင့်မှာ ဘာအခက်အခဲရှိလဲပြောပါ"

"နင့်ကို ငါခင်ပါတယ်၊ ပြောလည်းပြောချင်ပါတယ်။ ပါပေမဲ့ ဘယ်ကဘယ်လို စပြောရမှန်းမသိတော့ဘူး"

"လာပါ. . . လာ၊ မြစ်ကမ်းဘေး သွားထိုင်ရအောင်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါမှ စိတ်တွေလန်းဆန်းသွားမှာ''

''ငါနေမကောင်းလို့ မသွားပါရစေနဲ့''

''ဒါဆို ဆေးခန်းသွားမယ်လေဟယ်''

''ရပါတယ်၊ ကောင်းသွားမှာပါ''

''ဘာလို့ကောင်းရမှာလဲ၊ ရာသီဥတုက မိုးရွာလိုက် နေပူလိုက်နဲ့ တုတ်ကွေး''

''ငါ တုတ်ကွေးမိတာမဟုတ်ဘူး ကြင်နာသက်''

''ဒါဆို ဘာဖြစ်တာလဲ''

သူမက ထိုသို့မေးတော့ ပြည့်ဝန်းငယ်က သိမ်ငယ်စွာပင် သူမကိုကြည့်လာသည်။ ထိုအကြည့်များကို သူမဖတ်ရှုနေမိသည်။

''ပြောပါ''

သက်ပြင်းချနေသော ပြည့်ဝန်းငယ်၏မျက်နှာကို မလွှတ်တမ်းစိုက်ကြည့်နေသည်။ ပြည့်ဝန်းငယ်က ငိုနေသည်။ နှုတ်ခမ်းတစ်လွှာမှာလည်း လှုပ်စိလှုပ်စိနှင့် တစ်ခုခုကို အားယူကာ ပြောနေသည်။

▣▣▣



## အခန်း (၉)

နံ့ကောင်ဘီးအနီရောင်လေးကို ခြံထဲ၌ ဖြစ်သလိုရပ်ထားခဲ့ပြီး အိမ်ထဲသို့ ဒေါသတကြီးဝင်လာသည်။

''မေမေ. . . မေမေ''

ထိုသို့အော်ခေါ်လိုက်သော်လည်း မေမေကား ထွက်မလာဘဲ မမတစ်ဦးတည်းသာ ထွက်လာခဲ့သည်။

''ဟဲ့! အော်ကြီးဟစ်ကျယ်နဲ့ ဘာဖြစ်လာတာလဲ။ မေမေမရှိဘူး၊ အပြင်သွားတယ်''

''မမ''

လက်သည်းဆိုးဆေးမခြောက်သေး၍ လက်ကို ပါးစပ်ဖြင့် တဖူးဖူးမှုတ်နေသော မမမိုးနှင်းလေကို စိုက်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်ဝန်းကိစ္စက ဘယ်လိုဖြစ်ရတာလဲ"

"ပြည့်ဝန်းက ဘာဖြစ်လို့လဲ"

"ဟန်ဆောင်မနေစမ်းပါနဲ့ မမရယ်၊ ဒါတွေ မမသိပါတယ်။ မမနဲ့အမေက တစ်လိုင်းတည်းပဲ"

"ဒါကို နင်သိရင်ပြီးတာပဲ၊ သိနေတာကို သိသလိုပဲထား။ ငါတို့ကိုမစော်ကားနဲ့။ ငါတို့ကြောင့် နင့်ဘဝက လူမွဲပြောင်နေတာ"

ထိုစကားလုံးကို သူမရင်နာသွားသည်။ အဖေက အစိုးရဝန်ထမ်းဖြစ်သည်။ အဖေ ရုတ်တရက်ဆုံးတော့ ဘာမှမလုပ်တတ်သောအမေက လုပ်တတ်သောအလုပ်နှင့် ငွေရှာခဲ့သည်။ စာညံ့သောမမကလည်း အမေနှင့်ဘဝတူဖြစ်ခဲ့ရသည်ကို သူမအသိပါ။ ထို့ကြောင့် စာသင်နေသောသူမက ကျောင်းပိတ်တိုင်း အဘိုးအဘွားတို့ရှိရာ ရန်ကုန်ဌသာ အချိန်ကုန်ခဲ့သည်မှာ အဖေမရှိတော့ကတည်းကဖြစ်သည်။

သူမဘဝတစ်ခု ကောင်းစားဖို့အရေး မမနဲ့အမေ၏ဘဝကို စတေးခံနေသည်မှန်းလည်းသိသည်။ ထို့အတွက် ပို၍စိတ်မကောင်းဖြစ်ရသည်။ သို့သော်. . .

"ဒါ သက်တို့မိသားစုကိစ္စပါ။ ပြည့်ဝန်းက ခုမှ ဒုတိယ





ှစ်ကျောင်းသူ။ မိဘတွေက ရိုးသားတဲ့တောင်သူတွေ။ သူ့ကိုတော့ မမတို့. . . မမတို့. . . ဟာကွာ"

"နင့်သူငယ်ချင်းက ငယ်တော့တဲ့ အူဝဲလေးမဟုတ်တော့ဘူး ကြင်နာသက်။ စကားပြောတာ ဆင်ခြင်၊ သူကိုယ်တိုင် ငွေရှာချင်တယ်ပြောလို့ ငါတို့က ထည့်ပေးလိုက်တာ။ ကောင်မစုတ်လေး။ ငွေဆယ်သိန်းပိုက်သွားပြီးမှများ ဘယ်သူ့ကိုအပြစ်ပုံချချင်နေတာလဲ"

သူမအံ့ဩသွားသည်။ ပြည့်ဝန်းက ငွေဆယ်သိန်းယူသွားတယ်၊ ရသွားတယ်ဆိုတာ သူမ မသိရိုးအမှန်ပါ။

"အမှန်ကလေ ကြင်နာသက်၊ နင့်စကားကို ငါရင်နာတယ်သိလား။ နင်နဲ့ငါက သုံးနှစ်ကြီးသုံးနှစ်ငယ်နော်။ ငါ ဒီအလုပ်ကိုလုပ်လာတာ သုံးနှစ်ပြည့်တော့မယ်။ ငါ ဒီအလုပ်ကို စလုပ်တုန်းက ငါ ငယ်သေးတယ်ဆိုပြီး နင်ပူပန်ခဲ့သလား။ နင်တော့ အမေကျော် ဒွေးတော်လွမ်းနေတယ်။ ငါလည်း မိန်းကလေးပါ။ ငါ့အဖေကလည်း အစိုးရဝန်ထမ်းပါ။ အမေကလည်း မျိုးကောင်းရိုးကောင်းထဲကပါ။ နင်က ငါ့ကိုတော့ မပူဘူးပေါ့ဟုတ်လား။ ငါကတော့ ညီမလေးဆိုပြီး ချစ်လိုက်ရတာ။ နင့်ကို အမေက အလုပ်ခိုင်းမှာစိုးလို့ လွှတ်လိုက်ရတဲ့ရန်ကုန်၊ နင်ကတော့ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



စော်ကားတယ်။ ငါတို့အမေကလည်း အမျိုးကောင်းသမီးပါပဲဟာ၊ ဘဝအခြေအနေမပေးလို့ ဒီဘဝရောက်နေရတာ။ ထမင်းဝမှ နင်မစော်ကားနဲ့''

မမက ခံစားချက်အပြည့်နှင့်ငိုရင်း ပြောနေသည်။ မမ၏စကားလုံးတွေက မှန်လွန်းနေ၍ သူမရင်ကို တဘုန်းဘုန်းဆောင့်ကန်သလို ခံစားရသည်။

''သက်ကရော ဒါတွေပြောနေရတာ ပျော်မယ်ထင်နေသလား။ ဒီလိုရလာတဲ့ငွေကိုသုံးနေရတာ လိပ်ပြာသန့်နေမယ်လို့ထင်သလား။ ဒီဘဝကြီးကိုလည်း မုန်းနေတယ်ဆိုတာ မမသိရဲ့လား''

''တိတ်စမ်း! ဒါကိုသိနေရင် နင့်ရင်ထဲမှာပဲထား။ လောကမှာ နင်တစ်ယောက်တည်း ခံစားတတ်တယ်ထင်နေသလား။ ငါတို့က နှလုံးသားမရှိဘူးများ ထင်နေသလားဟဲ့''

''သက်ကြောင့်ချည်းသက်သက် ဒီအလုပ်ကိုလုပ်နေရတယ်ဆိုရင် သက် သေပေးမယ်''

''သေဖို့မလိုဘူး၊ ပြားကပ်နေတဲ့ငါတို့ရဲ့ဘဝကိုသာ ဆင့်ပြီး နင်က အမြင့်ရောက်အောင်တက်စမ်း။ ငါတို့က လက်ခုပ်တီးပေးမယ့်လူတွေပါ''





သူမရင်ထဲ ထိရှနာကျင်သွားသည်။ အသက်အရွယ်မတိမ်းမယိမ်းဆိုပေမယ့် သူမကိုအချစ်ပိုခဲ့ပါသော မမရဲ့မေတ္တာကို ခံစားရသည်။ ဆယ်နှစ်သားအရွယ်က သူမခြေထောက်နာနေ၍ ကျောင်းကိုကျောပိုးပြီး ခေါ်သွားတတ်သည်မှာလည်း မမပါ။ အဖေ့၏လစာမလောက်၍ ဟင်းနည်းလျှင်လည်း မမတော့ ထမင်းချည်းများများစားပြီး ဝေစုဟင်းကို သူမထံ ထည့်ထည့်ပေးတတ်သည်မှာလည်း မမမိုးနှင်းလေပါ။

သူမ ရှိုက်ကြီးတငင်ငိုပစ်ချင်သည်။ သို့သော်လည်း ငိုသည့်အလုပ်ကို မလုပ်ချင်။ မျက်ရည်ကို ကြိတ်မှိတ်မြိုသိပ်ပြီး လက်စွဲတော်နှံကောင်ဘီးအနီလေးနှင့်သာ မြစ်ကမ်းစပ်ကို ထွက်လာခဲ့သည်။

ထိုင်နေကျမဟုတ်သော်လည်း ညောင်ပင်ကြီးအောက်ရှိ ခုံတန်းလျားလေးတွင် ထိုင်ဖြစ်သွားသည်။ လေက တဟူးဟူးတိုက်ခတ်နေသည်။ သူမမျက်ဝန်းမှမျက်ရည်တို့ စီးကျနေသည်။ သို့သော် ထိုမျက်ရည်များကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်းဖယ်ရှားပစ်လိုက်သည်။ သူမမျက်ရည်ကျ၍မဖြစ်ပါ။ ဘဝကြီးကို ထိုသို့အရှုံးပေးလိုက်လို့မဖြစ်ပါ။ အဖြေမရတဲ့အခြေအနေတိုင်း မျက်ရည်ကိုချကျွေးလိုက်လို့မဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကြင်နာတာတွေရယ်× × × ဟိုအဝေးကြီးမှာ× × × ဟိုအဝေးကြီးမှာ× × × နီးတော့မယ်× × × နီးတော့မယ်× × × ရောက်ပါပြီ× × ရောက်ပါပြီ× × × "

ငယ်စဉ်က ဆိုညည်းခဲ့သောသီချင်းလေးကို ရောက်တတ်ရာရာ ဆိုညည်းနေမိသည်။

လေအဝေ့တွင် ရင်ထဲ စိမ့်ခနဲချမ်းသွားသည်။ ညောင်သီးဝါလေးတစ်လုံးက ပြုတ်ကျလာ၍ ပင်မြင်ကိုမော့ကြည့်လိုက်သည်တွင် ကြွက်ကြွက်ညံ့နေသော စာပတီးတစ်သိုက်ကိုတွေ့ရသည်။

"မင်းတို့လည်း မိသားစုပဲထင်တယ်၊ ကောင်းပါတယ်။ မင်းတို့က အတောင်ပေါက်ရင် ဘယ်သူ့ကိုမှအားကိုးနေစရာမလိုတော့ဘူး။ ငါလည်း မင်းတို့လိုပဲဖြစ်ချင်တယ်။ မင်းတို့ကို အားကျတယ်"

"မင်းက တိရစ္ဆာန်နဲ့လည်း စကားပြောတာပဲလား"

သူမလန့်သွားသည်။ သူမပြောလိုက်တဲ့အသံလေးက ညည်းတွားရုံ ခပ်တိုးတိုးလေးပါ။ ဘယ်သူကများ ကြားသွားတာလဲ။

"ဟင်! "





အသံရှင်အား သူမလှည့်ကြည့်လိုက်သည်။ သူမအံ့သြသွားသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် လွန်ခဲ့တဲ့သုံးရက်က ဆုံခဲ့သည့်ကောင်ချောလေး။

"နင်. . . နင်"

"မြစ်ကြီးနားမြို့လေးက ကျဉ်းကျဉ်းလေးပဲ။ ဒီမြစ်ရယ်၊ စိမ်းမြရောဥယျာဉ်ရယ်၊ လက်ချိုးရေတွက်လို့ရတဲ့ စားသောက်ဆိုင်အချို့ရယ်၊ ကျိုးတို့ကျဲတဲဟိုတယ်တွေရယ်၊ မြစ်ပြင်ရယ်၊ ကရိန်နော်ရယ်၊ ဂျော်ဘွန်ရယ်၊ ဩော်. . . ရှိသေးတယ်၊ တရုတ်တောင်း၊ မြစ်ဆုံ. . . မြစ်ဆုံ၊ ဒါပဲထင်တယ်။ လမ်းတွေကလည်း တစ်နေ့လောက် ပတ်လိုက်တာနဲ့တင် နှံ့နေပြီ။ ပွဲစားတန်းကလည်း သေးသေး၊ ဘုတာကလည်း မြို့ပတ်ရထားဘူတာရုံသာသာ၊ တကယ်တမ်းတော့ ဘာမှမရှိဘူး။ ကဲ! စားလို့မကုန်နိုင်တာတော့ တိုင်းရင်းသားစားစရာတွေပဲ။ ရှမ်းစာ. . . ကချင်စာအပြင် တရုတ်စာပါ ပေါတယ်နော်"

သူဘာတွေလာပြောနေတာလဲ၊ ရထားပေါ်မှာ တွေ့တုန်းကတော့ စကားနည်းသလောက် အခုတော့ ဘာတွေလာပြောနေတာလဲ။

"ငါက မြစ်ကြီးနားဆိုတာ အကြီးကြီးမှတ်နေတာ၊ ဖား



www.burmeseclassic.com

www.burmeseclassic.com



ကန့်ဆိုတာရော ဒီလိုပဲလား။ ဓာတ်ပုံထဲမှာတော့ တောင်တန်းလှလှတွေပေါ်တယ်။ ပြော်. . . ငါကြိုက်တာတစ်ခုရှိသေးတယ်။ ဒီနေရာပဲ မြစ်ပြင်ရှိတယ်၊ ကမ်းပါးနက်ရှိတယ်၊ တိတ်ဆိတ်တယ်၊ ရန်ကုန်လို အတွဲမပေါ်ဘူး"

"နင် စကားတော်တော်များတာပဲ"

"ပြောချင်စိတ်ဖြစ်နေလို့ပါ"

"နင်ဘယ်တုန်းကတည်းက ဒီနားရောက်နေတာလဲ"

"ကြင်နာတာတွေ ဟိုအဝေးကြီးမှာ၊ အဲဒီမတိုင်ခင် ငိုလှလှမျက်ရည်တွေကို သုတ်နေတဲ့အချိန်ကတည်းက"

"ဘာကြောင့်အသံမပေးတာလဲ"

"နင်မှန်းတောင်မသိဘူး"

"တစ်ယောက်တည်းလား"

"နောက်တိုး ပါတယ်၊ သောက်စရာတစ်ခုခု သွားဝယ်နေလို့"

"ဟင်! နင်တို့ အရက်သောက်ကြမလို့လား"

သူမက ထိုသို့ပြူးတူးပြဲတဲဆိုတော့ သူက ပြုံးလာသည်။ သူမကို မထိတရိကြည့်သည်။

"ဒီကလူတွေက အမြဲအရက်ပဲသောက်နေကြလို့လား"





"မဟုတ်ပါဘူး၊ နင်က သောက်စရာဆိုလို့ပါ"

"Coat တို့၊ ရေသန့်တို့ အမျိုးမျိုးရှိတာပဲလေ"

သူမ ပါးချိုင့်လေးပေါ်အောင် ပြုံးမိသွားသည်။

"မင်းက မျက်နှာအမျိုးမျိုးပဲနော်၊ ခဏအတွင်းမှာ ငိုတယ်၊ ခဏအကြာမှာ ပြုံးနိုင်ပြန်တယ်"

"နင်ကရော စိတ်မထင်ရင် မထင်သလို ပြောပစ်တာပဲ မဟုတ်လား"

"ဘာပြောလို့လဲ"

"သူစိမ်းယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို မျက်နှာအမျိုးမျိုးပဲလို့ မပြောသင့်မှန်း မသိဘူးလား"

"အဲဒါက ခံစားစရာစကားလုံးလား"

"စိတ်ညစ်ပါတယ်ဆို ကောက်ရိုးထုံးကြီးနဲ့ လာတွေ့နေပြီ"

ပြောပြောဆိုဆိုပင် ထရပ်လိုက်တော့. . .

"ဟော့! သွားတော့မလို့လား"

"မသွားလို့ နင့်ဘေးမှာ ငုတ်တုပ်ထိုင်နေရမှာလား"

"အဲ့လို မထိုင်ရဘူးလား၊ ငါတစ်ယောက်တည်း ပျင်း



www.burmeseclassic.com

www.burmeseclassic.com



နေလို့''

''အံမယ်! လူကိုများ ဘာထင်နေသလဲ။ အတွဲလည်း မဟုတ်ဘာလည်းမဟုတ်''

''အတွဲမှထိုင်ရမယ်လို့ သတ်မှတ်ထားလို့လား''

''သတ်မှတ်ထားတယ်၊ ဒါက ရှင်တို့ရန်ကုန်မဟုတ်ဘူး။ ဒီနေရာမှာ ဒီလိုထိုင်နေရင် ကျိန်းသေပေါက် အတွဲပဲ''

''ဩော်. . . ဒီလိုလား''

ရပ်ထားသောနံ့ကောင်ဘီးပေါ်တက်ရန် ပြင်လိုက်သည်တွင် သူမဘေးသို့ ကားတစ်စီး ထိုးရပ်လာသည်။ သူမ ကားပေါ်သို့ စောင်းငဲ့ကြည့်လိုက်သည်။

နောက်တိုးဆိုသူဖြစ်၏။ ဒီအသက်ဒီအရွယ်နဲ့ PARADO ကို ကိုယ်တိုင်မောင်းနေတာတွေ့တော့ ခန့်တော့အခန့်သားပင်။ ကားပေါ်မှဆင်းလာသောနောက်တိုးပုံက သိပ်ကိုစမတ်ကျနေသည်ဟုထင်သည်။

''ဟင်! မင်း. . . မင်း ရထားပေါ်က''

နောက်တိုးက မျက်မှန်ကိုချွတ်ပြီး သူမကိုမှတ်မိသယောင် ဆိုလျှင် သူမက ပါးချိုင့်လေးပေါ်အောင် ပြုံးပြဖြစ်သည်။

''မှတ်မိသားပဲ''





ဟန်ဆောင်မှုမရှိ။ ရိုးရှင်းပုံလေးကို နောက်တိုး သဘောကျသည်။

''ဘယ်က ဘယ်လိုလုပ်''

''အများပိုင်နယ်မြေပဲ၊ လာချင်လာမှာပေါ့''

''မြစ်ကြီးနားက ကျဉ်းကျဉ်းလေးပဲနော်''

''ဒီစကားကြားရတာ ဒုတိယအကြိမ်မြောက်ပဲ''

''ဟမ်''

နောက်တိုးက နားမလည်ဟန်နှင့် ခပ်လှမ်းလှမ်းမှ မင်းနိုင်ကို ငွေကြည့်သည်။

''သူ့ကိုရော မှတ်မိသလား''

''အံမယ်! လူကို ဦးနှောက်မကောင်းဘူးများ မှတ်နေလို့လား''

''ဒါဆို ဒုတိယအကြိမ်တွေ့ဆုံခြင်းအနေနဲ့ ထိုင်ဦးလေ၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့''

ထိုသို့ရင်းနှီးဖော်ရွေစွာပြောတော့လည်း သူမစဉ်းစားရ ပြန်သည်။ ကိုလူချောကိုကြည့်သည်။ ပြီးနောက် ကိုညိုချောကို ကြည့်သည်။ ရုပ်ရည်လေးတွေက သန့်ပြန့်ပြီး အထက်တန်းကျကျနေတတ်ပုံနှင့် ထိုကောင်လေးနှစ်ယောက်ကို အလိုလိုယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ပြီးတော့ ထိုနှစ်ယောက်နဲ့ယှဉ်တွဲထိုင်ပါက သူမ သိက္ခာမကျနိုင်မှန်းသိ၍ ဆိုင်ကယ်အနီလေးကိုကျော်ခိုင်းပြီး စောစောက ခုံတန်းဆီသို့ ရောက်လာပြန်သည်။

"နောက်တိုးခေါ်တော့ အတွဲမဟုတ်တော့ဘူးလား"

ယောက်ျားကြီးတန်မဲ့ မဲ့ရွဲ့ပြောနေသောသူ့ကို မျက်စောင်းကြီးထိုးလိုက်မိသည်။

"ယောက်ျားလေးနှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်က အတွဲဖြစ်စရာလား"

"ဪ. . . ဒီလိုလား"

နောက်တိုးက သူမထံသို့ Coat တစ်ဘူးလှမ်းပေးသည်။ သူမ လှမ်းယူလိုက်သည်။ Coat သောက်စမရှိသော သူမက ကလစ်ကိုမဖွင့်တတ်၍ လက်သည်းနှင့်သာ အကြိမ်ကြိမ်ထိုးနေသည်။ ဒါကို ကိုရွှေချောက ရိပ်မိသွားသည်ထင်ပါရဲ့။ သူမလက်ထဲမှ Coat ဘူးကိုဆွဲယူပြီး လွယ်ကူစွာဖွင့်သည်။ ပြီးနောက် သူမထံသို့လှမ်းပေးသည်။

"ဘယ်မှာနေတာလဲ"

"မြို့သစ်ကြီးမှာ"

"ဟာ! အဲဒါဆို ငါတို့နဲ့သိပ်မဝေးဘူးဘဲ။ ငါတို့က မြေ





ပြင့်မှာနေတာ"

"ဪ"

"အိမ်လာလည်လို့ရသလား"

နောက်တိုးက ထိုသို့ဆက်ပြောလျှင် သူမမှာ ဆွံ့အသွားသည်။ တကယ်တော့ သူမအိမ်ကို သူမခင်သောသူများ မလာစေချင်ပါ။ သူမတစ်သက်လုံးတွင် အိမ်သို့ ပြည့်ဝန်းငယ်တစ်ယောက်သာ ခေါ်ခဲ့ဖူးသည်။ သူမခေါ်မိလို့ ယခု ပြည့်ဝန်းငယ် ဘဝပျက်ရပြီလေ။

"မရဘူး"

"ဟွန်း! ပွင့်လင်းလိုက်တာ၊ ဟန်ကိုမဆောင်တော့ဘူး။ ငါတို့ကြားဖူးသမျှတော့ တောင်ပေါ်သူတွေဟာ ဖော်ရွေတယ်၊ အိမ်ကိုအလည်ဖိတ်ပြီး ထမင်းကျွေးတယ်ဆို"

နောက်တိုးက ငယ်ကတည်းကခင်ခဲ့သူပမာ ရင်းရင်းနှီးနှီးပြောလာသည်။ နောက်တိုးဘဝတွင် လူတစ်ယောက်ကို ဒီလိုရင်းနှီးဖူးသည်မှာ သူမတစ်ယောက်တည်းက ပထမဆုံးပါ။ ပင်းနိုင်ငံနဲ့တောင် တစ်အိမ်တည်းနေပါလျက်နှင့် ငါးလကြာမှ ရင်းနှီးခဲ့သည်လေ။ ဒါတောင် ယောက်ျားချင်း။ ယခုတော့ သူမနဲ့မှာရိပိုင်းအတွင်း ရင်းနှီးသလိုခံစားရသည်။ ဟန်ဆောင်မှုမရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားပွင့်လင်းမှုရဲ့ရောင်ပြန်ဟပ်မှုကြောင့်များလား။

"ဘာကြောင့်လဲ၊ ငါတို့ကိုမရိုးသားဘူးထင်လို့လား"

ကိုရွှေချောက ထိုသို့တည့်တည့်ကြီးဆိုလာပြန်တော့ သူ၊ အပြောရကျပ်သွားသည်။ သို့သော် တောင်ပေါ်သူမို့ ခပ်ရှင်းရှင်း ပင်။

"မဟုတ်ဘူး၊ သက်အိမ်က ရှင်တို့မလာသင့်တဲ့နေရ မို့ပါ"

"သက် . . . ဟုတ်လား၊ မင်းနာမည်က 'သက်'လာ၊"

"ကြင်နာသက်ပါ"

"ဩော် . . . အခုမှသတိရတယ်၊ မိတ်ဆက်ရဦးမယ်၊ ငါက နောက်တိုး၊ သူက မင်းနိုင်ငံတဲ့"

"ဩော် . . . အင်း"

"နေစမ်းပါဦး၊ ငါတို့မလာသင့်တဲ့နေရာဆိုတော့ မင်၊ အိမ်က ဘာဖြစ်နေလို့လဲ"

ကိုရွှေချောက မျက်နှာနီနီနှင့် ဒေါသဖြစ်သယောင်း၊ သည်။

"မလာသင့်တဲ့နေရာဆိုတာ အမှန်ပဲ၊ ဒီ့ထက်ပိုပြီးတေ၊ ဘာမှမပြောတတ်ဘူး၊ နင်တို့ကိုကြည့်ရတာ ချမ်းသာပြီး အထ၊





တန်းကျပုံပဲ၊ နင်တို့က ငါနဲ့စကားပြောတာတင် နင်တို့သိက္ခာကျ နိုင်တယ်၊ ကဲ! သွားပြီ"

"နေဦးလေ၊ မင်းစကားက ဘာလဲ"

"ကိုယ့်အခြေအနေကိုယ်သိဆိုတဲ့သဘောပဲ၊ နင်တို့ကို ခင်မိလို့ စေတနာတွေနဲ့ပြောနေတာ"

"ခင်ပါတယ်ဆိုတဲ့လူတွေကို အဲဒီလိုပဲ ပစ်ပစ်ခါခါဆက် ဆံတာ မင်းရဲ့စရိုက်လ်လား"

"ထင်ချင်သလိုသာထင်၊ နောက်လည်းတွေ့မှာမှမဟုတ် တာ"

ထိုသို့သာ ခပ်ပြတ်ပြတ်ပြောပြီး ဆိုင်ကယ်အနီလေးကို စက်နှိုး၍ မောင်းထွက်သွားသောသူမကျောပြင်ကို နောက်တိုးနှင့် မင်းနိုင်ငံက အမှတ်တမဲ့ငေးကြည့်နေဖြစ်သည်။

"ဘယ်လိုဟာလေးလဲ"

"ပထမဆုံးပဲ နောက်တိုးရေ၊ ငါတို့ကို မိန်းကလေးတွေ က အဲဒီလိုထီမထင်ဆက်ဆံခံရတာ ပထမဆုံးပဲ"

"ဘယ်လိုခံစားရသလဲ"

"မခံချိမခံသာပေါ့ကွာ"

"သူပြောသွားသလိုပဲ၊ နောက်လည်းတွေ့မှာမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာကွာ။ မေ့လိုက်စမ်းပါ''

''မဟုတ်ဘူး၊ ထပ်တွေ့ဦးမှာ''

''ဘယ်လိုတွေ့မှာလဲ၊ ဖူးစာရေးနတ်မင်းက မျက်စိ...ပြီး ပေးတွေ့မယ်ထင်လို့လား''

''မမြင်ရတဲ့ဖူးစာရေးနတ်ကို ငါမတမ်းတဘူး။ သူ့ဆို...ကယ်နံပါတ်ကို ငါမှတ်ထားတယ်''

''ရှူးပဲ့ကွာ၊ ဝစ်သောက်တွေ ဒီလောက်အောတိုက်...နေတာ။ နံပါတ်က အစစ်ဖြစ်ပါ့မလား''

''မရှူးပါနဲ့ကွာ၊ အစစ်ပါ။ ဒူးကာမှာ ကပ်ထားတဲ့လိုင်...ကပ်ကို မတွေ့လိုက်ဘူးလား''

''ရောဂါပဲ''

''မရတော့ဘူး။ ငါ သူ့အိမ်ကိုစိတ်ဝင်စားသွားပြီ''

''မသွားသင့်ဘူးလို့ပြောသွားပြီပဲ။ မသွားတာ အကော...ဆုံးပဲပေါ့ကွာ''

''ဒါက ပဟေဠိလေ၊ ပြီးတော့ စိတ်ဝင်စားမယ်။ ဖိ...ကလေးတစ်ယောက်က ငါတို့ရှေ့မှာ ကိုယ့်ကိုယ်ကိုနှိမ်ချပြီး...တာ ကြားဖူးတာ ပထမဆုံးပဲ။ မင်းရော စိတ်မဝင်စားဘူးလာ...''

''စားသွားပေါ် လမ်းလျှောက်နေရသလိုပဲ၊ ရှုမှန်းသိ...





...ည်း သွားချင်တယ်''

''အရှုမခံချင်ရင် သံမဏိဖိနပ်ဝတ်ပေါ့ကွ''

နောက်တိုး သက်ပြင်းချမိသည်။ မင်းနိုင်ငံဆိုတဲ့ကောင်...က လုပ်မယ်ဆိုရင် ကျိန်းသေပေါက်လုပ်တတ်မှန်း သိနေ၍ဖြစ်...ည်။ ဘယ်တတ်နိုင်မလဲ၊ သူက သူ့ငွေရဲ့တစ်ဦးတည်းသော...ားပဲ၊ လုပ်သမျှမသင့်ဘူးဆိုတာ ရှိပါဦးမလား။

◻◻◻



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဘယ်လိုဖြစ်လာတာလဲ၊ ခေါင်းငိုက်စိုက်နဲ့။ အသွား ဂုန်းကနဲ့မတူပါလားကွ"

ဂိမ်းနိုပ်ရင်း ရယ်ကျဲကျဲနောက်လိုက်သော်လည်း မင်း ိုင်ငံက အထူးငြိမ်သက်နေသည်။ မျက်ခုံးနှစ်ခုကို တွန့်ချိုးပြီး ူးကြောကို ရှုံ့ထားသောမင်းနိုင်ငံကြောင့် ရီမုန်ကိုချပြီး. . .

"ဘာဖြစ်လာတာလဲ"

"မြို့သစ်ကြီးကိုရောက်ခဲ့တယ်"

"ဘာသွားလုပ်တာလဲ"

"ကြင်နာသက်. . . သူ့အမေက မကောင်းတာလုပ်စား ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်!"

နောက်တိုးမှာ မထင်မှတ်ဘဲ ကြားလိုက်ရတဲ့စကားလုံးကြောင့် မှင်တက်သွားသည်။ တစ်ပတ်မျှကြာသွားပြီမို့ ထိုကိစ္စကို မင်းနိုင်ငံ မေ့လောက်ပြီဟုထင်ခဲ့သည်။ နောက်တိုး အံ့ဩသည်။ မင်းနိုင်ငံက ထိုကိစ္စသေးသေးလေးကို ပုံကြီးချဲ့နေ၍ မယုံကြည်နိုင်ဖြစ်ရသည်။ ပြီးတော့ ပိုပြီးမယုံကြည်နိုင်ဖြစ်ရသည်က မျက်လုံးလေးဝိုင်းဝိုင်းနှင့် ပွင့်လင်းရိုးသားသော ကြင်နာသက်ရဲ့အမေက ထိုသို့လုပ်စားသောကြောင့်ဖြစ်သည်။ မသေချာတဲ့စကားတစ်လုံးကို လွယ်လွယ်မပြောတတ်တဲ့မင်းနိုင်ငံကို သူယုံသည်။ သေချာ၍သာ မင်းနိုင်ငံက ထိုသို့ပြောလာသည်ပေါ့။

"ငါ သူ့ကိုသနားတယ်"

"ဟမ်"

ထပ်မံ၍အံ့ဩရပြန်သည်။ ဘာကိစ္စသနားတာလဲ။ သနားတယ်ဆိုတဲ့စကားလုံးမျိုးက အေးစက်မာကျောသည့်မင်းနိုင်ငံရဲ့ပါးစပ်က ထွက်ရိုးထုံးစံရှိလို့လား။

"သူ့ရဲ့ရိုးသားမှုကို ငါအသိအမှတ်ပြုတယ်"

ထိုမျှအထိပြောလာသောအခါ အန္တရာယ်အငွေ့အသက်ကို နောက်တိုး စတင်ရှူရှိုက်လိုက်ရသည်။ မင်းနိုင်ငံ၏အပေ





စိန်ရွှေရတနာဆိုင်ကြီးရှင် ဒေါ်မင်းမင်းမြတ်ရဲ့ တင်းထန်မာကျောသည့်စိတ်ကို တစ်အိမ်တည်းနေတဲ့နောက်တိုး အသိဆုံးပါ။ သူ့ကိုတောင် မင်းနိုင်ငံအတွက် အဖော်ဖြစ်စေလိုခြင်းအလို့ငှာ ခေါ်ထားပြီး မင်းနိုင်ငံ၏ကွယ်ရာတွင် ကိုယ့်အဆင့်နဲ့ကိုယ်နေရမည်ဟု အတန်တန်ပြောဆိုနေသူ။ မင်းနိုင်ငံနှင့်သူငယ်ချင်းဆိုပြီး ပရောမရှိနေလျှင် မနှစ်သက်သူ။ ခက်ထန်မာကျောပြီး တစ်ယူသန်သောမင်းနိုင်ငံ၏စိတ်ဓာတ်ကို မြေဩဇာထည့်ပေးနေသူ။ နဂိုက မာနမရှိသောမင်းနိုင်ငံ၏စိတ်ကို မာနတရားတွေ ထည့်ပေးနေသူ။ အဆင့်အတန်းခွဲခြားမှုဝါဒကို အစွန်းရောက်ဖက်တွယ်သူ။ ဒေါ်မင်းမင်းမြတ်ကို နောက်တိုးက မြင်ယောင်မိ၏။

"တစ်ခါတစ်ခါမှာ ရိုးသားမှုလက်နက်က ကြောက်စရာအကောင်းဆုံးပဲ"

"အဲဒီလက်နက်က ငါ့ရင်ကို လာမှန်နေပြီ"

နောက်တိုး၏ကျောထဲ စိမ့်ခနဲအေးသွားသည်။ ဒီနေ့မထင်မှတ်တာချည်း ဆက်တိုက်ကြားနေရပါလား။

"မနေ့က ငါ တစ်နေကုန် သူ့နောက် လိုက်ကြည့်နေတယ်"

ဩော်. . . ဒါကြောင့် မင်းနိုင်ငံ မနေ့တုန်းက တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပျောက်နေခဲ့သည်ကို။ သူကတော့ မင်းနိုင်ငံ၏အဖေ ဦးဒေဝါ ရဲ့မိတ်ဆွေအချို့နှင့် မင်းနိုင်ငံသွားတွေ့နေသည်ဟုထင်နေသည်။ အခြားနေရာကိုသွားရင် မင်းနိုင်ငံက သူ့ကိုအမြဲခေါ်သွားလေ့ရှိသော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးလောကထဲသို့ မိဘများ၏ဆွဲသွင်းမှုကြောင့် ရောက်ရှိစပြုနေတဲ့မင်းနိုင်ငံက အလုပ်ကိစ္စသွားလျှင်တော့ သူ့ကို ရံဖန်ရံခါမှသာ ခေါ်သွားတတ်သည်။

အကြောင်းပြချက်ကတော့ 'ငါကတော့ အိမ်ကစီးပွားရေးမှ ထားပါတော့၊ မင်းက ဘာကြောင့်အပင်ပန်းခံရမှာလဲ' တဲ့။ 'နေလို့ရတုန်း အေးဆေးနေစမ်း' တဲ့။ ဒါ မင်းနိုင်ငံရဲ့ သူ့အပေါ်ထားတဲ့စေတနာဟုထင်သည်။ မင်းနိုင်ငံက သူ့အပေါ် သူများနှင့်မတူသော ဆက်ဆံရေးရှိသည်ဟု သူခံစားမိသည်။ လူတကာက ဖူးဖူးမှုတ်ထားတဲ့ မင်းနိုင်ငံ၏အရေးပေးဆက်ဆံရခြင်းကို ခံရ၍ သူပျော်သည်။ ကျေနပ်သည်။ သူကိုယ်တိုင်ကလည်း မင်းနိုင်ငံကို ညီလိုအစ်ကိုလို သူငယ်ချင်းလို ခင်မင်သည်။ နှုတ်မှဖွင့်မပြောသော်လည်း မင်းနိုင်ငံလည်း သူ့လိုပဲ သူ့ကိုခင်မင်နေသည်ဟု ထင်သည်။

"သူဌေးရဲ့ပါတနာနဲ့သွားတွေ့မယ်ဆိုတာရော ရောက်ဖြစ်ရဲ့လား"





သူဌေးဆိုသည်မှာ မင်းနိုင်ငံ၏ဖခင် ဦးဒေဝါတိုးကို ရည်ညွှန်းခြင်းဖြစ်သည်။ လူယုံတော်ရဲ့သားကို တရားဝင်မွေးစားထားလို့ မိမိကလည်း သားတစ်ယောက်မည်သော်ငြား သူဌေးကတော်ဒေါ်မင်းမင်းမြတ်ပြောသလို ကိုယ့်နေရာကို ကိုယ်သိရမည်မဟုတ်လား။ ထို့ကြောင့်ပင် အများခေါ်သလို သူဌေး၊ သူဌေးကတော်ဟု နှုတ်စွဲခဲ့သည်။ မင်းနိုင်ငံကိုတော့ အစ်ကိုလေးဟု အများလိုမခေါ်ဖြစ်ပါ။ မင်းနိုင်ငံကလည်း သူထိုသို့ခေါ်လျှင် လိုလားမည့်သူမဟုတ်ပါ။ သို့သော် ကြိုက်မကြိုက်ဆိုတာမျိုးတော့ ထိုအသေးအမွှားကိစ္စလေးကို စကားထဲထည့်ပြောနေမည့်သူမဟုတ်။ သူကပဲ အရိပ်အကဲကြည့်ပြီး ခေါ်ပြောနေထိုင်တတ်ရမည်လေ။

"အင်း. . . သူ့ဆီကအပြန် ကြင်နာသက်ရဲ့အိမ်ကို ဖြတ်လာတာ"

"ဘယ်အချိန်က သိလိုက်တာလဲ"

"မခက်ပါဘူးကွာ"

သူသိတာပေါ့။ မင်းနိုင်ငံလိုလူတစ်ယောက်အတွက် ဒီမြို့ကျဉ်းကျဉ်းလေးမှာ လူတစ်ယောက်ကိုရှာရမခက်မှန်း သူသိတာပေါ့။ သူအံ့ဩတာက မင်းနိုင်ငံရဲ့စိတ်ကိုပါ။ လက်ဖြောက်တစ်ချက်တီးလိုက်တာနဲ့ ဂုဏ်သရေရှိမိန်းမလှလေးတွေ ဝိုင်းအုံ



www.burmeseclassic.com

www.burmeseclassic.com



လာမည့် မင်းနိုင်ငံရဲ့အရှိန်အဝါက ဘာကြောင့် မကောင်းတဲ့အိမ်က မိန်းကလေးကိုမှသွားပြီး. . .

"သူက စိတ်ရင်းကောင်းတယ်"

"ဘယ်လိုလုပ်သိတာလဲ"

"သူ ဘုရားကျောင်းထဲဝင်သွားတယ်၊ သူ ခရစ်ယာန်ဘာသာဝင်ဖြစ်နေမှာကို ငါစိုးရိမ်သွားတယ်။ တကယ်တော့ ငါက ငါနဲ့အတူ ဗုဒ္ဓဘာသာဖြစ်စေချင်နေတာလေ။ ဆန္ဒပြည့်သွားတယ်၊ သူက ခရစ်ယာန်မဟုတ်ဘူး။ မိဘမဲ့ကလေးတွေကို စောင့်ရှောက်ပေးထားတဲ့ စခန်းတာနဲ့သွားတွေ့တာ။ သူ့ဆိုင်ကယ်နောက်မြီးမှာ ပုံးကြီးတင်ထားတယ်။ အဲဒါပေါင်မုန့်တွေ၊ ကလေးတွေကို တစ်ခုစီဝေတယ်။ ပြီးတော့ ကလေးတွေနဲ့အတူ ဆော့နေတယ်။ တကယ့်ယုန်ဖြူလေးအတိုင်းပဲ။ သူ့ကိုကြည့်ရင်း ငါတောင်ပျော်လာသလိုပဲ၊ ငါကြည့်နေတာကို သူမသိခင် ပြန်လာခဲ့တယ်။ တစ်လမ်းလုံး သူ့အပြုံးချည်း ကြီးစိုးနေတယ်။ ငါ့ကိုယ်ငါ ပြန်ဆန်းစစ်တယ်၊ ငါ သူ့ကိုချစ်မိပြီထင်တယ်"

"ဟာ! မဟုတ်တာ"

နောက်တိုးမှာ စဉ်းစားချိန်ပင်မယူတော့ပါဘဲ ငြင်းပစ်လိုက်သည်။





"ဘာမဟုတ်တာလဲ"

"မဖြစ်နိုင်ဘူး၊ စဉ်းစားပါ မင်းနိုင်ငံ"

"ဟာ! ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ငါသူ့ကိုချစ်တယ်လေ။ သေချာနေပြီ၊ ဘာမှစဉ်းစားစရာမလိုတော့ဘူး"

မင်းနိုင်ငံ၏ပါးစပ်မှ ချစ်တယ်ဆိုသောစကားလုံးမျိုးကို သူမကြားဖူးခဲ့ပါ။ မိန်းမလှလေးတွေကိုရင်ခုန်ဖို့မပြောနှင့်၊ ခပ်ဟဟပင် ပြုံးမပြဖူးတဲ့မင်းနိုင်ငံ၏အကျင့်ကို သူအသိဆုံးပါ။ ဒီလိုလူမျိုးက အချစ်အကြောင်းပြောလာပြီဆိုတော့ ဒါအပြောင်အပျက်ပြောတာမဟုတ်မှန်း သူသိသည်။ ဒါကြောင့် ပို၍စိုးရိမ်သွားခြင်းဖြစ်သည်။

မင်းနိုင်ငံက လိုတရမင်းသားတစ်ပါးမို့ လူမှုနယ်ပယ်မှ လူမှုရေးအဆင့်အတန်းကွာဟချက်တွေကို အလေးမထားဘူးဘဲထား။ ဘဝထဲကလာတဲ့လူက ဖြစ်လာမယ့်အကျိုးဆက်များကို ကွင်းကွင်းကွက်ကွက်မြင်နေပါပြီ။ သူတားရလိမ့်မယ်၊ မဖြစ်သင့်တာတွေ ဖြစ်မလာအောင် သူငယ်ချင်းကောင်းပီပီ တားရပါလိမ့်မယ်။

"စဉ်းစားစရာလိုတယ် မင်းနိုင်ငံ၊ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။ ဘယ်လိုမှမဖြစ်နိုင်ဘူး။ ရောဂါမရင့်သေးခင် မေ့လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသဘောလဲ၊ ငါ့ကိုအမိန့်ပေးချင်တာလား"

"မင်းလိုကောင်မျိုးကို ငါက ဘယ်လိုလုပ်အမိန့်ပေးနိုင်မှာလဲ။ ငါက အခုပြောနေတာ သူငယ်ချင်းတစ်ယောက်အနေနဲ့ ပြောနေတာ။ မင်းအမေအကြောင်း မင်းအသိဆုံးပါ။ အိမ်အကူ မပြောနဲ့၊ ရုံးဝန်ထမ်းနဲ့တောင် အဆင့်အတန်းခွဲခြားဆက်ဆံတတ်တာ ကြင်နာသက်နဲ့ ပိုမဖြစ်ဘူး"

"ဖြစ်တာမဖြစ်တာငါမသိဘူး ဟေ့ကောင်၊ သွေးကြောင်မနေစမ်းနဲ့။ စစ်မရောက်ခင် မြားမကုန်ချင်နဲ့"

"မင်းအမေအကြောင်း ငါ့ထက် မင်းက ပိုသိပါတယ်။ မင်းသာ ကြင်နာသက်လိုအဆင့်မျိုးကို ကြိုက်နေပြီဆိုမှတော့ ကြင်နာသက်တို့မိသားစု အဆင်ပြေမယ်ထင်နေသလား"

"မေမေက နတ်သိကြားမို့လား၊ ဘာလုပ်နိုင်မှာမို့လဲ။ အလကားပါကွာ. . . ဟားဟား. . . မေမေမသိခင် ငါတို့က ရည်းစားတွေဖြစ်သွားမှာပေါ့"

"မဟုတ်သေးဘူး မင်းနိုင်ငံ၊ ငါကိုယ်တိုင်ကလည်း ဒီကိစ္စမှာ မင်းကိုအားမပေးနိုင်ဘူး"

"ဘာကြောင့်လဲ၊ သူ့အမေက မကောင်းတဲ့မိန်းမမို့လား"

"သိနေတာပဲကွာ၊ သိရင် ဆင်ခြင်ပေါ့"





"သူ့အမေ လုပ်တာလေ၊ သူလုပ်တာမှမဟုတ်တာ။ မင်းကလည်းကွာ၊ အတွေးခေါင်လွန်းပါတယ်။ မောင်ပြာက မောင်ဖြူမဟုတ်ဘူးလေကွာ၊ ခွဲခြားမြင်စမ်းပါ။ ငါတော့ ဒီကောင်မလေးနား ချဉ်းကပ်မယ်၊ နတ်ရေးတဲ့ဖူးစာကို ခြစားတော့ မခံနိုင်ဘူး။ မင်းပဲစဉ်းစားကြည့်လေ၊ သန်းပေါင်းများစွာရှိတဲ့လူတွေထဲမှာမှ မြားနတ်မောင်က သူနဲ့ငါ့ကိုမှရွေးပြီး မကြာခဏ တိုက်တိုက်ဆိုင်ဆိုင်ဆုံပေးနေတာ ဘယ်လိုလုပ် ရှောင်လွှဲလို့ကောင်းတော့မလဲ"

သူစိတ်ပျက်သွားသည်။ ဒီပုံအတိုင်းဆိုရင် မင်းနိုင်ငံကို နားချ၍မရတော့မှန်းသိသွားသည်။ နားချ၍မရမှတော့ ကူညီရုံပေါ့။ ကူညီဖာထေးရုံအပြင် ဘာရှိတော့မှာလဲ။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဟိတ်!"

အိမ်ရှေ့စံပယ်ပန်းရုံများကို ကြင်နာသက်က ရေလောင်း…စဉ်တွင် လူနှစ်ယောက် ဘွားခနဲပေါ်လာ၍ ကြင်နာသက်မှာ …ရှုံ့ဖြန့်တုန်ယင်သွားသည်။

"ဟင်! နင်တို့"

အံ့ဩသွားသည်။ ထပ်တွေ့လိမ့်မယ်ဟု ထင်မထားတဲ့ …ပွတွေ။

"ဘာလဲ၊ သရဲနဲ့တူလို့လား"

"ဘယ်က ဘယ်လို ရောက်လာကြတာလဲ"

"မင်းရဲ့စကားမှားနေကြောင်း သက်သေလာပြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့စကား. . . ဟုတ်လား"

"နောက်ထပ်မတွေ့ဘူးဆို"

"သြော်"

"အိမ်ထဲဝင်ဖို့မပြောတော့ဘူးလား"

"မပြောတော့ဘူး"

"အိုး. . . ဟိုးဟိုး. . . ပွင့်လင်းလှချည်လား"

"အံ့သြစရာပဲနော်၊ ဒါရောဆို မထင်မှတ်ဘဲတွေ့တာ သုံးကြိမ်ဖြစ်သွားပြီ"

"သုံးကြိမ်ဆိုရင် တိုက်ဆိုင်တာမဟုတ်တော့ဘူး။ ဂါ ကြမ္မာက စီစဉ်ပေးတာတဲ့"

ကိုရွှေချောက တွေ့စကနှင့်မတူအောင် ခပ်ရဲရဲပြောလ သောအခါ ရင်မခုန်ရသေးတဲ့သူမရင်အစုံမှာ တဘုန်းဘုန်းရိုက် ခတ်လာသည်။ ကိုလူချောဘေး၌ ကိုညိုချောကတော့ ခါတိုင်းနှ မတူအောင် မျက်နှာကြီးသုန်မှုန်နေသည်။ သူမအိမ်ထဲ မခေါ်လို့ များလား။ ညှော်ဝတ်မကျေဘူးဆိုပြီး မကြည်မလင်ဖြစ်နေတာလား

"ဟော! ညှော်သည်တွေရောက်နေတာပဲ"

သူမစိတ်ညစ်သွား၏။ သူတို့နောက်မှ ကားအကောင် စားကြီးကိုမြင်ပြီး မေမေက မျက်လုံးကျယ်သွားမှာကို စိုးကြော





နေမိသည်။

"သမီးငယ်လေး သူငယ်ချင်းတွေလား"

သူတို့ကိုမြန်မြန်ပြန်သွားစေချင်သည်က သူမရဲ့ဆန္ဒမှန် ပါ။ ဖြစ်နိုင်လျှင် သူတို့နှင့်မေမေ့ကို ပေးမသိချင်ပါ။ ချမ်းသာ သောသူတို့နှင့်မေမေက သိသွားလို့မဖြစ်ပါ။ သူမအမေအကြောင်း သူမသာ အသိဆုံးဖြစ်သည်။ ငွေမြင်လျှင် ဘယ်အရာကိုမှ ဂရု မစိုက်နိုင်တော့သူဖြစ်သည်။ ဒါက မေမေ့ကိုအပြစ်ပြောလို့တော့ မဖြစ်ပါ။ မေမေ့ဘဝဖြတ်သန်းမှုက နုံချာခဲ့၏။ ဖေဖေ့ရဲ့မလောက် ငလစာလေးနဲ့ အရှက်မပေါ်ရုံတမယ် ဖုံးဖိနေရသည့်သူမတို့ဘဝ ကောက်ကြောင်းက မလှပခဲ့ချေ။

ဖေဖေဆုံးပြီးမှ ငွေရလွယ်တဲ့အလုပ်ကို ရရှိလာသော မေမေက ငွေမျက်နှာသာကြည့်တတ်ပြီး တငွေတည်းငွေနေတာ က မြောက်များစွာသောလူ့သဘာဝတွေထဲမှ တစ်ခုမို့ အဆိုးကြီး တော့ မပြောလိုပေ။ ဒါကြောင့်ငွေရှိသောသူတို့နှင့် ငွေမက်သော မေမေနှင့် မဆုံစည်းစေချင်တာက သူတို့အပေါ်ထားတဲ့ သူမရဲ့ စေတနာအရင်းခံပါ။

သို့သော် နောက်ကျသွားပြီလေ။ မေမေက သူတို့၏ကား ကိုလည်းကောင်း၊ သန့်ပြန့်ကြည်စင်သော သူတို့၏ရုပ်ရည်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း တွေ့ရှိသွားပြီဖြစ်သည်။ အိမ်ပေါက်ဝ၌ ရပ်နေသောမေမေက သကာရည်လူးထားသောမျက်နှာနှင့် သူမတို့နား ကပ်လာသည်။

"လူချောလေးတွေပဲ၊ အိမ်ထဲဝင်ကြလေ။ သမီးငယ်လေးက ဧည့်သည်တွေကို အိမ်ထဲမခေါ်ဘူးလား"

"မခေါ်တော့ဘူးမေမေ၊ သူတို့ပြန်တော့မှာပါ။ ပြီးတော့သက်နဲ့သူတို့နဲ့မခင်ပါဘူး"

သူမပြောတဲ့စကားက သူတို့အတွက် အောင့်သက်သက် ဖြစ်သွားသော်လည်း သူမရဲ့စေတနာကို သူတို့သိမြင်ခံစားလိုက် ရသည်။ ထိုခံစားချက်က သူမအပေါ် သူတို့ရဲ့စိတ်တွေကို ပို၍ နက်ရှိုင်းသွားစေသည်ဆိုတာ ကာယကံရှင်တွေ သိကြလိမ့်မည် မဟုတ်ပေ။

သူမရဲ့တုံးတိတိစကားကြောင့် ဒေါ်ထားစံမှာ ယောင်နနဖြစ်သွားသည်။

"တွေ့ဖူးတာတော့ သုံးကြိမ်ရှိပြီ။ ဒါပေမဲ့ သူက ကျွန်တော်တို့ကိုမခင်သေးဘူး"

မကောင်းတဲ့မိန်းမတစ်ယောက်ဆိုတာကို သိသော်ငြားလည်း သူမရဲ့အမေမှ ယဉ်ယဉ်ကျေးကျေးပင် ပြောဆိုမိသည်။





မင်းနိုင်ငံက ထိုသို့ပြောတော့ နောက်တိုးက မင်းနိုင်ငံကိုမယုံကြည်နိုင်စွာ အံ့ဩသွားသည်။ မင်းနိုင်ငံဆိုတဲ့ကောင်က စကားကိုအဆင်ပြေအောင် လိပ်ပတ်လည်သည်အထိ ပြောဆိုတတ်သူမဟုတ်ပါချေ။ ဒေါ်မင်းမင်းမြတ်၏သားပီပီ စကားပြောသည်မှာ အထက်စီးဆန်လှသည်။ မိမိစကားကြောင့် လူတစ်ဖက်သား ဘယ်လိုခံစားသွားရမလဲဆိုတာ စဉ်းစားချင့်ချိန်သူမဟုတ်ပါ။

နောက်တိုး မှတ်မိနေသေးသည်။ မိမိတို့ထက် ဆယ့်ငါးနှစ်မျှကြီးသော ဦးရွှေလူကို မင်းနိုင်ငံက မျက်စိမျက်နှာမထောက် ပြောပစ်ခဲ့ဖူးသည်။ ဦးရွှေလူသည် မင်းနိုင်ငံငယ်စဉ်ကတည်းက မင်းနိုင်ငံနား တစ်ချိန်လုံးနေပြီး ထိန်းကျောင်းခဲ့သည်။ နို့ထိန်းမိခင်နီးနီးပင် မင်းနိုင်ငံအပေါ် သံယောဇဉ်ကြီးသူဖြစ်သည်။ မင်းနိုင်ငံတွင် ကွန်ပျူတာသုံးလုံးရှိသည်။ Apple တံဆိပ်ကွန်ပျူတာကို ကျောင်းသွားလျှင် ယူသွားလေ့ရှိသည်။

တစ်နေ့ ကျောင်းသွားသောအခါ ကွန်ပျူတာမေ့ကျန်ခဲ့၍ ဦးရွှေလူကိုအယူခိုင်းလိုက်သည်တွင် အင်္ဂလိပ်စာအားနည်းသောဦးရွှေလူက Apple တံဆိပ်မဟုတ်ဘဲ Acer တံဆိပ်ကိုပွေ့ပြီး ဆင်းလာသည်တွင် မင်းနိုင်ငံက စိတ်တိုသွားပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စာမတတ်ဘူးလား၊ ကျွန်တော့်နားမှာနေလာတာလည်း အိုသေတော့မယ်။ ဘယ်အချိန်မှာ ဘာသုံးတတ်သလဲဆိုတာ ခုထိမသိသေးဘူးလား။ ဒီလောက်မှနားမလည်ရင် အိမ်ထဲမှာမနေနဲ့။ ဟိုးဂိတ်ပေါက်ကိုသွားစောင့်။ နံ့တယ်ဆိုလည်း အကန့်အသတ်တော့ရှိရမှာပေါ့။ ဘယ်လိုဟာမျိုးလဲမသိဘူး"

အခြားအလုပ်သမားတွေရှေ့ မျက်စိမထောက် မျက်နှာမထောက်ပြောခဲ့၍ ဦးရွှေလူမှာ သုံးရက်လုံးလုံး မျက်နှာမလုခဲ့ချေ။ ဒါလေးမှားတာကို ဒီလောက်ကြီးပြောပစ်ရကောင်းလားဟုပင် မင်းနိုင်ငံအပေါ် သူအပြစ်မတင်ဖြစ်ခဲ့ချေ။ ဘာဖြစ်လို့လဲဆိုတော့ မင်းနိုင်ငံက သူ့သာဒေါသထွက်နေရင် အဖေလည်းပြောမရ၊ အမေလည်းပြောမရဆိုသည့်အစားမျိုးထဲကဖြစ်၍ပါ။

"သမီးငယ်ကလည်း အားနာစရာကြီး၊ လာပါကွယ်၊ အိမ်ပေါ်တက်ကြပါ"

"ရပါတယ်၊ ခုတော့မတက်တော့ပါဘူး။ သူနဲ့ခင်သွားမှ တက်တော့မယ်။ ခုတော့ပြန်လိုက်ပါဦးမယ်။ ကဲ! သွားပြီနော်၊ နောက်မှလာဦးမယ်"

သိသိသာသာပင် ခြေလှမ်းကျဲကြီးလှမ်းနေသော မင်းနိုင်ငံ၏ခြေလှမ်းများကို နောက်တိုး သတိထားမိသည်။





ကားအကောင်းစားကြီးပေါ်တက်ပြီး ခပ်တည်တည်ပင် ဟောင်းထွက်သွားသော ကောင်လေးနှစ်ယောက်ကို ဒေါ်ထားစံက ပိုတ်မသုန်ပင် ပျောက်ကွယ်သွားသည်အထိ ကြည့်နေသည်။ ကြာခင် မေးခွန်းတွေ တရစပ်မေးလာတော့မည်ဆိုတာ ကြင်နာက်က ကြိုရိပ်မိနေသည်။ ထင်ထားသည့်အတိုင်းပင် . . .

"ဘယ်သူတွေလဲ၊ ဘယ်ကလဲ။ ညည်းနဲ့ဘယ်အချိန်က ကြတာလဲ။ ပြည့်စုံချမ်းသာတဲ့အသိုင်းအဝိုင်းကဖြစ်ပုံရတယ်"

ရေပုံးများကို ကောက်သိမ်းလိုက်သည်။ သဘောကတော့ ဂမေ့ရဲ့တရားဟောင်းကြီးတွေကို မကြားချင်တော့ဘူးပေါ့။

"ငါတို့က ဘာပဲလုပ်စားလုပ်စား၊ ညည်းကတော့ ဘွဲ့ရ ညာတတ်လေးဆိုတော့ လင်ကောင်းသားကောင်းရရမယ်။ ဒါ ငါတို့လည်း ဒီအလုပ်ကိုစွန့်လွှတ်နိုင်မယ်။ ညည်းကောင်းစား ငါတို့သားအမိ နားရမယ်။ မျက်စိရှင်ရှင်ထားပြီး ယောကျ်ား ကောင်းရွေးနော်။ တက္ကသိုလ်ထားတယ်ဆိုကတည်းက အကြံနဲ့ ကျက်နဲ့၊ ဦးတည်ချက်က ညည်း လင်ကောင်းရရေးပဲ"

မမောတမ်း မရပ်မနားပြောခဲ့တဲ့ အမေ့စကားတွေ။

ကိုရွှေချောတို့ ကိုညိုချောတို့လိုပုံမျိုးကို အမေက အတင်း ပ်တော့မယ်ဆိုတာ သူမကြိုသိနေသည်။ နဂိုစိတ်က ထိုလူကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားသော်လည်း အမေ့အလှော်တော့ မခံချင်တာအမှန်ပါ။ ပြီးတော့ ယောကျ်ားတစ်ယောက်ကို လှေကားထစ်လို တက်ချင်လို့လည်း ချောင်ပိတ်မဖမ်းချင်ပါ။ ထို့ကြောင့်လည်း ကိုရွှေချောနဲ့ပတ်သက်ပြီး ပွင့်လုပွင့်ချင် သူမရဲ့စိတ်ကိုချုပ်တည်းထားရသည်ပေါ့။

ကိုရွှေချောကို ရင်ထဲမှာများများနေရာပေးမိလေ၊ ရှောင်ဖယ်ချင်လေဖြစ်မိသည်။ နှလုံးသားထဲရောက်လာတဲ့သူ့ကို အသုံးမချချင်ပါ။ ရင်ထဲမှာသာ တိတ်တိတ်လေး ထာဝရသိမ်းထားဖို့ စဉ်းစားထားသည်။

"ဟဲ့! ဒါက ဘယ်လဲ"

"ရေပုံးတွေ သိမ်းမလို့"

"ငါမေးတာ ဖြေဦးလေ"

"သူပြောသွားပြီပဲ၊ သုံးကြိမ်ရှိပြီလို့။ သက်မှ သူတို့ကိုမခင်တာ။ သူတို့ဘာလုပ်လုပ် စိတ်မဝင်စားဘူး"

"ဟဲ့! မဝင်စားလို့ရမလား။ ဒီအသက်အရွယ်နဲ့ ဒီလိုကားကြီးကို ကိုယ်တိုင်မောင်းနေမှတော့ အဆင့်က သေးသေးကွေးကွေးလား။ ဘယ်ကတွေလဲလို့ ငါစုံစမ်းပါဦးမယ်"

"အမေနော်၊ လျှောက်မလုပ်နဲ့။ သူတို့ဖာသာ ဘာတွေ





ပဲဖြစ်ဖြစ် သက်စိတ်မဝင်စားဘူး"

"စိတ်မဝင်စားလို့ရမလား၊ ဟိုက ညည်းကိုစိတ်ဝင်စားနေပြီ"

"အဲဒါ ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမလဲဟဲ့၊ ရလာတဲ့အခွင့်အရေးကို ဆုပ်ကိုင်ထားရမှာပေါ့။ အခွင့်အရေးဆိုတာ နှစ်ခါမလာဘူး"

သူမ စိတ်ကုန်ပါသည်။ ဘဝကို တွက်ကိန်းနဲ့နေရတဲ့အခြေအနေကိုလည်း စိတ်ပျက်မိတာ ကြာပါပြီ။ ထို့ကြောင့်ပင် ပကျေနပ်မှုကိုသက်သေပြသည့်အနေနှင့် အမေ့ရှေ့မှ ခြေဆောင့်ပြီးထွက်လာခဲ့၏။ နှစ်ပုံးတည်းသော ပန့်ခ်ရေပုံးကို ဂလုံးဂလွမ်းမြည်တဲ့အထိ ချိတ်ဆွဲနေမိသည်။

"ဘာမှဆောင့်အောင့်မနေနဲ့၊ အမေက နင့်ကိုစေတနာတွေနဲ့ ပြောနေတာ။ အချိန်ကောင်းတုန်း မိမိရရဆွဲထားစမ်းပါအေ။ ငါ့လိုဘဝမျိုး အရောက်မခံချင်စမ်းပါနဲ့"

စီးကရက်ကို ဟန်ပါပါရှိုက်ရင်း အစ်မဖြစ်သူ မိုးနှင်းလေက ဆိုလာသဖြင့် သူမတံတွင် စဉ်းစားစရာတစ်ပြုံကြီးဖြစ်လာသည်။ ထိုလုပ်ငန်းမှရတဲ့ငွေနဲ့ စားဝတ်နေရေးကိုဖြေရှင်းနေရပါသော်လည်း ထိုလုပ်ငန်းကို သူမစိတ်နာသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်း အိမ်မှထွက်သွားတုန်းကတော့ လှလှပပ ဖြီး လိမ်းပြင်ဆင်၍ဆိုသော်လည်း ပြန်လာလျှင် ငွေထုပ်နှင့်အတူ ရုပ် ပျက်ဆင်းပျက်ဖြစ်နေပုံမျိုးကို နိစ္စဒူဝတွေ့နေရတဲ့ အခြေအနေကို စိတ်နာနေတာ ကြာပါပြီ။

"သမီးတို့ရေ ကော်ဖီယူလာပါဟော့"

တွေးမိတွေးရာတွေးနေစဉ်တွင် အိမ်ပေါ်မှအော်သံကြား ၍ သူမက အစ်မဖြစ်သူကိုလှမ်းကြည့်သည်။ မမက စီးကရက် ကို နင်းချေရင်း လက်သည်းဆိုးဆေးကို သေသေချာချာဆိုးနေ သည်။

"မမ. . . အမေခေါ်နေတယ်"

အမေ့ညှော်သည်များနှင့် ပတ်သက်လေ့မရှိသောသူမက အချက်ပေးလျှင် မမက သူမကိုမကြည့်ပါဘဲ. . .

"နင်ဖျော်ပေးလိုက်စမ်းပါအေ၊ တစ်ခါတလေပဲ။ ငါ ဒီမှာ လုပ်နေတာမတွေ့ဘူးလား"

"ပြီးတာပဲ"

ဟုဆိုပြီး အသင့်ဖျော်မိကိုထုပ်ကို ဖောက်ထည့်ပြီး ရေ နွေးနှင့် ဖြစ်သလိုဖျော်သည်။

"ဟယ်! သူလေးက ဘယ်သူလေးလဲ"





"ကျွန်မသမီး အငယ်မပါ၊ ဒုတိယနှစ် ရုက္ခဗေဒလေ"

"ဩော်. . . တက္ကသိုလ်ကျောင်းသူလေးပဲ၊ ချောတယ် နော်။ သူ့ကိုရော အလုပ်ထဲမသွင်းသေးဘူးလား"

သူမဒေါသထွက်သွားသည်။ ကိုင်ထားသောကော်ဖီပူပူ နှင့်ပင် မျက်နှာကိုပက်ပစ်ချင်နေသည်။

"မသွင်းဘူး၊ တစ်မိပေါက်တစ်ယောက်ထွန်းစာရင်းမှာ ပဲ ထည့်တယ်။ ကဲ! သမီးရယ်၊ ဝင်တော့၊ လုပ်စရာရှိတာ သွား လုပ်"

ထိုသို့ဆိုပြန်တော့ မိခင်၏မေတ္တာကို နှလုံးသားက ခံစား ပါလိုက်သည်။ နှလုံးသားက သိသွားပြန်တော့ ဦးနှောက်က အား နာရပြန်သည်။ စောစောက ကိုရွှေချောနဲ့ပတ်သက်ပြီး အမေ့ အပေါ် သူမ တစ်လွဲတွေ တွေးလွန်းသွားပြန်ပြီလား။

"ဒါနဲ့ မိုးနှင်းလေကိုမမြင်ပါလား"

"ရှိပါ့ အန်တီသီတာရေ့၊ ရှိပါ့"

"အမယ်လေး! မိုးနှင်းတို့များ အမြဲလှနေပါ့"

"အလည်လာတာတော့ မဖြစ်နိုင်ဘူး"

"ဟုတ်ပါ့၊ ညည်းကိုအလုပ်အပ်မလို့လာခဲ့တာ"

"မိုးနှင်းက ခွင့်မှနော်"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်ကွယ်၊ သိပ်။ ခွင့်မို့ပဲ လာခဲ့တာပေါ့"

ထိုစကားတွေကို သူမ မကြားလိုပါ။ ထို့ကြောင့်ပင် မိမိအခန်းထဲဝင်ပြီး အီးယားဖုန်းတပ်ကာ သီချင်းတွေနားထောင်နေမိသည်။

သီချင်းစာသားတွေက ဘယ်လောက်ကောင်းကောင်း နှလုံးသားထဲရောက်မလာခဲ့ပါချေ။ အာရုံထဲ၌ မမမိုးနှင်းလေ၏ မျက်နှာသာ။

◙◙◙



## အခန်း (၁၂)

"ဟိတ်!"

ထိုင်နေကျညောင်ပင်ကြီးအောက်၌ ထိုင်ကာ၊ တွေးမိတွေးရာ တွေးနေစဉ်တွင် ခေါ်သံကြောင့် လန့်သွားသည်။

"ဟင်! နင်တို့"

"ဒီတစ်ခါတော့ တိုက်တိုက်ဆိုင်ဆိုင်တွေ့တာပါ"

သူမ ဘယ်လောက်ထိ အာရုံတွေဝေဝါးနေမှန်း မသိပါချေ။ ကားတစ်စီးလုံး ထိုးရပ်လာတာကိုပင် မရိပ်မိလိုက်ပါ။

သူက ကားပေါ်မှဆင်းလာပါသော်လည်း နောက်တိုးဆိုသည့် ကိုညီချောကတော့ ပြန်မောင်းထွက်သွားသည်။

"ဟင်! ဟိုက ပြန်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မပြန်ပါဘူး၊ ခဏာရှောင်သွားတာ"

"ရှောင်တယ်"

"Coat သွားဝယ်တာပါ။ ဘယ်လိုဖြစ်နေတာလဲ။ ငါ မင်းကိုကိုက်မစားပါဘူး။ အတော်ပဲ. . . ငါ မင်းကိုအေးဆေးတွေ့ချင်နေတာနဲ့"

"ဘာပြောမလို့လဲ"

"ရည်းစားစကားပြောမလို့"

"ဟမ်!"

အဆင်းတွင် ဆောင့်တွန်းခံလိုက်ရသလို ဒလိမ့်ခေါက်ကွေးပြုတ်ကျသွားပြီလား မပြောတတ်ပါ။ သူမ ဘေးဘီကိုပြူးပြဲရှာရပါလိမ့်မည်။ သူမနှလုံးသားက သူမကိုယ်ထဲမှာမှ ရှိသေးရဲ့လား။

"အမယ်လေး! လန့်သွားတာပဲ။ ရည်းစားစကားတောင် မပြောရသေးဘူး။ အဲဒီလောက် အော်ရသလား"

"နင်က ဘာလဲ၊ အရင်းမရှိအဖျားမရှိ အလယ်ကကြီး"

"မသိဘူးကွာ၊ ငါလည်းကွေ့ပတ်မပြောတတ်ဘူး။ ရော့! ဒီမှာ ငါ့ဖုန်းနံပါတ်၊ ချစ်ရင် ဆက်၊ မချစ်ရင် မဆက်နဲ့"

ဟုဆိုကာ ကတ်အဝါလေးကို ထုတ်ပေးလာ၍ သူမက





ယောင်နန ယူကြည့်လိုက်မိသည်။

'မင်းနိုင်ငံ၊ သစ်ခက်စိမ်းကုမ္ပဏီလီမိတက်' တဲ့။

ဒီလိုငယ်ရွယ်တဲ့ ကောင်စုတ်လေးက ကတ်တွေဘာတွေနဲ့ ထူးထူးဆန်းဆန်းလာလုပ်တော့ သူမ ရယ်ချင်မိသည်။

"နင်ကလည်း ဟန်ချည်းပဲ၊ ဒီလိုကတ်မပေးလည်း နင်ချမ်းသာမှန်းရိပ်မိပါတယ်"

"ဘာ! ဒီလိုကတ်က ချမ်းသာမှပေးတာလား"

"အေးလေ"

"မဟုတ်တာ၊ ဖုန်းနံပါတ်နဲ့နာမည်ကို ပါးစပ်က မပြောချင်လို့ ဒီလိုစာလုံးဖောက်ထားတာ။ ပြီးတော့ ဒါက သာမန်စက္ကူလေ။ ကတ်ပေါင်းတစ်ထောင်ဆို ငွေသုံးသောင်းလောက်ပဲ ကျတာပါ"

သူမ ရယ်ချင်သွားသည်။ သူမပြောတာကို သူသဘောမပေါက်မှန်းရိပ်မိသည်။ အလုပ်အကိုင်ရှိမှ၊ ဖုန်းနံပါတ်ရှိမှ၊ လိပ်စာအတည်တကျရှိမှ ဒီလိုကတ်တွေလုပ်၍ သူမက သိမ်းကြုံးပြီးပြောလိုက်ခြင်းသာပါ။ ချမ်းသာသော်လည်း လူမှုရေးနယ်ပယ်တွင် ရိုးသားသေးကြောင်း သူမ ရိပ်မိနေသည်။ ထို့ကြောင့်ပင် သူက သူမရင်ထဲ နေရာပိုတိုးသွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကြည့်တွေက ဘာအဓိပ္ပာယ်လဲ"

ဘုရားရေ! ငါကြည့်နေတဲ့အကြည့်က ဘယ်လိုဖြစ်သွားလို့လဲ။

"မင်းမပြောရင် အဲဒီအဓိပ္ပာယ်ကို ငါဖွင့်ချင်သလိုဖွင့်လိုက်တော့မှာနော်"

"ဘယ်လိုဖွင့်မှာလဲ"

"ငါ့ကိုချစ်တယ်လေ"

"အမယ်လေး! စည်းလွတ်ဘောင်လွတ်၊ အဲဒီစကားကို ယောကျ်ားလေးက မပြောဘဲ မိန်းကလေးက မပြောရဘူး။ အဲဒါ မြန်မာပြည်ရဲ့စည်းကမ်းပဲ"

"ပြောမှသိရင် ပြောမယ်။ မင်းကိုငါချစ်တယ်"

"ပလုတ်တုတ်. . . နင်ဘယ်လိုလူလဲ။ မကြုံဖူးပါဘူး"

"အခုကြုံပြီမဟုတ်လား။ အိုင်တီခေတ်ကြီးပါ။ နောက်ပြန်ဆွဲမနေနဲ့။ အချစ်က အချိန်နဲ့မဆိုင်ဘူး။ အခု မင်းရင်ထဲမှာရှိတဲ့အတိုင်းဖြေ။ ငါက အစစ်အမှန်ပဲလိုချင်တယ်။ စဉ်းစားဦးမယ် ဆိုတာမျိုးက အတုတွေ။ ဘယ်လိုရလဒ်ပဲဖြစ်ဖြစ် ခုဖြေ။ ငါလက်ခံမယ်"

"အမယ်လေး! ဓားပြတိုက်နေတာလား။ အဖြေတောင်း





နေတာလား။ အံ့ပါရဲ့. . . ကြုံ မကြုံဖူးပါဘူး"

"ကဲ! ပြော၊ ငါ့မှာအချိန်မရှိဘူး။ မကြာခင် ရန်ကုန်ပြန်ရတော့မှာ။ မပြန်ခင် မင်းနဲ့ချစ်သူတွေဖြစ်ချင်တယ်"

"ဖွတ်ပဲ၊ အဲဒီလိုပဲ အမြဲလွယ်လွယ်ပြောနေကျလား"

"ငါ့မှာ အချိန်တွေ အဲဒီလောက်ပေါနေတယ်လို့ ထင်သလား"

"အမယ်လေး! ကိုယ့်အသက်နဲ့ကိုယ်လည်း ပြန်တွက်ကြည့်လိုက်ပါဦး။ တကတည်း. . . သူ့ကိုယ်သူ အလုပ်သိပ်များတဲ့ ကုမ္ပဏီပိုင်ရှင်ကျနေတာပဲ"

"မင်းမယုံဘူးလား။ ငါတကယ်အလုပ်များတာ။ နေ့တိုင်းလူတွေ မရိုးနိုင်အောင်တွေ့ရတယ်။ စာတွေသင်ရတယ်"

"အဲဒါ နင်တစ်ယောက်တည်းလား။ ငါတို့လည်း နေ့တိုင်း လူတွေမရိုးအောင် တွေ့ရတာပဲ။ စာတွေသင်ရတာပဲ"

"မင်းနဲ့စကားနိုင်မလုချင်ပါဘူး။ လိုရင်းပျောက်ကုန်မယ်။ မကြာခင် နောက်တိုးပြန်ရောက်လာတော့မှာ။ မရောက်ခင် ဒီကိစ္စ ပြတ်ပြတ်မှုဖြစ်မယ်။ ပြော. . . ငါ အဲဒီလိုပြောတော့ မင်းဘယ်လိုခံစားရသလဲ"

"ဘယ်လိုခံစားရမှာလဲ၊ နှလုံးသားကြီးပြုတ်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



သလို ဟာခနဲဖြစ်သွားတာပေါ့''

''ဘာ!''

သူမအဖြေကို သူကသဘောကျပုံမျိုး ရယ်နေသည်။

''ဘာရယ်တာလဲ''

''မင်းက တော်တော်ချစ်ဖို့ကောင်းတာပဲ''

''ဒါတွေပဲ ပြောနေတော့မယ်ဆိုရင် ပြန်တော့မယ်''

''နေပါဦးကွာ''

သူမ၏လက်ကောက်ဝတ်ကို သူက ပိုင်စိုးပိုင်နင်းဆွဲလ သည်။ ထူးဆန်းစွာပင် သူမ သူ့ကိုစိတ်မဆိုးမိပါ။ ရင်ထဲ ကျေ သလို ကြည်နူးသလိုဖြစ်နေ၏။

''ဘာမှမဖြေဘဲ ပြန်မသွားနဲ့လေ''

''ဘာဖြေရမှာလဲ''

''မင်းက ရှုပ်အောင်မလုပ်တတ်တဲ့မိန်းကလေးမှန်း င သိတယ်။ ရှင်းရှင်းပြောပါကွာ၊ ချစ်တယ်မချစ်ဘူး''

''ငါတို့မိသားစုရဲ့စီးပွားရေးကို နင်သိလား''

သူအံ့ဩသွားသည်။ သူမ ခပ်ရှင်းရှင်းသာဖြေဖို့ မျှ လင့်ခဲ့သော်လည်း ထိုသို့ပြောလာလိမ့်မည်ဟု ထင်မထားခဲ့ေ

''ငါတို့မိသားစုက ကြံ့ရာကျပန်းလုပ်စားတာ၊ ပတ်ဝ





ျင်က ငါတို့ကိုဆို ခပ်ရှောင်ရှောင်ပဲ။ နင်လည်း ငါနဲ့လာမပတ် က်ပါနဲ့။ နင်သိက္ခာကျလိမ့်မယ်''

''အဲဒါ နင်လုပ်တဲ့အလုပ်မှမဟုတ်တာ''

''ဟမ်''

သူ့ထံမှ ထိုသို့အေးစက်သည့်တုန့်ပြန်မှုမျိုး ရလာလိမ့် ည်ဟု သူမမျှော်လင့်မထားခဲ့ပါ။ ထိုသို့ပြောလျှင် သူငြိမ်သွား ည်ဟုထင်ခဲ့သည်။

''ငါသိတယ်၊ ဒါတွေကို အစောကတည်းက ကြိုသိနေ ယ်။ သရက်ပင်ပေါ် သဖင်က နွယ်တက်နေတိုင်း သဖင်က ရက်ပွင့်ဖြစ်မလာပါဘူး။ သဖင်က သဖင်ပါ။ သရက်ပွင့်က ရက်ပွင့်ပါ''

မထင်မှတ်ပါဘဲ သူ့စကားလုံးများက သူမ၏မျက်ရည် ားကို ခြူယူနေသည်။

''မင်းကိုငါချစ်တယ် ကြင်နာသက်၊ အချစ်ဆိုတာ အချိန် ာလနဲ့မဆိုင်ဘူး။ ရင်ခုန်၏မခုန်၏နဲ့ပဲ ဆိုင်တယ်။ ရထားပေါ် ာတည်းကပဲ အမှန်ပြောရရင် အဲဒါ ငါ့ဘဝရဲ့ပထမဆုံး ရထား ူးခြင်းပဲ၊ မင်းနဲ့ဆုံတယ်၊ ကလေးတစ်ယောက်လို နှစ်နှစ်ခြိုက် က်အိပ်ပျော်နေတဲ့မင်းကို တစ်ချိန်လုံးကြည့်နေခဲ့တယ်။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတော့ ရထားပေါ်မှာ တစ်ယောက်တည်းကျန်ခဲ့တဲ့ပ
ကို ငါတစ်ချိန်လုံး စိတ်ပူနေခဲ့တယ်။ မင်းနဲ့ဒီနေရာမှာ မထင်မ
ဘဲဆုံတော့ ငါဘယ်လောက်ထိ ပျော်သွားတယ်ထင်လဲ။ အမှ
ပြောတာပါ။ ငါ့ဘဝမှာ ငါအလေးနက်ဆုံး ကြည့်ခဲ့တဲ့သူဟာ မ
ပါ''

မျက်ရည်ကျနေရာမှ ငိုကြွေးချင်လာသည်။ သူ့စကာ
တွေက သူမကိုဝမ်းနည်းစေသည်။ ဒါနဲ့များ ဘာလို့လှည့်မကြ
ဘဲ ကားပေါ်တက်သွားသေးလဲ။ ဒီလောက်ကြည့်နေလျက်နဲ့ ဘ
လို့မျက်စိမှိတ်ထားသေးလဲဟု ကလေးတစ်ယောက်လို အပြစ်တ
ပြီး ထုရိုက်ပစ်ချင်သည်။

''ဟော့! မငိုနဲ့လေ၊ ငါကဘာပြောလို့လဲ''

သူမ ပို၍ငိုချင်လာသည်။ ထိုသို့ငိုချင်လာခြင်းက ချစ်ျ
အပေါ် ဆိုးနွဲ့၍ ငိုချင်လာခြင်းမြည်၏။

ကားတစ်စီးက ခပ်လှမ်းလှမ်းမှာ ရပ်နေသည်။ က
မောင်းသူသည် မြင်ကွင်းကို သက်ပြင်းရှိုက်ရင်း ကြည့်နေမိတေ
သည်။

▣▣▣



အခန်း (၁၃)

''ပြည့်ဝန်းငယ်ဆိုရင်ရော မေမေ''

အိမ်ထဲဝင်မည့် သူမခြေလှမ်းများက သူငယ်ချင်းနှာမည့်
ဟည့်ပြောသံကြား၍ လမ်းတစ်ဝက်၌ တုန့်ခနဲရပ်သွားသည်။

''မဖြစ်ဘူးထင်တယ်၊ ပြည့်ဝန်းငယ်က တစ်ခါသုံးပြီးပြီ
။ သိပ်မှမကြာသေးတာ၊ သုံးပတ်ပဲရှိသေးတယ်''

''ဒါဆို ဘယ်လိုလုပ်မလဲ''

''ရှာတာပေ့ါ၊ ကြားထဲမှာ သုံးရက်အချိန်ရသေးတာပဲ''

''မရရင်တော့''

''မရတော့မရှိပါဘူး၊ ရအောင်ရှာမယ်။ ဒါက ခွင့်ကြီးပဲ
လွှတ်ခံလို့မဖြစ်ဘူး။ ဖောက်သည်သာ ပျက်သွားလို့တော့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဈေးကျသွားမယ်။ ဒီတစ်ပွဲသာဖြစ်လို့ကတော့ ထောပြီ။ ဒီ အိမ်ကိုထားခဲ့ပြီး ရန်ကုန်မှာ တိုက်သစ်နဲ့ ဘဝသစ် စကြတာပေါ့။ အရိုင်းလေးတွေကိုရှာပြီး လေးပုံတစ်ပုံပေးတော့ မရစရာ ဘာ အကြောင်းရှိလို့လဲ''

''သူတို့က ဘယ်လောက်ထိ ဈေးပေးလို့လဲ''

''တစ်ရာပေးတယ်၊ သုံးရက်တည်းလို့ပြောတယ်။ ငါတို့ စုထားတဲ့ငွေက ဘဏ်မှာ သိန်းရှစ်ဆယ်ရှိတယ်။ အခုရမယ့်ငွေ နဲ့ပေါင်းပြီး တိုက်ခန်းလေးတစ်ခန်း ဝယ်၊ ထမင်းဆိုင်လေး ဖွင့် စားကြတာပေါ့''

ကြားရတဲ့စကားကြောင့် သူမဝမ်းသာသွား၏။ ထိုဘ၀ မျိုးကို သူမမျှော်လင့်ခဲ့တာ ဘယ်လောက်ကြာနေပြီလဲ။

''ဒီတစ်ပွဲတော့ သေချာလုပ်မှနော်၊ အရင်တစ်ခါ ပြည့် ဝန်းငယ်တုန်းကလည်း ပြဿနာတက်ပြီးပြီ။ ဟိုကအသစ်ခေါ်ပါ တယ်ဆို အပေါင်းပို့ခဲ့မိတာကိုး''

သူမမျက်လုံးပြူးသွားသည်။ ဒါ သူမလုံးဝထင်မထား ခဲ့တဲ့ကိစ္စလေ။

''မပြောစမ်းပါနဲ့အေ၊ အသည်းနာလွန်းလို့။ ကြောင်သူ တော် ကြွက်သူခိုးမ။ သူ့ရည်းစားနဲ့ တစ်ကြိမ်မှားယွင်းဖူးပါတယ်





လို့ တို့ကိုပွင့်ပွင့်လင်းလင်းကြီးပြောခဲ့ရင်တောင် ဒီလောက် မျက်နှာ ပျက်ရမှာမဟုတ်ဘူး''

အံ့ဩလွန်း၍ ရင်ဘတ်လေး ဖိထားမိသည်။ ဘုရား! ဘုရား! ပြည့်ဝန်းငယ်က ဘယ်ကဘယ်လိုလုပ် ဒီလိုကိစ္စကို။

''အဲဒါပြောတာပေါ့၊ သူ့ကိုယ်သူ အပျိုစင်လေးပုံဖမ်း ပြီး အငယ်မကို တိုင်လားတောလားလုပ်လို့ မိုးနှင်းနဲ့တောင် စကား များလိုက်ရသေး။ ကောင်မ တတ်လည်းတတ်နိုင်တယ်။ မူယာ မာယာကိုများတယ်။ သူကိုယ်တိုင် ငွေလိုလို့လုပ်ချင်လုပ်ပါချည် ရဲ့ဆိုပြီး ပြောလာပြီးမှမျှား၊ အလကားနေ လူက တရားခံဖြစ်ရ တယ်''

သူမ အံ့ဩသွားပါသည်။ ဒါ သူမ မသိလိုက်တဲ့အဖြစ် ပျက်လား။ ခုတလော ပြည့်ဝန်းက ဆိုင်ကယ်ကြီးဝယ်စီးပြီး ဝတ် ကောင်းစားလှတွေနှင့် တောက်ပြောင်နေတာ သူမအသိပါ။ ပထမ နစ်တုန်းကနဲ့မတူအောင်ကို ပြောင်းလဲနေတဲ့ပြည့်ဝန်းငယ်ကို သူမ ငိုပ်စားမိနေသည်။

ဘုရား! ဘုရား! ပြည့်ဝန်းရယ်၊ မလုပ်ကောင်းတာတွေ ပါ။ ပညာသင်တဲ့အချိန်ပါ ပြည့်ဝန်းရယ်။ အလှအပနဲ့ အဆောင် အယောင်ကို အဲဒီလောက်ကြီး မနှစ်မြို့က်သင့်ဘူးလေ။ ပါချုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးသိသွားရင် မင်း ကျောင်းထုတ်ခံရမယ်ဆိုတာ မသိလေရော့ သလား သူငယ်ချင်းရယ်။ ဒါဘာကြောင့်လဲ၊ ရိုးသားတဲ့နင် ဘာကြောင့် ပျက်စီးရတာလဲ။ သူရိန်လင်းကြောင့်လား။ သူရိန်လင်းကို နင်အသည်းပေါက်အောင်ချစ်မှန်း ငါသိပါတယ်။ သူရိန်လင်းကလည်း နင့်ကိုချစ်တာပဲလေ။ ကံကြမ္မာအကြောင်းမလှလို့ ဆိုင်ကယ်မှောက်ပြီး ရုတ်တရက်ဆုံးသွားတာ ဘယ်သူ့ဘယ်သူကိုမှ အပြစ်ဆိုလို့မှမရတာ သူငယ်ချင်းရယ်။ ဘဝကိုရေစုန်မမျှောလိုက်ပါနဲ့။ သူမ အသည်းနာသွားသည်။ အဲဒါ ပြည့်ဝန်းငယ်ကြောင့်ပါ။

"ဒါတွေ ထားပါတော့အမေရယ်၊ မရရင် ဘာလုပ်မလဲ"

"ဒီခွင်ကို လက်မလွှတ်နိုင်ဘူး၊ ဟိုကောင်မ သီတာဆီသာ ဒီခွင်ရောက်သွားရင် ငါတို့တော့ ငတ်ပြီ။ ဘာမှမရှိရင် အငယ်မကို ထိုးကျွေးရမှာပဲ"

"ဟာ! အမေ မဟုတ်တာ"

မိုးနှင်းလေ လန့်သွားသလို၊ သူမလည်း လန့်သွားသည်။ နားထဲ မိုးကြိုးပစ်သလိုခံစားရသည်။ ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်သည့်အမေ့ရဲ့အကျင့်ကို သူမသိပြီးသားပါ။ ထိုသို့သိ၍လည်း လက်ဖျားတွေ ကျင်ထုံလာသည်ထိ ကြောက်နေမိသည်။





ဖြစ်ပါ၊ မဖြစ်နိုင်ပါ။ သူမဘဝကို ငွေနဲ့အလဲအထပ်မလုပ်နိုင်ပါ။

ထို့ကြောင့်ပင် အစ်မနဲ့အမေ ဘာတွေဆက်ပြောနေကြလဲဆိုတာ နားမထောင်နိုင်တော့ဘဲ ခြေဦးတည့်ရာ ပြေးထွက်လာခဲ့၏။ သူမဘာလုပ်ရမလဲ၊ ဘယ်ပြေးရမလဲ၊ အခု ဘယ်ကိုသွားနေတာလဲ။

အထပ်ထပ်စဉ်းစားလိုက်သောအခါတွင် သူ့မျက်နှာက ထင်ထင်ရှားရှားကြီးပေါ်လာသည်။ သူမ နာရီကိုငုံ့ကြည့်သည်။ ...နှုးလယ်ဆယ့်နှစ်နာရီခွဲနေပါပြီ။ တစ်နာရီခွဲလျှင် လေယာဉ်နှင့် ...ရန်ကုန်ပြန်တော့မည်ဟုပြောသော ချစ်သူ၏စကားသံကို ကြားယောင်နေမိသည်။

"မဖြစ်ဘူး မောင်၊ မောင်မပြန်ပါနဲ့။ သက်ကိုခေါ်သွားပါ။ သက်ကြောက်တယ်၊ မောင်ရယ်. . . သက်ကိုပါ တစ်ခါတည်းခေါ်သွားပါ"

သူမ ဘာလုပ်ရမလဲ. . .

ဒီလိုသာပြေးသွားနေရင် လေယာဉ်ကွင်းကိုရောက်နိုင်တော့မည်မဟုတ်ပါ။ ဘာလုပ်ရမလဲ၊ အထပ်ထပ်စဉ်းစားလိုက်သည့်တွင် ကတ်အဝါလေးကိုသတိရသွားသည်။ ထို့ကြောင့်ပင် ...တ်ထဲမှနှိုက်ပြီး လမ်းဘေး ပီစီအိုသို့သာ ပြေးခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖီးရိုးမှနိုင်းအထိ ရှိနေသောခလုတ်များထဲမှ ဂဏန်းအချို့ကိုနှိပ်လိုက်သည်။ ကံကောင်းထောက်မစွာပင် ဖုန်းသံက တူခနဲ အသံရှည်ကြီးဝင်သွားသည်။

"ဟဲလို"

"မောင်"

"ဟင်! သက်"

"မောင်ဘယ်မှာလဲဟင်"

"လေယာဉ်ကွင်းရောက်နေတယ်"

"မောင်၊ သက်ကိုလာခေါ်ပါလားဟင်။ မောင် သက်ကို ခေါ်သွားပါနော်။ သက်လည်း ရန်ကုန်လိုက်မယ်"

'သက် ဘာဖြစ်လာတာလဲ၊ အခုဘယ်မှာလဲ"

"မောင်. . . သက်ကိုအခုပဲခေါ်သွားပါနော်. . . နော် မောင်"

"အင်းပါ သက်ရယ်၊ သက် အခုဘယ်မှာရှိနေသလဲသာ ပြော။ ခုလာခေါ်မယ်။ မိုးလေဝသအခြေအနေအရ လေယာဉ် ချိန် ရွှေ့ဆိုင်းလိုက်တယ်။ ဒီနေ့မလိုက်ဖြစ်တော့ဘူး"

"သက်ကိုသာ လာခေါ်ပါမောင်ရယ်၊ နော်. . . သက် ရော တစ်ခါတည်းလိုက်မယ်။ ဟိုရောက်ရင် အဘိုးတို့အဘွားတို့





အိမ်မှာ သွားနေပါ့မယ်"

"သြော်. . . သက်ရယ်၊ ခဏစောင့်နော်၊ မောင် အခု လာနေပြီ"

ဟုဆိုကာ ဖုန်းကိုပိတ်လိုက်ပြီး. . .

"နောက်တိုး၊ အိတ်တွေကို မင်း ပြန်သယ်သွားတော့။ ကားကို ငါယူသွားမယ်။ ကားတစ်စီးထပ်လွှတ်ပေးဖို့ ငါဖုန်းဆက် ထားမယ်"

"ဘယ်သွားမလို့လဲ"

"သက်ဆီ"

"ဟာ! မဖြစ်ဘူးလေကွာ၊ ခရီးစဉ်ပျက်သွားလို့ တရုတ် ကုန်သည်တွေနဲ့တွေ့မယ်ဆိုပြီး ချိန်းလိုက်တယ်လေ"

"မင်းပဲသွားလိုက်ပါ၊ ဒီကိစ္စလောက်တော့ မင်းလုပ်နိုင် ပါတယ်။ ဒီကေ့စ်ထဲမှာ ဖိုင်အစုံရှိတယ်။ ဒီကြားထဲ အချိန်တစ် နာရီရှိသေးတယ်။ မင်းက ဉာဏ်ကောင်းပါတယ်"

"ဟော့ကောင်! မင်းနိုင်ငံ၊ ဟော့ကောင်!"

တကြော်ကြော်အော်နေသော နောက်တိုး၏အသံကို လျစ်လျူရှုပြီး ကားပေါ်သို့ပြေးတက်ကာ ကားစက်နှိုးလိုက်သည်။ ပြီးနောက် ဖုန်းကိုဖွင့်ပြီး စောစောကဖုန်းနံပါတ်ကို ပြန်နှိပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သက် အဲဒါဘယ်နေရာလဲ"

"သက်တို့လမ်းထိပ်မှာပါ"

"ခဏစောင့်နော်၊ ဆယ်မိနစ်အတွင်း အရောက်လာခဲ့မယ်"

ဟုဆိုပြီး ကားကိုအရှိန်မြှင့်လိုက်သည်။ သိပ်ကြာကြာမမောင်းလိုက်ရဘဲ ခုံအပြာလေးများနှင့် အဝါရောင်ထီးလေးမိုးထားသော အများသုံးဖုန်းဆိုင်လေးကို တွေ့နေရပါပြီ။

သူ ကားရပ်လိုက်ချင်းမှာပင် သက်က ကားပေါ်သို့ပြေးပြေးလွှားလွှားတက်လာသည်။

"သက်"

"မောင်ပြန်ရင် သက်ရော လိုက်မယ်နော်"

"လိုက်တာတော့ ဟုတ်ပါပြီသက်ရယ်၊ ဘာကြောင့် ရုတ်တရက်ကြီးလိုက်ချင်ရတာလဲဆိုတာ မောင့်ကို ပေးမသိတော့ဘူးလား"

"ဟင့်အင်း. . . မမေးနဲ့မောင်၊ သက်ပြောမှာမဟုတ်ဘူး။ သက်ကိုခေါ်သွားမယ်မဟုတ်လား"

"ခေါ်မှာပေါ့. . . လေယာဉ်လက်မှတ်က ခုလုပ် ခုရပါတယ်"





"ဒီနေ့ မသွားဖြစ်တော့ဘူးပေါ့"

"အင်း. . . မနက်ဖြန်မှ"

"ဒီနေ့မဟုတ်ဘူးလား"

"မိုးချုပ်မှာမို့ လေယာဉ်လက်မှတ် ကဲန်ဆယ်လ်"

"ဟင့်အင်း. . . မိုးချုပ်ပါစေ၊ ဒီနေ့လိုက်မယ်"

"ဘာဖြစ်လာတာလဲ သက်ရယ်"

"မမေးပါနဲ့မောင်၊ အခု သက်ကို စီတာပူရပ်ကွက်ထဲ မောင်းပို့ပေးပါ"

"စီတာပူ. . . ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီမှာ အဆောင်နေတဲ့သက်ရဲ့သူငယ်ချင်း ပြည့်ဝန်းငယ်ရှိတယ်"

"ပြည့်ဝန်းငယ် ဟုတ်လား။ ဒီနာမည်ကို ပထမဆုံးကြားဖူးတာပဲ"

"ဟုတ်တယ်၊ မောင်နဲ့ဆုံကတည်းက သူနဲ့သက် မခေါ်ကြတော့တာ"

"သက် လမ်းပြပေးနော်"

ဟုဆိုတော့ သက်က လမ်းညွှန်သည့်အတိုင်း သူက မောင်းလာခဲ့သည်။ မနောကွင်းလမ်းမအတိုင်း ဝင်လာပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



လမ်းထောင့်တစ်ခုတွင် အစိမ်းရောင်အဆောက်အဦးတစ်ခု တွေ့ရ၏။ အဆောင်နာမည်ကတော့ အဂ္ဂလိပ်နာမည်ခပ်ဆန်းဆန်းဖြစ်သည်။

"မောင် ဒီမှာပဲစောင့်နေနော်၊ သက် ခဏပဲ"

ဟုဆိုပြီး မောင့်ကို ကားထဲမှာသာထားခဲ့ပြီး အဆောင်ထဲသို့ ခပ်တန်းတန်းဝင်လာခဲ့သည်။ အဆောင်မှူးအား မေးမနေတော့ပါဘဲ ပြည့်ဝန်းငယ်၏အခန်းထဲသို့ပင် တံခါးမခေါက်ဘဲ ဝင်လာခဲ့သည်။

"ပြည့်ဝန်းငယ်"

ဒေါသထွက်ထွက်နှင့် စောင်ခြုံပြီးကွေးနေသော ပြည့်ဝန်းငယ်ကို လှုပ်နှိုးလိုက်သည်။

"အင်း. . . ဘယ်သူလဲ"

အသံက သာမန်နှင့်မတူအောင် ညောင်နာ ဖျော့တော့နေသည်။ သူမရင်ထဲ ထိတ်သွားသည်။ ဒေါသတကြီးနှင့် ဆူမယ်ဆဲမယ် အပြစ်တင်မယ်ဆိုတဲ့စိတ်တွေတောင် ဘယ်ဆီလွင့်ကုန်မှန်းမသိတော့။

"ခြော်. . . ကြင်နာသက်"

သူမကိုမြင်တော့မှ အိပ်ရာထဲမှလူးလဲထပြီးထိုင်နေသည်။





"ဘာဖြစ်နေတာလဲ"

"နေမကောင်းလို့"

"နေမကောင်းရင် ရှာပြန်ပါလား။ ဒီမှာဘာလုပ်နေတာလဲ"

ပြောပြောဆိုဆိုပင် ပိတ်ထားသောပြတင်းပေါက်များကိုဖွင့်လိုက်သည်။ သူမပို၍အံ့သြသွားသည်။ ဒီမတွေ့တဲ့နှစ်ပတ်ကျော်ကတွင်း ပြည့်ဝန်းငယ်ဟာ ဘာလို့ အဲဒီလောက်ပိန်သွားရတာလဲ။

"ပြည့်ဝန်းငယ်. . . နင်"

ပြောပြောဆိုဆိုပင် နဖူးကိုစမ်းတော့ ပြည့်ဝန်းငယ်က သူမလက်ကိုပုတ်ချသည်။

"ငါ့ကိုမကိုင်နဲ့ ကြင်နာသက်"

သူမ ကြောင်သွားသည်။ အမှားလုပ်ထားတာက သူမလား၊ ပြည့်ဝန်းငယ်လား။

"နင် ဘာလို့ ငါ့ကိုညာပြောရတာလဲ"

"ငါ နင့်ကိုဘယ်တုန်းက ညာပြောမိလို့လဲ"

"နင်ပဲလုပ်ချင်တယ်လို့ အရင်ပြောခဲ့တာဆို"

"ဟုတ်တယ်လေ၊ နင့်ကို ငါဘာပြောခဲ့လို့လဲ"

"ဒါနဲ့များ အခုမှ ဘဝရှုံးရသူလိုနဲ့ ငါက အသားလွတ်



www.burmeseclassic.com

www.burmeseclassic.com



အစ်မကိုအပြစ်တင်ရသေးတယ်။ နေစမ်းပါဦး၊ နှင်က သူရိန်လင်း နဲ့. . .''

''ငါလည်း နှင့်ကို ဒီအကြောင်းတွေ ပြောချင်ပါတယ်။ ပြောဖို့လည်းကြိုးစားပါတယ်။ ဒီအကြောင်းတွေ ပြောတော့မယ် လို့ ခက်ခက်ခဲခဲဆုံးဖြတ်ပြီးချိန်မှာ နှင်က မထင်မှတ်ဘဲ ဒီမှာမ ရှိတော့ဘူး၊ ရန်ကုန်သွားလိုက်ပြီတဲ့''

BURMESE CLASSIC .com

''ပြောပါ၊ ဘာလဲ''

''ငါ HIV ကူးစက်ခံထားရတယ်''

''ဘာ! ဘယ်လို''

''သူရိန်လင်းက ဆေးစွဲနေတယ်၊ ဆေးရှူပြီးအပြန်မှ ဆိုင်ကယ်မှောက်တာပဲ။ ဆောရီး. . . ရှူတဲ့အဆင့်မဟုတ်ဘူး။ ထိုးတဲ့အဆင့်ရောက်နေတယ်''

သူမအံ့ဩလွန်း၍ မေးခွန်းပင် မထုတ်နိုင်တော့ချေ။ အ ကြ တမ်း ဆီအရွဲသားနှင့် ရှုံးအပြည့်ထုတ်သော သူရိန်လင်းက ဆေ စွဲနေတာတဲ့။ မထင်မှတ်စရာကောင်းလှသည်။ ပြီးတော့ သူရိ လင်းက သူမတို့ရက္ခဗေဒရဲ့ King လေ။

''ငါ သူ့ဆီက ကူးစက်ခံရတာ''

''မိုက်လိုက်တာဟယ်''





''မိုက်ချင်လာတယ်၊ ငါကသေမှာပဲ။ အနေးနဲ့အမြန်ပဲ။ ဖြစ်နိုင်ရင် ရုပ်မဆိုးသေးခင် ငါသေပစ်ချင်နေတယ်။ ငါမိုက်ခဲ့ပါ တယ်။ မှားခဲ့တယ်။ ငါ့အဖေနဲ့အမေက ဆင်းရဲတယ်။ ဒါကြောင့် ငါမသေခင်မှာ သူတို့အတွက် ငါ့ဘဝကိုပေးဆပ်သွားချင်တယ်''

''ဒါနဲ့များဟယ်၊ ရောဂါရှိတာ သိနေရက်နဲ့ ဘာလို့ ဒီ အလုပ်. . . နှင် မိုက်ရိုင်းလွန်းနေပြီ''

''လူဟာ သေရတော့မယ်ဆို ကြောက်ကန်ကန်ကြတယ်၊ ငါလည်း လူထဲကလူပဲ။ နှင်တို့လို ရှင်းသန့်တဲ့လူမျိုး ငါ့ခွေးတစ် ကောင် ပေးမထိပါဘူး။ ငါ့ကိုနားလည်ပေးပါ။ နှင့်အစ်မနဲ့ နှင့်အမေရော ပညာပေးချင်လို့ ငါဟန်ဆောင်ခဲ့တယ်။ ဒါပေမဲ့ အခု ငါသဘောပေါက်သွားပြီ။ သဘာဝက သတ်မှတ်ပေးခဲ့တဲ့ ကံကြမ္မာကို ဘယ်သူမှမပြောင်းလဲနိုင်ဘူး။ ငါ့ဆီက ကူးစက်ခံရ တဲ့သူတွေကလည်း သူ့မိုက်ပြစ်နဲ့သူပဲ၊ နှင်မသနားပါနဲ့။ အခု ငါစီးနေတဲ့ဆိုင်ကယ်ကိုလည်း ငါ့မိဘတွေဆီ ပို့လိုက်ပြီ။ ပြီးတော့ ရုံပေါက်တယ်လို့ညာပြီး ငွေဆယ်သိန်းပို့လိုက်တယ်။ ငါက လိမ္မာ တဲ့သမီးမဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့ မိဘတွေကိုပေးလိုက်နိုင်သေး တယ်ဆိုတဲ့ပျော်ရွှင်မှုတော့ ယူသွားချင်တယ်။ နောက်ဘဝမှာ ငါ လူကောင်းဖြစ်ချင်တယ်။ အသိဉာဏ်ရှိတဲ့လူဖြစ်ချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"တူတဲ့အကျိုးကို ခံစားရမှာပဲ ပြည့်ဝန်းငယ်၊ တက တော့ နင်က အတ္တသမားပဲ။ နင့်ကို ငါသနားချင်ပါတယ်။ ဒါ နင့်လုပ်ရပ်တွေက စက်ဆုပ်စရာကောင်းနေတယ်"

"မသနားနဲ့၊ နင်သနားမှာကိုလည်း ငါမလိုချင်ဘူး"

"ကိုယ့်ကိုယ်ထဲမှာ ဒီလိုသွေးဆိုးတွေရှိနေတာကို လျက်နဲ့ နင်မို့ဟာ။ ဒါ သေမင်းတမန်လေ။ ဒါကို နင်သိနေ ပဲ၊ ဘာလို့ သူများကိုဖျက်ဆီးချင်ရတာလဲ။ တစ်ခါတစ်ရံ အ ရှာတဲ့ယောကျ်ားတွေမှာလည်း မိသားစုနဲ့ သူတို့မိသားစုတွေ သူ့ကိုမှီခိုနေတယ်ဆိုတာ နင်တွက်ဦးမှပေါ့။ သူကူးရင် သူ့မိန် ကူးမယ်၊ အိမ်တစ်အိမ်မှာ အဖေနဲ့အမေမရှိတော့ရင် ပြိုပျက်ေ တယ်ဆိုတာ နင်မသိဘူးလား။ လေလွင့်ကြရမယ့်လူတွေရဲ့ ကို နင်ထည့်မတွက်တော့ဘူးလား။ နင်က မိန်းမယုတ်ပဲ၊ နင့် လူမျိုးကို သူငယ်ချင်းတော်ခဲ့မိတဲ့အတွက် ငါနောင်တရတယ်"

"လူတွေအားလုံးဟာ ကိုယ့်ယုံကြည်ချက်နဲ့ကိုယ် တည်ကြတာပါ"

"နင့်ယုံကြည်ချက်က မှားနေပြီ အရူးမရဲ့၊ နင့်ကြေ ဘဝတွေ ဘယ်လောက်တောင် ဆုံးရှုံးပြီးပြီလဲ၊ အသိဉာဏ်နှ တဲ့တိရစ္ဆာန်တွေကိုသတ်တာတောင် ဒီလောက်အပြစ်ကြီးနေ





နင်သတ်လိုက်တာ လူတွေဟဲ့။ ဘဝတွေ ဘဝတွေမှအများကြီး၊ နင်ဟာ သေသင့်တဲ့လူတစ်ယောက်ပဲ။ နင့်ကြောင့် လောကကြီး နာတယ်ဟဲ့။ သိရဲ့လား လူယုတ်မာမရဲ့"

ထိုသို့သာပြောပြီး ချာခနဲလှည့်ထွက်ခဲ့သည်။ ပြည့်ဝန်း ငယ်က ဘယ်လိုဆက်ဖြစ်ကျန်ခဲ့မယ်ဆိုတာ သူမစိတ်မဝင်စား တော့ပေ။

"ဟင်! သက်၊ ဘာလို့ငိုလာတာလဲ"

"သက်ကို ဘာမှမမေးပါနဲ့ မောင်၊ အခု သက် စကား မပြောချင်ဘူး"

ဟုသာပြောပြီး ကုရှင်ကိုမှီပြီး မျက်လုံးကိုစုံမှိတ်ထားမိ သည်။ မျက်ဝန်းမှမျက်ရည်များသည် သွန်ချသလို စီးကျနေသည်။

ဘဝကို နာကြည်းနေသည်။ ကြုံဆုံရသမျှ ကြားရသမျှ ဘဝဒဏ်များကို ခါးသက်နေသည်။ ရင်တစ်ခုလုံးပူထူပြီး ဆောက် တည်ရာမဲ့နေသည်။

မထူးဇာတ်ခင်းနေသည့် ပြည့်ဝန်းငယ်အတွက် ရင်ထဲ မှ မခံချိမခံသာဖြစ်နေသည်။ ကရုဏာဒေါသလည်းဖြစ်ရသည်။ ကုထုပြီး ရိုပ်ပစ်ချင်သော်လည်း မျက်ဝန်းတွေက ညိုမည်းပြီး ငယ်ကိုယ်က အရိုးပေါ်အရေတင်ဖြစ်နေသော ပြည့်ဝန်းငယ်ကို



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ရက်ပြန်ပါ။

သူမ အမှားလား၊ ပြည့်ဝန်းငယ် အမှားလား၊ ကံကြမ္မ
ရဲ့အမှားလားဆိုတာမျိုးကို ဘုရားမှလွဲပြီး သိသူမရှိနိုင်တော့ပေ

◘◘◘



## အခန်း (၁၄)

"ကလင်! ကလင်!"

"ဟဲလို"

"အငယ်မ၊ ညည်းဘယ်လိုလုပ်လိုက်တာလဲ၊ ငါတို့ ဘယ်
ာက်စိတ်ပူရတယ်ထင်သလဲ။ အမေဆိုရင် ပြာယာခတ်နေတာ
။ နောက်မှ မင်းနိုင်ငံနဲ့လိုက်သွားမှန်းသိလို့ စိတ်အေးရတယ်။
ာက်ျားနောက်လိုက်ပါတယ်ဆိုပြီး ဘာလို့ အဘွားတို့အိမ်ကို
ျက်နေပြန်တာလဲ"

"သက် ယောက်ျားနောက်လိုက်တယ်လို့ ဘယ်သူပြော
"

"ဖုန်းဆိုင်က မိချိုသဲလေ၊ နင့်ကို ကားနဲ့ကောင် လာ
သွားတာဆို"



www.burmeseclassic.com

www.burmeseclassic.com



"မြစ်ကြီးနားမှာ မနေချင်တော့လို့ ပြေးလာတာ၊ သူ့နောက် လိုက်လာတာမဟုတ်ဘူး"

"ဘယ်လိုလုပ်တာလဲဟယ်၊ ဒီမှာက နင် ယောကျ်ားနောက်လိုက်တယ်ဆိုပြီး သတင်းတွေပွနေပြီ။ ဒီမှာ အမေနဲ့ဖုန်းပြောလိုက်ဦး"

"မပြောချင်ဘူး၊ မမနဲ့ပဲပြောမယ်"

"ပြီးရော၊ ဒါနဲ့ နင့်ကောင်ရော"

"သူ့အိမ်မှာပေါ့"

"နင်တို့ကလည်း ယူချင်လည်း ယူကြတော့ပေါ့။ ဒါမှ ငါလည်းစိတ်အေးရမှာ။ နင့်အသက်လည်း နှစ်ဆယ်ပြည့်တော့မှာပဲ၊ ရပါပြီ"

"မယူချင်သေးပါဘူး၊ သူက အခုမှ အညွှန့်တလူလူနဲ့ တက်ဖို့ကြံရွယ်နေတာ။ ပန်းကောင်းအညွှန့်ကျိုးတော့ မဖန်တီးနိုင်ဘူး"

မမရဲ့စေတနာကို နားလည်ပါသော်လည်း တမင်ကန့်လန့်တိုက်ပြောလိုက်ခြင်းဖြစ်သည်။ အမှန်တကယ်လည်း သူမအဲဒီလိုခံယူနေမိသည်။ မင်းနိုင်ငံကို သူမသိပ်ချစ်သည်။ အချို့တိုတိုအတွင်းမှာ မယုံကြည်နိုင်လောက်အောင် ချစ်မိသွားသည်။





...ဂပြုံးကို မြင်ချင်သည်။ သူ့အသံကိုကြားချင်သည်။ သူနှင့်...ကူ သွားလာနေရသည့်ကပင် ကမ္ဘာလောကကြီးတစ်ခုလုံးကို...ပိုင်နေသလိုခံစားရသည်။ အားလည်းကိုးမိသည်။

"ဟဲ့! နင့်ကိုပြောရဦးမယ်၊ ဒါပြောချင်လို့ကို ဖုန်းဆက်...က်တာ"

"ဒါနဲ့ သက် ဒီကိုရောက်နေမှန်း ဘယ်လိုသိကြသလဲ"

"အဘွား ဖုန်းဆက်လို့ပေါ့"

"ထင်သားပဲ၊ ကဲ! ပြော၊ ဘာပြောမှာလဲ"

"နင့်သူငယ်ချင်း ပြည့်ဝန်းငယ်လေ၊ အဆောင်မှာ ကြိုး...ချသေသွားတယ်"

"ဟင်!"

ဖုန်းခွက်ပင် လွတ်ကျလုမတတ် အံ့ဩသွားသည်။

"ဒီနေ့ပဲ အသုဘချတယ်၊ အဆောင်တောင် ပိတ်ရတော့...ဖြစ်နေပြီ။ ပြဿနာက စော်တော်ကြီးဆိုပဲ။ မှန်မှာ စာရေး...တယ်တဲ့၊ အပြစ်များကိုပေးဆပ်ခြင်း ခွင့်လွှတ်ပါတဲ့။ ဘာမှ...ပလည်ကြဘူး"

အများနားမလည်သောထိုစာလုံးများကို သူမ အလိုလို...ည်နေသည်။ ပြည့်ဝန်းငယ်ကို အဲဒီလိုလွယ်လွယ်နဲ့ အရှုံး



www.burmeseclassic.com

www.burmeseclassic.com



ပေးသွားလိမ့်မည်ဟု မထင်ခဲ့တာအမှန်ပါ။ အဲဒီလိုသာ ထင်မိခဲ့ရင် ဒီလိုစကားလုံးကြမ်းကြမ်းများနှင့် ပြောမိမှာမဟုတ်ပေ။ နင်က သေသင့်တဲ့လူတဲ့လား ပြည့်ဝန်းငယ်ရယ်။ ငါ အဲဒီလိုပြောပစ်ခဲ့လို့ နင်အခုလိုလုပ်သွားတာလား။

"ကျောင်းသားတွေအများကြီး အသုဘကိုပို့ကြတယ်။ ပြဿနာက မီးခိုးကြွက်လျှောက်ပဲနော်။ ငါတို့ဂရုစိုက်နေရတယ်။ သူ့မိဘတွေ အမှုမဖွင့်ပါစေနဲ့လို့ ဆုတောင်းနေရတယ်။ တစ်ရက်ကျော်မှတွေ့တော့ အလောင်းတောင် အေးစက်တောင့်ခဲနေပြီတဲ့။ သိတဲ့အတိုင်းပဲ ကျောင်းပိတ်ချိန်ဆိုတော့ လူတွေပြန်ကြတယ်လေ။ ထွက်မလာဘူးဆိုတော့မှ အဆောင်မှူးက ဖွင့်ကြည့်တာ။ အဆောင်မှာက လူမရှိတော့ အဆောင်မှူးက သိပ်မဖွင့်ရဲဘူး။ တော်သေးတယ်၊ ဆပ်ပလီထိတဲ့လူတွေ ရောက်လာကြလို့၊ နို့မဟုတ်ရင် ပုပ်ပွနေတောင် သိကြမှာမဟုတ်ဘူး"

မိုက်လိုက်တာ သူငယ်ချင်းရယ်။ သေတဲ့အထိ မိုက်သွားတာပါပဲလား။

"ကဲကဲ. . . တော်ပြီ၊ ဒီလောက်ပြောနေတာနဲ့တင် ဖုန်းဖိုးတော်တော်ကုန်နေပြီ။ ဒါပဲ"

တတူတူနှင့် ဖုန်းလိုင်းပြတ်တောက်သွားချိန်ထိ သူမ





ဖုန်းကိုင်ထားမိဆဲဖြစ်သည်။

သူမအာရုံထဲ ပြည့်ဝန်းငယ်ကသာ ကြီးစိုးနေသည်။ သူမ ပြည့်ဝန်းငယ်ကို ခင်ပါသည်။ နွမ်းပါးသော်လည်း စိတ်ရင်းကောင်းပြီး သူမကိုအားလုံးထက် ချစ်ခင်သောပြည့်ဝန်းငယ်ကို သူမလည်း ချစ်သည်။ ထို့ကြောင့်ပင် ကရုဏာဒေါသနှင့် ပြောမိပြောရာ ပြောပစ်ခဲ့ခြင်းဖြစ်သည်။

သူမ နောင်တရနေပါသည်။ အချိန်တွေကိုသာ နောက်ထပ် သုံးရက်လောက်လေး ဆုတ်နိုင်ခဲ့လျှင် သူမ ပြည့်ဝန်းငယ်ကို အားပေးစကားပြောပေလိမ့်မည်။ ရောဂါဝေဒနာခံစားနေရသူကို ဖေးမပေလိမ့်မည်။ ဘဝကိုနှစ်သိမ့်ပြီး အားမလျှော့စတမ်းဆက်လက်ရှင်သန်ရန် အားပေးပေလိမ့်မည်။

အခုတော့. . .

တောင်းပန်ပါတယ် သူငယ်ချင်းရယ်. . .

ငါမှားခဲ့ပါတယ်။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"အဲ့ဒီအဆောင်က ဘာဖြစ်လို့ နေတာလဲ"

မြစ်ကြီးနားတုန်းက မောင်းပို့ခဲ့ဖူးသော အဆောက်အဦး ကြစိမ်းရောင်ကြီးကို သတိရ၍မေးလျှင်. . .

"နယ်က ကျောင်းသူကျောင်းသားတွေအတွက် နေစရာ ပေါ့ မောင်ရယ်"

"ဘယ်ကတွေ လာနေတာလဲ"

"ကချင်ပြည်နယ်ဝန်းကျင် မြို့ရွာတွေကပေါ့"

"ရွယ်တူတွေစုနေတော့ ပျော်ဖို့ကောင်းတာပေါ့"

"အင်း"

"သက် ဘာဖြစ်နေတာလဲ၊ မျက်နှာလည်းမကောင်းပါ လား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ပြောစရာရှိတယ်ဆို၊ ပြောလေ"

"ဪ. . . ဟုတ်တယ်၊ ရှိတယ်။ မောင့်မှာ သက်ရှိနေတာ မေမေသိသွားတယ်"

"ဟင်! ဟုတ်လား၊ မောင့်ကိုဆူသလား"

"ဟာ. . . ဘာလို့ဆူရမှာလဲ၊ အဲဒီလိုအသေးအဖွဲကိစ္စတွေကို မေမေက စိတ်မဝင်စားဘူး။ သားနဲ့အတူတူ ရန်ကုန်ပါလာတဲ့မိန်းကလေးက ဘယ်မှာလဲလို့မေးတယ်"

"ဟယ်! ဘယ်လိုလုပ်သိသွားတာလဲ၊ နောက်တိုး ပြောတာလား။ ဒါမှမဟုတ် ဦးရွှေလူလား"

"မေမေ့အတွက် ဒါကမခက်ပါဘူး၊ နောက်တိုးနဲ့ ဦးရွှေလူက အဲဒီလိုလူမျိုးတွေမဟုတ်ဘူး။ မောင့်ရဲ့သစ္စာခံတွေ"

"ဘယ်လိုလုပ်သိသွားတာလဲ"

"မောင့်မေမေမို့ ပြောတာမဟုတ်ဘူး၊ မေမေက သိပ်တော်တယ်၊ ထက်တယ်၊ သူမလုပ်နိုင်တာ ဘာမှမရှိဘူး။ ပြီးတော့ စကားလည်း များများမပြောဘူး။ နည်းနည်းပြတ်သားတယ်။ မောင်က ပြောလိုက်တယ်၊ အဲဒါ သားကောင်မလေးလို့"

"ဘာပြန်ပြောလဲ"

"ငယ်သေးတယ်တဲ့၊ အောင်မြင်မှုတစ်ခုပိုင်ဆိုင်ပြီးမှ ဒီ





အကြောင်းစဉ်းစားသင့်တယ်တဲ့။ သေချာစဉ်းစားကြည့်တော့ မေမေ့စကားက ဖြစ်သင့်ပါတယ်။ ဒါပေမဲ့ အချစ်က ဘယ်အချိန်မှ ရောက်လာပါလို့ ကန့်သတ်လို့မှမရတာ။ သက်, မောင်တို့တစ်ချိန်မှာ လက်ထပ်ကြမယ်နော်"

"မောင် တကယ်ပြောတာလား"

"မောင်က ညာတတ်တဲ့ရုပ်ပေါက်နေလို့လား၊ မယုံရင် ယာယီလက်မှတ်ထိုးမယ်လေ"

"ဟာ! မဟုတ်တာ မောင်ကလည်း"

"မနက်ဖြန် ဘုရားတက်ရအောင်လေ၊ မောင်လည်း သက်နဲ့တွေ့မှ လိမ္မာချင်နေတယ်"

"ဆောရီး မောင်၊ သက် မြစ်ကြီးနားပြန်တော့မယ်။ အဲဒါ ဒီနေ့ပဲ မောင်က သက်ကို လေယာဉ်လက်မှတ်လုပ်ပေးပါလား"

"ဟွန်း! ဘယ်လိုဖြစ်တာလဲ၊ ရုတ်တရက်ကြီး"

"သက် သွားမှဖြစ်မယ် မောင်"

"ဘာဖြစ်လို့လဲ"

"ဟို. . ."

"မရဘူးကွာ၊ အကြောင်းပြချက်မရှိရင် မပြန်ရဘူး။ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကို မောင်ဘယ်လောက်ချစ်သလဲဆိုတာ သိတယ်နော်''

''သိပါတယ်မောင်ရယ်၊ အခုဟာက''

''ခုဟာက ဘာဖြစ်လဲ''

''မေမေနေမကောင်းဘူးတဲ့၊ သက်ပြန်မှဖြစ်မယ်''

မလိမ်ချင်ပါဘဲ ချစ်ရသူကို ညာပြောလိုက်ရ၍ လိပ်ပြာမလုံချင်ပါ။ သို့သော် ဘယ်တတ်နိုင်မလဲ။ ပြောရတော့မှာပေါ့။ ပြည့်ဝန်းငယ်အကြောင်းသာ မောင့်ကိုရှင်းပြနေရင် ပြီးတော့မှာမဟုတ်တာ။ ပြီးတော့ သေသွားသူရဲ့သိက္ခာကိုထောက်ပြီး သူမနှုတ်မှ မချချင်တော့တာလည်းပါသည်။

''အင်း. . . ဒါဆိုရင်တော့ ပြန်လေ၊ မောင် လက်မှတ်လုပ်ပေးလိုက်မယ်။ ဒါပေမဲ့ ပြန်လာရမယ်နော်။ မောင်မျှော်နေမယ်''

မခွဲရသေးခင်မှာပင် မောင့်ကိုလွမ်းနေမိသည်။ မောင့်မျက်နှာချောချောကို စိုက်ကြည့်နေမိသည်။ မောင်က ဖြူသောအသားလေးတွေ ရဲစိုနေအောင် ကြည့်ကောင်းသူပါ။ နီရဲသောနှုတ်ခမ်းတစ်လွှာနှင့်လည်း သူမကို ကြင်နာတတ်သူပါ။ ပြီးတော့မောင့်ပါးလေးတွေက နူးညံ့ချောမွတ်နေသည်။

''မောင့်ကို သက်တော့ အရမ်းချစ်တာပဲ၊ သက်တို့ဘယ်တော့မှမခွဲကြေးနော်''

''မောင်လည်း သက်ကိုအရမ်းချစ်ပါတယ်၊ မောင်တော့သက်ကိုမခွဲနိုင်ဘူး။ သက်တော့ မောင့်ကိုခွဲသွားမှာမဟုတ်လား''

''ခဏပါ မောင်ရယ်၊ မြစ်ကြီးနားနဲ့ရန်ကုန်ဆိုတာ ဘယ်လောက်ဝေးတာမှတ်လို့။ အမေနေကောင်းရင် သက် ချက်ချင်းပြန်လာမှာပါ''

ချစ်ရသူကို အနမ်းတစ်ချက်နှင့်သာ နှစ်သိမ့်ပြီး ချစ်သူ့မျက်နှာလေးကို ငေးကြည့်နေမိသည်။

မောင့်ရဲ့မျက်နှာချောချောကို နှလုံးသားထဲ အလွတ်ရနေအောင် ကြည့်နေသည်။ မောင့်ရဲ့အပြုံး၊ မောင့်ရဲ့နှုတ်ခမ်း၊ မောင့်ရဲ့မျက်လုံး၊ မောင့်ရဲ့ပါး၊ မောင့်ရဲ့နှဖူးတွေနှင့် မောင့်အပြုံးတွေကို သူမ စွဲမြဲအောင်မှတ်နေသည်။

မောင့်ကိုသိပ်ချစ်တာပဲ မောင်ရယ်၊ တကယ်ပါ၊ မောင့်ကိုလေ. . . သက် အသည်းပေါက်မတတ် ချစ်ရပါတယ်။

◙◙◙







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ရောဝတီမြစ်ပြင်ကျယ်ကြီးကိုကြည့်ပြီး တသိမ့်သိမ့်ရှိုက်ငိုနေမိသည်။ သူမမျက်ရည်တွေက ရောဝတီမြစ်ကြောင်းထဲ စီး၊မျောသွားသည်။

"ပြည့်ဝန်းရယ်၊ ဆောရီး. . .ဆောရီးဆိုတဲ့စကားကနင့်ကိုလျော်သလိုဖြစ်နေမလား သူငယ်ချင်းရယ်။ နင်သာ ငါ့ရဲ့မဆုံခဲ့ဖူးဆိုရင် ခုလိုဖြစ်ရမှာမဟုတ်ဘူး။ သူရိန်လင်းနဲ့လည်း ဒါ်ရမှာမဟုတ်ဘူး။ သူရိန်လင်းနဲ့လည်း ငါမိတ်ဆက်ပေးလို့ နင်ဒါ်ရတာ။ ငါ့ကြောင့်ပါ သူငယ်ချင်းရယ်၊ အားလုံး ငါ့ကြောင့်ပါ၊နင်အခုလို လောကကြီးက မြန်မြန်ထွက်သွားရတာကလည်း ငါ့ကြောင့်ပါ။ ငါက အဓိကတရားခံပါ။ နင့်ဘဝကို ငါဖျက်ဆီးခဲ့တာ





ပါ။ ငါ့စကားလုံးတွေကြောင့် နင်အဲလိုလုပ်သွားတယ်ဆိုတာ ငါသိတယ်၊ ငါသိပါတယ်။ ငါက မိုက်မဲတာပါ သူငယ်ချင်းရယ်။ လှမ်းတက်နေတဲ့လူကို တွဲမထူဘဲ ကန်ချခဲ့တဲ့လူက ငါပါ။ နင်ငါ့ကို အဲဒီလိုလုပ်ပြီး နောင်တပေးလိုက်တာလား သူငယ်ချင်းရယ်။ ငါအရမ်းခံစားနေရပြီ၊ မင်းကျေနပ်မယ်ဆို ငါဘာမဆိုပေးဆပ်ပါ့မယ်။ မင်းရဲ့ဒေါသတွေသာပြေမယ်ဆိုရင် ငါဘာမဆိုပေးဆပ်ပါ့မယ်။ ပြောပါ သူငယ်ချင်းရယ်။ ငါ့ကိုဘယ်လိုဖြစ်စေချင်လို့နင် အသက်ပေးသွားတာလဲဟင်။ နင် အဲဒီလိုလုပ်သွားတော့ ရှင်ကျန်ခဲ့တဲ့ငါက ဘယ်လိုနေရမလဲ"

ကျောက်ခဲတုံးအဖြူလေးများကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး အားပါးတရငိုကြွေးနေမိသည်။ အလောင်းကို မီးသင်္ဂြိုလ်ပြီး ပြာကို ဒီနေရာမှာ ရေမျှောခဲ့သည်ဟု သိထားသည်။

ပြည့်ဝန်းငယ်၏ဝိညာဉ်သာ ရှိနေဦးမယ်ဆိုလျှင် သူမရဲ့စကားတွေကို ကြားနိုင်ပါစေ။ နောင်တတွေ တပွေ့တပိုက်နှင့်အချိန်တွေကို နောက်ဆုတ်ချင်နေတဲ့ သူမရဲ့နောင်တတရားတွေကို လျော်ပြောင်ရယ်မောနိုင်ပါစေ။

"အစကတည်းက မှားနေခဲ့တာပါ၊ အရာအားလုံးက မှားနေခဲ့တာပါ။ ပိုပြီးမှားသွားအောင်လည်း ငါက ပိုရှုပ်ခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



အချိန်တွေကိုသာ ပြန်နောက်ဆုတ်လို့ရရင် ငါ နင်နဲ့သူငယ်ချင်း မဖြစ်ခင်အချိန်ကို သွားချင်ပါတယ်။ ဟင့်အင်း. . . ဒါထက် ငါ့ အဖေမဆုံးခင်အချိန်၊ ဒီ့ထက်နောက်ဆုတ်လို့ရဦးမယ်ဆိုရင် အမေ့ ဗိုက်ထဲမှာကတည်းက ငါသေသွားချင်တယ်။ အခုတော့ဟာ''

သူမ အံကိုကျိတ်ထားမိသည်။ သူမအာရုံထဲ ပြည့်ဝန်း ငယ်၏အပြုံးများကို မြင်ယောင်နေမိသည်။ ပေါ့ပါးဖျတ်လတ်မှု အများနည်းတူ မဝတ်နိုင် မသုံးနိုင်လို့ ချောင်ထဲ၌သာ ခပ်ကုပ် ကုပ်နေရသူ။ အဝတ်လှလှမရှိလို့ ဖရက်ရှာဝဲလ်ကမ်းကိုတောင် မသွားချင်ဘူးပြောခဲ့သူ။

သူမ ကရုဏာသက်ခဲ့ရသည်။ ထို့ကြောင့်ပင် မသိမသာ တစ်မျိုး သိသိသာသာတစ်ဖုံ အစ်မမိုးနှင်းလေ၏အင်္ကျီအကျ လတ်လတ်များကို သေချာလျှော်ဖွပ်မီးပူတိုက်ပြီး ပေးခဲ့သည်။ အများမသိအောင် တိုးတိုးတိတ်တိတ်လက်ထိုးပေးခဲ့၍ မာန မထောင်နိုင်ဘဲ ရှက်ရှက်နှင့်ယူနေသော ပြည့်ဝန်းငယ်၏မျက် လှလှက သူမအာရုံထဲ မေ့ပျောက်လို့မရပါ။

နွမ်းပါးတဲ့သူမကို သူရိန်လင်းလို ဆိုင်ကယ်တစီးစီး ကျောင်းတက်သော မေဂျာကင်းက ပိုးပမ်းလာ၍ ဂုဏ်ယူနေသော ပြည့်ဝန်းငယ်၏မျက်နှာလေးမှာ ချစ်စရာပင်ကောင်းနေသေးသည်။





သူရိန်လင်း မထင်မှတ်ဘဲ ဆုံးသွားတဲ့နေ့ကဆို ပြည့် ဝန်းငယ် ငိုနေလိုက်တာများ နှာသီးဖျားလေးတွေ ရဲပြီး မေ့လဲ သည်အထိပင်။ ထိုအချိန်ကစပြီး ပြည့်ဝန်းငယ်ကို သနားသွား အားလုံးထက်ပိုပြီး တွယ်တာခဲ့သည်။ ဂရုစိုက်ခဲ့သည်။ ပြည့် ဝန်းငယ်အပေါ် သံယောဇဉ်ရစ်တွယ်မိ၍ အိမ်ကိုမခေါ်စဖူး သူငယ် ချင်းခေါ်မိခဲ့သည်။

ဒါက ပြည့်ဝန်းငယ်ဘဝကြီး ပျက်စီးဖို့လမ်းစဆိုတာ သူမ ယောင်၍ပင် မတွေးမိခဲ့ပါ။ ပြီးတော့ ပြည့်ဝန်းငယ်လို ရိုးသား အေးချမ်းတဲ့လူမျိုးက ရည်းစားအဆင့်သာရှိသေးသော သူရိန် လင်းနှင့် ထိုသို့လွန်ကျူးကြလိမ့်မည်ဟုလည်း ဘယ်လိုမှ မထင် ရက်ခဲ့ပါချေ။

သူမ ပြည့်ဝန်းငယ်၏သိက္ခာနှင့် ကိုယ်ကျင့်တရားကို ကြွင်းမဲ့ယုံကြည်ခဲ့သည်။ ထို့ကြောင့်လည်း ပို၍ဒေါသထွက်ပြီး ပြောမိပြောရာပင် စက်သေနတ်ပစ်သလိုပြောခဲ့ပြီးကာမှ ယခုတော့ ရာအားလုံးအတွက် နောင်တရနေသည်။

ဒါ့ ပြည့်ဝန်းငယ်က သူမကိုနောက်ဆုံးပေးခဲ့သည့် လက် ဆောင်တဲ့လား။

သူငယ်ချင်းရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ငါ နှင့်ကိုခင်ပါတယ်။ ချစ်လည်းချစ်ပါတယ်. . .

နှင် ငါ့ကိုခွင့်လွှတ်နိုင်ပါစေဟယ်. . .

◘◘◘



## အခန်း (၁၇)

အဖြူရောင်ဂါဝန်လေးနှင့် မိန်းမချောလေးသည် ဟိုတယ် ပေါက်၌ ရပ်နေသည်။ သူမကိုပို့ပေးသော ကားဖြူလေး ပြန် က်သွားသည်ကိုပင် လှည့်မကြည့်တော့ပေ။ သူမရင်ထဲ နာကျင် ာင့်မျက်နေသည်။ သို့သော် မျက်ရည်တို့ စိုးစိမျှ မကျ။ မျက် တွေက တည်ကြည်ပြီး အေးစက်နေသည်။

"ဒီဘက်ကိုကြွပါ"

ဝန်ထမ်း၏ခေါ်ဆောင်ရာသို့သာ အလိုက်သင့် လိုက်ပါ ရသော်လည်း ခြေလှမ်းတွေက ကျောက်ရုပ်အလား။ စက် လား။

သူမကိုယ်သူမ ဒီကမ္ဘာမြေပြင်ပေါ် လမ်းလျှောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ပါလားဟုလည်း သတိကပ်မည့်ပုံမျိုးမပေါ်ပါ။ နှလုံးသားမပါသော လူသားတစ်ဦးနှယ် ဘေးဘီဝဲယာကိုလည်း မကြည့်ပါ။ ရှေ့သို့သာ တည့်တည့်ကြည့်နေသည်။ သို့သော် ဘယ်အရာကိုမှသိမြင်ခံစာ နေရပုံမပေါ်။ နာကြည်းမှုတွေနှင့်ပြည့်နေသော မျက်ဝန်းအိမ်က တော့ အေးစက်မာကြော၍နေပါပြီ။

"သွားလိုက်ပါသမီးရယ်၊ ဒီတစ်ကြိမ်က သမီးငယ်လေ အတွက် ပထမဆုံးအကြိမ်ဖြစ်သလို နောက်ဆုံးအကြိမ်ပါပဲ။ တစ်ပွဲပြီးရင် အမေတို့ ဒီဘဝကြီးက ရုန်းထွက်ကြစို့။ ရန်ကုန်မ ပဲ အခြေချပြီး ဈေးရောင်းဈေးဝယ်လုပ်စားကြတာပေါ့။ ဒီငွေ နဲ့သာဆိုရင် အမေတို့ တိုက်ခန်းတစ်ခန်းအပိုင်ရရုံတင်မက ထ ဆိုင်ကြီးတစ်ဆိုင်ပါ ဖွင့်နိုင်မှာ။ အမေ့ကိုမသနားဘူးလားဟ အမေလည်း ဒီအလုပ်ကိုမလွဲသာလွန်းလို့ လုပ်စားနေရတာ သမီးရယ်။ ဒီဘဝကြီးထဲကနေ အမေလည်း ရုန်းထွက်ချင်လ ပြီ"

ငိုယိုပြီးပြောနေသော အမေ့အသံများက သူမနား ပဲ့တင်ထပ်နေသည်။

"ဖွတ်မခိုင်းပါနဲ့ အမေရယ်၊ သူလုပ်ချင်မှလုပ်ပါစေ"

"ဖောက်သည်ဆိုလို့ ဒါပဲရှိတော့တာ၊ ခုချိန်မှ လူသ





လိုရှာမလဲ။ ဒီတစ်ချီသာ လွဲသွားရင် ငါတို့ ရှေ့ဆက်ဘယ်လို ထမင်းစားမလဲ။ ဘာလဲ. . . ညည်းက တစ်သောင်းနှစ်သောင်း နဲ့ အောက်ဆင့်ထိ ဆင်းချင်လို့လား။ အဲဒီအဆင့်ရောက်သွားရင် ညည်းနဲ့ငါနဲ့ ရောဂါရပြီး ထမင်းငတ်သေရုံအပြင် ဘာရှိဦးမှာလဲ။ ငါတို့လည်း ဒါကိုလုပ်စားနေတာပဲ၊ သူက ရုပ်ရည်ရှိတယ်၊ ပြီး တော့ ကျောင်းသူလည်းကျောင်းသူမို့ ဒီဈေးရတာ။ ဒါ ငါတို့ဘဝ ပြောင်းဖို့ အကြောင်းဖန်လာတာ။ တစ်ကြိမ်တည်းမိုက်ရုံနဲ့ ငါတို့ တွေရဲ့ဘဝကို ကယ်ထုတ်နိုင်ပြီ။ အချိန်တန်ရင် ဟိုသူဌေးပေါက်စ နဲ့ ယူမှာပဲ။ ဘာနာလို့လဲ။ ပြီးတော့ သီတာတို့ဘက်ကလည်း ယူ့ကိုပဲ ပွဲတောင်းတာဟဲ့"

အမေ့စကားလုံးများက သူမရင်ထဲ မီးခဲရဲရဲတွင် ဖုတ် ထားတဲ့သံချွန်ချွန်နဲ့ထိုးလိုက်သလို ပူခနဲနာကျင်သွားသည်။

"ငါ့အဖေနဲ့ငါ့အမေက ဆင်းရဲတယ်၊ ငါမသေခင်မှာ ယူတို့အတွက် ငါ့ဘဝကိုပေးဆပ်သွားချင်တယ်"

ငိုရင်းပြောခဲ့တဲ့ ပြည့်ဝန်းငယ်၏စကားလုံးများက သူမ ၏နောက်ထဲ ဖျတ်ခနဲဝင်လာပြန်သည်။

"ငါက လိမ္မာတဲ့သမီးမဟုတ်ဘူး၊ ဒါပေမဲ့ မိဘတွေကို ပေးလိုက်နိုင်တယ်ဆိုတဲ့ပျော်ရွှင်မှုလေး ယူသွားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြည့်ဝန်းငယ် ဆိုခဲ့စဉ်က သူမရင်ထဲ ပြည့်ဝန်းငယ်ကို အပြစ်တင်ဖူးသည်။ ဘဝကိုပုံပေးရလောက်တဲ့အထိ လိုလို့လား။ အဲဒီလိုလုပ်မှ ရမှာတဲ့လား။ နင်ဒီလောက်ထိ နုံရသလားဟု ခါးသက်စွာတွေးခဲ့သည်။

သို့သော် ယခုတော့ ထိုစကား သူမကိုယ်သူမ ပြောရတော့မည်ထင်ပါရဲ့။ သူမ၏စိတ်တို့ ဒွိဟဖြစ်နေသည်။ ညနေပိုင်းက ထွက်သွားပြီး မနက်ပိုင်းပြန်ရောက်လာတတ်သည့်မမသည် ဝေဒနာကြောင့် အိမ်တွင်းအောင်းနေရပုံများ သူမနှလုံးသားထဲ အထပ်ထပ်ပေါ်လာသည်။ အသက်ကြီးပြီဖြစ်သော်လည်း မဖွယ်မရာအလုပ်သဘောများကို မရှက်မကြောက် ပြောနေရသောအမေ့ရဲ့ပုံခပ်နွမ်းနွမ်းက ဝိုးတဝါးမှ ရှင်းရှင်းလင်းလင်းပေါ်လာသည်။

ဟင့်အင်း. . . မလုပ်ဘူး၊ ဒီအလုပ်ကို သေသွားပါစေ မလုပ်ဘူးဟု သိက္ခာကို အလေးထားဖက်တွယ်မိပြန်တော့ ဘဝကြီးကိုနာကြည်းမိသည်။ အမေနဲ့အစ်မအပေါ် သူမ တရားရဲ့လား ဟု မိမိကိုယ်မိမိ ဆင်ခြင်မိပြန်သည်။ အမေနဲ့အစ်မကတော့ သူ တို့ရဲ့ဘဝတွေကိုပေးပြီး ပညာတွေသင်ပေး၊ အများနှင့်တန်းတူ အဆင့်မြင့်မြင့်ထားပေးပြီး အချိန်တန်တော့ သူမက ထိုရင်နှစ်၊ ကို စုံကန်ပြီး ချစ်သူ မင်းနိုင်ငံနောက် ကောက်ကောက်ပါအော





လိုက်ပြီး မာစီးဒီးကားစီးနေရမှာလား။ ဒါဆို အမေနဲ့အစ်မဘဝက ဘာလဲ။ သူမဟာ ဘယ်လိုလူဖြစ်သွားပြီလဲ။

အကယ်၍ ဒီအလုပ်ကို သူမလုပ်ပြန်လျှင်ရော မင်းနိုင်ငံကို ဘယ်နေရာမှာ ထားမှာလဲ။ သူမ မင်းနိုင်ငံကိုချစ်သည်။ ချစ်လွန်းလို့လည်း အချိန်တိုအတွင်းမှာ မောင်ဟုမြတ်မြတ်နိုးနိုးအဖျားထွက်ခေါ်ခဲ့သည်။ မောင့်နှုတ်ခမ်းလေးတွေ မျက်လုံးလေးတွေနှင့် စကားလုံးလေးတွေကိုချစ်သည်။ သူမကိုသိပ်ချစ်သော မောင့်နှလုံးသားကို သူတန်ဖိုးထားသည်။ မောင်နှင့်တွေ့ဆုံပေးခဲ့သည့် ကံကြမ္မာကိုလည်း ကျေးဇူးတင်ခဲ့ဖူးသည်။

မောင်က သူမရဲ့အချစ်ဦးဖြစ်သလို အချစ်ဆုံးလည်းဖြစ်သည်။ ဒီလောက်ထိချစ်မြတ်နိုးရသော မောင့်အပေါ် သူမ သစ္စာဖောက်ရမှာလား။ သူမရဲ့မသန့်ရှင်းတဲ့ခန္ဓာကိုယ်နဲ့ မောင့်ရင်ခွင်ထဲပြန်ဝင်ရမှာလား။

သူမဘာလုပ်ရမလဲ၊ ထိုသို့အကြိမ်ကြိမ်အခါခါ ဆင်ခြင်မိတော့ သူမထံတွင် ရွေးချယ်စရာနှစ်ခုဖြစ်လာသည်။ ထောင့်ငါးရာလား၊ ငါးရာနှစ်ဆယ့်ရှစ်လား။

အချစ်လား. . . ဘဝလား. . .

စွန့်လွှတ်ရမှာလား. . . ရယူရမှာလား. . .



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်ရမှာလား. . . အတ္တကြီးရမှာလား. . .

သူမဘာဝသာယာမှုအတွက် အမေနဲ့အစ်မရဲ့ဘဝတွေကို နင်းချေရတော့မှာလား။ အမေနဲ့အစ်မရဲ့ဘဝကိုလည်း ကယ်တင်ချင်တယ်။ မောင့်ကိုလည်း မစွန့်လွှတ်နိုင်ဘူးဆိုရင် မောင့်အတွက် သူမက ဘာလဲ။ မောင့်ကိုချစ်တဲ့သူမရဲ့အချစ်က ဘာလဲ။ မောင့်အတွက် သူမရဲ့သစ္စာတရားက ဘယ်မှာလဲ။

သူမ ပြတ်သားရလိမ့်မည်။ ဒါမှ မောင့်အပေါ် တရားမယ်လေ။ သူမ ပြတ်ပြတ်သားသားရွေးချယ်ရလိမ့်မည်။ မောင့်ကိုလား. . . အမေနဲ့အစ်မကိုလား. . .

ထိုလွန်ဆွဲပွဲတွင် သူမနှလုံးသားသည် အတုန်းအရုံးကျဆုံးခဲ့ရသည်။ ထို့ကြောင့်ပင် နောက်ဆုံးနှုတ်ဆက်သည့်အနေနှင့် မောင့်အသံလေးကိုကြားချင်၍ မောင့်ထံဖုန်းဆက်ခဲ့သည်။

'ဟဲလို'ဆိုသော မောင့်ရဲ့အသံကို ကြားသည်နှင့်ပင် ရင်ထဲ ဆို့တက်လာသောသူမက နောက်ထပ်စကားလုံးကို ရှေ့ဆက်ထွက်မလာနိုင်ခဲ့ပေ။ မောင်က 'ဟဲလို''ဟဲလို'ဟု အကြိမ်ကြိမ်ထူးနေခဲ့သော်လည်း သူမ မည်သည့်စကားမှမပြောနိုင်ခဲ့ပါ။

မောင်ရယ်. . . မောင့်ကိုအရမ်းချစ်ပါတယ်ဟု ရင်ထဲ၌ အကြိမ်တစ်သောင်းမက ပြောနေမိသော်လည်း နှုတ်ခမ်းတွေက





တုန်ယင်ပြီး အသံတို့က လည်ချောင်းဝ၌ ပျောက်ဆုံးကုန်သည်။

"ဟဲလို. . . သက်လား. . . ဟဲလို. . . သက်"

မောင့်အသံက နှလုံးသားတစ်ခြမ်း ချိုမြသွားသော်လည်း တစ်ခြမ်းကိုတော့ သံချွန်ချွန်နှင့် တစစ်စစ် ထိုးစိုက်နေသလိုခံစားရသည်။

"ဟဲလို. . . သက်. . . သက်လား"

သူမ မကြားရက်နိုင်တော့ပါ။ မောင့်ရဲ့အသံတွေကို နားမထောင်နိုင်တော့ပါ။

"ခွင့်လွှတ်ပါမောင်ရယ်၊ ဟင့်အင်း. . . ခွင့်မလွှတ်ပါနဲ့၊ မကောင်းတဲ့သက်ကို မောင်မေ့လိုက်ပါတော့။ သက်ကို မောင်မချစ်ပါနဲ့တော့"

ဟု ရင်ထဲ၌ အသံတိတ်ပြောနေမိသည်။

"သက်. . . သက်"

ဆက်၍မကြားနိုင်သောအခါတွင် ဖုန်းကိုချပြီး အဝေးဆုံးနေရာသို့ ပြေးထွက်ခဲ့သည်။ သူမဟာ ဘဝမရှိတော့တဲ့လူပမာ အထီးကျန်သွားခဲ့သည်။

တစ်နေကုန်ငိုထား၍ မို့အစ်နေသော သူမ၏မျက်ဝန်းများကို မမက အာငွေ့ကြပ်ထုပ်ထိုးပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေက အလုပဆုံးခြယ်မှုန်းပြင်ဆင်ပေးသည်။

အသက်မဲ့သောသူမ၏ခန္ဓာကို အမေနှင့်အစ်မလက်ထဲသို့ ပုံပေးခဲ့သည်။

ယခုတော့ A 301 ဆိုသောအခန်းရှေ့သို့ သူမရောက်ရှိနေပါပြီ။ အေးစက်နေသောသူမ၏စိတ်တို့ ကတုန်ကယင်ဖြစ်နေသည်။ သို့သော် ငါ့ဘဝကို ငါမပိုင်တော့ဘူးဟု တွေးနေမိသည်။

တံခါးနှစ်ချက် ဆင့်ခေါက်လိုက်သည်နှင့်တစ်ပြိုင်နက် အဖြူရောင်တံခါးချပ်မှာ လျှောခနဲပွင့်သွားသည်။ ရုတ်တရက် လှစ်ခနဲတွေ့လိုက်ရသည်မှာ ကျန်းမာကြံ့ခိုင်သောခန္ဓာနှင့် လူဖြူနှစ်ယောက်ဖြစ်သည်။

အသက်မဲ့သောခြေလှမ်းများက ထိုအခန်းထဲ တစ်လှမ်းချင်း လှမ်းဝင်လာသည်။

လှပသောပန်းပွင့်ချပ်လွှာများသည် ခြေတစ်လှမ်းတိုင်း တစ်လွှာချင်း ကြွေကျနေသည်။

ကြီးမားသော ပန်းစားပိုးကောင်ကြီးသည် ပန်းဝတ်ဆံကို မညှာမတာ ကိုက်ဖြတ်စားသောက်နေသည်။ ဝတ်ဆံနှင့် ပွင့်လွှာ မရှိသောအခါ ပန်းပွင့်၏ဘဝသည် . . .

▣▣▣



## အခန်း (၁၈)

ခြံဝ၌ ကားကို ဝူးခနဲထိုးရပ်ပြီး အဆောတလျင်ပင် ဝါးထရံတံခါးချပ်ကို တွန်းလိုက်သည်။

"ဟော့ကောင်! မိုးလည်း အရမ်းမှောင်နေပြီ။ မနက်မှ လာပါလားကွာ။ အားလုံးအိပ်နေကြလောက်ပြီ"

နောက်တိုးက လေပြည်အေးနှင့်ဆိုပါသော်လည်း မင်းနိုင်၏ရင်ထဲ ဗလောင်ဆူနေပါပြီ။ အထဲက ကလန့်ချထားသော ခြံတံခါးက တွန်းလိုက်တိုင်း လှုပ်ရှုလှုပ်ရှုဖြစ်နေသည်။ အချိန်မှာ ညဆယ့်တစ်နာရီတိတိဖြစ်သည်။

"လာပါကွာ၊ သွားရအောင်"

"မသွားဘူးကွာ၊ ငါ သူနဲ့တွေ့ရဖို့လာတာ။ ခုချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရမှာကိုဖြစ်မယ်''

''ပတ်ဝန်းကျင်အမြင်မကောင်းပါဘူးကွာ၊ ခုချိန် ကြင်နာသက်လည်း အိပ်နေလောက်ပါပြီ။ ပြီးတော့ ဒီပတ်ဝန်းကျင်ကလည်း သန့်တာမဟုတ်ဘူး။ မင်းမိဘတွေရဲ့ဂုဏ်သိက္ခာကို မင်းထည့်တွက်ဦး''

''ငါ့ကို ခုချိန်မှာ ဘာမှလာမပြောနဲ့ နောက်တိုး''

အဆောတလျင်ပင် 'ခုချက်ချင်း လက်မှတ်လုပ်ပါ၊ ရှိတဲ့လေယာဉ်နဲ့သွားမယ်' ဟုဆိုချိန်ကတည်းက မင်းနိုင်ငံကို တားမရတော့မှန်း နောက်တိုး သိနေသည်။

ပတ်ဝန်းကျင်မှ လူခြေတိတ်နေသည်။

''ဒါဆိုလည်း ကားထဲမှာနေပါကွာ၊ မိုးလင်းတဲ့အထိ ခြံဝမှာ စောင့်ကြတာပေါ့''

လေပြည်အေးနှင့်ဖြောင်းဖြူး ကားထဲဆွဲခေါ်လာသည်။ ရရာလက်မှတ်ကိုဆွဲပြီးလာခဲ့၍ လေယာဉ်က ခရီးထောက်လွှန်းသည်။ မိုးလေဝသအခြေအနေကြောင့် မြစ်ကြီးနားလေဆိပ်ကို ဆယ်နာရီခွဲမှ ဆိုက်လာသည်။

လေယာဉ်ဆိုက်ဆိုက်ချင်းမှာပဲ ဒရိုင်ဘာကိုတောင် ပစ်ထားခဲ့ပြီး မင်းနိုင်ငံက ကားကို ဒရကြမ်းမောင်းရန် ကြံနေသော





ကြောင့် အဖော်အဖြစ် အပြေးအလွှားကားပေါ်ပြေးတက်လိုက်လာခြင်းဖြစ်သည်။ မင်းနိုင်ငံ၏တစ်ဖွတ်ထိုးစိတ်ကို သူသိသည်။ ယခုလို အရေးတကြီးခရီးထွက်လာရခြင်းက တော်ရုံခံစားမှုမျိုးမဟုတ်မှန်းရိပ်မိသည်။ လမ်းခရီးတစ်လျှောက်လုံးလည်း မျက်ခုံးနှစ်ဖက်ကို တွန့်ချိုးထား၍ မင်းနိုင်ငံတစ်ခုခုဖြစ်နေပြီကို ရိပ်မိပါသော်လည်း ဘာတစ်ခွန်းမှတော့ မမေးမိပါ။ ပြောသင့်တဲ့အချိန်ဆို မင်းနိုင်ငံက ပြောလာမည်ပေါ့။

သူခန့်မှန်းမိနေသည်။ မင်းနိုင်ငံနဲ့ ကြင်နာသက်ကြားမှာ ပြဿနာတစ်ခုခုရှိနေပြီ။ ဘာလဲ. . .

''ကြင်နာသက်၊ သူတစ်ခုခုဖြစ်နေတယ်''

ပြဿနာ၏အရင်းအမြစ်ကို မှန်းဆနေခိုက်တွင် မထင်မှတ်ဘဲ ကြားလိုက်ရတဲ့စကားသံကြောင့် မင်းနိုင်ငံကိုလှမ်းကြည့်လိုက်သည်။ တစ်နေရာကိုစူးစိုက်ကြည့်နေသောမျက်လုံးတွေကရင်ထဲ ဗလောင်ဆူနေပြီဖြစ်ကြောင်း ပေါ်လွင်နေသည်။

''ငါသေချာပေါက်သိတယ်။ အဲဒီဖုန်းက သူဆက်တာ။ သူ့အသက်ရှူသံကို ကြားနေရတယ်။ သူ သေချာပေါက် ငိုနေတယ်။ သူငိုနေတယ်''

မင်းနိုင်ငံက အဆက်အစပ်မရှိ ပြောနေသော်ငြား သူ



www.burmeseclassic.com

ရိပ်မိနေသည်။ သေချာပေါက်. . . သူဆိုတာ ကြင်နာသက်ပဲပေါ့။

"သူတစ်ခုခုဖြစ်နေတယ်"

မင်းနိုင်ငံ၏သုံးသပ်ချက်ကြောင့် သူပါစိတ်ပူသွားသည်။ အာရုံထဲလည်း မာယာတွေအပြည့်နှင့် ပြုံးနေသော ကြင်နာသက်၏မိခင်အပြုံးများ။

"သေချာပေါက် သူတစ်ခုခုဖြစ်နေတယ်"

"အဲဒီလောက်လည်း စိတ်မပူပါနဲ့ကွာ၊ အမေနဲ့အစ်မ ဆိုတာ သွေးရင်းတွေပဲ။ မိသားစုရိပ်မြုံမှာ ရှိနေတာလောက် လုံခြုံတဲ့နေရာ ရှိဦးမလား။ မိသားစုဆိုတာ အရေးကြီးရင်း သွေး စည်းတဲ့သဘောရှိပါတယ်။ ပြီးတော့ ခုလည်း သူ့အိမ်ရှေ့မှာ ရောက်နေပြီပဲ။ တစ်နေကုန်ခရီးပန်းလာတာနဲ့ ကူရှင်ကိုမှီပြီး ရ နေလိုက်ပါကွာ"

အမှန်တကယ်ပဲ ခရီးပန်းနေတာပါ။ ရာသီဥတုအခြေ အနေမကောင်းပါဘူးဆိုတာ ဖွတ်အတင်းထွက်လာခဲ့သည့်အဖြစ် သည် ကံကောင်း၍ အသက်မပျောက်ခြင်းဖြစ်သည်။ လေယာဉ် ဆင်းခါနီးမှာ လေဖိအားနည်း၍ ကောင်းကင်၌ နာရီဝက်မျှ ဝေ လည်လည်ဖြစ်နေရသေးသည်။

"ဟော! ဟိုမှာ အလင်းရောင်"





"အိမ်ထဲကမဟုတ်ပါဘူးကွာ၊ လမ်းက ဆိုင်ကယ်ဖြတ် သွားလို့ အရောင်ဟပ်တာပါ"

နောက်တိုးပြောသည့်အတိုင်း ဆိုင်ကယ်ကျော်သွားသော အခါ မီးရောင်က ပျောက်သွားသည်။

နောက်တိုးရော မင်းနိုင်ငံပါ ပင်ပန်းနေ၍ ကူရှင်ကိုမှီရင်း ငိုက်နေသည်။ မင်းနိုင်ငံက ကိုယ့်အပူနှင့်ကိုယ်မို့ မအိပ်နိုင်သော် လည်း နောက်တိုးမှာ မှိန်းခနဲအိပ်ပျော်သွားသည်။ ကားတံခါးပိတ် ကြား၍ မျက်လုံးဖွင့်လိုက်တော့ မင်းနိုင်ငံက ကားပေါ်မှဆင်း သွားသည်ကိုတွေ့ရသည်။ နာရီကိုငုံ့ကြည့်လိုက်တော့ မနက်သုံး နာရီထိုးနေပါပြီ။

အိပ်မှုန်စုံဝါးနှင့် မျက်လုံးကိုဘယ်ညာပွတ်နေသည်။

"ဟင်! "

သူအံ့ဩသွားသည်။ အကြောင်းမှာ မင်းနိုင်ငံက တစ် စုံတစ်ယောက်ကို လှမ်းခေါ်နေသောကြောင့်ဖြစ်သည်။ သူ စိတ် ဝင်စားသွား၍ ပြူးပြဲကြည့်လိုက်တော့ ကြင်နာသက်၏အစ်မနှင့် စကားပြောနေသည်။

သူ ကားပေါ်မှဆင်းဟန်ပြင်နေစဉ်မှာပင် မင်းနိုင်ငံက ကားနောက်နားသို့ အဆောတလျင်လာနေသည်။ ပြီးနောက် သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဂရုမစိုက်တော့ပါဘဲ ကားကိုဝိုးခနဲ ခပ်ကြမ်းကြမ်းမောင်း
သည်။

"မင်းနိုင်ငံ"

နာမည်ကိုသာခေါ်နိုင်ပြီး တစ်ခွန်းမှဆက်မပြောနိုင်တော့
ပါ။ မင်းနိုင်ငံ၏မျက်နှာက မိနစ်ပိုင်းအတွင်း ပေါက်ကွဲတော့မည့်
မီးတောင်တစ်လုံးနှင့်တူနေသည်။ ကားကိုကျင်လည်စွာပင် ဘယ်
ကွေ့ညာဝိုက် မောင်းနေသောမင်းနိုင်ငံကိုသာ ရင်တမမနှင့်ကြည့်
နေသည်။

ညပျော်ငှက်တို့စံရာ အလင်းဆိုင်ကိုဖြတ်ကျော်ပြီးမှ ခပ်
နားကြီးကျယ်သောဟိုတယ်တစ်ခုထဲ ကားကို တရကြမ်းမောင်း
ဝင်လာသည်။ ကားဝင်လာ၍ ငိုက်မြည်းနေသော ဟိုတယ်ဝန်
ထမ်းများမှာ ပြူးတူးပြာတာဖြစ်ကုန်သည်။

မင်းနိုင်ငံက ကားကို ဆင်ဝင်အောက်၌ ဖြစ်သလိုရပ်
ပြီး ကားစက်ပင်မသတ်နိုင်တော့ဘဲ ဟိုတယ်ထဲသို့ပြေးဝင်သွား
သည်။

"ကြင်နာသက်. . . သက်. . . မင်းဘယ်မှာလဲ"

အာခေါင်ခြစ်ပြီး အော်လိုက်တဲ့မင်းနိုင်ငံ၏အသံပြေ
သူ လန့်ဖျတ်သွားသည်။ ဟိုတယ်တစ်ခုလုံးမှာလူ





မီးတွေပွင့်သွားပြီး ကြွက်စီကြွက်စီဖြစ်လာသည်။

"ကြင်နာသက်. . . ကြင်နာသက်"

လုံခြုံရေးဝန်ထမ်းများက အိမ်မှုန်စုန်ဝါးပြေးလာကြ၏။

"ကြင်နာသက်"

အရူးတစ်ယောက်လို အော်နေသည်။

သူရိပ်မိစပြုလာသည်။ ထို့ကြောင့်ပင် 'ကားပေါ်မှပြေး
ဆင်းကာ ရီဆက်ရှင်သို့ရောက်လာသည်။ ရီဆက်ရှင်မှဝန်ထမ်း
မိန်းကလေးတွေရဲ့မျက်နှာတွင် သွေးမရှိတော့အောင် ဖြူရော်နေ
သည်။ ထိတ်လန့်နေသည်ထင်ပါရဲ့။

"ဆံပင်ရှည်ရှည်နဲ့ ခပ်ငယ်ငယ်မိန်းကလေး ဘယ်အခန်း
မှာလဲ"

နောက်တိုးက ခပ်တည်တည်မေးသည်။ မင်းနိုင်ငံက
တော့ ရှူးရှူးရှဲရှဲပင် တွေ့ကရာမွှေ့ရမ်းတော့မည့်ပုံမျိုး ရှိနေသည်။

"ဟို. . . ဟို"

ရှေ့တည့်တည့်မှလမ်းကြောင်းကို လက်ညှိုးထိုးပြနေ
သည်။ လမ်းလေးက ကျဉ်းမြောင်းသော်လည်း ထိပ်ဆုံးအခန်းက
A 301 ဖြစ်သည်။ နောက်တိုးက လှည့်ကြည့်လိုက်စဉ်မှာပင်
မင်းနိုင်ငံက ထိုအခန်းနား ရောက်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မင်းနိုင်ငံက တံခါးမခေါက်တော့ပါဘဲ ဝုန်းခနဲဆောင့်ကန်လိုက်သည်။

မယုံနိုင်စရာကောင်းတဲ့မြင်ကွင်းကြောင့် တဒင်္ဂတော့ မှင်တက်သွားသည်။ ငြိမ်သက်သွားသောမင်းနိုင်ငံကြောင့် နောက်တိုးမှာ ကြောင်တောင်တောင်ဖြစ်သွားရစဉ်မှာပင် မုန်တိုင်းက စတော့၏။ မင်းနိုင်ငံက တံခါးကို ဝုန်းခနဲတွန်းပြီး လူနှစ်ယောက်ကို ထိုးကြိတ်နေသည်။

"ဟာ! မင်းနိုင်ငံ"

နောက်တိုး လန့်သွားသည်။ ထို့ကြောင့်ပင် ဘေးဘိ(ယာကိုမကြည့်နိုင်တော့ဘဲ အရူးတစ်ယောက်လို ထိုးကြိတ်နေသော မင်းနိုင်ငံကိုသာ ဆွဲနေသည်။

ထိုနှစ်ယောက်ကတော့ မင်းနိုင်ငံကို ပြန်မလုပ်ပါ။ ဝ(န်ထမ်းများ ပြေးဝင်လာသည်။ ဆွဲကြရမ်းကြထိုးကြိတ်ကြနှင့် ဝရုန်း(သုန်းကားဖြစ်သွားသည်။ ခွေးတစ်သိုက် ကိုက်နေသလို ပရမ်းပတာဖြစ်နေသောလူတစ်သိုက်မှာ မင်းနိုင်ငံ၏ယူကြုံးမရ ငိုသံ(ရှည်ကြီးနောက်တွင် မီးကိုရေနှင့်ငြိမ်းလိုက်သလို ရုတ်ခနဲတိတ်ဆိတ်သွားသည်။

"ဟင်!"





သူလန့်သွားသည်။ မင်းနိုင်ငံက ရုတ်တရက်လှည့်ပြီး (တစ်နေရာကိုသွားနေ၍ပါ။ သူတစ်ယောက်တည်းမှမဟုတ်ဘဲ ဂန်ထမ်းများပါ လန့်သွားသည်။

မှန်ပါသည်။ သွေးတွေနှင့်စိုရွှဲနေသော ကြင်နာသက်ဖြစ်ပါသည်။ အဖြူရောင်ဂါဝန်လေးမှာ အနီရောင်အသွင် ကူးပြောင်းနေသည်။ ကြင်နာသက်၏နှုတ်ခမ်းလေးမှာ ဖြူဖျော့နေသည်။ မျက်ဝန်းလေးတွေမှာ အရောင်မရှိတော့ဘဲ မှေးမှိန်နေသည်။ မျက်ရည်တွေကြားမှ မျက်ဝန်းအိမ်သံသည် မင်းနိုင်ငံကိုအားကိုးတကြီးကြည့်နေရှာသည်။

"မောင်"

အားယူပြီးခေါ်လိုက်ရသောအသံလေး။ သွေးဆုတ်ဖြူရော်နေသော နှုတ်ခမ်းတစ်လွှာက လှုပ်ရှုရှုလေး ပွင့်လာသည်။

"မောင်"

ဒုတိယခေါ်သံအဆုံးမှာတော့ သူမဘေး မင်းနိုင်ငံ ဒူးထောက်ထိုင်ချပြီးဖြစ်သွားသည်။ အားမာန်အပြည့်နှင့် ခြသေ့်ကြီး(တစ်ကောင်သည် ယုန်သူငယ်လေးကို ဒူးထောက်အညံ့ခံနေသူ(ပမာ ဝပ်ဆင်းနေ၏။

"သက်"



www.burmeseclassic.com

www.burmeseclassic.com



ချွေးစေးများပြန်နေသော နဖူးပြင် ရင်ညွှန့်နှင့်ထိသည့်အထိ ပွေ့ဖက်ထားသည်။ ရင်ထဲ၌လောင်မြိုက်နေသည်။ လည်ချောင်း၌ ခြောက်သွေ့နေသည်။

"သက်. . . ရယ်"

ယောက်ျားကြီးတန်မဲ့ အားပါးတရငိုကြွေးမိသည်။

"သက်! မင်းကွာ၊ မောင့်ကိုဘာလို့မပြောတာလဲဟင်။ မောင့်ကိုအားမကိုးလို့လား။ ဘာလို့လဲ. . . ဘာလို့လဲကွာ"

မျက်နှာကို တစိုက်မတ်မတ်ကြည့်ရင်း တီးတိုးညည်းနေသည်။

"မောင်"

သူမအသံကို ပီပီသသမကြားရတော့ပါ။

"မောင်"

သူမ အားယူပြီးခေါ်နေရှာသည်။ သူမမျက်ဝန်းမှ စကားလုံးများစွာပြောနေသည်။

"မောင်ရယ်၊ အရမ်းချစ်ပါတယ်။ မောင့်ကို သစ္စာဖောက်လို၍မဟုတ်ရပါဘူး မောင်ရယ်။ သက်လေ၊ မောင့်ကိုအရမ်းချစ်ပါတယ်။ ရင်ထဲက မြတ်မြတ်နိုးနိုးချစ်တာပါ။ မောင် ယုံပါနော်၊ သက်ဘဝမှာ မောင်တစ်ယောက်တည်းပါ။ မောင့်ကိုလေ၊ သက်





အရမ်းချစ်ပါတယ်။ သက်လေ. . . မောင့်ကိုလေ. . . သိပ်. . . သိပ်ချစ်တယ်။ မောင်. . . အရာအားလုံးအတွက် ကျေးဇူး"

အားယူပြီးကြည့်နေသော မျက်လုံးများမှာ မှေးကျဉ်းသွားသည်။ သူ့မျက်နှာကိုကိုင်ရန် လှမ်းနေသောလက်များမှာ ပြုတ်ကျသွားသည်။

"သက်. . . သက်"

ပါးရိုးကိုကိုင်ပြီး လှုပ်နှိုးသည်။

"သက်. . . သက်"

ပိတ်သွားသောမျက်ဝန်းများကြောင့် သူလန့်လာသည်။

"သက်. . . သက်"

ညင်သာစွာနှိုးနေရာမှ ခပ်ကြမ်းကြမ်းလှုပ်နှိုးလိုက်သည်။

"သက်. . . သက်"

တဖြည်းဖြည်း သူ့အသံ ကျယ်လာသည်။

"သက်. . . ဟော့ကောင် နောက်တိုး၊ လာကြည့်ပါဦးကွာ။ ဘာဖြစ်သလဲမသိဘူး။ ငါ့ကိုလည်းမကြည့်တော့ဘူးကွ"

နောက်တိုးရင်ထဲ ဆို့တက်လာသည်။ မခံစားနိုင်လွန်း၍ မျက်နှာလွှဲပစ်ချင်သော်လည်း မလွှဲပစ်ရက်ပါ။ ပါးကိုကိုင်ပြီး လှုပ်နှိုးလိုက် နလုံးခုန်သံကို စမ်းသပ်လိုက်နှင့် ရောက်တတ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ရာဖြစ်နေသောမင်းနိုင်ငံကို ကရုဏာသက်နေမိသည်။

"သက်. . . သက်"

"မင်းနိုင်ငံ"

နောက်တိုးက ထိုသို့ခေါ်တော့ မင်းနိုင်ငံက နောက်တိုး ကို အားကိုးတကြီးကြည့်လာသည်။ ထိုမျက်လုံးတွေ တောဘုရ ခြသေ့်မင်း၏ ယုန်သူငယ်မျက်ဝန်းတွေ။

"စိတ်ထိန်းပါ သူငယ်ချင်းရာ"

"ဟွန့်အွန်း. . . မဟုတ်ဘူး၊ မဟုတ်ဘူးကွာ။ အဲဒီလို မဟုတ်ဘူး၊ မှားနေပြီ. . . ဒါက မှားနေပြီ"

"လက်ခံရမယ် သူငယ်ချင်း၊ ကြင်နာသက်. . . သူ"

"မဟုတ်ဘူး. . . သက်. . . ဟာ! အဲဒီလိုမဖြစ်နိုင်ဘူး။ သူ ငါ့ကိုတစ်ခုခုပြောချင်နေတယ်။ ပြောနေတယ်။ သူ့အသံကို တောင် ငါမကြားရသေးဘူး။ မဟုတ်ဘူးကွာ"

"စိတ်ထိန်းပါ သူငယ်ချင်းရာ၊ ဒါက အဖြစ်မှန်ကွ။ လက် ခံလိုက်စမ်းပါ"

နောက်တိုး၏အသံကလည်း အက်ရှရှဖြစ်သည်။

"ဆေးရုံကိုဖုန်းဆက်ပါ၊ လူနာတင်ယာဉ်ခေါ်. . ."

ရီဆက်ရှင်မှ မိန်းကလေး၏အမိန့်ပေးသံ။





"မခေါ်နဲ့၊ သူ့ကို ဘယ်သူမှထိစရာမလိုဘူး"

မိန်းကလေး၏အမိန့်သံအောက်တွင် လှုပ်ရှလှုပ်ရှဖြစ်ကုန် သော လုံခြုံရေးဝန်ထမ်းများက မင်းနိုင်ငံ၏အသံကြောင့် ငြိမ်သွား ရပြန်သည်။

"သူ့ကို တစ်ယောက်မှမထိနဲ့"

ကလေးတစ်ယောက်လိုငိုကြွေးနေရာမှ ကေရာဇ်တစ်ပါး နှယ် တင်းထန်လာသည်။

မင်းနိုင်ငံ၏အသက်ရှူသံကို နောက်တိုးက အတိုင်းသား ကြားနေသည်။ ထိုသို့အသက်ရှူသံမျိုးက မင်းနိုင်ငံ၏ဘဝတွင် ပထမဆုံးထင်ပါရဲ့။ နောက်တိုး ရိပ်မိသည်။ မင်းနိုင်ငံက ကျားနာ တစ်ကောင်ဖြစ်လာမည်ဆိုတာပေါ့။ အသက်မဲ့နေသော ကြင်နာ သက်၏ခန္ဓာကို ဇွေ့ခနဲပွေ့ချီလိုက်သည်။ ပြီးနောက် အခန်းထဲမှ အေးစက်စွာ ထွက်ခွာနေသည်။ မင်းနိုင်ငံ၏ခြေလှမ်းတိုင်းက နာ ကျင်မှုတွေအပြည့် သယ်ဆောင်နေသည်။ စောစောက ရှုံးပွဲချ ငိုခဲ့သည့်လူက သူမဟုတ်သလိုပင် ရုတ်တရက်ပြောင်းလဲသွား သည်။

ကြင်နာသက်ကို ကားပေါ်တင်သည်။ ကြင်နာစွာပင် ပွေ့ဖက်ထားသည်။ အသက်မရှိတော့သူဟု မထင်ရက်စရာပင်



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာနေ၍ နောက်တိုးရင်ထဲ နာနေမိသည်။ မသိခဲ့တာအမှန်ပါ။ မင်းနိုင်ငံက ကြင်နာသက်ကို အဲဒီလောက်ထိချစ်မှန်း ထင်မထားခဲ့တာအမှန်ပါ။

နောက်တိုးက မောင်းသူနေရာတွင် ထိုင်သည်။ နောက်ကြည့်မှန်မှတစ်ဆင့် မင်းနိုင်ငံကိုကြည့်သည်။ မင်းနိုင်ငံ၏အသွင်မှာ သိမ်မွေ့နူးညံ့လာလိုက်၊ ကြမ်းတမ်းရက်စက်လာလိုက်နှင့် အမျိုးမျိုးပြောင်းလဲနေသည်။ မင်းနိုင်ငံ၏မျက်ဝန်းမှ မျက်ရည်စီးကြောင်းများကို မထင်မရှားတွေ့နေသည်။

"ဟိုသားအမိကို ငါမတွေ့ချင်ဘူး။ ငါ့အရှေ့ ပေါ်မလာပါစေနဲ့"

ကြင်နာသက်ကို ကြင်နာစွာဖက်ထားရင်း အေးစက်စက်ဆိုလာသည်။ နောက်တိုး နားလည်သည်။ ယခုချိန်မှာ ဒီကမ္ဘာလောက၌ မင်းနိုင်ငံ အမုန်းဆုံးနှင့်မမြင်ချင်ဆုံးလူမှာ ကြင်နာသက်၏ မွေးသမိခင်ဖြစ်လိမ့်မည်။ နောက်တိုးရင်ထဲ၌လည်း နာကျင်ခံစားရသည်။ ကိုယ်မွေးထားသော သားကို ကိုယ်ပြန်သတ်စားသည့်ကိစ္စကို ရွံ့မုန်းသည်။ သို့သော် ဖြစ်ပြီးခဲ့ပြီလေ။ မုန်းရုံအပြင်ဘာတတ်နိုင်တော့မှာလဲ။

မျက်နှာပေါ်တွင် အုပ်ဆိုင်းနေသောဆံနွယ်စများကို ကြင်နာစွာ ဖယ်ရှားပေးနေသည့် မင်းနိုင်ငံ၏ပုံက နောက်တိုးရင်ထဲပိုးစနှင့်ထိုးသလို ပူလောင်နာကျင်သွားသည်။

မင်းနိုင်ငံစိတ်ထဲ အေးချမ်းစေခြင်းအလို့ငှာ တစ်ခုခုကိုပြောချင်နေသော်လည်း စကားလုံးများကိုရှာမရပါ။ ဘယ်စကားလုံးနှင့် ဘယ်လိုနှစ်သိမ့်ရမလဲဆိုတာ မသိတော့ပါ။ ကြည့်ပြီးစိတ်မကောင်းဖြစ်နေရုံကလွဲ၍ အခြားဘာမှမတတ်နိုင်တော့သဖြင့်စိတ်မကောင်းကြီးစွာ ကားမောင်းနေသည်။

သူတို့ရင်ထဲ ဗလောင်ဆူနေခဲ့သော်လည်း ပတ်ဝန်းကျင်မှာတော့ ပုရစ်အော်သံအချို့နှင့် သစ်ရွက်လေတိုးသံအချို့ကိုသာ ဝိုးတဝါးကြားနေရသည်။

မှောင်မိုက်နေသောနှလုံးသားတစ်စုံကို ရောင်ခြည်နွေးက လင်းနိုင်ပါတော့မလား။

▣ ▣ ▣







www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူအများ ရှုပ်ထွေးနေသည်။ ဝင်သူဝင် ထွက်သူထွက်နှင့် ခြေချင်းလိမ်နေသည်။ ထိုအထဲတွင် နောက်တိုးလည်းပါသည်။ မစ္စတာဝမ်၏အပြန်လမ်းခရီးကို တာဝန်ခံအိမ်ရှင်ပီပီ လိုက်ပို့နှုတ်ဆက်ခြင်းဖြစ်သည်။

မစ္စတာဝမ်၏ကိုယ်ပိုင်လေယာဉ် ထွက်သွားပြီးချိန်၌ နောက်တိုးက အနက်ရောင်မာစီးဒီးပေါ် တက်လိုက်သည်။ ကားလေးမှာ ငြိမ့်ခနဲမောင်းထွက်သွားသည်။

''ဘယ်မောင်းရမလဲ ဆရာ''

''အပန်းဖြေအိမ်ကိုမောင်းပါ''

ထိုသို့ပြောလိုက်သည်နှင့်တစ်ပြိုင်နက် ကားမှာ ညာဝိုက်



www.burmeseclassic.com

www.burmeseclassic.com



ရွေ့သွားသည်။

ထိုကားနက်သည် သံလွင်မြစ်ကို ကျောပေးဆောက်ထားသော ခြံကျယ်ကြီးထဲ ကွေ့ဝင်လာသည်။ ကားဝင်ပြီးတာနဲ့ တစ်ပြိုင်နက် ထူထဲခိုင်ခံ့သောခြံတံခါးမှာ အလိုအလျောက်ပိတ်သွားသည်။ အနီရောင်အုတ်ခင်းလမ်းအတိုင်း မောင်းလာပြီးမှ ပေါ်တီကိုတွင်ရပ်၏။

ဒရိုင်ဘာက အဆောတလျင်ဆင်းပြီး နောက်ခန်းတံခါးကို လာဖွင့်ပေး၍ နောက်တိုးက ဆင်းလာသည်။

"သူဌေးက ဂေါက်ရုံဘက်မှာပါ"

သူဆင်းလိုက်သည်နှင့်တစ်ပြိုင်နက် အသက်နှစ်ဆယ်ကျော်အရွယ်ကောင်လေးက ပြေးပြောလာ၍ သူက ဂေါက်ရုံဘက်ကူးလာခဲ့သည်။ ဂေါက်ရိုက်ရန်အကြောလျှော့နေသော မင်းနိုင်ငံကို အဆင်သင့်တွေ့လိုက်ရသည်။

"သွားပြီလား"

"အင်း. . . ကြည်ကြည်ဖြူဖြူပါပဲ။ အစိမ်းလေလံတင်ဖို့လည်း အဆင်ပြေတယ်။ နောက်လထဲမှာ တရုတ်သွားရလိမ့်မယ်"

"ရလဒ်ကောင်းပါတယ်"





မင်းနိုင်ငံက ပြောပြောဆိုဆိုပင် ကိုယ်လက်လေ့ကျင့်ခန်းလုပ်နေသည်။ နောက်တိုးက မင်းနိုင်ငံနှင့်ခပ်လှမ်းလှမ်းတွင် ထိုင်ပြီးပြောသည်။

"အလုပ်တွေကို ခဏဖယ်ထားပြီး စကားပြောရအောင်"

နောက်တိုး၏အသံက ခပ်အေးအေးဖြစ်၏။ မင်းနိုင်ငံက နောက်တိုးကိုလှမ်းကြည့်သည်။ ပြီးနောက် နောက်တိုးနှင့်မလှမ်းမကမ်းတွင် ဝင်ထိုင်သည်။ သဘောကတော့ နောက်တိုး၏ကမ်းလှမ်းချက်ကို လက်ခံသည်ပေါ့။

"ဘော့စ်တစ်ယောက်အနေနဲ့ရော. . . သူငယ်ချင်းတစ်ယောက်အနေနဲ့ရော ပြောချင်ပါတယ်"

"စကားလုံးအသုံးအနှုန်းမှားနေပြီ နောက်တိုး။ အခု မင်းပြောတဲ့လေသံက ဘော့စ်တစ်ယောက်ကိုပြောတဲ့ပုံမျိုးမဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ် ပြောပါ. . . ဒီဆယ်နှစ်ကျော်ကာလတစ်လျှောက် ခုလိုမပြောခဲ့ရဘူး"

"အေးအေးဆေးဆေးတွေ့ချိန်မှမရှိခဲ့တာ။ ထားပါတော့လေ၊ မင်း ခုလိုပဲနေသွားတော့မှာလား"

"အထူးအဆန်းပါလား၊ ဘာကိုဆိုလိုတာလဲ"

"အိမ်မပြန်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့မေးသောအခါ ကြည်စင်နေသော မင်းနိုင်ငံ၏ မျက်နှာသည် ညှိုးမှောင်သွားသည်။

"အိမ်ပြန်ပါကွာ၊ အန်တီလည်း မင်းကြောင့်စိတ်ထောင်းကိုယ်ကြေဖြစ်နေပြီ"

"မင်းရှိနေတာပဲ၊ ငါက လိုမှမလိုတော့တာ"

"မင်းက သူ့သားအရင်းပါ၊ အန်တီ သိပ်ကို အထီးကျန်နေတယ်။ အန်ကယ်လည်း နိုင်ငံခြားမှာပဲ ဆုံးတော့ သူ. . ."

"အားလုံးက မေမေ့ကြောင့်ချည်းပဲ"

"ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီပဲကွာ"

"ငါလည်း အဲဒီလိုပဲထားလိုက်ချင်တာပါ"

"အန်တီနဲ့မင်း မတွေ့တာ ဆယ်နှစ်ကျော်ပြီ မင်းနိုင်ငံ"

"လွန်ခဲ့တဲ့သုံးနှစ်ကပဲ ဖေဖေ့အသုဘမှာ ဆယ့်ငါးမိနစ်လောက် ဆုံခဲ့ကြသေးတယ်"

"မေ့ပစ်လိုက်လို့မရဘူးလား။ လောကမှာ ဒါပဲရှိတာကို မင်းဘက်က"

"ငါကြိုးစားနေပါတယ်"

"အန်တီသိပ်နေမကောင်းဘူး။ သူမသေခင်မှာ မင်းကို ပြည့်ပြည့်စုံစုံမြင်သွားချင်ပုံရတယ်"

ရွှေပဒေသာစာပေ



"ငါက ဘာလိုအပ်နေလို့လဲ"

"အသက်သုံးဆယ်နဲ့ မင်းရဲ့ပိုင်ဆိုင်မှုကို လိုအပ်တယ်လို့ ငါဘယ်လိုလုပ်ပြောနိုင်မှာလဲ။ မင်းမှာ ဘာလိုအပ်သလဲဆိုတာ မင်းကိုယ်တိုင်သိနေပါတယ်။ ဒီစကားတွေပြောနေရတာက မင်းကို ငါနားမလည်လို့မဟုတ်ဘူး။ ငါ့ကိုယ်ငါလည်း စိတ်မသက်သာလို့ပါ။ အိမ်က ခြောက်ကပ်နေတာကြာပြီ"

"စိုပြည်ချင်ရင် မင်း မိန်းမယူလိုက်လေ။ မေမေပျော်မှာပါ"

"မယူချင်ပါဘူး"

"မင်းတောင်မလိုချင်မှတော့ ငါ့ကိုဘာလာပြောနေတာလဲ၊ နေစမ်းပါဦး၊ ငါကတော့ ထားပါတော့။ မင်းက ဘာကြောင့်"

"မီးလောင်ရာလေပင့်သလိုဖြစ်နေမလား မသိပေမယ့် ငါမညာပါဘူး။ မြင်ခဲ့ရတဲ့ဘဝလမ်းတွေကြောင့် ငါမယူချင်တာပါ။ ဒါပေမဲ့ ငါ့စိတ်ကိုငါပြင်ဆင်နေတယ်။ ဒါကြောင့် မင်းလည်းခွင့်လွှတ်နိုင်အောင် အမြန်ဆုံးကြိုးစားပါ။ မင်းကိုအချိန်မနှောင်းစေချင်ဘူး"

"ငါကြိုးစားနေပါတယ်၊ အဟောင်းတွေအသစ်ဖြစ်မလာစေဖို့လည်း မျှော်လင့်တယ်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါပြန်မယ်၊ မနက်ဖြန်တော့ ရုံးမှာထပ်တွေ့တာပေါ့။ ဒေတာတွေကို မေးလ်ပို့လိုက်မယ်."

"အိုကေလေ"

နောက်တိုး မထခင် မင်းနိုင်ငံက ထရပ်ပြီး၊ မပြီးဆုံးသေးသော လေ့ကျင့်ခန်းကို ဆက်လုပ်နေသည်။

နောက်တိုး ထွက်လာခဲ့သည်။

"ဘယ်ကိုမောင်းရမလဲ ဆရာ"

နာရီကိုကြည့်သည်။ အချိန်အားဖြင့် ခြောက်နာရီခွဲနေပြီမို့. . .

"အိမ်ကိုမောင်းပါ"

ထိုသို့သာ ခပ်အေးအေးပြောပြီး ကူရှင်ကိုမှီချလိုက်၏။ ဆယ်နှစ်ကျော်လုံး သူရောမင်းနိုင်ငံပါ အလုပ်ကို မနိုင်မနင်းကြိုး စားခဲ့သည်။ ဘဝ၏ပထမအလုပ် ဒုတိယအလုပ် တတိယအလုပ် ဆိုပြီး တလုပ်တည်းလုပ်နေခဲ့ရာတွင် အခုတော့ အလုပ်က ပ ကို အုပ်မိုးသွားခဲ့သည်။

နဂိုတည်းက ထက်မြက်သောမင်းနိုင်ငံက ဘဝအပေ တွေကို မေ့ပျောက်စေခြင်းအလို့ငှာ အိပ်ချိန်မှလွဲ၍ အလုပ်ထဲ သာ ရှင်သန်ချိန်မှန်သမျှကို ကုန်ဆုံးစေသောကြောင့် သူပါရေ





ယောင်ပါလာသည်။ မင်းနိုင်ငံလောက် မတော်သောသူက မင်းနိုင်ငံ၏ညွှန်ကြားချက်ကြောင့် ယခုဆိုလျှင် ထိပ်တန်းစီးပွားရေးလောကထဲတွင် နေရာတစ်ခုရလာသည်။ သူ့အရည်အချင်းကို နိုင်ငံတကာက အသိအမှတ်ပြုလာသည်။

မင်းနိုင်ငံက ခန့်ထည်သောမျိုးရိုးက ဆင်းသက်လာသူမို့ ကြီးမြင့်သည်။ သူကတော့ အရှင်သခင်ကောင်းကိုရရှိထား၍ ရိုးရိုးဝန်ထမ်းအလုပ်သမားမိသားစုဖွားဆိုသော်လည်း ယခုအချိန်တွင် သူလည်း ထိပ်တန်းစာရင်းဝင်ခဲ့ပါပြီ။ အသက်သုံးဆယ်ဝန်းကျင်အရွယ်တွေဆိုသော်ငြား လေးဆယ်ဝန်းကျင်ဟု ထင်ရလောက်အောင် စီးပွားနွံထဲ နစ်နေ၍ အိုစာလှပါပြီ။

ညည်းငွေ့ဖွယ်ကောင်းသော ထိုဘဝကို မင်းနိုင်ငံက ဂုံချိန်ထိ ညည်းငွေ့ဖွယ်ဟုမခံစားရသော်လည်း သူတော့ ညည်းငွေ့ခြင်းအနံ့အသက်ကို ရှူရှိုက်နေရသည်။ အားကောင်းလတ်လတ်သော သူ့နှလုံးသားက တစ်ခုခုကိုဖမ်းယူစားသောက်ပစ်ချင်နေသည်။ သို့သော် ကြောက်သည်။ ဘဝကို မင်းနိုင်ငံလို ဖိတ်ကုန်သွားမှာကြောက်သည်။ မင်းနိုင်ငံက ဘဝကိုစိတ်ပျက်နေခြင်းထက် အချစ်ကိုသိမ်းဆည်းမြှုပ်နှံထားခြင်းဆိုလျှင် ပိုပြီးမှန်နေမလား။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းတွေကိုတွေးမိတိုင်း အသက်ရှူမဝအော
မွန်းကျပ်လာသည်။ ထို့ကြောင့်ပင် ကားမှန်ကိုချပြီး ပြင်ပသို့
လိုက်သည်။

သူ့မြင်ကွင်းထဲ ကွမ်းယာဆိုင်တစ်ဆိုင်က ဝင်လာသည်
ပြီးတော့ ကွမ်းယာဆိုင်ဘေး ငုတ်တုပ်ထိုင်နေသော အမျိုးသ
တစ်ယောက်။ ပါတိတ်ဝမ်းဆက်တစ်ပတ်နွမ်းကို ဝတ်ထားပြီး သ
တင့်ရုံ ဖြီးလိမ်းပြင်ဆင်ထားသည်။ မရှည်သောဆံပင်ကို ကျစ်
မြီးနှစ်ခွကျစ်ပြီး ရှေ့သို့ချထားသည်။

ထိုလူများကို သာမန်ကာလျှံကာ ကြည့်လိုက်မိခြင်း
သည်။ ထိုအမျိုးသမီးကိုလည်း ရိုပ်ခနဲမြင်လိုက်ခြင်းဖြစ်သ
သို့သော် ထိုအမျိုးသမီးကို ဒုတိယအကြိမ်ပြန်ကြည့်လိုက်မိသ
မှန်ပါသည်။ ဟုတ်ပါသည်။ ကြင်နာသက်၏အစ်မ မိုးနှင်း
ဖြစ်သည်။ နှစ်ကြိမ်သုံးကြိမ်မျှသာ ဆုံခဲ့ဖူးသော်လည်း အမှတ်
ကြီးကြီးရှိခဲ့သည်မို့ ထိုမျက်နှာကို ကောင်းကောင်းမှတ်မိနေသ

''ကားရပ်ပါ''

သူ့ကိုယ်သူ မသိလိုက်သေးခင်မှာပင် အမိန့်ပေးပြီ
သွားသည်။ သူ့အမိန့်သံဆုံးသည်နှင့်တစ်ပြိုင်နက် ကားလေး
လမ်းဘေးသို့ ညင်သာစွာ ထိုးဆိုက်သွားသည်။





နောက်ကြည့်မှန်မှတစ်ဆင့် စူးစိုက်စွာကြည့်နေသည်။
မိုးနှင်းလေပါ။ ကြင်နာသက်၏ရုပ်အလောင်းကို မီးရှို့သင်္ဂြိုလ်မည့်
နေ့က အူယားဖားယားနှင့် ပြေးလာသူပါ။ မပဋ္ဌာမြေလူး လူးလိမ့်
အော်ငိုခဲ့သူပါ။ ရုပ်အလောင်းကိုကြည့်ဖို့မပြောနှင့်၊ အနားကပ်ခွင့်
ပင်မရလိုက်၍ ရင်ထုပြီးအော်ငိုခဲ့သူပါ။ မင်းနိုင်ငံ၏အမိန့်အောက်
တွင် တခမ်းတနားစည်ကားခဲ့သော ထိုဈာပနပွဲက ရုပ်အလောင်း
ပမ်းသူများသည် သေသပ်သောဝတ်စုံအပြည့်နှင့် အုံးအုံးကျက်
ကျက်စည်ကားခဲ့သည်။

သို့သော် သေဆုံးသူ၏မိသားစုဝင်များ အနားမကပ်နိုင်
ခြင်းကြောင့် တစ်မြို့လုံး သတင်းကြီးခဲ့သည်။ မိုးနှင်းလေက
ညီမဖြစ်သူအား နောက်ဆုံးအကြိမ်လေး ကြည့်ခွင့်တောင်းသော်
လည်း မင်းနိုင်ငံ၏ပြတ်သားသောအမိန့်ကို မလွန်ဆန်နိုင်ခဲ့ကြ
ချ။ ကြေကွဲထိရှစွာ ကလေးငယ်တစ်ယောက်လို ငိုနေသည့်
မိုးနှင်းလေကို သနားမိခဲ့သည်။ သို့သော် ထူးဆန်းစွာပင် မိခင်
ဖြစ်သူ ဒေါ်ထားစံကိုမူ အရိပ်အယောင်မျှမတွေ့ခဲ့ရချေ။

သူအံ့ဩသည်။ ထိုမိခင်မျိုးကို အထင်သေးစိတ်နှင့် ရှုတ်
ချသော်လည်း ထိုကိစ္စက ပဟေဠိဖြစ်ခဲ့ရသည်။ ဒေါ်ထားစံ ဘာ
ကြောင့်မလာတာလဲ၊ ဘာကြောင့်လဲ၊ ရှက်သွားလို့လား။ ယူကြုံးမရ



www.burmeseclassic.com

www.burmeseclassic.com



ခံစားရလို့လား။ ကြင်နာသက်ကိုမချစ်၍တော့မဖြစ်နိုင်ပါ။ ဒေါ်ထားစံလည်း မိခင်ထဲက မိခင်တစ်ယောက်မို့ ဂေါ်မလွဲ သမီးဖြစ်တဲ့ကြင်နာသက်ကို ချစ်ရမည်ဖြစ်သည်။

သမီးဖြစ်သူရဲ့နောက်ဆုံးအချိန်ကို ရောက်မလာခဲ့ဘူးဆိုတော့ ဘာလဲ။ မျက်နှာပြောင်တိုက်ပြီးမှပဲဖြစ်ဖြစ် ရောက်လာရမည်။ ဒါကို သူ ပဟေဠိဖြစ်ခဲ့သည်။ သို့သော် နှစ်ပေါင်းကကြာခဲ့ပြီမို့ မေ့မေ့ပျောက်ပျောက်ရှိနေရာမှ မထင်မှတ်ပါဘဲ မိုးနှင်းလေကိုတွေ့ရ၍ အတိတ်ကိုပြန်တူးဆွမိသည်။ အခု မိုးနှင်းလေက ဘယ်လိုဘဝမျိုးမှာ ရှိသလဲ။ ဒေါ်ထားစံလည်း ဘယ်ကိုများရောက်သွားပြီလဲ။

"ကိုဝင်းနိုင်"

"ဗျာ. . . ဆရာ"

"ဟိုအမျိုးသမီးရဲ့ဒေတာတွေ လိုချင်တယ်"

"ဟုတ်"

ခပ်ပြတ်ပြတ်ဖြေခဲ့ခြင်းဆိုသော်လည်း ကိုဝင်းနိုင်၏မျက်လုံးများကို သူအကဲဖမ်းမိသည်။ သို့သော် အလုပ်ရှင်နှင့်အလုပ်သမားစည်းကမ်းက ကြားခံထားသည်မို့ ထပ်ပြီးစပ်စုစကားတော့မဆိုတော့ချေ။





နှစ်လက်မခွဲ၊ ငါးလက်မပတ်လည်ရှိသည့်ဖုန်းကို ထုတ်ပြီး ခပ်ငူငူထိုင်နေသော မိုးနှင်းလေ၏ဓာတ်ပုံကိုသာ ရှုထောင့်အမျိုးမျိုးက ဓာတ်ပုံရိုက်ယူနေသည်။

ကိုဝင်းနိုင်၏လျင်မြန်သပ်ရပ်မှုကြောင့် ကာယကံရှင် မိုးနှင်းလေက မိမိကိုဓာတ်ပုံရိုက်ခံနေရခြင်းကို သိသွားခြင်းတော့ မရှိပါ။

အသက်ကိုမှန်မှန်ရှူပြီး မိုးနှင်းလေကိုကြည့်နေသည်။ သူကြည့်နေစဉ်မှာပင် မိုးနှင်းလေနှင့် ယောကျ်ားတစ်ယောက်တို့ စကားပြောနေကြသည်။

ပြီးနောက် မိုးနှင်းလေက ထိုယောကျ်ားနောက် လိုက်သွားသည်။ ဘာလဲ၊ မိုးနှင်းလေက အိမ်ထောင်ကျသွားတာလား။ အဲဒီယောကျ်ားက သူ့ယောကျ်ားလား။ ဟုတ်ပုံမလား။ အကြည့်တွေက ရင်းနှီးမှုမရှိလိုက်တာဟုထင်ခဲ့သားပင်။

သူ၏သံသယများ ခိုင်မာသွားရသည်။

နှစ်ရက်တောင် မကြာလိုက်ပါ။ သူ့လက်ထဲ စာရွက်လေးငါးရွက်မျှရောက်ရှိလာရသည်။

ထိုစာရွက်များကို မိုးနှင်းလေ၏ဓာတ်ပုံများက ဦးဆောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ လှန်လှောဖတ်ကြည့်သည်။

မိုးနှင်းလေ၏ဘဝကောက်ကြောင်းက လှသည့်အကွက် တစ်ကွက်မျှ ရှာမတွေ့ချေ။

▣▣▣



## အခန်း (၂၀)

မိုးနှင်းလေတစ်ယောက် လှုပ်လီလှုပ်လဲ့နှင့် ညအမှောင် ထဲတွင် လမ်းလျှောက်လာနေသည်။ မြေနီလမ်းလေးမှာ မိုးရွာ ပြီးစမို့ စိုစိစိလျှောနေသည်။

လုံချည်ကို ဒူးဝက်ထိပင့်ပြီး သတိနှင့်လျှောက်နေရ၏။ လမ်းတစ်ကြောလုံး တိတ်ဆိတ်နေသည်။ ခပ်ဝေးဝေးမှခွေးဟောင် သံအချို့ကို ပိုးတဝါးကြားနေရသည်။ အချိန်အားဖြင့် မနက် သုံး နာရီတိတိဖြစ်သည်။

လူကောင်းတို့ အိပ်မောကျချိန်ဖြစ်သည်။ တစ်နေကုန် အလုပ်ထဲပင်ပန်းထားခဲ့သမျှကို နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်ခြင်း ဖြင့် အနားယူနေချိန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်! ဒေါက်! ဒေါက်!"

ရေနံချေးသုတ်ထားသောအိမ်ပုလေးတစ်လုံးရှေ့တွင် ရပ်လိုက်သည်။ နိုင်ခံ့သောတံခါးရွက်ကို သုံးချက်မျှဆင့်ခေါက်လိုက်သောအခါတွင် တံခါးမှကျွီခနဲပွင့်သွားသည်။ ဆီမထည့်ထား၍ တံခါးရွက်နှင့်ပတ္တာကြား ပွတ်ရှသွားပုံမှာ အိပ်ပျက်ညများတွင် ဝိညာဉ်နိုးသည့်အလား ခြောက်ခြားဖွယ်အတိ ကျွီခနဲ ကျွတ်ခနဲ ထွက်ပေါ်လာသည်။

ထိုတံခါးရွက်နောက်ကွယ်မှ မျက်နှာတစ်ခု။ အသက်ရှစ်နှစ်အရွယ်မျှသာရှိသေးသော ကလေးငယ်တစ်ဦးဖြစ်သည်။

"သား အိပ်ပျော်နေပြီလား"

"မအိပ်သေးဘူးမေမေ၊ တီဗွီကြည့်နေတာ"

"ဘာဖြစ်လို့မအိပ်သေးတာလဲ၊ သုံးနာရီတောင် ထိုးနေပြီ။ မနက်ကျောင်းသွားရဦးမယ်လေ"

"မနက်ဖြန် စနေလေ၊ ကျောင်းပိတ်တယ်"

"ဗိုက်ဆာနေပြီလား သား"

"ထမင်းကို ဆီနဲ့စားထားတယ်"

ထိုအဖြေစကားက ရင်ကိုဆောင့်တွန်းလိုက်သလို ခံစားရသည်။ လက်ထဲမှခေါက်ဆွဲကြော်ထုပ်ကို ငုံ့ကြည့်မိသည်။ သူမ





ပြန်မလာမချင်း မအိပ်ဘဲစောင့်နေတတ်သည့်သားအကြောင်းကို သိ၍ သားဆာလျှင် စားနိုင်ရန် ခေါက်ဆွဲကြော်တစ်ပွဲ ဝယ်လာခြင်းဖြစ်သည်။ ကြက်သားနှင့်တစ်ပွဲကို ထောင့်ငါးရာမို့ တစ်ပွဲသာ ဝယ်လာခဲ့သည်။ သားတစ်ယောက်တည်း တစ်ပွဲမကုန်နိုင်တာမို့ သားအကျန်ကို သူမ အဆာပြေစားလို့ရနိုင်သည်လေ။

"လာ. . . သား၊ ခေါက်ဆွဲကြော်စားရအောင်"

"မနက်မှစားတော့မယ်"

မျက်စိလေး မှေးစင်းကာ ဆိုလာသောသားက အိပ်ချင်နေပြီဖြစ်ကြောင်း သူမရိပ်မိလိုက်သည်။ ထို့ကြောင့်ပင် တဂူဂူမြည်နေသောဗိုက်ကိုလည်း မဖြည့်တင်းနိုင်တော့ပေ။ သားအကျကိုသာ စားလို၍ သူမအကျကို သားအားမကျွေးချင်ရိုးအမှန်ပါ။

"အိပ်ရအောင်လေ သား"

ဟုဆိုပြီး သားကိုအိပ်ရာထဲသိပ်ပြီး ခြင်ထောင်ချပေးလိုက်သည်။ သူမကတော့ အိမ်အောက်ဆင်းပြီး ကိုယ်လက်ရေဆေးကြောသည်၊ ဝတ်ထားသည့်အဝတ်များကိုချွတ်ပစ်ကာ ဇလုံထဲထည့်သည်။ သွားတိုက် ကိုယ်လက်သန့်စင်ပြီး အိမ်ပေါ်သို့ပြန်တက်ကာ သင့်တော်သော ရှမ်းမဝိုင်စ အင်္ကျီပါးပါးကို ပေါ့ပေါ့ပါးပါးဝတ်ပြီး မကြာသေးခင်ကမှ ရလာသောငွေကိုရေတွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ စုစုပေါင်း တစ်သောင်းငါးထောင်။ ဒီလောက်ဆိုလျှင် မနက်ဖြန်အတွက် ဆန်ဖိုးနှင့် သွားစရိတ်လာစရိတ် လုံလောက်ပါပြီ။

ထိုတစ်သောင်းခွဲထဲမှ ငါးထောင်အား လုံချည်ခေါက်လေးထဲ ထည့်သိမ်းသည်။ ထိုလုံချည်ခေါက်ကလေးထဲတွင် စုငွေစုစုပေါင်း ငါးသိန်းရှိသွားပါပြီ။ နောက်နှစ်သိန်းလောက်သာ ထပ်စုမိလျှင် လမ်းမတန်းရှိ အခန်းကျဉ်းလေးကိုငှားပြီး မုန့်ဟင်းခါးဆိုင်လေးဖွင့်ဖို့ လုံလောက်မည်ထင်ပါရဲ့။

သားရဲ့ဘဝရှေ့ရေးက ရှိသေးသည်မို့ မိခင်ပီပီ စံပြုနေချင်လှသော်လည်း ဘဝက မျက်နှာသာမပေးခဲ့ချေ။ ညီမလေး၏ကျိန်စာကြောင့်လားမသိ။ ဘဝမှာ အဆင်ပြေခဲ့သည်ဆိုတာ တစ်ကြိမ်မျှမရှိခဲ့ပါ။ ညီမလေးဆုံးသွားသောအချိန်ကစပြီး မေမေလည်း လောကီကိုစွန့်ခွာသွားခဲ့သည်။ ညီမလေး၏နောက်ဆုံးမျက်နှာကိုတွေ့ခွင့်မရတော့၍ ဘဝကိုနာကြည်းမိခဲ့သည်။

ထိုအချိန်က မေမေသည် ငိုလည်းမငိုခဲ့သလို စကားလည်း တစ်ခွန်းမျှမပြောခဲ့ပါ။ ညီမလေး၏အသုဘကိုသွားရန် အကြိမ်ကြိမ်ပြောခဲ့သော်လည်း မေမေ၏မျက်နှာပေါ်တွင် တုန်လှုပ်ခြင်းအလျဉ်းမရှိခဲ့ပါချေ။ သူမအံ့သြခဲ့ရသည်။ ဖူးဖူးမှုတ်ခဲ့





သည့်သမီးတစ်ယောက်လုံး မရှုမလှသေဆုံးရခြင်းကို ဘာလို့မငိုရတာလဲ။ ဘာလို့ တစ်လုံးတစ်ပါဒမျှ မဆိုရတာလဲ။ ဘာလို့ ခံစားချက်မဲ့နေသူလို မလှုပ်မယှက်နေရတာလဲ။

သူမဒေါသထွက်ခဲ့သည်။ ယူကြုံးမရခံစားခဲ့ရ၏။ ဒေါသဖြစ်လွန်း၍ အမေ့ကိုပြောဆိုခဲ့ဖူးသည်။ ညီမလေးကိုမနိုင်းဖို့ အတန်တန်ပြောနေရက်သားနှင့် အမေက သူမဘဝကို ဒီနွံထဲက ဆွဲနှုတ်ချင်လွန်း၍ နိုင်းစေခဲ့သည်။

သူမရင်နာခဲ့ရသည်။ တကယ်တော့ ညီမလေး ခုလိုငယ်ငယ်ရွယ်ရွယ်နဲ့သေခဲ့ရတာ သူမအသုံးမကျခဲ့လို့ပါ။ ညီမလေးဆုံးပြီး ဆယ်ရက်ခန့်အကြာတွင် အမေ ယောဂီဝတ်သွားခဲ့သည်။ ပြီးတော့ မကြာခဏဆိုသလို ဝစီပိတ်တရားထိုင်နေတတ်သည်။ သူမရင်နာရသည်။ ညီမလေးနှင့် သေကွဲကွဲရပြီး အမေနှင့်တော့ ရှင်ကွဲ ခွဲရပြန်သည်။ အမေ့စိတ်ကိုနားလည်နေသော်လည်း နားလည်မပေးချင်ခဲ့ပါ။

အမေ့ကြောင့် ညီမလေး ဆုံးရသည်။ ညီမလေး၏သေဆုံးခြင်းသည် အမေ့ကြောင့်ဆိုတာ တရားခံရှာစရာမလိုဘဲ လယ်ပြင်မှာ ဆင်သွားသလို ထင်ထင်ရှားရှားသိမြင်ခံစားရသည်။ အမေ့မျက်နှာ သွေးမရှိတော့သလို ဖြူရော်သွားသည်။ အမေက သိပ်



www.burmeseclassic.com

www.burmeseclassic.com

ကိုစိတ်ထိခိုက်သွားမှန်း ရိပ်မိသည်။ အချိန်ပြည့်အလုအပကိုသာ တန်းတန်းစွဲ မက်မောနေသည့်အမေက ငွေအကြောင်းကိုပင် စပ်ဟပ်မပြောတော့သလို မျက်နှာပေါ် သနပ်ခါးပင်မတင်တော့ချေ။

ညီမလေး၏သေဆုံးမှုနှင့်အတူ အမေသည် အခြားလူတစ်ယောက်အသွင် ပြောင်းလဲသွားသည်။ မင်းနိုင်ငံက ပြဿနာအကြီးအကျယ်လုပ်လိမ့်မည်ဟုထင်ခဲ့၍ သွေးပျက်ခဲ့သည့် အိပ်ပျက်ညတွေလည်း မရေတွက်နိုင်ခဲ့ပါ။

တစ်မြို့လုံး ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့သည့်ကိစ္စ။ ဟိုတယ်ပိုင်ရှင်ပါ ဘယ်နိုင်ငံပြေးရတော့မှန်းမသိခဲ့သည့် ပြဿနာ။ သို့သော် ထူးဆန်းစွာပင် အသုဘပြီးသည်နှင့်တစ်ပြိုင်နက် အရာအားလုံး ငြိမ်သက်သွားသည်။ ထိုအချိန်မှစ၍ မင်းနိုင်ငံကို အရိပ်ပင်မတွေ့ရတော့ချေ။

ညီမလေး၏ခေါင်းတလားဘေးတွင် အသက်မဲ့စွာ ထိုင်နေသည့်မင်းနိုင်ငံကို ခပ်လှမ်းလှမ်းမှတွေ့ခဲ့ရသည်။ မင်းနိုင်ငံလိုလူစိမ်းတစ်ယောက်လောက်မှ ညီမလေးအပေါ် မကောင်းပေးနိုင်ခဲ့သည့်အတွက် ဝမ်းနည်းကျေကွဲခဲ့ရသည်။ သောင်ပြင်လွတ်သည့်ခွေးတစ်ကောင်ပမာ နေစရာမရှိခဲ့ပါ။ ထို့ကြောင့်ပင် အမေကတရားရိပ်သာဝင်သွားသည်နှင့်တစ်ပြိုင်နက် ပစ္စည်းများသိမ်းကာ





အဘိုးအဘွားတို့ရှိရာ ရန်ကုန်မြေသို့အခြေစိုက်ခဲ့သည်။

ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသည့်အတိုင်းပင် သူမနှင့်အတူ အဘိုးအဘွားတို့က တစ်နှစ်ပြည့်အောင်နေမသွားကြတော့ဘဲ ကွယ်လွန်သွားကြသည်။ ထို့ကြောင့် အဘိုးအဘွားတို့အိမ်ကိုရောင်းပြီး ရှိသည့်ငွေလေးနှင့်ရောကာ မြေညီထပ်၌ တိုက်ခန်းတစ်ခန်းဝယ်ပြီး ထမင်းဆိုင်လေးဖွင့်ခဲ့သည်။

လုပ်ဖူးလုပ်စမရှိ၍ အဆင်မပြေမှုတွေကြားမှ အရှုံးပေါ်သည်။ အရှုံးကိုအလူးအလဲခံရင်း အိတ်ထဲမှငွေကုန်လုလုအချိန်တွင် သူမဆိုင်မှ စားဖိုမှူးနှင့်မေတ္တာမျှပြီး လက်ထပ်ဖြစ်သည်။ လက်ထပ်ပြီးချိန်မှစ၍ ခင်ပွန်းသည်ကိုသာ ငွေနှင့်ဆိုင်ကို ဝကွက်အပ်ခဲ့သည်။ သားလေးကိုယ်ဝန်ငါးလရောက်ချိန်တွင် ခင်ပွန်းသည်က ဆိုင်မှအကူမိန်းကလေးနှင့် မေတ္တာမျှပြီး ငွေတွေယူကာထွက်ပြေးသွား၍ သောကဝေခဲ့ရသည်။

ကလေးမွေးဖွားစရိတ်မရှိ၍ အခန်းလေးရောင်းပြီး သင့်သလိုငှားနေကာ ပိုငွေကို ယုံကြည်ရသူအား ငွေတိုးချစားခဲ့သည်။ ပထမတော့ အတိုးလေးပုံမှန်ပေး၍ သက်သာချောင်ချိခဲ့သော်လည်း သားလေးနှစ်နှစ်သားအရွယ်တွင် ကံဆိုးမိုးမှောင်ကျပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတိုးရောအရင်းပါယူ၍ ထွက်ပြေးသွားသည်။ သူမ လက်မဲ့ဖြစ်ခဲ့ရသည်။ လက်ကျန်ငွေဆယ်သိန်းနှင့် မုန့်ဟင်းခါး ဆိုင်လေး ထွက်ခဲ့သည်။ အချက်အပြုတ်မကျွမ်းကျင်၍ ဒုက္ခအမျိုး မျိုးကြုံခဲ့ရပြီး နောက်ဆုံးတော့ အလုပ်ဟောင်းပင် လုပ်ခဲ့ရသည်။

သို့သော် ယခုတော့ မုန့်ဟင်းခါးကောင်းကောင်းချက် တတ်နေပါပြီ။ ခန္ဓာရင်းပြီး ငွေရှာခဲ့သမျှတွေလည်း မုန့်ဟင်းခါး ဆိုင်ကောင်းကောင်းဖွင့်ပြီး သားလေးနဲ့အေးအေးချမ်းချမ်းနေဖို့ ဖြစ်သည်။

မျှော်လင့်ချက်ရောင်ခြည်လေး သန်းလာနေပါပြီ။ ဒီလို သာ အလုပ်ဖြစ်နေလို့ကတော့ နောက်တစ်လဆိုလျှင် ဒီအလုပ်ကို ထာဝရစွန့်လွှတ်နိုင်တော့မှာပါ။

"ဒေါက်! ဒေါက်! "

မနက်လေးနာရီထိုးသောအချိန်တွင် မျက်စိများ ကျိန်း စပ်လာ၍ အိပ်ပျော်လုလုအချိန်တွင် တံခါးခေါက်သံကြောင့် နိုး လာခဲ့သည်။

"ဘယ်သူလဲ"

"ကျွန်မပါ၊ လေညှင်းလှိုင်း"

ထိုအသံကြားသည်နှင့်တစ်ပြိုင်နက် ဆံပင်အနီရောင်နှ





ပေါင်တိုစကတ်များကို ပေါ့ပေါ့ပါးပါးဝတ်တတ်သည့် မျက်နှာလှ လှလေးတစ်ခုကို ပြေးမြင်မိသည်။

သူမ ထရပ်ကာ တံခါးကိုဖွင့်လိုက်၏။ လေညှင်းလှိုင်း က ဒယိမ်းဒယိုင်ဝင်လာသည်။

"ဟဲ့! ဘာဖြစ်လာတာလဲ၊ ညစ်ပတ်နေတာပဲ"

"မိုးရွာထားလို့ လမ်းတွေက ချော်နေတယ်လေ"

"သွား. . . ရေသွားဆေးလိုက်"

ဟုဆိုတော့ လေညှင်းလှိုင်းက အနောက်ပေါက်မှတစ် ဆင့် အိမ်အောက်သို့ဆင်းသွားသည်။ ရေလောင်းသံကိုကြားရ ပြီး မကြာခင်မှာပင် အိမ်ပေါ်ပြန်တက်လာသည်။

သူမ အံ့ဩသွားသည်။ မှန်ပါသည်။ ရှက်ကြောဖြတ် ထားသူပီပီ ကိုယ်လုံးတီးဖြစ်နေသည်။

"ဟဲ့! ဘယ်လိုဖြစ်လာတာလဲ"

"စကတ်ရော အင်္ကျီရော ရွှံ့တွေအားလုံးပွနေပြီ၊ အဲဒါ နဲ့ အိမ်အောက်မှာ ချွတ်ပစ်ထားခဲ့တယ်"

"ရော့. . . ဒါဝတ်ထားလိုက်"

စပန့်ဂါဝန်တစ်ထည်ကို ဖြစ်သလိုပစ်ပေးလိုက်သည်။

'အရှည်ကြီးပဲ၊ လုံခြုံလွန်းအားကြီးပါတယ်။ ဒီလိုဝတ်စုံ



www.burmeseclassic.com

www.burmeseclassic.com



မျိုး လှိုင်းမကြိုက်ဘူး။ ကိုယ့်အလှကို ကိုယ်ယုံကြည်မှုမရှိသလို့
ဘဲ''

လေညှင်းလှိုင်းက ပြောပြောဆိုဆိုပင် အကျီကိုဝတ်၏
သို့သော် ရင်ညွှန့်မှကြယ်သီးကိုမူ အပြည့်အစုံမတွယ်ချေ။

''ကြယ်သီးကို အပြည့်တွယ်လေ၊ ဒါက ငါတစ်ယော
တည်းနေတာမဟုတ်ဘူး။ ငါ့သားရှိသေးတယ်။ ငါ့သားကို မပြ
သင့်တာတွေ မမြင်စေချင်ဘူး။ ပြီးတော့ နင် ငါ့အိမ်ကို နော
မလာရင်ကောင်းမယ်''

''အမယ်လေး! ဖြစ်နေလိုက်တာ၊ မလာပါဘူးတေ
မကြာခင် တိုက်ခန်းဝယ်တော့မှာပါ။ ဈေးကောင်းကောင်းရဖို့
ဖမ်းနေတယ်။ ကားလေးဘာလေး စီးရတာပေါ့။ ဒီအလုပ်လော
ငွေရလွယ်တာ မရှိဘူး။ သက်တောင့်သက်သာလေ၊ ဘာမှပ
ပန်းဘူး''

''ဒီလိုပြောတာ ဘယ်လောက်ကြာပြီလဲ၊ ငါတောင်း
ပါတယ်ဟယ်၊ နောက်ဆို နင် ငါ့အိမ်မလာပါနဲ့တော့''

''အဆောင်က ပိတ်ပြန်ပြီ၊ ပြန်သွားရင် မသက်မျ
နဲ့ကြည့်ကြမှာ။ ရတဲ့ငွေက ငါးသောင်းလောက်နဲ့ တွက်ခြေမ
ပါဘူး''





''တော်ရော့ပေါ့ဟယ်''

''တော်လို့ရမလား၊ လှိုင်းက အစ်မလို ကလေးလည်း
မမွေးထားဘူး။ ပြီးတော့ ဘွဲ့ရပြီးသား။ အလုပ်ရှာရခက်လို့သာ
ရရာလက်နက် စွဲကိုင်ရတာ။ ဖြစ်ပြီးမှတော့လည်း မထူးပါဘူး၊
မထူးဇာတ်ခင်းရတော့တာပဲ။ စီးပွားဖြစ်ရှာပြီးမှ အငြိမ်းနေတော့
မယ်''

''မထင်ပါနဲ့အေ၊ နင်တို့တွေ အချိန်ရှိပါသေးတယ်။ ပြင်
သင့်ရင်ပြင်ပေါ့။ ငယ်ငယ်လှလှလေးတွေနဲ့ ဘဝကိုရေစုန်မမျော
ကြပါနဲ့။ ဒီအလုပ်လုပ်တဲ့လူက ပင်ပန်းတဲ့သမာအာဇီဝအလုပ်ကို
မလုပ်ချင်ကြတော့ဘူး။ ရောဂါမကျမ်းသေးခင် ကုသလိုက်ပါအေ၊
ပြီးတော့ ပေါ့ပေါ့ရတဲ့ငွေက ပေါ့ပေါ့ကုန်သွားရော။ နောက်ဆုံး
မှာ ဘဝရှုံးတာက အမြတ်ကျန်ခဲ့တာပဲ''

''တရားတွေဟောမနေပါနဲ့ အစ်မရယ်။ လှိုင်းက အစ်မ
တို့လို ဘဝကြောင့် စားဝတ်နေရေးကြောင့် အခုဒီအလုပ်ကိုလုပ်
နေတာမဟုတ်ဘူး။ ပျော်လို့ ဒီအလုပ်ကိုသဘောကျလို့ လုပ်နေ
တာ။ အခု လှိုင်းအဆင့်က ဖြတ်သွားဖြတ်လာတက္ကစီသမားတွေ
ရဲ့ တရွတ်ရွတ်အခေါ်ခံရတဲ့အဆင့်မဟုတ်ဘူး။ အွန်လိုင်းပေါ်မှာ
ဂုဏ်ရှိရှိနေရတာ။ ဖုန်းတစ်လုံးနဲ့ အချက်ပေးရုံပဲ။ ငွေမရှိလို့ ကြို



www.burmeseclassic.com

www.burmeseclassic.com



ရာဆွဲတော့ အခုလို ဈေးအနှိမ်ခံရတော့တာပဲ။ ဘယ်လောက် ကျေနပ်ဖို့ကောင်းသလဲ။ ဒီဘဝကို လှိုင်းတော့ ပျော်တယ်။ တိပွဲ ထဲမှာသာ မြင်ရတဲ့လူတွေနဲ့လည်း အနီးကပ်ဆုံးနေရတယ်။ ပျင်း ရင် ကလပ်တက်၊ စိတ်ညစ်ရင် ဘီယာသောက်၊ ဒီ့ထက်ပျော်ချင် သေးရင် အလန်းဆုံးကောင်လေးနဲ့ချိတ်၊ အစ်မရယ်. . . သူ့ပို ကိုယ့်ဖို့ပေါ့။ တစ်ခါတလေကျတော့ အချို့အချို့ကို အားကျမိပါ ရဲ့"

သူမစိတ်ဝင်စားသွားသည်။ ငှက်တစ်ကောင်လို ပေါ့ပါ့ နေသည့်လေညှင်းလှိုင်းထံတွင် အားကျရမည့်သူရော ရှိနေသေး လို့လား။

"တေးလင်္ကာလေ"

"တေးလင်္ကာ"

ထိုနာမည်ကိုကြားရတာနဲ့ ဆယ်ပြာမှုန့်ကြော်ငြာတစ်ပု ကို ပြေးမြင်မိသည်။ မျက်နှာချိုချိုနှင့် မော်ဒယ်လ်အသစ်လေး။ သူမမျက်နှာပျက်သွားသည်။ ရင်ထဲနာကျင်သွားသည်။

"နာမည်ကြီးတော့ ဈေးကောင်းရတယ်လေ၊ သူက လှိုင်းတို့နဲ့တစ်ရွာတည်းပဲ၊ မာနခဲ။ သေတောင်မလုပ်ဘူးဆိုပြီ ဝါဒစွဲကိုင်။ ဟွန်းဟွန်း. . . ငွေနဲ့တွေ့တော့ ခံနိုင်ရိုးလား။ တရုပ်





တစ်ယောက်ရဲ့လက်ထဲမှာ မရှုမလှဆိုပဲ"

ထိုအသံကိုကြားရတာနှင့်ပင် ခံစားမှုဓာတ်ခံရှိခဲ့သည့် သူမက ရင်ထဲ ဒုန်းဒုန်းဒိုင်းဒိုင်းဖြစ်သွားသည်။

"သေ. . . သေသွားပြီလား"

"အဲဒီခေတ်က ကုန်သွားပါပြီအစ်မရယ်၊ ဆေးဝါးတွေ ပေါက်လောက်ခေတ်မီလာတာ။ ဒီကောင်မ ထောသွားတယ်။ အခု တော့ ကားအသစ်နဲ့ တဝီဝီဖြစ်နေပြီ။ စိမ်းမမကလည်း မျက်နှာ သာပေးမှုပေး။ စိမ်းမမလိုမိန်းမမျိုးအတွက်လည်း တေးလင်္ကာ လိုပဲတန်တာ"

"စိမ်းမမဆိုတာ"

". . . ဖက်ရှင်ဆိုင်ပိုင်ရှင်လေ"

"သြော်"

"လှိုင်းတို့ကိုဆို သိပ်ဈေးနှိမ်တယ်။ ဒါကြောင့်လည်း သူ့ကျော့ကွင်းက ရုန်းထွက်ခဲ့တာပေါ့။ အမယ်လေး! စိတ်မော ပါတယ်။ လိုင်စင်မရှိလို့ ခွက်ပုန်းခုတ်မှ ပိုမောရတယ် အစ်မရယ်၊ ကဲ! ပင်ပန်းလာတယ်၊ အိပ်ပြီ။ အဲ. . . အစ်မလည်း သတိထား နေနော်၊ အခုက အရင်လိုလွတ်လပ်တော့တာမဟုတ်ဘူး"

ထိုမျှသာပြောပြီး စိတ်ပေါ့ပါးစွာပင် မရှုရက်မမြင်ရက်



www.burmeseclassic.com

www.burmeseclassic.com



စရာ အိပ်သွား၍ သူမကပဲ ခြင်ထောင် ထောင်ပေးလိုက်သည်။ အတုမြင်အတတ်သင် အဖြစ်မခံနိုင်ပါ။ အခုမှ နုနယ်သေးတဲ့သား ၏နုလုံးသားထဲ အမြင်ဆိုးတွေမဝင်သွားစေချင်ပါ။ သူမလည်း စိတ်ထဲမှမိခင်တစ်ယောက်မို့ သားကို အကောင်းဆုံးမျှော်လင့်နေ မိသည်။ သားအနာဂတ်ကသာ သူမဘဝဟု ယုံကြည်နေမိသည်။ သူမလိုပဲ အမေလည်း တစ်ချိန်က တွေးခဲ့ဖူးမလားဆိုတာ တွေး ကြည့်ရုံနှင့် ရင်နာရသည်။

သူမအာရုံထဲတွင် ဂါဝန်အဖြူလေးနှင့် အိမ်မှထွက်သွား သည့် ညီမလေး၏နောက်ဆုံးညက ယနေ့ချိန်ထိ ပျောက်မသွား ခဲ့ပါချေ။



# အခန်း (၂၁)

"မေမေ သက်သာရဲ့လား"

ဆေးကောင်းဝါးကောင်းများနှင့် ကုသလိုက်တော့ အမေ့ ျက်နှာက သိသိသာသာပင် ရွှင်လန်းလာသည်။ ဆရာဝန်ကတော့ ။ နေ့နှင့်အမြန်ပဲဟုဆို၍ အမေ့ကိုအထူးဂရုစိုက်ရသည်။ ယခု တော့ သူမဘဝက တောက်ပြောင်လို့လာခဲ့ပါပြီ။

ကိုယ်ပိုင်အခန်းနှင့်၊ ကိုယ်ပိုင်ကားနှင့်၊ ဘဏ်အပ်ငွေနှင့် ပို့ တင့်တင့်တယ်တယ်ရှိလာ၍ ကမ်းလှမ်းလာကြသူများ ရှိလာ သည်။ စိမ်းမမ၏အဆက်ကြောင့်ထင်ပါရဲ့၊ လောကထဲဝင်ဆန့် လာသည်။ စိမ်းမမကလည်း ဆိုင်အတွက် ကြော်ငြာမော်ဒယ်လ် ။ဖြစ်သုံးနေ၍ ဝင်ငွေပိုကောင်းလာသည်။ မီးပွိုင့်တိုင်းလိုလိုတွင်



www.burmeseclassic.com

www.burmeseclassic.com



သူမပုံကြော်ငြာဘုတ်များကို တွေ့ရသည်။

"ဆေးရုံခဏခဏမလာနဲ့နော်၊ သမီးအလုပ်ပျက်နေဦးမယ်။ ဒီလောက်ငွေတွေ အောတိုက်အောင်ရနေတာ ပင်ပန်းမှာပဲ။ အလုပ်အရမ်းများသလား"

"အချိန်ရှိပါတယ် မေမေရယ်"

"ကိုယ်က နာမည်ကြီးလာပြီဆိုတော့ အနေအထိုင်ဆင်ခြင်ရမယ်လေ။ ဒီမှာက လူတွေများတယ်။ သမီးလာရင် ဝိုင်းအုံနေတတ်တယ်"

"အဲဒါကြောင့် ဒီနေ့ပဲ အမေ့ကိုအိမ်ခေါ်မလို့။ ပထမ၊ ထပ်မှာပဲဆိုတော့ အတက်အဆင်းတော့ မမောတော့ဘူးလေ။ ပြီးတော့ စပယ်ရှယ်နာ့စ်ငှားမယ်။ အိပ်ခန်းနှစ်ခန်းပါတယ် မေမေရဲ့။ ကျဉ်းပေမယ့် နေဖို့သင့်ပါတယ်"

"ငါ့သမီးလည်း ရောဂါသည်အမေ့ကြောင့် ပင်ပန်းနေပြီကွယ်"

"မပင်ပန်းပါဘူး အမေရယ်၊ အမေ ခုလိုသက်သာလာတာကိုပဲ ကျေနပ်နေပြီ"

"အေးကွယ်၊ ဒီပုံအတိုင်းဆို မကြာခင် ကောင်းတော့မှာပါ။ နေကောင်းမှပဲ သမီးအလုပ်ထဲလိုက်ရမယ်"





သူမမျက်နှာပူသွားသည်။ တကယ်တော့ သူမလုပ်နေတာတွေကို အမေ့အား မသိစေချင်ပါ။ စိမ်းမမ၏ဘက်တော်သားဖြစ်နေသောသူမက တစ်လတစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်လောက်တော့ အလုပ်လက်ခံရစမြဲဖြစ်သည်။ ဒါတွေကို အမေ့ကိုမသိစေချင်ပါ။ သူမကြောင့် အမေခံစားရမှာကို မလိုလားပါ။ ဘဝရဲ့နေဝင်ချိန်ရောက်နေသောအမေ့ကို စိတ်ချမ်းသာစေချင်သည်။ ဆင်းရဲနွမ်းပါးစွာနေခဲ့ရသောအမေ့ကို နေဝင်ချိန်လေးပဲဖြစ်ဖြစ် ကောင်းကောင်းနေသွားစေချင်သည်။

"ငါ့သမီးလေးက နာမည်ကြီးလာပြီဆိုတော့ အားလုံးကွက်ကြည့် ကွက်ကြည့်ပဲ၊ ဝမ်းသာရမှာလား ပျော်ရမှာလားတောင် မသိတော့ဘူး၊ အမေကသာ ဝမ်းသာတာပါ၊ ဒီလိုကိစ္စကြုံရတော့ သမီးအနေဘယ်ချောင်ပါ့မလဲ။ နောက်မလာပါနဲ့ သမီးရယ်"

"ဘယ်ဟုတ်ပါ့မလဲ အမေရယ်၊ တစ်လောကလုံးမှာ သတိရလို့ပြေးကြည့်စရာ မေမေ့မျက်နှာတစ်ခုတည်းရှိတယ်ဆိုတာ သိသားနဲ့"

"ဒါတော့ဒါပေါ့ သမီးရယ်"

"ကဲပါ မေမေရယ်၊ ဆေးရုံဆင်းဖို့အားလုံးပြင်ဆင်လိုက်ဦးမယ်။ ခဏနော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုပင် အမေ့ကိုထားပြီး သီးသန့်ခန်းထဲမှ ထွက်လာခဲ့၏။ ပုဂ္ဂလိကဆေးရုံမို့ စင်္ကြံလမ်းက လူရှင်းလှသည်။ အထက်တန်းကျသည့်ဆေးရုံမို့ ကားပါကင်တွင် ကားကောင်းကား သန့်များ စနစ်တကျတန်းစီရပ်ထားသည်။ ဝရံတာ၌ အနီဝတ် ဆရာမလေးများက ဖိုင်တွဲကိုင်ပြီး ဟိုမှဒီသွားနေကြသည်။ အခြား အဆောင်မှ ရောင်းလှည့်နေသော ဆရာဝန်တစ်သိုက်ကိုလည်း မထင်မရှားတွေ့နေရပါ၏။

သူမ ရီဆက်ရှင်သို့လျှောက်လှမ်းနေသည်။

မှန်တံခါးအကြည်က လှုပ်ရှရှလေး ပိတ်ထား၍ သူမ တွန်းဖွင့်လိုက်သည်။ သူတွန်းဖွင့်လိုက်သောတံခါးရွက်ကို တစ်စုံ တစ်ယောက်က အတွင်းမှဆွဲနေပုံရသည်။ ထို့ကြောင့် အသာ အယာဖြည်လွှတ်လိုက်သည်။

"ဆောရီး"

သူ့ကိုမမြင်ရသေးခင်မှာပင် တောင်းပန်စကား အရင်ဆို လိုက်သည်။

"ရပါတယ်"

အသံသည် ကြည်လင်ပြတ်သားနေသည်။ သာမန်အား ဖြင့် တစ်စုံတစ်ယောက်ကို စိတ်မဝင်စားတတ်သည့်သူမက အသံ





ရှင်အား မျက်လွှာပင့်ကြည့်လိုက်သည်။

တည်ကြည်ခန့်ငြားသောရုပ်သွင်တစ်ခုကို တွေ့ရသည်။ ထိုမျက်လုံးတွေက တည်ကြည်ပြီး ကြင်နာတတ်ပုံရသည်။ ထို လူက သူမကိုမှင်တက်စွာကြည့်နေ၍ သူမက ပြုံးစစလေး တုန့် ပြန်လိုက်သည်။ သူမရဲ့ပရိသတ်လား၊ သူမကိုသိနေ၍လား၊ ဖြစ် နိုင်ပါ့မလား။ သူက ဝတ်စုံပြည့်နှင့် သားနားသန့်ပြန့်လွန်းသည်။ သူမ၏ဖြတ်သန်းမှုအတွေ့အကြုံအရ သူ့ထံမှ အလုပ်လုပ်ခြင်း အငွေ့အသက်ကို ရှူရှိုက်မိလိုက်သည်။ ဂေါ်မလွဲ ထိုလူဟာ အလုပ်ထဲပျော်မွေ့သူဖြစ်ရမည်။

ယဉ်ကျေးမှုရှိသူပီပီ သူမကိုဦးစားပေးသဖြင့်. . .

"ကျေးဇူး"

ထင်ရှားလှသောအပြုံးများနှင့်ပြောကာ ထိုလူဖွင့်ပေး သောတံခါးရွက်မှတစ်ဆင့် အထဲဝင်လာသည်။

နောက်တိုးရင်ထဲ တစ်စုံတစ်ခုခံစားလိုက်ရသည်။ သူ သိတာပေါ့။ ဒီမျက်နှာလှလှလေးကို သူကောင်းကောင်းမှတ်မိနေ တာပေါ့။ ဆုံခဲ့တာ လပိုင်းပဲရှိသေးသည်လေ။ မနက်ခင်းတစ်ခု ၌ ဝေဒနာခံစားနေရပုံမျိုးနှင့် ဆုံခဲ့ဖူးသည်။ ထိုအချိန်က ရှုံ့မဲ့နေ သော်လည်း လှပနိုင်သေးသည့်သူမကို ပထမဆုံးတွေ့ဖူးခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ပါ။ မိန်းမကောင်းတစ်ယောက်မဟုတ်သော်လည်း မထင်ရက်စရာ ကောင်းလောက်အောင် ကြည်စင်ဝင်းမွတ်နေသည့် သူမမျက်နှာလေးက ချစ်စဖွယ်ကောင်းလှသည်။ သူမအပြုံးလေးက မာန်မာန မရှိ၊ ရိုးစင်းကြည်စင်လှသည်။

သူမအကြောင်းတွေးနေရင်းမှ ခဲပုပ်ရောင်ကားထဲသို့ ဝင်လာရင်း ဖုန်းကိုထုတ်လိုက်သည်။ နံပါတ်များကိုနှိပ်သည်။ မင်းနိုင်ငံထံပဲဖြစ်သည်။ အိမ်တွင်းရေးကိစ္စမို့ ဒရိုင်ဘာခေါ်မလာဘဲ ကိုယ်တိုင်မောင်းလာခြင်းဖြစ်၏။

''ဟဲလို''

''အခုဘယ်ရောက်နေသလဲ''

''နားချိန်လေ၊ ဒါအလုပ်ချိန်မဟုတ်ဘူး''

''. . . ဆေးရုံကိုလာခဲ့ပါလား။ အန်တီ့ကို ဆေးရုံတင်ထားရတယ်''

''ဆေးကုသတဲ့အလုပ်က ဆရာဝန်တွေရဲ့အလုပ်ပါ။ အကောင်းဆုံးဆရာဝန်နဲ့ အတော်ဆုံးနာ့စ်ငှားတာ ပိုသင့်တော်လိမ့်မယ်''

''ဘာဖြစ်တာလဲလို့ မမေးတော့ဘူးလား''

''သွေးတိုး၊ နှလုံး၊ ဆီးချို အားလုံးစုံအောင် ရှိနေမှတော့





ခန့်မှန်းလို့ရပါတယ်''

''မင်း အဲဒီလောက်မပြတ်သားသင့်ဘူး''

''ငါ့ကိုဆရာလုပ်တဲ့သူကို ငါအမုန်းဆုံးပဲ။ နောက်တိုး မင်းနဲ့ငါက အခုမှသိတဲ့လူလား''

''ငါ မင်းကိုပြောစရာရှိတယ်''

''ငါ့ရဲ့အနားယူချိန်ပါ''

''ငါ မိုးနှင်းလေနဲ့တွေ့တယ်''

''ဘာ! ''

''ဒေတာတွေအားလုံး ဖက်စ်ပို့လိုက်မယ်''

''ရည်ရွယ်ချက်က ဘာလဲ''

''ဒါ မင်းအပိုင်းပါ၊ ခုချိန်မှာ မင်းကို ငါဘာမှမပြောချင်ဘူး။ မင်းကြိုက်သည်ဖြစ်စေ မကြိုက်သည်ဖြစ်စေ ငါတော့ပြောရမှာပဲ။ ဘာလို့လဲဆိုတော့ လောကမှာ မင်းကို ငါမှမပြောရင် ပြောမယ့်လူမရှိတော့ဘူး''

''ပြောချင်တာ ဒါပဲလား''

ဟုဆိုပြီး ထုံးစံအတိုင်းပင် ဖုန်းကိုအရင်ချသွားသည်။ တတူတူမြည်နေသောဖုန်းကို ဖြစ်သလိုပစ်ချလိုက်သည်။ ပြီးနောက် ကားစက်ကိုနှိုးပြီး မောင်းထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာပြီးစမို့ လမ်းမတစ်လျှောက် ရေအိုင်များဖြစ်နေ၏။ မိုးရာသီမို့ ကောင်းကင်၌ ကြယ်ရောင်များ ပျောက်နေသည်။ ဒီပုံအတိုင်းဆိုရင်တော့ မိုးက မကြာခင် ရွာဦးမည့်ပုံပင်။ သူ ထိုသို့ တွေးနေမိဆဲတွင် မိုးသည် အုံးခနဲ ရုတ်တရက်ရွာချလာပြန်သည်။

အိမ်သို့မြန်မြန်ပြန်ရောက်ချင်သည်။ တစ်နေကုန်ပင်ပန်းထား၍ နားချင်သည်။ အချိန်အားဖြင့် ညရှစ်နာရီအတိဖြစ်သည်။ မိုးရွာ၍ထင်ပါရဲ့၊ ဖြတ်သွားဖြတ်လာလူများ ကင်းရှင်းနေသည်။ သို့သော် မိုးရေထဲ၌ ထီးလေးမလုံ့တလုံ့ဆောင်း၍ မိုးသည်းကို အံတုရင်ဆိုင်နေသောမိန်းကလေးတစ်ယောက်ကို မဟူရာအမှောင်ထုထဲ၌ ထင်လင်းစွာတွေ့မြင်လိုက်ရသည်။

ဒီလောက်မိုးသည်းကြီးထဲမှာ ဒီမိန်းကလေး ဘယ်သွားနေတာလဲ။ ညကလည်း မှောင်နေပါပြီ။ လူပြတ်တဲ့ဒီလမ်းကြောထဲမှာ လူရမ်းကားတွေရဲ့အန္တရာယ်ကို မကြောက်ဘူးလား။ မသိမသိုင်ပင် ထိုမိန်းကလေးလုံခြုံရေးကို စိတ်ပူသွားသည်။

ကားမီးက ထိုမိန်းကလေးခန္ဓာပေါ်သို့ ထိုးလိုက်သည်။ မျက်စိကျိန်းသွား၍ထင်ပါသည်၊ လက်ကာပြီး ငြိမ်သက်နေသည်။ အချိုးကျသော ထိုမိန်းကလေး၏ခန္ဓာသည် ရေစိုအဝတ်ကြောင့် အထင်းသားပေါ်လွင်နေသည်။ လှလိုက်တာဟု သူ့ရင်ထဲ အပွင့်၊





တင်ချင်ခိုက်တွင် ထိုမိန်းကလေးက ကားကိုရပ်ရန် တားသည်။

သူအံ့သြသွားသည်။ ဘာကြောင့်လဲ၊ ဘာကြောင့် တားနေတာလဲ။ မိန်းမကောင်းမှဟုတ်ရဲ့လား။ ဒါမှမဟုတ် သူကပဲ သံသယကြီးနေတာလား။ သူဝေခွဲမရပါ။ ရပ်ပဲရပ်ရမလား၊ မသိချင်ယောင်ပဲ ဆောင်သွားရမလား။ မမြင်ချင်ယောင်ဆောင်သွားပြီပဲထား၊ မိမိကိုယ်မိမိ လိပ်ပြာသန့်သန့်နေနိုင်ပါ့မလား။ အမျိုးကောင်းသမီးဖြစ်ပြီး ဒုက္ခဖြစ်နေသောမိန်းကလေးဖြစ်ပါက သူဟာ လူမဆန်ရာကျပေတော့မည်။

ထိုသို့တွေးပြန်တော့ ကားရပ်ပေးလိုက်ချင်သည်။ သို့သော် မိန်းကလေးနဲ့ပတ်သက်ပြီး အထိအတွေ့မရှိခဲ့ဖူးတဲ့သူက မဝံ့ရဲပြန်ပါ။ မိုးသည်းညကြီးမှာ ဘယ်သူဘယ်ဝါမှန်းမသိတဲ့ မိန်းကလေးကို ကားကြုံတင်ဖို့ဖြစ်နိုင်ပါ့မလား။

ဝေခွဲမရဖြစ်နေစဉ်မှာပင် ထိုမိန်းကလေးနားသို့ ရောက်လာခဲ့သည်။ နီးကပ်လာသည်နှင့်အမျှ ပုံရိပ်ကိုသဲသဲကွဲကွဲမြင်လာရသည်။ ရုပ်ရည်လေးက ဖူးနုပြီး မျက်ဝန်းလေးတွေက သိမ်ငယ်နေသည်။ ရုတ်တရက်ဆိုသလို သူ့ရင်ထဲက ကရုဏာတို့ အလုအယက်ဝင်လာရသည်။ ထိုကရုဏာတို့၏စေညွှန်ရာအတိုင်း ကားကိုရပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူကားရပ်လိုက်သည်နှင့်တစ်ပြိုင်နက်ဆိုသလိုပင် ဘာမပြောညာမပြောနှင့် ထိုမိန်းကလေးက ကားထဲပြေးဝင်လာသည်။ သူလန့်သွားသည်။ ထိုသို့ရဲတင်းမှုမျိုးက မိန်းမကောင်းမဖြစ်နိုင်တော့ဘူးဟု ယူဆလိုက်မိသော်လည်း နောက်ကျသွားခဲ့ပေပြီ။

''ကျေးဇူးတင်ပါတယ်၊ မိုးရေတွေ ရွဲစိုနေလို့ ဘယ်ပြေးရမှန်းမသိဖြစ်နေတာ''

''ရပါတယ်၊ ဟိုလမ်းမကျယ်ထိလိုက်လေ၊ အဲဒီမှာ ကားတွေပေါ်ပါတယ်''

ခုဆင်းတော့ဆိုပြီး မောင်းမချရုံတမယ် ပြောလိုက်သည်။

''အဆုံးစွန်အထိ ကူညီမလို့မဟုတ်ဘူးလား''

''ဆောရီးပါ၊ ကိုယ့်မှာအချိန်သိပ်မရှိလို့''

''ရှင်က သိပ်ချောတာပဲနော်''

''ကျေးဇူးပါ''

''အရမ်းလည်း ခန့်ငြားတာပဲ''

မိုးအေးအေးမှာ ဇောချွေးများ ပြန်ချင်လာသည်။ လောကမှာ လူပေါင်းတဲ့တုတ်ရှိခဲ့လျှင် အကောင်းသား။

''အီး. . . ချမ်းလိုက်တာ၊ ဟပ်ချိုး! ဖျားပြီနဲ့တူတယ်''

သူ မကြားချင်ယောင်ဆောင်နေလိုက်သည်။





လေညှင်းလှိုင်း ပြုံးလိုက်မိသည်။ ဒီလိုအရိုးခံမျက်နှာနဲ့လူကိုသိမ်းသွင်းဖို့ သူမအတွက် မခက်ခဲပါချေ။ လူပေါင်းစုံနှင့် ဆုံခဲ့သောသူမက ဘယ်လိုယောကျ်ားမျိုးဟာ ဘယ်လိုကြည့်လာလျှင် ကိုယ်က ဘယ်လိုပြုမူရမယ်ဆိုတာကအစ အတွေ့အကြုံက သင်ပေးလိုက်ပါပြီလေ။ ထို့ကြောင့်ပင် ဖျော့တော့ပြီး ဖျားနေပုံနှင့် ကူရှင်ကိုမှီနေလိုက်သည်။

အလုပ်မဖြစ်တာ တစ်ပတ်ကျော်သွားပါပြီ။ အိတ်ထဲမှာလည်း ငွေက ပြားကပ်ကပ်သာ ကျန်တော့သည်။ ဒီဘဲကြီးကိုကြည့်လိုက်တော့ ရေလျှံပုံရသည်။ ဥပတိရုပ်ရည်အရ အေးဆေးပုံလည်းရသည်။ သူမရင်ထဲ ကျေနပ်နေမိသည်။ ကံကောင်းချင်တော့ ရွှေပုံပေါ်မှာ မှောက်ရက်လဲမိနေပြီကိုး။ ဖမ်းဆုပ်ပြီး အိတ်ထဲထည့်ဖို့သာ ကျန်ပါတော့သည်။

''မိန်းကလေး၊ လမ်းမရောက်ပြီ။ ဆင်းလို့ရပြီ''

သူမ ကြားသည်။ သို့သော် ဝေဒနာတစ်ခုခုကိုခံစားနေရပုံမျိုးနှင့် ပေမှိတ်နေသည်။

''မိန်းကလေး ဆင်းလို့ရပြီ''

''အီး. . . ဟီးဟီးဟီး. . . ချမ်းတယ်''

''နေမကောင်းဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



သူမမဖြေဘဲ မျက်နှာလွှဲထားသည်။

"ဆေးခန်းပို့ပေးရမလား"

"ရပါတယ်၊ အားနာစရာပါ။ ဖြစ်နိုင်ရင်လေ အပန်းမကြီး ဘူးဆိုရင် အိမ်လိုက်ပို့ပေးပါလား"

"အိမ်က ဘယ်မှာလဲ"

". . . မှာပါ"

"အင်းလေ၊ ဒီလိုဖြစ်နေတော့လည်း ကူညီပါ့မယ်"

သူမကြိတ်ပြုံးလိုက်သည်။ ခွင့်လွှတ်ပါ အစ်မမိုးနှင်းလေ ရေ့။ တစ်ခါတည်းပါဟု ရင်ထဲ၌ အသံတိတ်တောင်းဆိုမိသည်။

ကလေးကျောင်းပိတ်ရက်မို့ စစ်ကိုင်းချောင်မှာရှိသည့် ယောဂီကြီးဆီ နှစ်ညအိပ်သုံးရက် ခရီးထွက်သွားမှန်း သူမကြို သိနေသည်။ ပြီးတော့ သော့ကို အိမ်ရှေ့ပန်းအိုးအောက်တွင်သ ထားတတ်မှန်းလည်းသိသည်။ ထို့ကြောင့်ပင် လွယ်လွယ်ကူကူ ပြောလိုက်ခြင်းဖြစ်သည်။

"ကိုယ် အဲဒီရပ်ကွက်ရဲ့လမ်းတွေကို မသိဘူးနော်။ ဒါ ကြောင့် ညွှန်ပြပေးပါ"

"ဟုတ်ကဲ့"

အတွေ့အကြုံမရှိဖူးသူပမာ ဟန်ရေးတစ်ခွဲသားပြုမိသည်။





ဒီလိုလူမျိုးကို ဒီလိုပြောမှရမည်လေ။ သူမကို မကောင်းတဲ့မိန်းမ ပါလို့ ရှစ်ဆယ်ရာခိုင်နှုန်း သံသယဝင်နေတဲ့ထိုမျက်လုံးတွေက ခပ်ကျဲကျဲအနေတည်နေတာမို့ သူမမူဝါဒဟောင်းကို ခဝါချရမည် မှန်း လျှင်သူပီပီ ရိပ်မိပါ၏။ ဒါကြောင့် အပြစ်ကင်းစင်သော ပိန်းမသားတစ်ဦးနှယ် မရှိမဲ့ရှိမဲ့မာယာအချို့ကို ဖျစ်ညှစ်သုံးစွဲနေ သည်။

လှိုင်းက ဘယ်လောက်ပါ၊ ဘယ်လိုရပါတယ်ဆိုပြီး ခပ် ရှိုင်းရိုင်းစကားမျိုးပြောလို့ကတော့ ထိုလူက သူမကိုပါးကျိုးအောင် ပျား ရိုက်သွားလေမလား။

"ကဲ! လမ်းဆုံရောက်ပြီ၊ ဘယ်ကွေ့ရမလဲ"

"ဘယ်ကွေ့၊ ပြီးရင် ညာပြန်ကွေ့။ တည့်တည့်သွား။ ဂဆုံးက ပျဉ်အိမ်အမည်းရောင်ပဲ"

သူမ ထိုမျှခပ်သွက်သွက်ပြောသော်လည်း သူကတော့ ·နစ်တကျမှတ်သားပြီး မောင်းနေသည်။ သူမ ထိုလူ့ကိုမသိမသာ ိုးကြည့်မိသည်။ အင်မတန်ချောတဲ့လူပါ။ ထို့ကြောင့် ရင်ခုန်သည်။ ဂလုပ်ကြီးအကိုင်ကြီးလုပ်မည့်ရုပ်ရည်မျိုးမို့ ပိုင်ဆိုင်ချင်သည်။ ိုလူ့ကိုအကြာကြီးငေးချင်သေးသော်လည်း လျင်မြန်စွာပင် အိမ် ·ရှ့သို့ရောက်လာခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမဘာလုပ်ရမလဲ။ ထိုလူ့ကို မလိမ့်တပတ်ခေါ်ရမည်။ ပြီးတော့ အလုပ်ရရှိရေးအကောင်အထည်ဖော်ရမည်။ ငွေက ဘယ်လောက်တောင်းရမလဲ။ တောင်းသင့်ရဲ့လား။ ရွှေဥတစ်လုံးစီယူတာ ကောင်းမလား။

"အိမ်ရောက်ပြီလေ"

သူမက ထိုအချိန်မှသိပုံမျိုးနှင့် မျက်နှာငယ်လေး လုပ်နေသည်။

"ကျေးဇူးပါပဲ"

ပြောပြောဆိုဆိုပင် ကားတံခါးဖွင့်သည်။

"ထီးဆောင်းဦး"

"ရပါ. . . အမယ်လေး!"

ကားပေါ်မှချော်ကျပုံမျိုးဖမ်းပြီး မြေပြင်ပေါ်သို့ အသားနာခံပြီး ထိုင်ချလိုက်ရသေးသည်။ သူမ အနာခံရကျိုးနပ်သွားသည်။ ဘာလို့လဲဆိုတော့ သူမအနားသို့ သူရောက်လာခဲ့ပြီလေ။

"ခင်ဗျား ရရဲ့လား"

"ဟင့်အင်း. . . ခြေထောက် ဘာဖြစ်သွားပြီလဲမသိဘူး"

"ဟာ! ဒုက္ခပဲ၊ မိုးတွေက အရမ်းရွာနေတာ။ တစ်ကိုယ်လုံးလည်း ရွှဲကုန်ပြီ။ ကိုယ့်ကိုတွယ်ပြီး ထပါလား"





ဒီလိုဖြစ်ဖို့ မျှော်လင့်နေတာလေ။

"အား. . . မရဘူး၊ မထောက်နိုင်ဘူး"

"မထူးတော့ပါဘူးကွာ၊ မင်းကိုချီပြီး ပို့ပေးပါ့မယ်"

သူမအော်ပြီး ရယ်လိုက်ချင်သည်။ သူ့ရင်ခွင်ကြား သူမပါလာခဲ့သည်။

"သော့ခတ်ထားတယ်"

"သော့က ပန်းအိုးအောက်မှာရှိတယ်"

သူက သော့ကိုယူပြီး ဖွင့်ပေးသည်။

"လှိုင်းကို အိမ်ထဲထိရောက်အောင် ပို့ပေးလို့မရဘူးလားဟင်"

သူမကိုစိတ်ပျက်နေမည့် ထိုလူ့မျက်လုံးများကို အမှောင်ထဲ၌မတွေ့ရချေ။ အမှောင်ကိုအခွင့်အရေးယူကာ သူမက အင်္ကျီကြယ်သီးများကိုဖြုတ်ပစ်လိုက်သည်။

"မီးတင်လိုက်ပါ၊ ဒါမှမီးရောင်လာမှာ"

သူမပြောသည့်အတိုင်းပင် သူက တစ်သွေမတိမ်းလုပ်သည်။ ကံကောင်းချင်တော့ မီးကပျက်နေသည်။ သူမက အလွတ်ရနေပြီဖြစ်သောအိမ်မှ ဖယောင်းတိုင်နှင့်မီးခြစ်ကိုစမ်းမိပြီး ထွန်းညှိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးရေတွေနှင့်ရွှဲနေသည့်နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်မြင်သွားကြသည်။ မကြည့်ဝံ့၍ မျက်နှာလွှဲလိုက်သည်။

''ကဲ! အိမ်ထဲရောက်ပြီဆိုတော့ ကိုယ့်ကိုခွင့်ပြုပါဦး''

သူမ သူ့လက်တစ်ဖက်ကိုဆွဲထားလိုက်သည်။ ပြီးနောက်ညင်သာမှုတစ်ခုကို ထိတွေ့စေသည်။ သူလန့်ပြီး ထရန်ပြင်သည်။ သို့သော် သူမက သူ့စိတ်ကိုညှို့ယူလိုက်သည်။ မာယာန္တံအိုင်ထဲ၌ သမင်ငယ်တစ်ကောင်သည် ရုန်းထွက်၍မရနိုင်တော့ပါ။

◙◙◙



အခန်း (၂၂)

ဒီနေ့ ကြင်နာသက်၏ ဆယ့်တစ်နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ ထိုနေ့မျိုးတွင် အလုပ်မှအမြဲအနားယူလေ့ရှိသည်။ ယနေ့လည်း ထုံးစံအတိုင်းပင် အနားယူပြီး တစ်ယောက်တည်းထွက်လာခဲ့သည်။ တစ်ယောက်တည်း ကားမောင်းလာသည်ဆိုသော်ငြား မလှမ်းမကမ်း၌ မိုက်ကယ်နှင့်ဒေးဗစ်တို့ ပါလာမည်ဆိုတာ သိနေသည်။

သွားရင်းလာရင်းပင် ခရစ်ယာန်ကျောင်းတစ်ခုကိုတွေ့သည်။ တစ်ချိန်က မိဘမဲ့ကလေးများနှင့်ဆော့ကစားနေသော ကြင်နာသက်၏ပုံရိပ်များ ကြီးစိုးသွားသည်။

ထို့ကြောင့်ပင် ကားပေါ်မှဆင်း၍ ဘုရားကျောင်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ လမ်းလျှောက်လာခဲ့မိသည်။ ခုနစ်နှစ်လုံးလုံး ဘေးနားတွင် သက်တော်စောင့်များခြံရံနေခဲ့သည်မို့ ခုလိုရှာစ်ယောက်တည်းကျပြန်တော့လည်း လွတ်လပ်သလို တစ်ခုခုလိုနေသလို ခံစားရ၏။

ဘုရားကျောင်းဝင်းက ဇရိယာအကျယ်အဝန်း သိပ်မရှိပါချေ။ မန်းကျည်းပင်ကြီးတစ်ပင်သာ အပင်ကြီးဟူ၍ ခန့်ခန့်ထည်ထည်ရှိနေသည်။ သူ ထိုအပင်ကြီးအောက်ရှိခုံပိုင်းလေးတွင် ထိုင်နေသည်။ သူ့အာရုံထဲမှာတော့ ကြင်နာသက်၏ချစ်စရာဟန်ပန်ကသာ စွဲထင်နေသည်။ ဆယ်နှစ်ကျော်သွားခဲ့ပြီဆိုသော်လည်း အဖြစ်အပျက်များက မနေ့တစ်နေ့ကလိုပင် ရင်ထဲ၌ လတ်ဆတ်နေဆဲပါ။

တောင်စဉ်မရေရာ ငေးမောနေမိဆဲတွင် သူမြင်ကွင်းထဲသို့ တစ်စုံတစ်ယောက်ဝင်လာသည်။ မှန်ပါသည်။ မိန်းကလေးတစ်ယောက်ဖြစ်၏။ မိန်းကလေးတစ်ယောက်ဆိုတာထက် အပေအိုကြီးကို ဝှီးချဲပေါ်တင်တွန်းခဲ့သောမိန်းကလေးတစ်ယောက်ဖြစ်သည်။ ထိုမိန်းကလေးက ကွန်ကရစ်လမ်းအတိုင်း ဝှီးချဲကိုတွန်း၍ ဝင်လာသည်။ ပြီးတော့ တစ်စုံတစ်ခုပြောနေပုံရသည်။ သူနား စွင့်လိုက်သည်။





"စစ္စတာကြီးတွေက သိပ်သဘောကောင်းတာအမေရဲ့။ သဘောထားလည်းပြည့်တယ်။ ရောက်လာတဲ့ကလေးမှန်သမျှ အယုတ်အလတ်အမြတ်မရွေး လက်ခံတယ်။ ကလေးတွေကို စနစ်တကျစောင့်ရှောက်တယ်။ ဒါကြောင့် တစ်ခုတည်းကိုပဲ ဖက်တွယ်မထားဘဲ စိတ်ကိုဖြန့်ကျက်လိုက်ပါ အမေရယ်။ ဘယ်ဘာသာတရားမဆို အနှစ်ချုပ်ကတော့ အတူတူပါပဲ။ အရေးကြီးတာက စိတ်ထားဖြူစင်ကြဖို့၊ လူလူချင်း ကိုယ်ချင်းစာတရားရှိဖို့ အတိတ်က နာကြည်းစရာတွေကို မေ့ပစ်ပြီး၊ အနာဂတ်မှာ ကောင်းဖို့၊ ပစ္စုပ္ပန်မှာ အကောင်းဆုံးနေကြဖို့ပဲ။ ဒါပဲမဟုတ်လား။ သဘောထားကြီးတာက အေးချမ်းပါတယ်အမေရယ်။ နေထွက်ချိန်မှာ မိုးရွာလည်း နေဝင်ချိန်သာယာရင် နေ့တစ်နေ့က လှပါတယ်"

ထိုမိန်းကလေးရဲ့စကားလုံးများက သူ့ရင်ကို တည့်တည့်ထိမှန်သွားသည်။ ထို့ကြောင့်ပင် ထိုမိန်းကလေးကို သေသေချာချာစူးစိုက်ကြည့်နေမိသည်။

သူအံ့သြသွားသည်။ ထိုမျက်နှာလေးကို ထင်ထင်ရှားရှားတွေ့ရချိန်မှာ မယုံနိုင်လောက်အောင် အံ့သြသွားသည်။ တိုက်ဆိုင်လွန်းလှသည်။ ထိုမျက်နှာလေးကို သူပထမဆုံးအကြိမ်ဆုံခဲ့သည်မှာ လပိုင်းမျှသာရှိသေးသည်။ ထိုအချိန်က မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



၏မျက်နှာသည် ယခုလို စိုပြည်ဝင်းပမနေပါချေ။

သူမှတ်မိသည်။ အထူးသဖြင့် ခပ်ဆန်းဆန်းဆုံခဲ့ပုံကို ပို၍အမှတ်ရှိသည်။

"အမေ ဒီအပင်အောက်မှာ ခဏနေဦးနော်။ သမီး စစ္စတာကြီးဆီ ခဏသွားလိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် သူရှိရာအနားသို့ ဝှီးချဲကိုတွန်းလာသည်။ ပြီးနောက် နေရာ၌ရောက်နှင့်ပြီးသောသူ့အား အပြုံးချိုချိုဖြင့် ကြည့်လာသည်။

"ခဏပဲနော် အမေ"

ဟုဆိုကာ ထွက်သွားသောသူမနောက်ကျောလေးအား ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေသည်။ ကျော့ရှင်းသော သူမနောက်ကျောပြင်က သွယ်လျပြီး နုစ်လိုဖွယ်ရှိသည်။

မြင်မြင်ချင်းပင် ကြံအင်လက္ခဏာအရ ရိုးသားဖြူစင်သူမှန်း သိသာသည်။

ဘာကြောင့် ဒီအလုပ်ကိုလုပ်ရတာလဲ ကောင်မလေးရယ်. . .

"မောင်ရင်က သမီးရဲ့ပရိသတ်ထင်တယ်"

ငေးနေရာမှ ဆတ်ခနဲမတ်လာသည်။





"သမီးက အသစ်ဆိုပေမယ့် ဆန်းရှိတယ်၊ အတက်မြန်တယ်။ မောင်ရင့်အမြင်ရော ဘယ်လိုရှိသလဲ"

သူနားမလည်ပါ။ ထိုအမျိုးသမီးကြီး ဘာတွေပြောနေတာလဲ။

"သမီးက သိပ်လိမ္မာတာ၊ အန့်တီတောင် နှောင်တရမိပါတယ်။ အန့်တီ သမီးအပေါ်တာဝန်မကျေတာတွေများခဲ့တယ်။ ခုလိုသေခါနီးကျတော့ သမီးက ကြည့်ပါဦး၊ ကောင်းပေးလိုက်တာ။ ပြုစုလိုက်တာ။ ဘုန်းကြီးလို့ အသက်ရှည်ဦးမယ်။ မိဘအပေါ်သိတတ်တဲ့သားသမီးက ဘယ်တော့မှ မတိမ်ကောဘူး"

သူငြိမ်သက်၍နားထောင်နေသည်။ နားထောင်နေရင်းပင် ထူးထူးခြားခြား မေမေ့ပုံရိပ်ကိုမြင်လာသလို ခံစားမိသည်။ မေမေအဆင်မှပြေရဲ့လား။ မေမေက ဒီအမျိုးသမီးလို ဝှီးချဲပေါ် နေရပြီလား။

"မိဘဆိုတာ မသေခင်လေး ကျွေးမွေးပြုစုရတာပါ။ မိဘအဲ့ရွယ်ရောက်တော့လည်း နေဝင်ချိန်ဖြစ်နေပြီကိုး။ သေပြီးသားလူက ဒီကမ္ဘာမြေပေါ် ထပ်ပေါ်လာတော့မှာမဟုတ်ဘူး။ ပြင်လို့မရတဲ့နောင်တက အချိန်တွေပဲ။ ဒါလိုမှန်းသိခဲ့ရင် ဟိုးတုန်းကတည်းက သမီးကိုကြင်ကြင်နာနာဆက်ဆံခဲ့ပါတယ်။ မိဘဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာကလည်း အခက်သားလားကွယ်။ သားသမီးကို ဆင်စီး မြင်းရံတာပဲမြင်ချင်တယ်။ ခုလိုနေနိုင်ပြန်တော့လည်း လင်ကောင်း သားကောင်းနဲ့ အိမ်ထောင်ရက်သားကျနေတာကိုမြင်ပြီး မျက်စိ မှိတ်သွားချင်ပြန်တာပဲ။ သားသမီးကို ကောင်းသထက် ကောင်း စေချင်တာက မိဘရဲ့စေတနာပါပဲ''

သူ့ရင်ထဲ ပူလောင်လာသလိုခံစားရသည်။

''အန်တီ့ကို ဆေးရုံတင်ထားရတယ်''

ဆိုသော နောက်တိုး၏အသံများက အာရုံထဲ ပဲ့တင်ထပ် လာရသည်။

''သမီးလေးရှိလို့သာပဲ၊ သမီးကိုပဲအားကိုးနေရတယ်။ သားသမီးရဲ့အပြုအစုခံရတယ်ဆိုတာ မိဘတွေအတွက် နည်းတဲ့ ကုသိုလ်လား။ ဆရာဝန်ပေးတဲ့ဆေးက တစ်ခွက်၊ သားသမီးရဲ့ အကြင်နာဆေးက တစ်ခွက်နဲ့။ အန်တီသေတွင်းထဲက ထွက်နိုင် ခဲ့တာပဲ''

သူထိုင်နေရာမှ ထရပ်လိုက်သည်။ ချက်ချင်းဆိုသလို မေမေ့ကိုတွေ့ချင်လာသည်။

''ကျွန်တော့်ကိုခွင့်ပြုပါဦး အန်တီ''

သူ့ကိုထွေရာလေးပါးပြောနေသော အမျိုးသမီးကြီးကို





ရုတ်ချည်းဆိုသလို နှုတ်ဆက်လိုက်သည်။ ထိုအမျိုးသမီးကြီးက ကြောင်တောင်တောင်ဖြစ်သွားပုံရသည်။ သူ့အား မျက်လုံးလေး ပေကလပ်ပေကလပ်ကြည့်လာသည်။

သူ အဆောတလျင်ပင် ကားပေါ်သို့တက်လိုက်သည်။

''ဝေး. . .''

ထိုအချိန်တွင် ပျော်ရွှင်ပြီး ကလေးငယ်တစ်သိုက်နှင့် အတူ ပြေးထွက်လာသောသူမကို တွေ့ရပြန်သည်။ သူမက ယုန် ဖြူလေးတစ်ကောင်နှယ် ချစ်ဖို့ကောင်းနေသည်။ တစ်ချိန်က ကြင် နာသက်ကို သူချစ်ခဲ့မိတာ ထိုမြင်ကွင်းမျိုး၏နောက်တွင်ဖြစ်လိမ့် သည်။

ကားကို ဂငယ်ကွေ့ ကွေ့ချလိုက်သည်။

တကျိုကျိုမြည်သွားသော ကားကွေ့သံကြောင့် သူမ လှမ်းကြည့်လိုက်သည်။ သို့သော် ကားမောင်းသူကတော့ သူမကို လှည့်ကြည့်မသွားတော့ပေ။

ချမ်းသာပုံရသော ထိုလူ၏ရုပ်သွင်က ရင်ထဲမှာ မှတ် မှတ်ရရရှိသွားသော်လည်း မေ့မေ့ပျောက်ပျောက်နေရန် ဆုံးဖြတ် လိုက်ပြီး ကလေးများနှင့်ပျော်ရွှင်စွာ ဆော့ကစားနေသည်။

မေမေသာ ပြုံးနေမယ်ဆိုရင် သူမဘဝက အားလုံးပြည့်



www.burmeseclassic.com

www.burmeseclassic.com



စုံနေပါပြီ။

တစ်ခြမ်းက နေလောင်နေတယ်ဆိုသော်ငြား တစ်ခြမ်းကို အလှပဆုံး မွမ်းမံရပေလိမ့်မည်။

◙◙◙



## အခန်း (၂၃)

လေးဆယ့်ခြောက်ဆိုသော စပယ်ရှယ်ခန်းရှေ့တွင် သူရပ်နေမိသည်မှာ ဆယ်မိနစ်ခန့်ကြာသွားပါပြီ။ အခန်းဝမှ လူနာနာမည်ကိုဖတ်လိုက်တော့ ဒေါ်မင်းမင်းမြတ်။

အခန်းထဲဝင်ရမလား မဝင်ရဘူးလား တွေ့ချင်၍ တည့်တည့်လာခဲ့သော်လည်း အစိမ်းသက်သက်မို့ ရှိုးတို့ရှန်းတန့်ဖြစ်နေသည်။ မေမေလို့မခေါ်တာ ဘယ်နနှစ်ကြာသွားပြီလဲ။

"ဝင်သွားပါ၊ မင်းကို အန်တီမျှော်နေတယ်"

နောက်နားဆီမှ အရင်းနှီးဆုံးအသံတစ်ခုကို ကြားလိုက်ရသည်။ လှည့်ကြည့်စရာမလိုလောက်အောင် ထိုအသံရှင်ကို သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူရှက်သွားသည်။ မသိအောင်လာကာမှ တည့်တည့် တိုးနေရသည့်အဖြစ်မျိုးပါ။ ရှက်ရမ်းရမ်းပြီး လှည့်ပြန်ရန်ဟန်ပြင်သည်။ သို့သော် သူ့အကြောင်းကို အရမချေးခါးသိထားသော နောက်တိုးက သူ့လက်ကိုဆတ်ခနဲဆောင့်ဆွဲပြီး ဆွဲဝင်ခဲ့သည်။ သူရုန်းလိုက်မိသေးသည်။ သို့သော် အားမပါသောရုန်းကန်ခြင်းမျိုးပါ။

"အန်တီ၊ မင်းနိုင်ငံလာတယ်"

ထိုသို့အသံပြုပြီး နောက်တိုးက အပြင်ပြန်ထွက်သွားသည်။ သူ မေမေ့ထံမကြည့်ပါ။ သို့သော် နားစွင့်နေသည်။ မေမေ့ရဲ့အသက်ရှူနှုန်းက သာမန်ထက်မြန်နေသည်။ မေမေငိုနေပြီဖြစ်ကြောင်း သူရိပ်မိသွားသည်။

"နေသာရဲ့လား"

သူ့အသံကတော့ အေးစက်စက်။

"သားရယ်"

တုန်ယင်အက်ရှနေသော အသံတစ်ခု။ သူမော့ကြည့်သည်။ အံ့သြသွားသည်။ နုတ်ခမ်းနီပါးနီဖြင့် အမြဲလှပခဲ့သော မေမေတဲ့လေ။ အရိုးအပြိုင်းပြိုင်းနှင့် ကမဲ့ဒွာန်းရုပ်ပေါက်နေပါပြီ။





နောက်တိုးက ဘာလုပ်နေတာလဲ။ မေမေ့ကို ဒီပုံစံထိ ထားခဲ့တာ ဘာတွေများ မေမေ့ထက် ပိုအရေးကြီးတာတွေ လုပ်နေလို့လဲ။ သူ့ကိုယ်သူမသိလိုက်ခင်မှာပင် သူ့ခြေလှမ်းများက မေမေ့ကုတင်ဘေး ရောက်နေခဲ့သည်။

"သားရယ်၊ မေမေလေ. . . သားအပေါ်ထားတဲ့ မေမေ့စေတနာတွေပါ။ စေတနာအမှားတွေပါ သားရယ်"

"မပြောနဲ့တော့ မေမေ၊ ပြီးခဲ့တာတွေ မပြောနဲ့တော့"

"သားရယ်၊ မေမေလေ"

"မပြောနဲ့တော့ မေမေ၊ ဆေးကုသမှုကိုသာ ကောင်းကောင်းခံယူလိုက်ပါ။ ခုမှ မေမေ့အသက် ငါးဆယ့်ကိုးနှစ်ပါ"

"သားရယ်၊ မေမေလေ၊ ဒီနေ့လိုနေ့မျိုး မျှော်လင့်ခဲ့တာပါ"

"အိမ်ပြန်လာပါ့မယ်၊ ဒါကြောင့် ဒီပုံစံကြီး စိတ်အလိုမလိုက်နဲ့။ ကျွန်တော့်ကိုထပ်ပြီးစိတ်ညစ်အောင် မလုပ်ပါနဲ့။ ဒါကြောင့် ကျန်းကျန်းမာမာနေပါ"

"သား တကယ်ပဲ အိမ်ပြန်လာမှာလား"

"မေမေ စကားပြောတာ များနေပြီ။ အနားယူလိုက်တော့။ အလုပ်တွေရှိသေးလို့ ကြာကြာမနေနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အင်းအင်း. . . သွားပါ သွား။ မေမေ ဧ...
ရှုံဆင်းမယ့်နေ့မှ အိမ်မှာပြန်ဆုံတာပေါ့"

မေမေ့ကိုထပ်လှည့်မကြည့်တော့ပါဘဲ ထွက်လာခဲ့သ... မေမေက ခုချိန်ထိ ထက်မြက်တုန်းပါပဲ။ ဆေးရုံဆင်းတဲ့... ပြန်ဆုံမယ်တဲ့လေ။ သူ့အား ချည်ပြီးတုပ်ပြီး ပြောလိုက်သ... စကားဖြစ်မှန်း သူသိသည်။

"ပျော်ရဲ့လား မင်းနိုင်ငံ၊ ဒီလိုပုံမြင်ရတော့ မင်းကျေ... သလား"

သူပြန်မဖြေဘဲ ဆက်လျှောက်လာခဲ့သည်။ နောက်... က သူ့အနောက်တွင် တောက်တဲ့ပမာ ကပ်ပါလာသည်။

"အန်တို့ရောဂါတွေက စိတ်ကြောင့်ပါ။ အဲဒီစိ... လည်း မင်းကြောင့်ပဲ"

"ငါ့နားမှာ ဒီလိုပြောနေတာ မင်းအချိန်တွေ မ... ဘူးလား နောက်တိုး"

"ပြီးခဲ့တာတွေလည်း ပြီး. . ."

"ငါ့အခန်းကိုသန့်ရှင်းရေးလုပ်ထားလိုက်၊ မနက်... စပြီး ငါအိမ်ပြန်အိပ်မယ်"

ထိုသို့သာ ခပ်ပြတ်ပြတ်ပြောပြီး ခြေလှမ်းကျဲ...





နှင့် ထွက်လာခဲ့သည်။

နောက်တိုးမှာ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ မမျှော်လင့်ခဲ့ပါ။ ထိုစကားလုံးမျိုး မင်းနိုင်ငံထံမှကြားရလိမ့်မည်ဟု ဘယ်လိုမှမမျှော်လင့်ခဲ့ပါ။ ပိုပြီးမမျှော်လင့်ခဲ့တာက ခုလိုအခြေအနေကြီးမှာဖြစ်သည်။ မင်းနိုင်ငံ၏စိတ်အဝိုင်းဆိုလျှင် အန်တို့ကိုအဝေးမှင်ေးပြီး ရုပ်လုံးထွက်ပြမည့်လူမျိုးမဟုတ်။

အန်တို့လုပ်ရပ်တွေကလည်း လွန်ခဲ့တာကိုး။ ကာယကံရှင်ဖြစ်တဲ့မင်းနိုင်ငံ မဆိုထားနှင့်၊ ဘေးလူဖြစ်တဲ့သူပင်လျှင် အန်တို့စိတ်ဓာတ်ကို ရွံရှာမုန်းတီးခဲ့ဖူးသည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ မင်းနိုင်ငံကို အရာအားလုံးထက် ပိုပြီးမျှော်လင့်ခဲ့သော အန်တို့ရဲ့စိတ်ဓာတ်ကိုသိလာရ၍ မိခင်တစ်ယောက်၏ ရိုးရိုးအတ္တပဲဟု နားလည်ပေးနိုင်ခဲ့သည်။

မင်းနိုင်ငံက အန်တို့ကို မခေါ်မပြော၊ မတွေ့သောအချိန်မှစ၍ အန်တီသည် မာန်စွယ်ကျိုးသောခြင်္သေ့အိုကြီးတစ်ကောင်နှယ် ချုံးချုံးကျသွားခဲ့သည်။ ဒီလိုပုံမြင်ရပြန်တော့ ကိုယ့်ကိုမွေးဖွဲ့တဲ့မိခင်အပေါ် ခုလောက်ထိ ဥပေက္ခာပြုနိုင်လွန်းသော မင်းနိုင်ငံအပေါ် ဒေါသထွက်ရပြန်သည်။

ရက်စက်ပြတ်သားသောမင်းနိုင်ငံက သူ့ကိုရော အန်တို့



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ လျှစ်လျူရှုပြီး နိုင်ငံခြားသို့ထွက်သွားခဲ့သည်။ ထိုအချိန်မှ စ၍ မင်းနိုင်ငံ၏အေးစက်ပြတ်သားမှုက ပိုမိုပေါ်လွင်လာခဲ့သည်။ သူ့ကိုပင် အလုပ်အကြောင်းမှလွဲ၍ အခြားကိစ္စမပြောတော့ပါချေ။ မိခင်၏လုပ်ရပ်ကြောင့် ဖခင်ကိုပင် အလုပ်ကိစ္စမှလွဲ၍ အခြား သာကြောင်းမာကြောင်းမမေးတော့လောက်အောင် မင်းနိုင်ငံမှာ အေးစက်သွားရသည်။

သူသက်ပြင်းအလီလီချခဲ့ရသည်။ အလုပ်ကိစ္စနှင့် မင်း နိုင်ငံဆီသွားရတိုင်းတွင် မိသားစုအရေးပြောရန်အချိန်လွတ်ကို ချောင်းခဲ့သော်လည်း အကွက်စေ့လှသောမင်းနိုင်ငံ၏အချိန်ဇယား ကြောင့် ပြောခွင့်မရခဲ့ချေ။

ခုတော့ မင်းနိုင်ငံ ဘယ်ကဘယ်လိုလုပ် လပိုင်းအတွင်း ပြောင်းလဲလာရတာလဲ။ လပိုင်းဆိုတာထက် ရက်ပိုင်းဆိုလျှင် ပို မှန်ပေလိမ့်မည်။ ဘယ်လိုကြောင့် အချိန်တိုအတွင်း ပြောင်းလဲ သွားတာလဲ။

"တူ. . . တူ. . ."

တွေးမိတွေးရာတွေးနေစဉ်ပင် ဖုန်းမြည်လာ၍ ဖွင့်ကြည့် လိုက်သည်။ လေညှင်းလှိုင်းထံမှဖြစ်သည်။ သူနှစ်လိုစွာ ခိုးပြုံး လိုက်မိသည်။ စကတ်တိုလေးများကို မရိုးအောင်ဝတ်တတ်သူ





ကလေးမလေးဖြစ်သည်။ လူကိုအမျိုးမျိုးလှည့်ခွဲတတ်သော မိန်း ကလေး။

"ဟဲလို"

"ကိုကို မလာသေးဘူးလား၊ လှိုင်း ဗိုက်ဆာနေပြီ" ဟုတ်သားပဲ။ ညစာကျွေးမယ်လို့ပြောထားခဲ့တာလေ။

"ခဏလေးနော် ကလေး၊ ဒီမှာကိစ္စက အရေးကြီးနေ လို့ ခဏနော်"

"မြန်မြန်လာနော် ကိုကို"

"အင်းပါ၊ နာရီဝက်လောက်ပဲ"

"နာရီဝက်ကြီးများတောင်လား၊ လှိုင်းက အူပြတ်တော့ မယ်"

"မှာစားထားနှင့်လေ၊ ကိုကိုလာခဲ့မယ်"

"ဟုတ်"

မချစ်ဖူးသောနှလုံးသားမှာ သွေးစိမ်းရှင်ရှင်ကျလောက် အောင် အထိအတွေ့အပေါ် သာယာနေမိသည်။ ထို့ကြောင့်ပင် ဖန်တီးသီပင် မဝင်တော့ဘဲ အူပြတ်တော့မည့်မိန်းကလေးဆီသွား ရန် ကားပါကင်ဆီသို့ ပြန်လာခဲ့သည်။

ပြီးနောက် မောင်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းနိုင်ငံ အံ့ဩသွားသည်။ သူ့ကားကိုပင် မမြင်နိုင်ရလောက်အောင် နောက်တိုး ဘာတွေတွေးနေတာလဲ။

သူစိတ်ဝင်စားသွားသည်။ ပြီးတော့ နောက်တိုးမျက်နှာ။ ရှက်ကိုးရှက်ကန်းနှင့် အာရုံထဲ တစ်စုံတစ်ခုရှိနေပုံပါ။ ထို့ကြောင့်ပင် တစ်ခါမှမလုပ်ဖူးသောအလုပ်ကို လုပ်လိုက်မိသည်။ နောက်တိုး၏ကားနောက်မှ ထပ်ချပ်မကွာ လိုက် လာသည်။

ပိုပြီးအံ့သြစရာကောင်းသည့်မြင်ကွင်းကို ထပ်တွေ့ရပြန်၏။ နောက်တိုးက မိန်းကလေးတစ်ယောက်နှင့် ဖက်လဲတကင်းကျီစယ်နေသည်။ ဘယ်သူလဲ၊ နောက်တိုးရည်းစားလား။ ကောင်မလေးက ဖြူဖြူဖွေးဖွေးနှင့် ချစ်စရာလေးပင်။ အတော်တော့ငယ်ပုံရသည်။ အလွန်ဆုံးရှိလှ နှစ်ဆယ့်တစ်နှစ်ဆယ့်နှစ်ပေါ့။

သူအံ့သြသွားသည်။ နောက်တိုးကိုလည်း ရယ်ချင်မိသည်။ မရှာတော့လည်း ငြိမ်လွန်းလို့၊ ကြိုက်မယ့်ကြိုက်ပြန်တော့လည်း ငယ်ရွယ်လွန်းသည့်မိန်းကလေးနှင့်။

လိုက်တော့လည်း အလိုက်သား။ ကောင်မလေး၏သွက်လက်ချက်ချာပုံမျိုးနှင့်မှ အေးစက်စက်နေသည့် နောက်တိုးကလိုက်ဖက်ညီသွားတော့သည်။ သူပြုံးမိသွားသည်၊ ဆယ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအပြုံးပေပဲလား။

▣▣▣



# အခန်း (၂၄)

"တေးလက်ာ ဟုတ်ပါတယ်နော်"

ပေါ့ပေါ့ပါးပါးနိုင်လှသော ထိုအသံကြောင့် ရှုတင်နားဂုန်းခဏတွင် Coat ဘူးဖောက်သောက်နေသော သူမက မော့ကြည့်လိုက်သည်။

သူမ မျက်မှောင်ကြုတ်သွားသည်။

"မှတ်မိသေးလား"

. . . ပြောလေ၊ လေညှင်းလိုင်း"

"နင့်အမေကိုခေါ်ထားလိုက်ပြီဆို"

"အင်း"

"ကောင်းပါတယ်၊ နင်တို့က အမေတစ်ခုသမီးတစ်ခုပဲ။



www.burmeseclassic.com

www.burmeseclassic.com



နင်ကတော့ ခေါ်ထားနိုင်မှာပေါ့။ အချိုကြီးမိထားတာကိုး"

"ဘာ!"

"ဒီမှာဖြစ်လို့ကတော့ နင်အရှက်ကွဲမှာပဲ။ ဒါက မူလတန်းကျောင်းမဟုတ်ဘူး။ လေးတန်းတုန်းကလို မြောင်းကြားထဲဖင်ပေါ်အောင် လုံးလို့တော့ နင် ဈေးပိုရမလာမှာမဟုတ်ဘူးနော်။ ငါကတော့ အခြောက်တိုက် နာမည်ကြီးသွားမလားပဲ"

"မဟုတ်တဲ့စကားတွေပြောဖို့ဆို ငါ့မှာအချိန်မရှိဘူး"

"အဲဒီနေ့က ဟိုတယ်မှာဖြစ်ပျက်သမျှ ငါသိတယ်။ အဲ့ဒီအချိန်မှာ ငါက နင်နဲ့အခန်းချင်းကပ်လျက်မှာ ရှိနေတယ်လေ"

"နင်သွားတော့ လေညှင်းလှိုင်း။ ဒါ ငါ့အလုပ်ရှိတဲ့နေရာနော်။ နင်စည်းကမ်းရှိပါ"

"ကြုံလို့ပါ၊ ဒါနဲ့ ငါလည်း နင်အချိုကြီးပွသွားတာလည်းသိရော၊ နင့်ကိုအားကျလို့ ငါတစ်ယောက်ကိုချိုင်ထားတယ်။ ဟိုးမှာ သူလာနေပြီ။ နောက်တိုးတဲ့။ မစ္စတာနောက်တိုး။ သစ်ခက်စိမ်းအင်ပါယာရဲ့မန်နေဂျင်းဒါရိုက်တာလေ"

ထိုသို့ခပ်ကြွားကြွားပြောလာသဖြင့် ထိုပုဂ္ဂိုလ်အား လှည့်ကြည့်လိုက်သည်။ မကြာသေးခင်ကမှ ဆုံခဲ့တဲ့လူပဲ။ အထူးသဖြင့် အလုပ်မှိုင်းမိနေတဲ့ ထိုလူ့မျက်ဝန်းတွေကိုပေါ့။





သူမရင်ထဲ သနားသလို ကြင်နာသလို နှမြောသလို ခံစားလိုက်ရသည်။

ထိုလူ၏ ကြည်စင်ရှင်းသန့်သောရုပ်သွင်ကို အားနာသွားသည်။ ပြီးတော့ ထိုလူက လေညှင်းလှိုင်းလိုမိန်းမမျိုးနှင့် မထိုက်တန်ဘူးဟုယူဆသည်။

"ကိုကို"

လေညှင်းလှိုင်းက သူမရှေ့တွင် အမူပိုပြီး ထိုလူ၏လက်မောင်းကိုချိတ်နေသည်။

"ဒါ တို့ကိုကိုလေ၊ မစ္စတာနောက်တိုးတဲ့။ ကိုကို၊ သူက လှိုင်းရဲ့ငယ်သူငယ်ချင်း တေးလက်ာတဲ့။ နာမည်ကြီးမော်ဒယ်လေ"

"ဟုတ်ကဲ့၊ သိရတာဝမ်းသာပါတယ်"

ထိုလူရဲ့မျက်ဝန်းတွေက သူမကိုမှတ်မိနေတဲ့ပုံမျိုးပါ။ ပြီးတော့ သတိတစ်ခုရှိနေပုံမျိုး ပေါ်လွင်နေသည်။

"ကိုကိုက သစ်ခက်စိမ်းအင်ပါယာက မန်နေဂျင်းလေ"

သူမတွေဝေသွားသည်။ သစ်ခက်စိမ်းကို ဒုတိယအကြိမ်ထပ်ကြားရ၍ဖြစ်သည်။ သစ်ခက်စိမ်းဆိုတာ စိမ်းမမပါးစပ်ဖျားတွင် မိုးမွှန်နေတဲ့နာမည်တစ်ခုပါ။ ပြီးတော့ လုပ်ငန်းများစွာလုပ်



www.burmeseclassic.com

www.burmeseclassic.com



သည့်စီးပွားရေးလုပ်ငန်းစုဖြစ်သည်။ သူမသိသလောက်ကတော့ တော့ပ်တင်းစာရင်းဝင်တစ်ဦးဖြစ်သည်။ ပြီးတော့ ပိုပြီးသတင်းကြီးနေသည်က ဥက္ကဋ္ဌက ငယ်ငယ်ချောချောဆိုသည့်သတင်းဖြစ်သည်။ ထိုသတင်းကသာ သူမတို့လောကထဲ ပျံ့နှံ့နေသော်လည်း ဥက္ကဋ္ဌဆိုသူ မစ္စတာမင်းနိုင်ငံကို မြင်ဖူးသူက ရှားပါးလှ၏။

ခုတော့ မန်နေဂျင်းက သူမမျက်စိရှေ့ ရောက်လာနေပြီ။ ဒီလိုပုဂ္ဂိုလ်မျိုးက ဘယ်ကဘယ်လိုလုပ် လေညှင်းလှိုင်းလို အရှုပ်မနဲ့ တွဲတွေ့နေရတာလဲ။

"ကိုကို သွားရအောင်၊ လှိုင်းဗိုက်ဆာနေပြီ"

"အင်း. . . အဲ. . . သွားတာပေါ့"

"တေးလက်ဘ် သွားပြီနော်"

လေညှင်းလှိုင်းက ထိုသို့နှုတ်ဆက်သွားသော်လည်း ထိုပုဂ္ဂိုလ်ကတော့ တည်ကြည်သောအပြုံးနှင့် အသိအမှတ်ပြုရုံသာ ပြုံးပြသွားခဲ့သည်။

"တူ. . . တူ. . ."

အမှတ်တမဲ့ငေးနေစဉ်တွင် ဖုန်းဝင်လာ၍. . .

"ဟဲလို"





"လက်ဘ်"

"ဟင်! အစ်မ"

"ဒီနေ့ခဏတွေ့ရအောင်လေ"

"ဟုတ်ကဲ့"

"ညနေပိုင်း အားမလား"

"ဟုတ်ကဲ့"

"ရွှေတိဂုံဘုရား လာခဲ့ပါလား၊ တနင်္လာထောင့် ညောင်ပင်ကြီးအောက်မှာရှိမယ်"

"ဟုတ်ကဲ့ အစ်မ၊ လက်ဘ် လာခဲ့ပါ့မယ်"

ဘာအကြောင်းမှန်းမသိပါ။ စိတ်ထဲ လေးနေရပါသည်။ အကြောင်းတစ်စုံတစ်ရာမရှိဘဲနဲ့တော့ မမမိုးနှင်းလေက သူမအား အလကားမခေါ်မှန်း ရိပ်မိနေသည်။

ထို့ကြောင့်ပင် ရှုတင်ပြီးပြီးချင်းတွင် အိမ်သို့မပြန်တော့ဘဲ ဘုရားသို့သာ တန်းလာဖြစ်သည်။

မိုးက အချိန်အခါမဟုတ် ရွာလာသည်။ ထီးကလည်း ပါမလာခဲ့ပါ။ ထို့ကြောင့် အစ်မမိုးနှင်းလေထံ ဘယ်က ဘယ်လို သွားရမှန်းမသိပါ။ အစ်မမိုးနှင်းလေက ဖုန်းရှိလျှင်လည်း တက်မလာခဲ့တော့ဘူး၊ ဆင်းလာခဲ့ပါလို့ပြောလျှင် အကောင်းသားပင်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ မိုးရေထဲမှာ ထိုင်စောင့်နေမလား စိုးရိမ်ရပြန်သည်။ ထို့ကြောင့်ပင် တဝုန်းဝုန်းသည်းထန်နေသောမိုးကို အံတုကာ ကားပေါ်မှပြေးဆင်းလာသည့်တွင် တစ်စုံတစ်ယောက်နှင့် ပြင်းပြင်းထန်ထန်တိုက်မိသွားပြီး လဲကျသွားသည်။

"အား. . ."

မင်းနိုင်ငံ လန့်သွားသည်။ သူ့ကိုဝင်တိုက်ပြီး အရှိန်မထိန်းနိုင်၍ လဲကျသူကို မှင်တက်စွာ ကြည့်နေမိသည်။

မိုးရေထဲ ကြွက်စုတ်တမျှ စိုရွှဲနေသောမိန်းကလေး။

"ဟင်! "

ထိုမျက်နှာ။ ကောင်းကောင်းသိနေတဲ့ ဒီမျက်ဝန်း။

"ဆောရီး"

လဲကျနေသူကဆိုသဖြင့် မိမိကိုယ်မိမိ ရှက်သွားပြီး လဲနေသူအား ဆွဲထူလိုက်သည်။

"အား"

"ရရဲ့လား"

"ခြေထောက်ခေါက်သွားတယ်ထင်တယ်"

"ဆေးခန်းပို့ပေးရမလား"

"ရပါတယ်၊ လက်ာ ဘုရားပေါ်တက်မှဖြစ်မယ်"





ပြောပြောဆိုဆိုပင် ထီးရိပ်အောက်မှလူအား ကြည့်လိုက်သည်။ မေ့ပျောက်ဖို့မလွယ်သည့်မျက်နှာပါ။ တည်ကြည်ခန့်ငြားပြီး ယောကျ်ားဆန်သည်။ ဆွဲဆောင်မှုရှိသည်။

"ရှင်. . . ရှင်. . . ဟို . . . ဘုရားကျောင်း"

"ကိုယ့်ကိုမှတ်မိနေ. . ."

"ဩော်. . . ဒီကလည်း လက်ာ့ကိုမှတ်မိတယ်နော်"

"ခြေထောက်က ရရဲ့လား"

"ဟင့်အင်း"

"မင်းက အရမ်းပြေးတာကိုး"

"မိုးမိမှာစိုးလို့"

"ခုတော့ ပိုဆိုးကုန်ပြီမဟုတ်လား၊ ကဲပါ၊ ဆေးခန်းသွားလိုက်"

"မဖြစ်ဘူး၊ ဘုရားပေါ်မှာ မမစောင့်နေတယ်"

"မင်းခြေထောက်က နာနေတယ်လေ၊ တက်လို့မရဘူး"

"ဟိုလေ၊ တစ်ခုလောက် ကူညီပါလား"

"ပြောကြည့်လေ"

"ဘုရားပေါ်ရောက်တဲ့အထိလေးပဲ တွဲပေးပါလား။ မမကိုတွေ့ပြီးရင်"



www.burmeseclassic.com

www.burmeseclassic.com



''ရပါတယ်၊ ကိုယ်မရှိင်းတတ်ပါဘူး''

ပြောပြောဆိုဆိုပင် သူမ၏လက်မောင်းများကို ကိုင်လိုက်ရသည်။ အထိအတွေ့မရှိခဲ့သူမို့ ရင်ထဲမှာတော့ နေရခက်သား။

''ရှင် ဘုရားကိုလာတာလား''

''အင်း''

''ရှင့်ကို ဒါ ဒုတိယအကြိမ်မြောက် တွေ့တာနော်''

သူပြန်မဖြေပါ။ သူမကိုသာ ဂရုတစိုက်တွဲပြီး ဓာတ်လှေကားထဲ ခေါ်ဝင်လာသည်။

''ရှင်က နိုင်ငံခြားသားနဲ့တူတယ်နော်၊ လက်ာက ရှင့်ကို မြင်စက နိုင်ငံခြားသားမှတ်နေတာ။ လက်ာ့နာမည်က တေးလက်ာတဲ့။ ရှင်သိမလားမသိပေမယ့် လက်ာက မော်ဒယ်လ်လုပ်တယ်''

''ဩော်''

ထိုအခါမှ သဘောပေါက်သွားသည်။ ဒါကြောင့် သူ့ပအမေက သူနှင့်ဆုံစဉ်က ဘာမှန်းမသိတဲ့စကားလုံးတွေ ပြောနေရတာကိုး။

''ရှင်က လူတစ်မျိုးပဲနော်''

''ဘာဖြစ်နေလို့လဲ''





''အေးစက်တယ်၊ တည်တည်ကြီးပဲ။ ရှိန်တယ်''

''ရှိန်တယ်''

''အင်း. . . ရှင့်ပုံက အရမ်းခန့်ထည်တော့ ပြောရတဲ့လူက ရှိန်တာပေါ့''

''မင်းကို ကိုယ် ဘယ်နေရာပို့ပေးရမလဲ''

''တနလ်ာထောင့်ပါ''

''ကိုယ်လည်း အဲဒီပဲသွားမှာ''

''ရှင်က တနလ်ာသားလား''

''ဟင့်အင်း. . . တစ်စုံတစ်ယောက်ပါ''

''ရှင့်ချစ်သူလား''

သူပြန်မဖြေဘဲ နေလိုက်သည်။ ငြိမ်သက်နေခြင်းသည် ဝန်ခံခြင်းမည်ပေ၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်အား ပို၍စိတ်ဝင်စားမိသည်။ ချစ်သူရဲ့မွေးနံထောင့်ကိုလာ၍ ဘုရားပူဇော်ရှိခိုးသည့် ထိုပုဂ္ဂိုလ်၏ချစ်သူဆိုသူကို အားကျမိသွားသည်။

''ချစ်သူကို တော်တော်ချစ်ပုံရတယ်''

''ပထမဆုံးပါ၊ ဒီဘုရားကို ကိုယ်မရောက်တာ ဆယ်နှစ်ကျော်သွားပြီ''

''ဆယ်နှစ်''



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မင်းအစ်မက ဘယ်နားမှာလဲ"

ဟုဆိုသောအခါ သူမက မျက်လုံးဝေ့ရှာဖွေမိသည်။ တွေ့ပါပြီ။ မလှံတလုံးအမိုးအောက်တွင် မမကို ကုပ်ကုပ်လေး တွေ့ရ၏။

"ဟိုးမှာတွေ့ပြီ"

သူမညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။ နီညိုရောင် ပါတိတ်ဝမ်းဆက်နှင့် မိုးရေစိုနေသောအမျိုးသမီးတစ်ဦး။

"မိုးလုံတဲ့ဆီမှာ ခိုနေတာမဟုတ်ဘူး။ ဖျားကုန်တော့ မှာပဲ"

ပြောပြောဆိုဆိုပင် ထိုအမျိုးသမီးနား လျှောက်လာခဲ့ သည်။

"မမ"

သူမ၏ခေါ်သံကြောင့် ငုံ့နေသောခေါင်းမှာ မော့လာခဲ့ သည်။

"ဟင်! "

အကြည့်နှစ်ခုသည် လမ်းခုလတ်၌ အရှိန်ပြင်းစွာ ဆုံ စည်းမိသွား၏။

"မင်း. . . မင်းနိုင်ငံ"





ကိုင်ထားသော့ထီးကိုပင် မနိုင်ချင်တော့ပါ။

"ဟုတ်တယ်၊ မင်းနိုင်ငံပဲ"

သူ မတွေ့ချင်ပါ။ မမြင်ချင်ဆုံးလူနှင့်မှ တိုက်တိုက်ဆိုင် ဆိုင် ဆုံရခြင်းကိုလည်း မလိုလားပါ။ ထို့ကြောင့်ပင် လက်ထဲမှ ထီးအား တေးလက်ာကိုပေးထားခဲ့ပြီး ချာခနဲလှည့်ထွက်ရန်ပြင် သည်။

"ခဏလေး နေပါဦး"

သူ့ခြေလှမ်းများ ရပ်သွားသည်။

"မင်း နိုင်ငံခြားထွက်သွားတယ်ဆို၊ ဘယ်တုန်းက ပြန် ရောက်သလဲ"

သူ မဖြေချင်၍ ခြေလှမ်းဆက်ဟန်ပြင်သည်။

"ငါတို့လည်း နောင်တတွေရနေပါပြီ။ ရင်နဲ့မဆန့်အောင် ခံစားခဲ့ရပါတယ်။ ဒါကြောင့် ငါတို့ကိုကြည်ဖြူပါတော့"

တေးလက်ာ အံ့ဩသွားသည်။ ဘာတွေလဲ။ မမမိုးနှင့် က ဘာတွေပြောနေတာလဲ။ မမက ဘယ်လိုလုပ် ဒီပုဂ္ဂိုလ်နဲ့သိ နေတာလဲ။

"မေမေလည်း ယောဂီဝတ်သွားတယ်"

ဟင်! ဒေါ်လေးနဲ့လည်း သိနေတယ်ဆိုပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အခု စစ်ကိုင်းချောင်မှာ ဝစီပိတ်ကျင့်နေတယ်"

သူလှည့်ကြည့်လာသည်။

"ကျေးဇူးတင်ပါတယ်၊ အဲဒီစကားပြောချင်ခဲ့တာပါ။ မင်းကို နောက်တစ်ကြိမ်လေး တွေ့ဖို့မျှော်လင့်ခဲ့တယ်။ ဒါပေမဲ့ မမျှော်လင့်ရဲခဲ့ပါဘူး။ အခုလို ငါ့ဘဝရဲ့နောက်ဆုံးအချိန်မှာ မမျှော်လင့်ဘဲတွေ့ရတဲ့အတွက် ဝမ်းသာပါတယ်"

"မမ ဘာတွေပြောနေတာလဲ"

"မင်းနိုင်ငံ. . . မင်းကိုကျေးဇူးတင်ပါတယ်။ ဒီစကား၊ အပြင် ဘာမှမပြောနိုင်တဲ့အတွက် ခွင့်လွှတ်ပါ"

"ဘယ်တော့မှခွင့်လွှတ်မှာမဟုတ်ဘူး၊ နောက်ထပ်လည်း မတွေ့ချင်နဲ့"

"မင်းနိုင်ငံ"

ခပ်ပြတ်ပြတ်ပြောပြီး ချာခနဲလှည့်ထွက်သွားသော မင်းနိုင်ငံ၏ကျောပြင်ကိုကြည့်ပြီး မမမိုးနှင်းလေက ရှုံးပွဲချ ငိုကြွေးနေသည်။ နဂိုပိန်သောမမ၏ခန္ဓာမှာ ပြားပြားကပ်သာ ကျန်တော့သည်။ သူမ သနားလိုက်တာ။ မမကိုသနားလိုက်တာ။

◙◙◙



# အခန်း (၂၅)

အစိမ်းရောင်တိုက်ရှေ့တွင် သူမ ကားရပ်လိုက်သည်။ ကားပေါ်မှဆင်းသည်နှင့်တစ်ပြိုင်နက် တံခါးမှာ လျှာခနဲပွင့်သွားသည်။

"မမရှိလား"

"အပေါ်ထပ်မှာ၊ ဘယ်ပျောက်နေတာလဲ။ မမြင်တာကြာပြီနော်။ ကေသီတို့ကိုများ မေ့သွားပြီလား"

"အခြားကိစ္စမှမရှိတာ"

ပြောပြောဆိုဆိုပင် အပေါ်ထပ်သို့ တက်လာခဲ့သည်။ အပေါ်ထပ်သို့ရောက်တော့ စိမ်းမမအား အေးရာအေးကြောင်းပင် တွေ့ရသည်။ မှန်ကန့်ထဲမှ အလှမွေးငါးများကို ငါးစာကျွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ"

"ဪ. . . ရောက်လာပြီလား၊ လာ. . . ထိုင်"

အစိမ်းရောင်ဆိုဖာဆက်တီပေါ်တွင် သူမထိုင်သည်။

"ပြော. . . ဘာကိစ္စ၊ ရေးကြီးသုတ်ပြာနဲ့"

"အရင်က မမက သစ်ခက်စိမ်းအင်ပါယာအကြောင်း ပြောဖူးသလားလို့"

"အင်း. . . ဘာဖြစ်လို့လဲ"

"ဉက္ကာဋ္ဌနာမည်က မင်းနိုင်ငံနော်"

"အင်းလေ"

"သုံးဆယ်ကျော်ပဲ ရှိသေးတယ်နော်"

"ကြားဖူးတာပါ၊ ဟုတ်မဟုတ်တော့ မသေချာဘူး"

"အဲဒီပုဂ္ဂိုလ် ဘယ်မှာရုံးထိုင်သလဲ"

"ဘာလုပ်ဖို့လဲ၊ ကွက်ကျော်ရိုက်မလို့လား"

"မဟုတ်ပါဘူး၊ အခြားကိစ္စပါ"

"ထင်သားပဲ၊ အဲဒီပုဂ္ဂိုလ်က ဒါမျိုးကိစ္စရှင်းတယ်။ ည ကို ဈေးဦးဖောက်တာ အဲဒီသစ်ခက်စိမ်းရဲ့ပါတနာလေ"

သူမခေါင်းထဲ ထူပူသွားသည်။ အံ့သြသွားသည်။ မ ကြည်သလိုလည်း ခံစားရသည်။





သို့သော် ဒီအချိန်မှာ ဒါတွေခံစားနေရမယ့်အချိန်မဟုတ် ပုန်း သိသည်။

"ရုံးချုပ်ကို ပြောပြနိုင်မလား"

"ရုံးချုပ်တော့ ဘယ်မှာမှန်းမသိဘူး။ မစ္စတာနောက်တိုး တော့ . . . မှာ ရုံးထိုင်တယ်"

နောက်တိုးဆိုသောအသံကိုကြားရ၍ သူမအာရုံထဲ၌ တည်ကြည်ခန့်ငြားသည့်မျက်နှာတစ်ခု ပေါ်လာသည်။

"ကျေးဇူးပါပဲ မမ၊ ဒါဆို လက်ာသွားလိုက်ဦးမယ်"

"ဘာကိစ္စလဲဆိုတာ ပြောသွားဦးလေ"

"သေခါနီးလူတစ်ယောက်အတွက်ပါ"

ဟုသာ ခပ်ပြတ်ပြတ်ပြောပြီး ထွက်လာခဲ့သည်။

သူမရောက်ပါပြီ။ ငါးထပ်အဆောက်အဦးတစ်ခု။ ဝင် ပေါက်ကိုတွေ့သော်ငြား ဝင်ရန်ခက်ခဲနေသည်။ သို့သော် ရီဆက် ရှင်မှဝန်ထမ်းမလေးအနီး ချဉ်းကပ်လိုက်သည်။

"ဒီမှာ"

သူမက ထိုသို့အသံပြုတော့ ထိုမိန်းကလေးက သူမထံ ကြည့်လာသည်။ ထိုမိန်းကလေးမျက်လုံးတွေက တောက်ပသွား သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! တေးလက်ာ. . . မော်ဒယ်လ် တေးလက်ာ"

"ဟုတ်ကဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်. . . ကျွန်မက အစ်မရဲ့ပရိသတ်ပါ"

"ဟုတ်ကဲ့ ကျေးဇူးပါ"

"အစ်မက ဒီကို"

"ဟိုလေ၊ ဦးကြွေနဲ့တွေ့ချင်လို့ပါ"

"ရှင်! "

"ဦးမင်းနိုင်ငံနဲ့ပါ"

"အပွိုင့်မဲန့် ရှိလား အစ်မ"

"မရှိပါဘူး၊ တေးလက်ာလို့ပြောလိုက်ပါ"

"သူဌေး ရုံးဆင်းသွားပြီလားမသိဘူး၊ မန်နေဂျင်းကတော့ စောစောကလေးတင် ထွက်သွားတယ်။ ခဏနော်. . . အစ်မ၊ ဆက်သွယ်ကြည့်မယ်"

သူမရင်ထဲ ကျိတ်၍ဆုတောင်းနေမိသည်။ ဟုတ်ပါစေ၊ အဲဒီမင်းနိုင်ငံက မကြင်နာသက်ရဲ့မင်းနိုင်ငံဖြစ်ပါစေဟု အကြိမ်ကြိမ်ဆုတောင်းနေမိသည်။ မဟုတ်လို့ကတော့ မလှမပ အရှက်ကွဲရမည်ကိုလည်း သိနေသည်။





သို့သော် စွန့်စားရပေမည်။ မမြင်ခင်ကတည်းက အထင်ကြီးခဲ့ရသော ဒီပုဂ္ဂိုလ်၊ ဆယ်နှစ်သမီးအရွယ်ကတည်းက ကြားဖူးခဲ့သော ဒဏ္ဍာရီဆန်တဲ့ဖြစ်ရပ်တစ်ခု၏ ဇာတ်လိုက်မင်းသား၊ သူမသိပ်မြင်ဖူးချင်ခဲ့သောပုဂ္ဂိုလ်၊ တနလ်ာသမီးဖြစ်တဲ့ မမကြင်နာသက်ရဲ့ချစ်သူ။

"သုံးထပ်ကိုတက်လာခဲ့ပါတဲ့"

သူမဝမ်းသာသွားသည်။ သူမ ဆုတောင်းပြည့်ခဲ့ပါပြီ။ တစ်ချိန်က ကျောက်တွင်းသူဌေးလေးဖြစ်သည်ဟု ကြားဖူးသည်။ ပြီးတော့ နာမည်က ဆန်းနေ၍ တူသူမရှိဟုခန့်မှန်းကြည့်ပြီးမှ စွန့်စွန့်စားစားပင် ကျောက်မျက်ပြခန်းပိုင်ရှင်၊ ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင်၊ ဟိုတယ်ကြီးများပိုင်ရှင်၊ ဂေါက်ကွင်းများပိုင်ရှင်သူဌေးအား အရဲစွန့်တွေ့ဆုံရန်လာခဲ့ခြင်းဖြစ်သည်။

သူမ အရဲစွန့်ရကျိုးနပ်သွားသည်။ ရမ်းနိုင်လိုက်သောခလုတ်က မှန်ကန်သွားပါပြီ။

"သူဌေး ညီ့သည်ရောက်ပါပြီ"

သုံးထပ်သို့ရောက်လျှင် အခန်းတစ်ခန်းတွေ၍ ဝင်လိုက်သည်။ အသားရောင်အင်္ကျီနှင့်မိန်းကလေးနှစ်ယောက်ကို တွေ့သည်။ ထိုမိန်းကလေးများက သူမအားမြင်မြင်ချင်းပင် အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ခန်းသို့ သတင်းပို့သည်။

"လွှတ်လိုက်ပါ"

ဟုဆိုသံကို ကြားလိုက်ရ၏။ ထို့ကြောင့်ပင် မိန်းကလေး တစ်ဦး ဖွင့်ပေးသောအခန်းထဲသို့ ဝင်လာသည်။

အစိမ်းရောင်ကော်ဇော ခင်းထားသည့်အခန်းမှာ သန့်ရှင်းတောက်ပြောင်နေသည်။

"ထိုင်ပါ"

"ဟုတ်"

ယောင်နနပင် သူနှင့်မျက်နှာချင်းဆိုင်ခုံ၌ ဝင်ထိုင်သည်။ သူ့မျက်ဝန်းတွေက တောက်ပစူးရှနေသည်။ အလိုလိုနေရင်း သူ့အား ကြောက်နေမိသည်။ သူ့အရှိန်အဝါကြောင့်လား၊ တစ်ချိန်လုံး သူမရင်ထဲက လေးစားနေတဲ့လူမို့လားတော့မသိပါ။ သူမ၏ လက်ဖျားလေးများ အေးစက်နေသည်။

"ဘာကိစ္စလဲ၊ မိုးနှင်းလေကိစ္စဆိုရင် ကိုယ့်မှာအချိန်မရှိဘူး။ ပြီးတော့ ရုံးခန်းဆိုတာ ကိုယ်ရေးကိုယ်တာပြောတဲ့နေရာမဟုတ်ဘူး"

"လက်ဘ့ကို အချိန်နည်းနည်းပေးရင်. . ."

"ကိုယ် အဲလောက် အချိန်မချမ်းသာဘူး။ ဒါကြောင့်





လိုရင်းကို တိုတိုပြတ်ပြတ်ပြောပါ"

"မမမိုးနှင်းလေရဲ့နောက်ဆုံးအချိန် ရောက်နေပါပြီ။ အဲဒါ အစ်ကို. . . အဲ. . . ဦးမင်းနိုင်ငံ လိုက်တွေ့ပေးပါ"

"သူ့နောက်ဆုံးအချိန်ရောက်တာ ကိုယ်နဲ့ဘာဆိုင်လဲ"

"အမှန်က ဦးမင်းနိုင်ငံ ဒီလိုလူမျိုးမဟုတ်ပါဘူး။ ဦးရဲ့နှလုံးသားက ဒီလောက်မအေးစက်ပါဘူး။ ဦးရယ်. . . စိတ်ကို ဖိမထားပါနဲ့၊ လွှတ်ပေးလိုက်ပါ"

"ဘာ!"

"မမကြင်နာသက်က လက်ဘ့ဘဝရဲ့ဟီးရိုးပါ။ ဦးကိုမမြင်ဖူးခဲ့ပေမယ့် လေးစားခဲ့တယ်၊ အဲဒီအချိန်တုန်းက လက်ဘ့အသက်ဆယ့်တစ်နှစ်ပဲရှိသေးတယ်။ ဦးအကြောင်းကို ငယ်ငယ်ကတည်းက ဒဏ္ဍာရီတစ်ပုဒ်အဖြစ် ကြားခဲ့ရပါတယ်။ ဦးကို လက်ဘ့ရင်ထဲ အမြဲတမ်းသူရဲကောင်းကြီးဖြစ်နေစေချင်တယ်။ ဦးရယ်. . . ဦးရဲ့စိတ်တွေကိုလွှတ်ပေးလိုက်ပါ။ ဦး မပင်ပန်းဘူးလားဟင်၊ ဦးပင်ပန်းနေပါတယ်။ ဦးဒီလိုပင်ပန်းနေပုံကို မမကြင်နာသက်က ရော မြင်ချင်နေမယ်ထင်သလား။ မမလည်း နှလုံးကွဲလိမ့်မယ်၊ ဦးရယ်. . . လက်ဘ့တောင်းပန်ပါတယ်၊ မမမိုးနှင်းလေကို တွေ့ပေးပါ။ ပြီးတော့ ခွင့်လွှတ်တယ်လို့ပြောပေးပါ။ လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့နောက်ဆုံးအချိန်မို့ပါ ဦးရယ်။ ကုသိုလ်ရပါတယ်။ လက်ာ ဦးကိုတောင်းပန်ပါတယ်။ ဦးရဲ့ . . . နော်၊ ဦးသာ ဒီတစ်ခုကိုလုပ်ပေးမယ်ဆို လက်ာလေ၊ ဦးအတွက် ဘာမဆိုလုပ်ပေးပါ့မယ်''

အေးစက်မာကျောနေသော သူ့နှလုံးသားများ ယိုင်နဲ့လာသည်။

ခက်ပါရဲ့ ကလေးမရယ်။ မငိုစမ်းပါနဲ့။ မင်းရဲ့မျက်ရည်တွေက ငါ့နှလုံးသားကို လာလာထိခိုက်နေလို့ပါ။

◙◙◙



## အခန်း (၂၆)

''အိမ်ရှင်တို့ . . . အိမ်ရှင်တို့''

ယနေ့ရော၊ဆိုလျှင် လေညှင်းလှိုင်းနှင့်မတွေ့သည်မှာ ဆယ်ရက်မြောက်သွားပါပြီ။ ခါတိုင်းဆိုလျှင် အချိန်ပြည့် တတူတူဆက်ပြီး ချွဲနေကျပါ။ အခုတော့ ဖုန်းဆက်ပြန်တော့လည်း စက်ပိတ်ထားတယ်တဲ့။

မချစ်ဖူးသော အချစ်ရူးမို့ လူမမြင်ရတာကြာသောအခါတွင် တစ်ချိန်က သိခဲ့သောအိမ်သို့ လိုက်လာမိသည်။

''အိမ်ရှင်တို့''

အထူးဝိတ်ဆိတ်နေသည်။ ခရီးများ သွားသလား။ ခရီးသွားရင်လည်း ဒီလောက်ထိ ရင်းနှီးနေတဲ့သူ့အား မပြောသွား



www.burmeseclassic.com

www.burmeseclassic.com



စရာ ဘာအကြောင်းလဲ။

“အိမ်ရှင်တို့”

“ဦးက ညွှန့်သည်လား”

သူအံ့သြသွားသည်။ ရှစ်နှစ်အရွယ်ကလေးငယ်ဖြစ်ဦး ဖြစ်သည်။

“လူကြီးတွေရှိလား သား”

“အင်း. . . မေမေရှိတယ်၊ ဖျားနေတယ်”

သူအံ့သြသွားသည်။ အရင်တစ်ခါလာတုန်းက ကလေးငယ်ကိုလည်းမတွေ့ခဲ့ဖူးသလို အခြားအမျိုးသမီးကိုလည်း မတွေ့ခဲ့ရချေ။ လှိုင်းက တစ်ယောက်တည်းနေတဲ့အိမ်ဟု သေသေချာချာပြောခဲ့တာပါ။

“ဘယ်သူလဲ သား၊ အန်တီလေးလား”

“မဟုတ်ဘူးမေမေ၊ ညွှန့်သည်”

“အိမ်ထဲခေါ်လေ သား”

“ဟုတ်ကဲ့၊ ဦး အိမ်ထဲဝင်ပါ”

လိမ္မာပါးနပ်သောသားလေးကို မြင်မြင်ချင်း ချစ်သွားမိသည်။ ပြီးတော့ အသွန်အသင်ကောင်း၍ထင်သည်။ ကလေးက ငယ်ရွယ်သော်ငြား ပါးနပ်ယဉ်ကျေးလှသည်။





ကလေးငယ်၏ဖိတ်ခေါ်မှုကြောင့် သူ အိမ်ထဲဝင်လာခဲ့သည်။ အရင်တစ်ခါတုန်းကတော့ မှောင်မှောင်မည်းမည်းဆိုတော့ ရေရေရာရာ မမှန်းဆတတ်သော်လည်း ယခုတော့ အိမ်အပြင်အဆင်ကို ထင်ထင်ရှားရှားတွေ့မြင်ရသည်။

လေညှင်းလှိုင်းကို ချီးကျူးသွားမိသည်။ လူကသာ ပျော်သလိုနေတတ်သော်လည်း အိမ်ကိုတော့ သပ်ရပ်သန့်ရှင်းအောင် သိမ်းဆည်းတတ်ပေသားပဲ။

“ဦး ထိုင်ပါ”

ကလေးက ဖျာလိပ်လေးကိုဖြန့်ခင်းပေးသည်။ ရှစ်နှစ်အရွယ်မျှကလေးငယ်က ညွှန့်ဝတ်ပြုနေသောကြောင့် အားနာသလို ရှက်သလိုခံစားရသည်။ ပြီးတော့ စိတ်ဝင်စားမိသည်။ ဒီကလေးနဲ့ လေညှင်းလှိုင်းက ဘယ်လိုပတ်သက်တာလဲ။ အပြောအဆိုက ပွင့်လင်းပြီး ရဲတင်းသောလေညှင်းလှိုင်းက လူ့ယဉ်ကျေးမှုနဲ့ဆက်ဆံရေးကို စိတ်မဝင်စားသူ၊ အရေးမထားသူဖြစ်သည်။ လေညှင်းလှိုင်းထံ၌ လုံးဝမတွေ့ရတဲ့အဆင့်အတန်းမျိုးကို ထိုကလေးထံတွင် တွေ့နေရသည်။ ထိုကလေးက ငယ်ရွယ်သော်လည်း သိမ်မွေ့သည်။ ထို့ကြောင့် အလိုလိုနေရင်းပင် ကလေးအပေါ် ချစ်ခင်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သားနာမည် ဘယ်လိုခေါ်သလဲ"

"ကြင်နာမိုးဦးပါ"

"ဟင်!"

သူထိတ်လန့်သွားသည်။ ထိုမျက်လုံးတွေက အတိတ်တုန်းက တစ်စုံတစ်ယောက်၏မျက်လုံးများ။

"သား ဘယ်ကညှေ့သည်. . . ဟင်!"

အပြာရောင်လွင်သော ခန်းစီးစလေးကို ပင့်လာသော အမျိုးသမီးမှာ မှင်သက်သွားတော့၏။

"နင်. . . နောက်တိုး"

"မိုးနှင်းလေ"

တစ်ယောက်ကိုတစ်ယောက် မှင်သက်စွာ ကြည့်နေစဉ်တွင် ကလေးငယ်ကလည်း လူကြီးနှစ်ယောက်ကို ပြူးကြောင်ကြောင်ကြည့်နေသည်။

"မိုးနှင်းလေ. . . ဒါ ဒီအိမ်က"

နောက်တိုးမှာ ဆွံ့အသွားတော့သည်။ နိုင်ငံတကာမှ လူမျိုးခြားတွေနှင့် သွက်လက်ရဲတင်းစွာပြောဆိုနိုင်သော်လည်း မျက်တွင်းဟောက်ပက်နှင့် ပိန်လှီချိနဲ့နေသော အမျိုးသမီးတစ်ယောက်၏ရှေ့တွင် စကားလုံးများကို ရှာမရတော့။





"နောက်တိုး. . . နင်က ဒီကို. . ."

နောက်တိုး တဖြည်းဖြည်းနှင့်သဘောပေါက်လာသည်။ ပြီးတော့ အထပ်လိုက်ရောက်လာသောစာရွက်များကို မြင်ယောင်မိသည်။ သူထင်သားပဲ၊ ဒီကလေးကို တစ်နေရာရာမှာ မြင်ဖူးပါတယ်လို့။ ပြီးတော့ အာရုံထဲ အမှတ်တမဲ့ဖြစ်နေတဲ့ ဒီလိပ်စာ။

"ဒီအိမ်မှာ တခြားတစ်ယောက်နေသေးလား"

ဒီတစ်ကြိမ်စဉ်းစားရသူက မိုးနှင်းလေဖြစ်သွားသည်။ နောက်တိုးစကားက ဘာကိုရည်ညွှန်းနေတာလဲ။ နောက်တိုးက သူမမဟုတ်တဲ့တခြားတစ်ယောက်ဆီလာမှန်း သေချာလှသည်။ ဒီအိမ်မှာ သူမနှင့်ကလေးကလွဲရင် အခြားလူမရှိတာလည်း သူမအသိဆုံး။ နောက်တိုး လိပ်စာမှားနေတာလား။ ဒါလည်းမဖြစ်နိုင်ပါ။ ဟိုးလွန်ခဲ့တဲ့ဆယ်နှစ်ကျော်က နောက်တိုးသည် သေချာသူ။ ငယ်ရွယ်သေးသော်လည်း ရင့်ကျက်သူဖြစ်သည်။ ဒီလိုလူမျိုးက ခုချိန်မှာ ပိုပြီးသေချာနေလိမ့်မည်လေ။ ဒါဆို. . .

ဘာကိုရည်ရွယ်ပြီး မေးတာလဲ. . .

"လွန်ခဲ့တဲ့နှစ်လက ဒီအိမ်က မိုးနှင်းလေတို့ပဲ နေတာလား"

"ဒီမှာနေတာ တစ်နှစ်ကျော်သွားပြီ၊ နေပါဦး. . . လွန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့နှစ်လ၊ ဟုတ်လား''

မိုးနှင်းလေစိတ်ထဲ ပိုးတဝါးဖြစ်လာသည်။ ခရီးထွက်သွားစဉ်က ခြေရာလက်ရာပျက်ယွင်းနေသော အသုံးအဆောင်တွေ။ ရစရာမရှိအောင် ရှုပ်ပွနေသောအိမ်၊ အဲဒီတုန်းက သေချာပေါက်သိနေသည်က အရှက်မရှိတဲ့လေညှင်းလှိုင်း တိတ်တဆိတ်လာနေသွားသည်ဆိုတာပါပဲ။ သေချာနေသည်။ သေချာသွားပါပြီ။

''လေညှင်းလှိုင်းကို လာရှာတာလား''

''လေညှင်းလှိုင်းနဲ့ မိုးနှင်းလေက''

''ဘာမှမတော်ပါဘူး၊ သိရုံပါ။ ပြီးတော့ ဒီအိမ်က သူ့အိမ်မဟုတ်ဘူး၊ သူက မြို့ထဲမှာနေတယ်။ အခုတော့ ဘော့စ်တစ်ယောက်ကို ကိုင်မိပြီဆိုပြီး တိုက်ခန်းတစ်ခန်းဝယ်ထားတယ်ဆိုတာပဲ ထူးဆန်းနေတာ။ လက်စသတ်တော့ အဲဒီဘော့စ်က''

''မင်းဘာတွေပြောနေတာလဲ''

''သူက မင်းနဲ့မတန်ဘူး နောက်တိုး''

''မင်းဘာတွေပြောနေတာလဲ''

''စေတနာစကားတွေပါ၊ ငါ့အတွေ့အကြုံအရ အခုလိုမင်းဒီမှာလာရှာနေပုံထောက်ရင် မင်းဘက်က အရှုံးခံပဲ။ ပြီးတော့





မင်းတို့တွေရဲ့စိတ်ကို ငါသိတယ်။ သူက မင်းနဲ့မတန်ဘူး''

''ကိုယ်နဲ့နှိုင်းပြီး မရိုင်းနဲ့ မိုးနှင်းလေ''

''အခွင့်အရေးရလာပါပြီ၊ ဆယ်နှစ်ကျော်တင်ခဲ့တဲ့ ဒီအကြွေးတွေကို ငါ့ရဲ့နောက်ဆုံးအချိန်မှာ ဆပ်ဖို့ကြုံပြီ''

''ဘာတွေပြောနေတာလဲ''

''စဉ်းစားကြည့်ပေါ့၊ ငါ့လိုမိန်းမမျိုးနဲ့သိတယ်ဆိုမှတော့ အဲဒီလေညှင်းလှိုင်းက ဘယ်လိုမိန်းမျိုးဖြစ်မလဲ''

''ဘာပြောတယ်''

''ဟုတ်တယ်၊ သူလည်း ဒီအစားထဲကပဲ''

''ဟာ! မဖြစ်နိုင်တာ''

''အခု မင်းဆီ သူမလာဘူးမဟုတ်လား. . . အဲဒါ သူတရုတ်ပြည် ခဏသွားနေလို့ပါ။ ဖုန်းလည်း စက်ပိတ်ထားလိမ့်မယ်။ သူ အော်ဒါပါသွားတယ်၊ ပြန်လာရင်တော့ ရာပိုင်းပါရင်ပါလာမှာပေါ့။ ဒါပေမဲ့ သူကတော့ သုံးမရတော့ဘူး''

နောက်တိုးရင်ထဲ တဆစ်ဆစ်နာကျင်နေသည်။ နာကျင်မှုက မျက်ရည်အဖြစ် ပြောင်းလဲစပြုလာသည်။

''ဒါကြောင့် ခုတလော လေညှင်းလှိုင်းက ကြီးကျယ်နေတာပေါ့။ သူသေချာပါတယ်၊ မင်းကိုလက်ထပ်လိမ့်မယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



သာယာတဲ့အိမ်ထောင်ရေးဖြစ်လာမှာမဟုတ်ဘူး။ စရိုက်ချင်းက ညှိမရအောင် ကွဲပြားလို့လေ။ လေညှင်းလှိုင်းကို ငါအသိဆုံးပါ။ သူ့စိတ်ကိုသိတယ်။ သူက ဒီအလုပ်ကို ဘဝကြောင့်လုပ်နေတာ မဟုတ်ဘူး၊ ပျော်လို့. . . ဝါသနာပါလို့လုပ်နေတာ''

''တော်ပါတော့. . . တော်တော့''

''ဆက်ပြောရမှာပဲ၊ သူက မင်းကို ကကြိုးရုပ်လိုသဘော ထားတာ။ ခေါင်းအေးအေးနဲ့ တွေးကြည့်ပါ။ ငါပြောတဲ့စကားတွေ မှန်မမှန် ဝေခွဲတတ်လာလိမ့်မယ်။ လေညှင်းလှိုင်းက မင်းနဲ့မတန် ဘူး။ ခဏတာပျော်ပါးဖို့အတွက်ပဲ ကောင်းပါတယ်။ လေညှင်း လှိုင်းစိတ်ထဲ ဘယ်အရာကိုမှ စွဲစွဲမြဲမြဲမရှိဘူး။ ခုမြင်ခုချစ်. . . သူ့ အချစ်က လူကိုမမြင်ရရင် မရှိတော့ဘူး။ ဒါကြောင့် အချိန်မနှောင်း သေးခင် နောက်ဆုတ်ပါ။ ဒီလိုပြောတော့ လုပ်ဖော်ကိုင်ဖက်ချင်း သစ္စာဖောက်ရာကျတယ်။ ဒါပေမဲ့ ကျန်နေတဲ့အကြွေးကို ဆပ် ချင်တာပါ။ ဒါကြောင့် ဒီသစ္စာဖောက်မှုကို လောကကြီးက ခွင့် လွှတ်မယ်လို့ယုံကြည်တယ်။ ငါတစ်ဖက်သတ် ပြောနေတာမဟုတ် ဘူး။ ဒီထဲမှာလည်း ဘဝအခြေအနေကြောင့် ပျက်ရသူတွေလည်း ရှိပါတယ်။ အဲဒီလိုပန်းတွေကိုတော့ ဥယျာဉ်မှူးတွေက ပြုစုသင့် တာပေါ့။ ဒါပေမဲ့ ထိကရုန်းပန်းတွေကိုတော့ ဥယျာဉ်မှူးက မပြုစု





သင့်ဘူး။ အဲဒီပန်းကြောင့် ဥယျာဉ်လည်းပျက်မယ်၊ ဥယျာဉ်မှူး ရဲ့ခြေတွေလက်တွေလည်း ဆူးစူးမယ်။ သူ့ကြောင့် အခြားပန်း တွေပါ ပျက်သုဉ်းရမယ်။ သူဟာ မပြုစုသင့်တဲ့ပန်းပါ။ သူ့ဖာသာ သူ တောထဲမှာပဲ အလေ့ကျဘဝနဲ့ပျော်နေပါစေ။ လူတိုင်းဟာ ကိုယ့်ဘဝကို ကိုယ်ဖန်တီးကြတာပါ။ စာမျက်နှာဟောင်းတွေကို မင်နီနဲ့မရေးပါနဲ့တော့ နောက်တိုးရယ်။ စာမျက်နှာသစ်ကို လှန် လိုက်ပါ''

မိုးနှင်းလေရဲ့အသံများက အဖျားဆွတ် တုန်ယင်နေ၏။

''ငါ့ဘဝမှာလေ သားကိုမွေးခဲ့တာလေးနဲ့ နင့်ဘဝကို ကယ်တင်တာ ဒီနှစ်ခုလေးဖြစ်ဖြစ် ကောင်းတာလုပ်ဖူးချင်တယ်။ စေတနာနဲ့ပါ၊ ငါ့စေတနာကို အသိအမှတ်ပြုပါ နောက်တိုးရယ် နော်. . .''

နောက်တိုးရင်ထဲ နာကျင်လာသည်။ သူထိုင်မနေနိုင် တော့ပါ။ ဒီကလေးငယ်နှင့်ဒီအမျိုးသမီးရှေ့တွင် သူ့မျက်ရည်များ ထပ်မကျလိုတော့ပါ။ သူ့နှလုံးသားတွေကလည်း ကွဲရှနေသည်။ ပြီးတော့ ရှက်မိသည်။ တစ်ချိန်တုန်းက ကြင်နာသက်၏အသုဘ တွင် ငိုယိုပြီး ရောက်လာတဲ့မိုးနှင်းလေကို သူဘယ်လိုဆက်ဆံ ခဲ့သလဲ။ နာကျင်စွာခံစားရသည်။ တစ်ချိန်တုန်းက သူ ရက်ရက်



www.burmeseclassic.com

www.burmeseclassic.com



စက်စက် ဆက်ဆံခဲ့ဖူးတဲ့မိန်းမတစ်ယောက် ယခု သူ့ကိုလမ်းပြနေသည်တဲ့လေ။

သူရှက်သည်။ ဒီအတန်းအစားမိန်းမတွေကို မုန်းသည့်သူက ဒီလိုမိန်းမမျိုးနှင့် နှစ်လကျော် ပတ်သက်ခဲ့သည်တဲ့။ ပြီးတော့. . .

"မမ"

"ဟင်! လက်၊ ဘာလာလုပ်တာလဲ။ လူတွေမြင်ကုန်ပါ့မယ်။ ဒီပတ်ဝန်းကျင်မှာ မမကိုလူတိုင်းသိတယ်။ ပြီးတော့ မင်းက နာမည်ကြီး"

"မစွတာနောက်တိုးလည်း ရောက်နေတာကိုး"

မျက်ရည်များကို ပြာပြာသလဲသုတ်လိုက်သည်။

"အင်း. . . ရောက်. . . အဲ"

အုအုအဲအဲနှင့် ဘာပြောရမှန်းမသိတော့ပါ။

"ဦးမင်းနိုင်ငံ ပါလာတယ်"

ဝမ်းနည်းနေသည့်စိတ်ပင် ဘယ်ရောက်ကုန်မှန်း မသိတော့ပါ။

"ဟင်! မင်းနိုင်ငံ၊ မင်း. . ."

"ဟုတ်တယ်၊ ငါပဲ နောက်တိုး"





"မင်း ဘယ်တုန်းကရောက်နေတာလဲ"

"သူက မင်းနဲ့မတန်ဘူးဆိုကတည်းကပဲ"

"ဟင်!"

"ကျွန်တော် ခင်ဗျားကိုခွင့်လွှတ်ပါတယ် မမိုးနှင်းလေ"

"ဟင်!"

မမျှော်လင့်ထားသောစကားလုံးကြောင့် အားလုံး အံ့သြသွားကြသည်။

"အမှန်က ခွင့်လွှတ်တယ် မလွှတ်ဘူးဆိုတာတောင် ပြောဖို့မလိုပါဘူး။ ကျွန်တော်က စိတ်နာခဲ့တာပါ။ အရာအားလုံးကိုပေါ့။ အစောကတည်းက ခင်ဗျားမှာ ဘာအပြစ်မှမရှိခဲ့တာဘဲ။ အဲဒါက ခင်ဗျားဘဝနဲ့ခင်ဗျားလေ။ ကျွန်တော်နဲ့မသက်ဆိုင်ဘူး။ ဒါပေမဲ့ ခုတော့ ခင်ဗျားကို ကျေးဇူးတင်ပါတယ်။ ခင်ဗျားရဲ့စိတ်ရင်းကိုသိရတဲ့အတွက် ဝမ်းလည်းသာတယ်၊ ဟုတ်တယ်မဟုတ်လား နောက်တိုး"

နောက်တိုး ခေါင်းငုံ့နေသည်။ ဝမ်းနည်းခြင်းထက် ရှက်ရွံ့ခြင်းက ပိုပေလိမ့်မည်။

"ဒါကြောင့် ကျွန်တော်နဲ့ပတ်သက်ရင် စိတ်ရှင်းရှင်းထားပါတော့။ ကျွန်တော်လည်း ခင်ဗျားတို့နဲ့စိတ်ရှင်းချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးပါပဲ မင်းနိုင်ငံရယ်''

''ကျွန်တော့်ကို မတင်ပါနဲ့၊ ခင်ဗျားရဲ့ညီမဝမ်းကွဲ တေးလက်ာကိုသာ တင်ပါ။ တကယ်တော့ တေးလက်ာက အရည်အချင်းရှိတဲ့မိန်းကလေးပါ။ ပြီးတော့ သက်. . . အဲ. . . ကြင်နာသက်လိုပဲ စိတ်သဘောရိုးသားဖြူစင်သူပါ။ ခုတော့ စိတ်တွေရှုပ်ထွေးနေလို့ ခွင့်ပြုပါဦး''

''နောက်မှပဲထပ်တွေ့ကြတာပေါ့၊ လာလေ နောက်တိုး၊ သွားကြရအောင်''

နောက်တိုးက သူခေါ်ရာနောက် အောင့်သက်သက်ပါလာသည်။

''မင်းနဲ့ အဲဒီမိန်းကလေးက ဘယ်လိုလုပ်. . . ''

''ဒီလိုပါပဲကွာ၊ ကမ္ဘာကြီးက ကျဉ်းပါတယ်။ ကံကြမ္မာဆိုတာကလည်း ဆန်းတယ်လေ။ ဟူး. . . ခုမှပဲ ရင်ထဲပေါ့သွားတော့တယ်''

''မင်းတော်တယ် မင်းနိုင်ငံ''

''ငါ အဲဒီလိုလုပ်ချင်တယ်၊ ဒီနေ့လို ပေါ့ပါးချင်ခဲ့တာကြာပြီ။ ဒါမှ မေမေနဲ့ငါက ရှေ့ဆက်လို့ရမှာလေ''

''ငါနားမလည်တော့ဘူး''





''တေးလက်ာက စိတ်ရင်းသာမကဘူး. . . စကားပြောလည်းကောင်းတယ်''

''ဒါပေမဲ့ သူက ဟိုဟာ''

''ဘဝအခြေအနေကြောင့် ပျက်ရတဲ့ပန်းကလေးပါကွာ၊ ဥယျာဉ်မှူးကောင်းတော့ လိုမှာပေါ့''

''ဘာ! မင်း''

နောက်တိုး အံ့ဩမိသည်။ ဘာကြောင့် မင်းနိုင်ငံ၏အပြုံးတွေ က လန်းဆန်း လတ်ဆတ်နေရတာလဲ။

နောက်တိုးက အဖြေကိုမသိသော်လည်း ခပ်လှမ်းလှမ်းမှ မျက်မှန်အနက်တပ်လူသည် အခြေအနေကိုကောင်းကောင်းသဘောပေါက်နေပေလိမ့်မည်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"မင်းက တေးလက်ာလား"

ဂျာနယ်တစ်ခုက အင်တာဗျူးမေး၍ ဖြေနေစဉ်တွင် ပိုးချဲနှင့် ဝင်လာသောအမျိုးသမီးကြောင့် ကြောင်နနဖြစ်သွားသည်။

"ဟုတ်ပါတယ်ရှင်"

လူမှုရေးအသိကင်းမဲ့လိုက်တာ။ သူများအင်တာဗျူးပြီးတဲ့အချိန်ထိ မစောင့်နိုင်ဘူးလားဟု ရင်ထဲတွေးမိသော်လည်း အမေအရွယ်ရှိသောအသက်အရွယ်မို့ ယဉ်ကျေးလိုက်သည်။

"အန်တီက"

"လိုရင်းပဲပြောမယ်၊ ငါက မင်းနိုင်ငံရဲ့အမေပဲ"

"ရှင်!"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမဘဝကို သူမနားလည်သည်။ သို့သော် အချစ်ဆိုတာ တားဆီးလို့မှမရတာပဲလေ။

ဒါကို ဒေါ်မင်းမင်းမြတ် သိပါလေစ။

◙◙◙



## အခန်း (၂၈)

"မေမေ ဒါဘယ်လိုလုပ်လိုက်တာလဲ"

ဂျာနယ်ငါးစောင်ကို စားပွဲပေါ်ချလိုက်ပြီး ပြောသည်။

"မဖြစ်သင့်တာကို တားလိုက်တာလေ သား"

"မေမေ့ရဲ့ဘာမဟုတ်တဲ့သွေးရူးသွေးတန်းစကားက သူ့ဘဝပျက်သွားနိုင်တယ်ဆိုတာ သိလား"

"သူ့ဘဝကို မေမေစိတ်မဝင်စားဘူး၊ မေမေစိတ်ဝင်စားတာက သားဘဝပဲ။ သားက. . ."

"တော်ပါတော့ မေမေ၊ မေမေ့ကို သား ဒုတိယအကြိမ် မနာကြည်းချင်ဘူး"

"ဒါက ပထမအကြိမ်နဲ့မတူဘူး သား"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့မေမေ၊ အခုလည်း နိုင်ငံခြားသားတွေကို ကြေးစားငှားပြီး မရှုမလှတွေ ကြံစည်နိုင်းဦးမှာလား။ တော်ပါတော့မေမေ. . . တော်ပါတော့"

"နိုင်းစရာမလိုဘူး သား၊ သူက ပျက်ပြီးသား"

"ကျွန်တော်သိတယ်"

"ဘာ! မင်းသိတယ်၊ သိနေတာများ သားရယ်၊ ဒီလိုမိန်းမမျိုးများ။ သားကြိုက်ရင် အဆင့်အတန်းတူမိန်းမလှတွေ အများကြီးပါ"

"သူတို့က ကြင်နာသက်မဟုတ်ဘူး၊ တေးလက်ာမဟုတ်ဘူး။ ကျွန်တော့်အတွက် အဆင့်နဲ့ငွေမလိုဘူး။ ကျွန်တော့်အတွက်လိုတာ ရိုးသားဖြူစင်တဲ့ချစ်ခြင်းမေတ္တာပါ"

"သားရယ်"

"တော်ပါတော့မေမေရယ်၊ တောင်းပန်ပါတယ်။ မေမေ့အတ္တတွေ ရပ်ပါတော့၊ ကြင်နာသက်တစ်ယောက်နဲ့တင် ကျေနပ်ပါတော့"

"တေးလက်ာက ကြင်နာသက်နဲ့မတူဘူးလား"

"တေးလက်ာက မေမေ့ကြောင့် သေသွားတဲ့ကြင်နာသက်ရဲ့ညီမဝမ်းကွဲဆိုတာကို မေမေသိရဲ့လား"





"ဘယ်လို"

"တော်ပါတော့မေမေ၊ မေမေနဲ့ ထပ်အချင်းမများချင်တော့ဘူး။ တော်တော့. . . မေမေသာ ဆက်တိုးနေမယ်ဆိုရင် ကျွန်တော်လည်း တစ်ခုခုလုပ်ရမယ်။ ကျွန်တော် ကလေးမဟုတ်တော့ဘူးမေမေ၊ ကျွန်တော့်ဘဝကို ကျွန်တော်ဆုံးဖြတ်နိုင်တယ်။ နှစ်တွေကြာမှ ဒီလိုပြေလည်လာတဲ့ဆက်ဆံရေးကိုလည်း ထပ်မရှုပ်ချင်တော့ဘူး။ တောင်းပန်ပါတယ်မေမေရယ်၊ တေးလက်ာကို အသာတကြည်လက်ခံလိုက်ပါ။ တေးလက်ာဟာ ကျွန်တော့်အတွက် နောက်ဆုံးမိန်းကလေးပဲ။ ကျွန်တော်ချစ်တာ သူ့ဘဝမဟုတ်ဘူး၊ သူ့အလှမဟုတ်ဘူး၊ သူ့စိတ်ရင်းကိုပါ။ သူ့ကိုချစ်တာပါ။ ဒါကြောင့် မေမေ့အတ္တတွေကို ရပ်လိုက်ပါတော့"

"သားရယ်"

မေမေက သူ့ကိုဆွေးမြေ့ရီဝေစွာ ကြည့်နေသည်။ ထိုအကြည့်များကို သူလျစ်လျူရှုပြီး လာခဲ့သည်။ ဒဏ်ရာသက်သာခါစ နှလုံးသားတစ်ခြမ်းမှာ လောင်ကျွမ်းစပြုနေရပါပြီ။

ဂျာနယ်ကို နောက်တိုးထဲမှ ရလာခြင်းဖြစ်သည်။ ရင်ထဲနာကျင်သည်၊ ဒဏ်ရာဟောင်းကို လာဆွသလိုခံစားရသည်။ မေမေ့ကိုမုန်းချင်သည်။ သို့သော် ဒါ သူ့ကိုချစ်လို့မှားတဲ့စေတနာ



www.burmeseclassic.com

www.burmeseclassic.com



အမှားဆိုတာလည်း ခံစားလို့ရနေသည်။ ဒါကြောင့် ပိုခံစားရသည်။ သူ့ရဲ့ပြည့်စုံလွန်းသောဖြစ်တည်မှုကိုလည်း စိတ်ညစ်သည်။

"မင်းနိုင်ငံ. . . မင်းအဆင်ပြေပဲ့မလား"

အဆင်မပြေပါဘူးဟုတောင် မပြောလိုတော့ပါချေ။ ထို့ကြောင့်ပင် မောင်းသူနေရာတွင်ဝင်ထိုင်ပြီးမှဆင်းကာ အခြားတစ်ဖက်သို့ပြောင်းထိုင်လိုက်သည်။

တန်းစီရပ်နေသောဝန်ထမ်းများကိုကျော်လွန်ကာ နောက်တိုးကိုယ်တိုင် မောင်းသူနေရာတွင် ဝင်ထိုင်သည်။

"အန်တီက မင်းကိုအရမ်းချစ်လို့ပါ"

"ငါနားလည်တယ်၊ ဒါကြောင့် မင်း ငါ့ကိုဘာမှမပြောပါနဲ့"

"မင်းဘာဆက်လုပ်မလဲ"

သူမဖြေပါ။ ကူရှင်ကိုမှီပြီး ငြိမ်နေသည်။ သူ့အာရုံထဲကလေးများနှင့်အတူပြေးနေသော တေးလက်ာ၏ပုံရိပ်က ကြီးစိုးနေသည်။ ပြီးနောက် မိခင်၏ဗိုက်ချဲလေး တွန်းနေသောတေးလက်ာ၊ ဟိုတယ်ထဲမှ မရှုမလှထွက်လာသော တေးလက်ာ။ အသက်ငင်နေသော ကြင်နာသက်၏အတိတ်ပုံရိပ်များ။

"ငါ သူ့ကိုလက်ထပ်မယ်"





"ဆုံးဖြတ်ပြီးပြီလား"

"အင်း"

"လေ့လာပါဦးကွာ၊ ဘဝကြောင့်လား၊ ပျော်လို့လား၊ ဘာပန်းလဲဆိုတာ သေချာအောင်ပေါ့"

"ထိကရုန်းပန်းမဟုတ်တာတော့ သေချာတယ်"

"ဒီအကြောင်းပြချက်တစ်ခုတည်းလား"

"ဟင့်အင်း. . . ဥယျာဉ်မှူးဖြစ်ချင်တာပါ"

"ဒါပဲလား"

"မဟုတ်ဘူး၊ အဲဒီပန်းကလေးက ငါ့ကိုပြောင်းလဲပေးနိုင်တယ်"

"ဒါပဲပေါ့"

"ငါ သူ့ကိုချစ်တယ်"

သူက ရုက်ရုက်နှင့်ဆိုသောအခါ လှစ်ခနဲပျော်ဝင်သွားသော နောက်တိုး၏အပြုံးတစ်ပွင့်ကို ပါးပါးလေးတွေ့လိုက်ရသည်။

"ဘာပြုံးတာလဲ"

"လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က မင်း ငါ့ကိုအဲဒီလိုပြောဖူးတယ်လေ"

ထိုသို့ဆိုပြန်တော့ လတ်ဆတ်တဲ့အတိတ်ကို ခပ်ပါးပါး



www.burmeseclassic.com

www.burmeseclassic.com



လေး ရှုမြင်ရပြန်သည်။ အဲဒီအချိန်တွေကို သူပြန်တမ်းတမိသည်။ အဲဒီအချိန်တုန်းက သူသိပ်ကိုပျော်ရွှင်ခဲ့တာလေ။

"ငါအားပေးပါတယ်။ ရင်ထဲက ဆန္ဒမှန်မှ ရှေ့ဆက်ပါ။ မင်းနားမှာ ငါရှိနေတယ်။ ဆုံးရှုံးပြီးရင် ပြန်မလာတာ အချစ်ပဲ။ အသည်းကွဲတယ်ဆိုတာ နားထောင်လို့သာ ကောင်းတာ ခံရတာတော့ ခက်တယ်"

"အခြေအနေဘယ်လိုရှိလဲ"

"သူဖုန်းဆက်တယ်၊ ငါမကိုင်တော့ဘူး"

"လွယ်လွယ်နဲ့ လက်လျှော့လိုက်တာကိုး"

"ငါ အဲဒီလိုလူမဟုတ်မှန်း မင်းသိပါတယ်"

"ထောက်လှမ်းရေးလွှတ်လိုက်တာလား"

"မျက်စိနဲ့မြင်ပြီးမှ လွမ်းတာရှိရင် နာတာနဲ့ဖြေနိုင်မယ်လေ"

"မြင်ခဲ့ရပြီလား"

"မေ့ပစ်လိုက်ပါပြီ"

"အောင်မြင်ပြီလား"

"ဟင့်အင်း. . . ခုထိ နာနေတုန်းပဲ"

ဘယ်ဘက်ရင်အုံကိုရိုက်ပြီး ပြောနေသောနောက်တိုး၏ ပခုံးကိုပုတ်ပြီး အားပေးလိုက်သည်။





"အခုစိတ်ပြေရင် ပြန်ရအောင်လေ။ အလုပ်တွေ တန်းစီနေတယ်"

"ခွင့်လွှတ်ပါကွာ၊ သွေးပူတုန်း ရှင်းလိုက်ချင်တယ်"

"ဟမ်. . . ဘာကိုပြောတာလဲ"

"ဒီဘုရားကျောင်းလေ၊ ငါ သူ့ကိုပထမဆုံးသဘောကျသွားခဲ့တဲ့နေရာပဲ။ ဝင်လိုက်ပါ"

"ဘာသွားလုပ်မှာလဲ"

"ဟိုမှာမတွေ့ဘူးလား၊ သူ့ကားလေ။ သူရှိနေတယ်"

မင်းနိုင်ငံညွှန်ပြရာသို့ ကြည့်လိုက်စဉ်တွင် စိမ်းညို့ရောင်ကားခုံးလေးကို တွေ့ရ၏။

"ငါလိုက်ရဦးမလား"

"မလိုပါဘူး၊ ဒီနေရာ မင်းပါလို့မရဘူးလေ"

ပြောပြောဆိုဆိုပင် ကားပေါ်မှဆင်းလာခဲ့၏။ ပြီးနောက် လူငယ်လေးတစ်ယောက်ပမာ နောက်တိုးကို ပြုံးစိစိလုပ်ပြလိုက်သေး၏။

သူပေါ့ပါးစွာ လျှောက်လာခဲ့သည်။

ဒီကောင်မလေးကို ချစ်သင့်မချစ်သင့်။ အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ကွာခြားမှုကြောင့် ချင့်ချိန်ရ၊ ဆိုးရွားတဲ့ဘဝပေးကုသိုလ်ကြောင့် ချင့်ချိန်ရနှင့်၊ ဒီအတောအတွင်း သူ့အတော်မွန်းကျပ်လာခဲ့တာပါ။

အခုတော့ ဖွင့်ပြောတော့မယ်။ ဘာပဲဖြစ်ဖြစ် ချစ်ပစ်တော့မယ်ဟုလည်း ဆုံးဖြတ်ပြီးရော၊ ခြေလှမ်းတွေလည်း လွတ်လပ်သွားသလို ရင်ထဲ၌လည်း ပေါ့ပါးသွားသည်။ ပြီးတော့ သတ္တိလည်း နည်းသွားရသည်။

ငါကတော့ ဟုတ်ပါပြီ။ သူက ငါ့ကိုပြန်ချစ်ပါ့မလားဆိုသည့် မယုံကြည်ခြင်းများက ရင်ထဲတိုးဝင်လာသည်။ ပြီးတော့ သူမနဲ့တွေ့ပါပြီတဲ့။ ဘာပြောရမလဲ၊ ချစ်တဲ့အကြောင်းကို ဘယ်လိုပြောရမလဲ။ ဒါကို သူမသိပြန်ပါ။

"ဦးမင်းနိုင်"

သူ့အတွေးတွေ ဘယ်လောက်လွန့်လာသည်မသိပါ။ သူ့အနားကပ်လျှောက်သွားသော ချစ်ရသူလေးကို မမြင်လိုက်တာ အမှန်ပါ။

"ဦး. . . လင်္ကာ့ကို မမြင်လိုက်ဘူးလား"

"အင်း. . . ဟိုလေ"

"ကိစ္စရှိလို့လာတာလား"

"မဟုတ်ပါဘူး၊ အရှေ့မှာ မင်းရဲ့ကားကိုတွေ့လို့ဝင်လာ





တာ"

"လင်္ကာနဲ့တွေ့မလို့လား"

"အင်း"

"ဘာပြောမလို့လဲဟင်၊ ဂျာနယ်ထဲကသတင်းကြောင့်လား"

"အင်း. . . ကိုယ်တောင်းပန်"

"ရပါတယ်၊ မှန်နေတာပဲ"

"မင်းအခုဘယ်လိုနေသလဲ"

"ရပါတယ်၊ အချိန်တန်တော့လည်း ရပ်သွားမှာပါ"

"မေမေ့ကိုယ်စား ကိုယ် တောင်း. . ."

"မတောင်းပန်ပါနဲ့၊ အန်တီက အမှန်တွေချည်း ပြောသွားတာပါ။ လင်္ကာကသာ ဦးကိုအားနာတာပါ။ လင်္ကာ့လို"

လက်ညှိုးလေးနှင့် နှုတ်ခမ်းကိုဖိထားလိုက်သည်။ ရှေ့ဆက်ထွက်လာမယ့်စကားတွေကို သူမကြားလိုတော့ပေ။

"ကိုယ် မင်းကိုချစ်တယ်"

မရည်ရွယ်ပါဘဲ ထွက်သွားသည်။ ခက်ခဲလိမ့်မယ်ဟု ထင်ထားသော်လည်း ပေါ့ပါးနေသည်။ ထိုသို့ပြောလိုက်မိခြင်းကို ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကိုယ် မင်းကိုချစ်တယ်"

သူမ၏နားကို သူမ မယုံကြည်ချင်ပါ။ ဒါအိပ်မက်လား။ ဦးမင်းနိုင်ငံက သူမကိုချစ်တယ်တဲ့လေ။ ဒါတကယ့်ဖြစ်ရပ်လား။

"ဘာလို့ငိုနေတာလဲ"

သူမ ငိုနေမိတာလား။ သူမ ငိုနေသတဲ့လေ။

"ကိုယ့်ကိုပြန်ဖြေဦးလေ"

"ဟင့်အင်း. . . မဖြစ်နိုင်ဘူး"

"မေမေ့ကြောင့်လား၊ စိတ်မပူပါနဲ့၊ ကိုယ် အိမ်ပေါ်က ထွက်လာခဲ့. . ."

"ဟင့်အင်း. . . မထွက်ပါနဲ့၊ အန်တီက ဦးကိုချစ်လို့ပါ။ လက်ာနားလည်ပါတယ်။ လက်ာသာ အန်တီဆိုလည်း ဒီလိုပဲ လုပ်မှာပါ"

"ဩော်. . . ကလေးရယ်"

သူမ တသိမ့်သိမ့်ရှိုက်ငိုမိသည်။ ကြည်နူးလို့ရတဲ့မျက်ရည်ပါ ဦးရယ်။

"မငိုပါနဲ့ ကလေးရယ်"

"လက်ာလေ. . . လက်ာ"

စကားဆက်ပြောချင်သော်လည်း စကားလုံးများက





လည်ချောင်းဝ၌ ပျောက်ဆုံးကုန်ရသည်။ သူက ညင်သာစွာပွေ့ဖက်လာသည်။ သူမ မရုန်းမိပါချေ။ နှစ်သက်နေသည်။ ရင်ခွင်က နွေးထွေးနေသည်။ လုံခြုံနေသည်။

"အစောချည်းကတည်းက ခုလိုပြောချင်နေတာပါ။ ဒါပေမဲ့ ကိုယ်တို့က အသက်အရွယ်နည်းနည်းကွာတော့ ချင့်ချိန်နေရတာ။ ကိုယ်က မင်းထက် အသက်အများကြီးကြီးတော့ မင်းကို ဒီလိုချစ်ကြောင်းပြောရတာ အားနာတယ်။ မင်းက ကိုယ့်ကို ချစ်ပါ့မလားလို့လည်း စိုးရိမ်တယ်။ ခုချိန်ထိပဲ"

သူမနှုတ်ခမ်းများက ပြုံးလာသည်။ သိပ်ရိုးသော ထိုလူပျိုကြီးကိုလည်း အသည်းယားမိသည်။ ထို့ကြောင့်ပင် လူပျိုကြီး၏နှုတ်ခမ်းလေးကို အားပါးတရကိုက်ပစ်လိုက်၏။

မင်းနိုင်ငံ ရင်တုန်သွားသည်။ ဒီလိုခံစားမှုမျိုး ဘဝတွင် တစ်ခါတစ်ရံမှ မခံစားခဲ့ဖူးပါ။

"နာလား"

"ဟင့်အင်း. . . ကြိုက်တယ်"

"လက်ာ့ကို တကယ်ချစ်တာလားဟင်"

"နောက်စရာလား လက်ာလေးရယ်၊ တကယ်ပေါ့"

"လက်ာက နေလောင်နေတဲ့ပန်းတစ်ပွင့်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ဥယျာဉ်မှူးကောင်း လုပ်ပါ့မယ်"

"ဦးရဲ့ဥယျာဉ်ထဲမှာ လက်ာက အကောင်းဆုံးကြိုးစား ရှင်သန်ပါ့မယ်။ အားလုံး ဦးသဘောကျ"

"တကယ်လား"

"မယုံဘူးလား"

"ယုံအောင် သက်သေပြမှ ယုံမှာပေါ့"

"အင်း"

သူမပြုံးသည်။ အစွမ်းကုန်ပြုံးသည်

သူမအနမ်းကချိုသည်။ ထို့ကြောင့် သူနှစ်သက်ပါသည်။ အချစ်ဥယျာဉ်ထဲ ကျေးငှက်သာရကာတို့သည် ပျော်ရွှင်မြူးတူးနေကြတော့၏။

ကံကြမ္မာဆိုးနှင့်ဘဝဒဏ်တို့ ပေါင်းစည်းထားခြင်းနှင့် တူသော နေပူရှိန်သည် မညှာမတာကျရောက်လာချိန်၌ နူးညံ့သိမ်မွေ့သောပန်းပွင့်တို့ဘဝသည် ပုံစံအမျိုးမျိုးပြိုပျက်ကြရတော့၏။

အချို့တော့ ပုရစ်ဖူးဘဝနှင့် အချို့တော့ အရောင်အသွေး မကြွယ်ဝသေးခင် ပန်းပွင့်လောင်းဘဝနှင့်။ အချို့တော့ အရောင် အသွေးစုံစွာ လှပချိန်၌ ဖြတ်ရိုက်ခံရသောဘဝနှင့်။ အချို့တော့



BURMESE CLASSIC .com



လှပပြီးချိန်မှ အင်အားမကုန်ဆုံးခင် အခြွေခံဘဝနှင့်၊ မည်သို့သော ဖြစ်အင်မျိုးကြုံပါစေ၊ နေလောင်ခံရပြီဆိုသော ပန်းပွင့်များ၏ဘဝ သည် အပင်၌ မတင့်တယ်တော့သည့်အပြင် အပင်၏ဂုဏ်သိက္ခာ ကို ညှိုးနွမ်းစေသောကြောင့် မဝံ့မရဲဖြစ်ရရှာသည်။

သိမ်ငယ်ချောက်ချားမှုတွေအပြည့်နှင့် ဘဝထဲ စမ်းတဝါး ဝါးလျှောက်လှမ်းရင်း မထူးဇာတ် ခင်းရလေသောအခါ ထိုနေ လောင်ပန်းများသည် ကျရောက်လာသောဒဏ်အပေါင်းတို့ကို အံ ကြိတ်ခုခံနေရတော့၏။ အတိုက်အခိုက်ကောင်းပြီး ခုခံနိုင်သော အချို့နေလောင်ပန်းများသည် နေလောင်နေသောတစ်ခြမ်းအား မလုံ့တလုံဖုံးမိရင်း အစွမ်းကုန်လှပတင့်တယ်ဟန်ဆောင်ကာ အံ ကြိတ်ပြီး အဓိပ္ပာယ်မဲ့သောအချိန်များကို လက်ပန်းကျသည်အထိ ကူးခတ်ကြရသည်။

ထိုနေလောင်ပန်းများထဲမှ ပန်းအချို့သည် ဆုတောင်းမှု များ အမြဲပြုနေတတ်ကြသည်။ နေပူရှိန်မပြင်းပါစေနှင့်၊ ပင်စည် အားကောင်းပါစေ၊ ပန်းပွင့်လောင်းလေးများ ကျန်းမာကြံ့ခိုင်ကြ ပါစေ။ မြေဆိုးမြေရိုင်းတွင်ပေါက်ရောက်ရှင်သန်နေရသော နေ လောင်ပန်းများ၊ မြေဩဇာနည်း၍ အင်အားမရှိသောနေလောင် ပန်းများ၊ ခြုံနွယ်အုပ်၍ ဖွံ့ဖြိုးသောလောင်းရိပ်မိပန်းများ၊ မြေ



www.burmeseclassic.com

www.burmeseclassic.com



ဆီမြေနှစ်ကောင်းပါလျက်နဲ့ လွင်တီးခေါင်ပြင်၌ ပေါက်ရောက်ရသောကြောင့် နေလောင်ခံရသောပန်းပွင့်လေးများအားလုံး ဥယျာဉ်မှူးကောင်းနဲ့တွေ့ကြပါစေ။

ထိုဥယျာဉ်မှူးကောင်းကလည်း နေလောင်တဲ့ပန်းပွင့်လေးကို ဖေးမ ပြုစု စာနာ နားလည်ပေးရင် ကာကွယ်ပေးနိုင်ပါစေဟု လှိုက်လှဲစွာ ဆုတောင်းနေကြသည်။

မန္တမ်းခင် မြေခရတော့မည့်နေလောင်ပန်းတို့နှင့် လောင်းရိပ်မိပန်းပွင့်လေးများအားလုံး အကြွေလှကြပါစေလို့ စာရေးသူက တောင်းဆုသမှုပြုရင်း . . .။

ရသတို့နှင့်ပြည့်စုံပါစေ....

မေသီဦး

BURMESE CLASSIC .com

ဤ 'လောင်းရိပ်မိနေသော နေလောင်ပန်းများ' ဆိုသည့်ဝတ္ထုကို ရေးဖြစ်သွားအောင် အကြံဉာဏ်များနှင့် ဗဟုသုတများ မျှဝေခဲ့သော သူငယ်ချင်းများဖြစ်ကြသည့် စာရေးဆရာမ ကြည်ဂျီလင်းစင် နှင့် ခင်းဇော်မွန် (ရုပ်ဝိလေး)တို့အား အထူးပင် ကျေးဇူးတင်မိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



ရွှေပဒေသာစာပေ

# မယ်ခိုင်

## လောင်းရိပ်မိနေသော နေလောင်ပန်းများ

graphic design by YuWa

www.burmeseclassic.com